www.burmeseclassic.com



# ဗိုလ်ချုပ်ကြီးဟောင်း
## ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း
## နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း
# ဦးခင်ညွန့်နှင့် အင်တာဗျူး

မြတ်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် [၃၂၈]

BURMESE CLASSIC .com

**Quality Publishing House**

အမှတ် - ၅၀၈/၅၁၂ (၂-ခ)၊ ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။ qualityph@gmail.com

http://Quality.myanmaronlinesales.com တွင်
တိုက်ရိုက်ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| မျက်နှာဖုံး | ဥာဏ်လင်းထက် |
| ထုတ်ဝေသည့်ကာလ | ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ (ပထမအကြိမ်) |
| ထုတ်ဝေသူ | Quality Publishing House<br>ကိုမြင့်ထွန်း (မြ -၀၃၉၀၆)<br>အမှတ်- ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊<br>ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၃၈၃၆၆၄၊ ၃၈၆၈၃၃။ |
| ဖလင် | Eagle |
| ခတ်ပုံ | ရတနာဦးလှိုင် |
| ပုံနှိပ်တိုက် | ဇမ္ဗူမော်ပုံနှိပ်တိုက် (၀၇၈၄၃)<br>အမှတ် (၂၈၄)၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၃၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com



# ဗိုလ်ချုပ်ကြီးဟောင်း
## ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း
## နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း
# ဦးခင်ညွန့်နှင့် အင်တာဗျူး

မြတ်ခိုင်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | |
|---|---|
| ဓာတ်ပုံများ | ၅ |
| ထုတ်ဝေသူစကား | ၂၉ |
| ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်၏ ဥပဓိပုဂ္ဂိုလ် | ၃၀ |
| ထောက်လှမ်းရေးများကို အရေးယူခြင်းကိစ္စ စိတ်ဝမ်းကွဲပြား၍မဟုတ်ဟုဆို | ၃၄ |
| ABSDF (မြောက်ပိုင်း) သတ်ဖြတ်မှုကိစ္စ ထောက်လှမ်းရေးပါဝင်ခြင်းမရှိဟုဆို | ၃၆ |
| ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေမှ ဦးနေဝင်း၊ ဦးခင်ညွန့်တို့ကို ဖမ်းဆီးခဲ့ခြင်း ရှိ မရှိ ဦးခင်ညွန့်သဘောထား | ၃၈ |
| ဒီပဲယင်းကိစ္စ ထောက်လှမ်းရေးမသိပါဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် ပြောကြား | ၃၉ |
| လက်နက်နဲ့ ငြိမ်းချမ်းရေးလဲခဲ့တဲ့ ဘိန်းဘုရင်ခွန်ဆာအကြောင်းရေး နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်ပြောကြားချက် | ၅၉ |
| ဥက္ကဋ္ဌဦးနေဝင်းထံမှ နိုင်ငံတကာဆက်ဆံရေးတွင် အတုယူခဲ့ရသည်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား | ၇၈ |
| စွယ်တော်ဗုံးကွဲမှု၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး နေအိမ် ဗုံးကွဲမှုများနှင့်ပတ်သက်၍ ဦးခင်ညွန့်သဘောထား | ၈၁ |
| ထောက်လှမ်းရေးဆိုပြီး အကုန်ပုံချနေကြတယ်ဟု ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်းမှ ပြောကြား | ၈၄ |
| နိုင်ငံရေးလုံးဝမလုပ်ဘူးဆိုတဲ့ ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် | ၈၆ |
| နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ ငြင်းချက်ထုတ်ပြန်<br>မြန်မာပြည်ပြုပြင်ပြောင်းလဲရေးဖောင်ဒေးရှင်းနာယကကိစ္စ ငြင်းဆို၊ ငြိမ်းချမ်းရေးဖြစ်ထွန်းရန် အာသီသရှိဟုပြောကြား | ၈၈ |
| "စစ်အစိုးရက ဦးနေဝင်းကို အာဏာသိမ်းခဲ့တာလား" "ဦးနေဝင်းက စစ်တပ်ကို အာဏာသိမ်းခိုင်းတာလား"<br>၈၈၈၈ စစ်အစိုးရ အတွင်းရေး တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွန့် ပြောကြားချက် | ၉၀ |
| နိုင်ငံတော်သမ္မတကြီးထံ တပည့်များနှင့်ပတ်သက်၍ စာရေးခဲ့ကြောင်း ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ တရားဝင်ထုတ်ဖော်ပြောကြား | ၁၀၅ |
| အင်တာနက်စာမျက်နှာပေါ်မှာ နာမည်ကြီးနေသော "ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် မိန့်ခွန်း" | ၁၁၃ |
| ပြည်သူလူထုက CHANGE ကို မျှော်လင့်နေတယ်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား | ၁၄၀ |
| မလွတ်မြောက်သေးသူများနှင့်ပတ်သက်၍ "လူသားချင်းစာနာစိတ်နဲ့ကြည့်ရမယ်။ အားလုံးက လူသားတွေပဲ"ဟု<br>ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား | ၁၄၁ |
| နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ဥသျှောင်ဖြစ်သည့်အတွက် တလေးတစားရှိသင့်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ ဝေဖန်ပြောကြား | ၁၄၃ |
| ပဉ္စက္ကူဦးအုံးဖေစာပေဆုနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် ဝေဖန်သုံးသပ်ပြောကြား | ၁၄၅ |
| အားလုံးတွင်တာဝန်ရှိသည်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ ထုတ်ဖော်ပြောကြား | ၁၄၇ |
| ဦးနေဝင်းမြေးများမှ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွန့်အား လာရောက်ဂါရဝပြုခဲ့သည်ဟုဆို | ၁၄၈ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်တင့်ဆွေမိသားစုနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com




ဘုရားထီးတင်ပွဲတစ်ခုတွင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးပခုက္ကူဦးအုံးဖေနှင့် ဦးခင်ညွန့်




အမျိုးသားစာပေဆုပေးပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်ဆွေသက်နှင့်အတူ တွေ့မြင်ရစဉ်



မြိုတ်ဝင်းထိန် ပန်းချီပြပွဲတွင် တွေ့မြင်ခဲ့ရစဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ပေါင်း) ဦးခင်ညွန့်
နေအိမ်အကျယ်ချုပ်လွတ်စဉ်က



ဗိုလ်ချုပ်ကြီး(ပေါင်း) ဦးခင်ညွန့်
နေအိမ်အကျယ်ချုပ်လွတ်စဉ်က



ဗိုလ်ချုပ်ကြီး(ပေါင်း) ဦးခင်ညွန့်
နေအိမ်အကျယ်ချုပ်လွတ်စဉ်က
သတင်းမီဒီယာများနှင့် တွေ့ဆုံနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဆရာမြတ်ခိုင် အင်တာဗျူးနေစဉ်
(ဘေးမှ ဗိုလ်မှူးကြီးစန်းပွင့်)



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဆရာမြတ်ခိုင် အင်တာဗျူးနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဆရာမြတ်ခိုင် အင်တာဗျူးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်၏
နေအိမ်အတွင်းမှ အမှတ်တရဓာတ်ပုံများ



ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်၏
နေအိမ်အတွင်းမှ အမှတ်တရဓာတ်ပုံများ




ဗိုလ်ချုပ်ကြီးဟောင်း ဦးခင်ညွန့်၏
နေအိမ်အတွင်းမှ အမှတ်တရဓာတ်ပုံများ

www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့် တပ်ရင်းမှူးဘဝတွင်
ဇနီးဖြစ်သူ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အတူ



ပထမဦးဆုံးဗဟိုပြည့်သူဝန်ထမ်းကျောင်း (ဖောင်ကြီး)
သင်တန်းတွင် ဒေါက်တာဒေါ်ခင်ဝင်းရွှေအား
လုပ်ဖော်ကိုင်ဖက်ဆရာဝန်များနှင့် တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
အား ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဂျာမနီခရီးစဉ်တွင် တွေ့ရစဉ်




ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဂျာမနီခရီးစဉ်တွင် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
အင်းလျားတွင် ကျောင်းသူဟောင်း
တစ်ဦးကို တွေ့ဆုံခဲ့စဉ်က



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
တက္ကသိုလ် စိန်ရတုသဘင်တွင်
တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
တက္ကသိုလ် စိန်ရတုသဘင်တွင်
တွေ့ရစဉ်

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့မှ
သံဃမဟာနာယကကျေးဇူးရှင် မြင်းခြံဆရာတော်ကြီးအား ဝတ္ထုကပ်လှူနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
အသက် (၉၂) အရွယ် မိခင်ကြီးကို ဂါရဝပြုခဲ့စဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ကိုရီးယားသံအမတ်ကြီးနှင့် တရင်းတနှီးတွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
တပ်မတော်အရာရှိကြီးများနှင့် တောင်ပေါ် (၁၄) ရွာမှ တိုင်းရင်းသားများနှင့်အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွှန့်
အ.ထ.က (၁) တာမွေသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ်

www.burmeseclassic.com

www.burmeseclassic.com







ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား ကံ့လုံဆရာတော်ကျောင်းမှ
စေတီထီးတော်တင်ပွဲတွင် ဗိုလ်ချုပ်ကြီးမောင်အေးနှင့်အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့မှ
ကံ့လုံ့ဆရာတော်အား ဝတ္ထုကပ်လှူနေစဉ်




စင်ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချောက်တောင်
ဦးခင်ညွန့်အိမ်သို့ လာရောက်လည်ပတ်စဉ်



စင်ကာပူဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချောက်တောင်
ဦးခင်ညွန့်၏မြေးများနှင့် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
ဘုရားထီးတင်ပွဲတစ်ခု၌ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
ကျိုက်ထီးဆောင်းဆရာတော်နှင့်အတူ
ဘုရားထီးတင်ပွဲတစ်ခု၌ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
ကျိုက်ထီးဆောင်းဆရာတော်နှင့်အတူ
ဘုရားထီးတင်ပွဲတစ်ခု၌ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
ရွှေတိဂုံဘုရားထီးတင်ပွဲ၌ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
ကျိုက်ထီးဆောင်းဆရာတော်နှင့်အတူ
ဘုရားထီးတင်ပွဲတစ်ခု၌ တွေ့ရစဉ်

ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ဗိုလ်ချုပ်ကြီးဖြစ်စဉ်က
အမျိုးသားစာပေဆုပေးပွဲ၌ တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့် ငယ်စဉ်ကပုံ



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့် နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ ငယ်စဉ်ကပုံ



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား နေအိမ်အကျယ်ချုပ်လွတ်မြောက်လာပြီးနောက် မိသားစုဝင်များနှင့် အတူ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေ

www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
ကျိုက်ထီးဆောင်းဆရာတော်အား
ဆက်ကပ်လှူဒါန်းနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
မိုင်းဖုန်းဆရာတော်နှင့်အတူ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
မိုင်းဖုန်းဆရာတော်အား
ဆက်ကပ်လှူဒါန်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲ တစ်ခုတွင် တွေ့ရစဉ်





ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အား မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲ တစ်ခုတွင် တွေ့ရစဉ်

ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား ဆုထူးပန်ရုပ်ရှင်ရုံဖွင့်ပွဲ၌ တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
မာလ်တီမီဒီယာအခန်းတွင်
ကျောင်းသားကျောင်းသူများ
အသုံးပြုနေပုံကို ကြည့်ရှုနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
မင်္ဂလာဒုံဥယျာဉ် အိမ်ရာစီမံကိန်းအား
ကြည့်ရှုနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဓမ္မသီတဂူ နာယကချုပ်
ကျောင်းတိုက်ဖွင့်ပွဲတွင်
တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာမောင်ဆွေသက်နှင့်
ဘုရားခန်းတွင်တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်၏
ဘုရားခန်းအား တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ကျိုက်ထီးရိုးဘုရားဖူးခရီးစဉ်တွင်
မြေးများနှင့် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏ နဝဒေးပန်းချီပြခန်းတွင်
ဆရာဦးလွန်းကြွယ်၊
ဆရာမြတ်ခိုင်တို့နှင့် တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏ နဝဒေးပန်းချီပြခန်းတွင်
ပန်းချီဆရာ တင်လှဝင်းထင်မှ
ပုံတူရေးဆွဲနေစဉ်




ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏ နဝဒေးပန်းချီပြခန်းတွင်
ဇနီးဖြစ်သူ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊
ဆရာမြတ်ခိုင်တို့နှင့် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်
ခနောင်စံပြကျေးရွာရှိ
ရှာလယ်ကျောင်းကြီးတိုက်
အလှူတွင် ဖဲကြိုးဖြတ်နေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
ခနောင်စံပြကျေးရွာရှိ
ရှာလယ်ကျောင်းကြီးတိုက်
အလှူတွင် အောင်သပြေပက်ဖြန်းနေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
ခနောင်စံပြကျေးရွာရှိ
ရှာလယ်ကျောင်းကြီးတိုက်
အလှူတွင် ဆရာတော်အား
ဆက်ကပ်လှူဒါန်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
လှူဒါန်းသော
ခနောင်စံပြကျေးရွာရှိ
ရွာလယ်ကျောင်းကြီးတိုက်အား
တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့်
ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့
လှူဒါန်းသော
ခနောင်စံပြကျေးရွာရှိ
ရွာလယ်ကျောင်းကြီးတိုက်
ကမ္ပည်းကျောက်စာအား တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ခနောင်စံပြကျေးရွာရှိ
ရွာလယ်ကျောင်းကြီးတိုက်အလှူတွင်
တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဓနတ်ဘုရားထီးတင်ပွဲတွင်
ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ
သူရဦးရွှေမန်းနှင့် အတူ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဓနတ်ဘုရားထီးတင်ပွဲတွင်
ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ
သူရဦးရွှေမန်းနှင့် အတူ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဓနတ်ဘုရားထီးတင်ပွဲတွင်
တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဆရာမြတ်ခိုင်မွေးနေ့တွင်
ဆရာမောင်ဆွေသက်၊
ဆရာမ သီရိစံ၊ ဒေါ်မာလာတို့နှင့်အတူ
တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်က
ဆရာမြတ်ခိုင်အား
မွေးနေ့လက်ဆောင်ပေးအပ်နေစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
ဆရာမြတ်ခိုင်မွေးနေ့တွင်
ဆရာမောင်ဆွေသက်၊ ဆရာမ
မသက်ဆွေ(သရက်)၊
ဒေါ်မာလာနှင့်ခင်ပွန်း၊
ဆရာမ သီရိစံတို့နှင့်အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏နေအိမ်တွင် အင်တာဗျူးစဉ်က
တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏နေအိမ်တွင် အင်တာဗျူးစဉ်က ဆရာမြတ်ခိုင်နှင့် အတူ တွေ့ရစဉ်



ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား
သူ၏နေအိမ်တွင်
ဆရာမြတ်ခိုင်နှင့် အတူ တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူစကား

ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့်သည် သက်ရှိသမိုင်းလူသားဖြစ်သည်။ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် နောက်ပိုင်းတွင် လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဆရာဦးမြတ်ခိုင်နှင့် ဦးခင်ညွန့်၏ အင်တာဗျူးများကို ခပ်စိတ်စိတ် တွေ့မြင်လာရသည်။ သူ၏အဖြေစကားများကို သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ . . . သမိုင်းတွင် ချန်လှပ်ထား၍ မရနိုင်ပေ။ ထို့ကြောင့် လေ့လာသူများ၊ စိတ်ဝင်စားသူများ အလွယ်တကူ ဖတ်ရှုကိုးကားနိုင်ရန် စုစည်းထုတ်ဝေလိုက်ပါသည်။

လေးစားစွာဖြင့်
ကိုမြင့်ထွန်း *(Quality)*

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်ကြီး(ဟောင်း)ဦးခင်ညွန့်၏ ဥယျောဇဉ်

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အနေအထားက လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသော အခြေအနေအချိန်အခါ ဖြစ်သည်ဟု ဆိုချင်ပါသည်။ နိုင်ငံတကာမှာ ကျင့်သုံးနေကြသည့် ဒီမိုကရေစီစနစ်နှင့် ဆီလျော်သော ဒီမိုကရေစီခေတ်ပြောင်း ကာလကို ရောက်ရှိကာ အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် စတင်ချီတက်နေချိန်လည်း ဖြစ်ပါသည်။ ယခင် တပ်မတော် အစိုးရခေတ်ကာလတုန်းက မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုအမျိုးမျိုးဖြင့် ခက်ခဲကျပ်တည်းမှု အဖုံဖုံကြုံရအောင် ကြံရွယ် ဆောင်ရွက်ခဲ့ကြသော အနောက်အုပ်စုနိုင်ငံကြီးများသည် ကန့်သတ်မှုအချို့နှင့် ပိတ်ဆို့တားဆီးမှုအမျိုးမျိုးတို့ကို ဖြေလျှော့ ပေးနေချိန်လည်းဖြစ်ပါသည်။ယခင်ခေတ်ကာလကအနောက်အုပ်စုနိုင်ငံကြီးများ၏ပိတ်ဆို့တားဆီးမှုအမျိုးမျိုးအဖုံဖုံကြောင့် တစ်ခုတည်းသော ထွက်ပေါက်အနေဖြင့် အိမ်နီးနားချင်းလည်းဖြစ်သော၊ အဖက်ဖက်က တိုးတက်ပြောင်းလဲမှုများလည်း ဖြစ်ထွန်းလျက်ရှိသော နိုင်ငံကြီးတစ်ခုနှင့် လမ်းကြောင်းဖွင့်ကာ အကျပ်အတည်းပေါင်းစုံကို ဖြတ်သန်းကျော်လွှားခဲ့ရပါသည်။ ယခုဆိုလျှင် အနောက်အုပ်စုနိုင်ငံကြီးများကလည်း ယခင်ခေတ်ကာလက မပေးဖူးသော အခွင့်အရေးများနှင့်အတူ ကယ် တင်ရှင်ကြီးများသဖွယ် လှုပ်ရှားဆောင်ရွက်နေကြတာကိုလည်း တွေ့ရှိနေရပါသည်။

မည်သို့ပင်ဆိုစေ ယခုလိုအချိန်ကာလမျိုးမှာ မြန်မာနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုအတွက် အချိန်ကောင်းအခါ ကောင်းဖြစ်သည်နှင့်အညီ နိုင်ငံတော်မှာ ဦးဆောင်ဦးရွက်ပြုနေကြသော အစိုးရအဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင် များ၊ တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပညာရှင်ကြီးများ၊ အသင်းအဖွဲ့ခေါင်းဆောင်များသည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြမည်ဆိုလျှင် အာဆီယံအဖွဲ့အစည်းအတွင်းမှာ ထွန်းတောက်လာသည့် နိုင်ငံတော်ကြီးဖြစ်လာမှာ မလွဲဧကန်ဖြစ်မည်ဟု ယုံကြည်မိပါသည်။ စိတ်ဝမ်းကွဲပြားပြီး သူတစ်မျိုး ငါတစ်ဖုံ လုပ်ဆောင်နေ ကြမည်ဆိုလျှင်တော့ နိုင်ငံတော်အတွက် ရင်လေးဖွယ်ရာပင် ဖြစ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ကာလမှာနိုင်ငံတော်ကိုပဲ့ကိုင်ဦးဆောင်နေကြသည့်ပုဂ္ဂိုလ်များအနေနှင့်လည်းနိုင်ငံတော်၏ရေရှည်ကျင့်သုံးဆောင်ရွက်ခဲ့သော ဆောင်ရွက်လျက်ရှိသော ဘက်မလိုက် နိုင်ငံခြားရေးမူဝါဒကို စွဲမြဲစွာ ကိုင်စွဲလျက် အားလုံးသော မိတ်ဆွေနိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံကျင့်ကြံနေထိုင်ကြရမည့် အချိန် ကာလလည်း ဖြစ်ပါသည်။

ကျွန်တော်တို့နိုင်ငံအတွက် ယခုအချိန်ကာလသည် ဆင်းရဲတွင်းက လွတ်မြောက်ပြီး ပြည်သူအများ၏ လူနေမှုဘဝမြင့်မားတိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းကြရမှာဖြစ်တာကြောင့် စီးပွားရေးကဏ္ဍသည် အလွန်အရေးပါလှပါသည်။ သဘာဝက ပေးထားသည့် သယံဇာတပေါကြွယ်ဝမှုသည် တစ်နိုင်ငံလုံးအနှံ့ တည်ရှိနေတာကြောင့် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုသည်လည်း အလွန်အရေးပါလှပါသည်။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် တစ်နိုင်ငံလုံး၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို ဖန်တီးနိုင်မှာဖြစ်တာကြောင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုဖြစ်ထွန်းရေးသည် မဖြစ်မနေ ကြိုးပမ်းကြရမှာ ဖြစ်ပါသည်။

ယခုအချိန်ကာလမှာ တစ်ယောက်နှင့်တစ်ယောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်အုပ်စုနှင့် တစ်အုပ်စု အပြစ်အနာအဆာများကို လက်ညှိုးထိုးဖော်ထုတ်ပြီး ငါတို့သာလျှင် သူရဲကောင်းတွေ၊ ငါတို့သာလျှင် ကယ်တင်ရှင်တွေ၊ ငါတို့သာလျှင် လူစွမ်းကောင်းကြီးတွေဆိုတဲ့ အစွဲအလမ်းအယူအဆများကို စွန့်ပယ်ပြီး တူညီသော ရည်မှန်းချက်ဖြင့် နိုင်ငံတော်ကြီး တိုးတက်ဖြစ်ထွန်းရေးကို ဦးတည်လျက် စေတနာမှန်ဖြင့် ဝိုင်းဝန်း ကြိုးပမ်းကြဖို့ လိုမည်ဟု ထင်မြင်မိပါသည်။

နိုင်ငံတစ်ခုမှာ မည်သည့်အစိုးရဖြစ်စေ၊ တိုင်းပြည်တိုးတက်ဖြစ်ထွန်းမှုကို ဦးတည်ခဲ့ကြတာချည်းပင် ဖြစ်ပါသည်။ အဲဒီအစိုးရလက်ထက်မှာ ကောင်းတာတွေလည်းရှိသလို မကောင်းတာတွေလည်း ရှိနိုင်ပါသည်။ မှန်တာတွေရှိသလို မှားတာတွေလည်း ရှိနိုင်ပါသည်။ စေတနာဖြင့် မှားခြင်းကိုတော့ ခွင့်လွှတ်နိုင်ကြရမည်ဟု ထင်ပါသည်။ လူအမျိုးမျိုးရှိတာကြောင့် ရှုမြင်ပုံချင်းကတော့ မတူညီကြပါ။ လူအများစုအတွက် ကောင်းမွန်သည့် ဆောင်ရွက်ချက်သည် လူနည်းစုအတွက်တော့ ကောင်းချင်မှလည်း ကောင်းပေလိမ့်မည်။ ရှုထောင့်အမျိုးမျိုးက အမြင်အမျိုးမျိုးရှိကြပေမဲ့ မြန်မာနိုင်ငံ၏ လူဦးရေ သန်းပေါင်း (၆၀)ခန့်အတွက်ကိုပဲ ကြည့်ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အခြားသောနိုင်ငံများနှင့်ယှဉ်လျှင် စီးပွားရေးဖြစ်ထွန်းမှုမှာ အလွန်နောက်ကျနေတာကြောင့် ဒီမိုကရေစီ ဖြစ်ထွန်းမှု၊ ဒီမိုကရေစီကြိုးပမ်းမှုမှာ ဖွံ့ဖြိုးလျက်ရှိကြသော နိုင်ငံကြီးများကဲ့သို့ တစ်ပုံစံတည်းဖြစ်အောင် လုပ်ယူ၍မရနိုင်ပါ။ အနောက်နိုင်ငံကြီးများ၏ ပုံစံကိုယူ၍ တစ်ပုံစံတည်းဖြစ်အောင် လုပ်ကြမည်ဆိုလျှင်လည်း တိုင်းပြည်အတွက်အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ရဖွယ် မလွဲမသွေ ဖြစ်လာပေလိမ့်မည်။ ဒါကြောင့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်မှာ လျင်မြန်သော အရှိန်အဟုန်ဖြင့် မဖြစ်စေဘဲ ရည်မှန်းချက်တစ်ခုပြီးတစ်ခု စနစ်တကျ ကူးပြောင်းလျှောက်လှမ်းကြရမှာ ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုသူများအနေနှင့် ယနေ့ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို ရှုမြင်ပြီး ကျွန်တော်၏ ထင်မြင်ယူဆချက်များကို ဖော်ပြခြင်းဖြစ်ပါသည်။ ကျွန်တော်၏ ထင်မြင်ယူဆချက်၊ အကြံပြုချက်များကို မှားယွင်းသည်ဟု ထင်မြင်မိပါကလည်း ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်အပ်ပါသည်။

ဒီကနေ့ ဖြစ်ထွန်းလျက်ရှိသည့် ဒီမိုကရေစီစနစ်ကြီးသည်လည်း ယခင် တပ်မတော်အစိုးရလက်ထက်က နိုင်ငံတော်၏အနာဂတ် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းလျက် ဒီမိုကရေစီစနစ် ဖြစ်ထွန်းရေးအတွက် ပုံဖော်ပေးခဲ့သည့် (ROAD MAP) လို့ ခေါ်သော အဆင့် (၇) ဆင့်ပါ ခေတ်ပြောင်း၊ စနစ်ပြောင်းအခြေအနေကို ပုံဖော်ဆောင်ရွက်ပေးခဲ့မှုကြောင့် ပေါ်ထွန်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မည်သူမှ ငြင်းလို့မရနိုင်ပါ။ ဤကဲ့သို့သော တပ်မတော်အစိုးရ၏ ကောင်းမွန်သော ဆောင်ရွက်ပေးခဲ့မှုကိုတော့ အသိအမှတ် ပြုသင့်ပါသည်။

ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်တွင် တချို့သော ဖြစ်ရပ်အကြောင်းအရာများသည် အလွန် အံ့သြဖွယ် ကောင်းလှပေသည်။ ကမ္ဘာပေါ်မှာ ပြိုင်ဘက်ကင်းနေသည်ဟု ဆိုရလောက်သော နိုင်ငံကြီးတစ်နိုင်ငံကပင် ၎င်းတို့ ထိပ်တန်းခေါင်းဆောင်အချင်းချင်း အလွန်ရင်းနှီးစွာ ဆက်ဆံလုပ်ကိုင်နေကြငြားသော်လည်း ထိုရင်းနှီးသော ခေါင်းဆောင်များ၏ အတွင်းရေးများကို လျှို့ဝှက်စွာ ထောက်လှမ်းမှုပြုလုပ်နေသည်ဆိုသည့် သတင်းများကို ကြားရသည့်အခါ အလွန်တုန်လှုပ်ဖွယ် ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကအစ ဘက်ပေါင်းစုံမှာ ပူးပေါင်းလုပ်ကိုင်နေကြသည့် ခေါင်းဆောင်ကြီးများအပေါ်ကိုပင်လျှို့ဝှက်စွာထောက်လှမ်းမှုပြုနေသည့်သတင်းများသည်မိမိတို့မြန်မာနိုင်ငံအတွက်သင်ခန်းစာရယူဖွယ်၊ သတိပြုဖွယ်များပင် ဖြစ်ပါသည်။ အဆိုပါ အနောက်နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် မည်သည့်ရည်ရွယ်ချက် မည်သည့် ရေရှည်မျှော်မှန်းချက်များဖြင့် ပြည်တွင်းရေးမှာ ဝင်ရောက်ဆောင်ရွက်နေကြသည်ဆိုသည်ကို သံသယစိတ်ဖြင့် ဂရုထားကြရမည့်အချိန်ကာလဟုထင်မြင်မိပါသည်။မြန်မာနိုင်ငံ၏ဝင်ပေါက်တံခါးမကြီးများကိုအဆီးအတားမရှိဖွင့်လှစ်ပေးလိုက်သည့် အချိန်ကာလမှာ နိုင်ငံတော်၏လုံခြုံရေး၊ ပြည်သူအများ၏ လုံခြုံရေးသည် ပြည်သူအားလုံးမှာ တာဝန်ရှိသည်ဟု ခံယူကာ တူညီသော သဘောထားများဖြင့် သတိကြီးစွာထား ဆောင်ရွက်သင့်လှ ပေသည်။ တစ်ဖက်က နိုင်ငံတော်၏ တိုးတက်ရေးကို ဆောင်ရွက်နေကြသလို တစ်ဖက်ကလည်း နိုင်ငံတော်နှင့် ပြည်သူအများ၏ လုံခြုံရေးကိုပါ လျစ်လျူရှုမထားဘဲ အလေးထား ဆောင်ရွက်သင့် လှပေသည်။

ယနေ့ထုတ်ဝေသည့် စာအုပ်အကြောင်း ကျွန်တော် နည်းနည်းပြောချင်ပါသည်။ ဤစာအုပ်ပါ အကြောင်းအရာများသည် လျှပ်တစ်ပြက်သတင်းဂျာနယ်အယ်ဒီတာချုပ် ကိုမြတ်ခိုင်က ကျွန်တော့်ကို လာရောက်တွေ့ဆုံပြီး ၎င်းသိလိုသည်များကို မေးမြန်းချက်များနှင့် ကျွန်တော်၏ သဘောထားခံယူချက်များကို အရှိအတိုင်း ရိုးသားဖြောင့်မတ်စွာဖြင့် ဖြစ်စဉ်ဖြစ်ရပ် အမှန်အတိုင်း ပြောကြားချက်များ၊ ဖြေကြားချက်များ ဖြစ်ပါသည်။ ကိုယ်ရည်သွေးပြောကြားချက်များမဟုတ်ဘဲ သမိုင်းဖြစ်ရပ်အမှန် ကျန်ရစ်စေရန် ရည်ရွယ်မှုဖြင့် ဖြေကြားချက်၊ ပြောကြားချက်များကို ကိုမြတ်ခိုင်ကလည်း ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် ဖော်ပြချက်များ ဖြစ်ပါသည်။ ကျွန်တော်အနေနှင့်လည်း ကိုမြတ်ခိုင်အပေါ် လေးစားယုံကြည်မှုဖြင့် တွေ့ဆုံဖြေကြားမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော် နိုင်ငံရေးမလုပ်ဘူးဆိုတာလည်း အမှန်ပင် ဖြစ်ပါသည်။

ဤစာအုပ်ပါ "အင်တာနက်စာမျက်နှာပေါ်မှာ နာမည်ကြီးနေသော ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် မိန့်ခွန်း" ဆိုသည့် အကြောင်းအရာကတော့ ကျွန်တော် ကိုမြတ်ခိုင်နှင့် တွေ့ဆုံဆွေးနွေးပြောကြားခဲ့သည့် အကြောင်းအရာများ မဟုတ်ပါ။ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် အရာရှိကြီးများ အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၃/၉၃) တွင် (၁၀-၁၁-၁၉၉၃) ရက်နေ့က ဟောပြောပို့ချချက်များကို ပြန်လည်ဖော်ပြထား ခြင်းဖြစ်ပါသည်။ ဤဟောပြောပို့ချချက်များသည် ထိပ်တန်းလျှို့ဝှက်ဖြင့် ထိန်းသိမ်းထားရသည့်စာတမ်း ဖြစ်ပါသည်။ ဤကဲ့သို့သော ဟောပြောပို့ချချက်စာတမ်းသည် အင်တာနက်စာမျက်နှာပေါ်သို့ မည်သို့မည်ပုံရောက်လာသည်တော့ ကျွန်တော် မပြောတတ်တော့ပါ။ ကိုမြတ်ခိုင်လာပြတော့မှပဲ သိရပါတော့သည်။ ဒါလည်း အင်တာနက်ပေါ်ရောက်နေပြီဆိုတာနဲ့ လျှို့ဝှက်ထားဖို့မလိုတော့တာကြောင့် ဤစာအုပ်တွင် ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။ ဤစာအုပ်ပါအကြောင်းအရာများမှာနိုင်ငံတော်အစိုးရ၏ဖြစ်စဉ်ဖြစ်ရပ်အမှန်များနှင့်ရှေ့ဆက်အကောင်အထည် ဖော်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာများကို အရာရှိကြီးများ သိရှိစေရန် ဟောပြောခြင်းဖြစ်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စကားအသုံးအနှုန်းများမှာ ကြမ်းတမ်းခြင်း၊ ရင့်သီးခြင်း၊ ရိုင်းပျခြင်းများ ပါဝင်နေသည်ဟု ထင်မြင်ပါသည်။ အချိန်အခါ အခြေအနေအပေါ် ရပ်တည်ပြောကြားခဲ့ရခြင်းဖြစ်တာကြောင့် အချို့အသုံးအနှုန်းများမှာ ရင့်သီးခြင်း၊ မာကျောခြင်းများ ပါဝင်ခဲ့သည်ကိုဝန်ခံပါသည်။ ကျွန်တော်၏ပြောဟောပြောသုံးနှုန်းမှုများတွင်အချို့သောရင့်သီးမာကျောခြင်း၊ ကြမ်းတမ်းခြင်း၊ ရိုင်းပျခြင်းများကို နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

စာရှုသူအားလုံး ကျန်းမာချမ်းသာပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ စိတ်တူ ကိုယ်တူ ညီညွတ်စွာဖြင့် နိုင်ငံတော်၏ အကျိုးတိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွား အတွက် ဦးတည်ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

အားလုံးကို လေးစားစွာဖြင့်



(ဦးခင်ညွန့်)

www.burmeseclassic.com

www.burmeseclassic.com

## ထောက်လှမ်းရေးများကို အရေးယူခြင်းကိစ္စ စိတ်ဝမ်းကွဲပြား၍မဟုတ်ဟုဆို

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ကျွန်တော်တို့အရင်တုန်းက တပ်မတော်ထဲမှာစိတ်ဝမ်းကွဲပြားတာလုံးဝမရှိဘူးဗျ။ကျွန်တော့်ကို အရေးယူလိုက်တာမှာလည်း စိတ်ဝမ်းကွဲလို့ အရေးယူလိုက်တာ မဟုတ်ဘူးဗျ။ သံသယစိတ်နဲ့ အရေးယူတာပဲ ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ။ ကျွန်တော့်တပည့်တွေရဲ့တချို့ဟာတွေက လုပ်တာကိုင်တာ အမှားအယွင်းတွေကြောင့်လည်း ဖြစ်မှာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်က အာဃာတ မရှိပါဘူး။ ကျွန်တော့်တပည့်တွေ မှားတာယွင်းတာလည်း ရှိမယ်။ ရှိတဲ့အတွက်လည်း ခေါင်းဆောင်ဆိုတာကတော့ ခံရမှာပဲဗျ။ တာဝန်ယူရမှာပဲ။ ကျွန်တော်အပြစ် မဆိုပါဘူး။ ကျွန်တော်က ကျွန်တော့်တပည့်တွေရဲ့ ခေါင်းဆောင်ဖြစ်နေတာကိုးဗျ။ တပည့်တွေကလုပ်လို့ ဆရာလည်း ဒီလိုပဲ တာဝန်ရှိတာပေါ့ဗျ။ တာဝန်ရှိတယ်ဆိုတဲ့ အနေနဲ့ ကျွန်တော့်ကိုအရေးယူတဲ့အတွက်ကျွန်တော်ခံသာပါတယ်ဗျာ။ကျွန်တော့်စိတ်ထဲမှာဘယ်လိုမှမရှိဘူး။ဒါကျွန်တော့်သဘောထား။ ကျွန်တော့်စိတ်နေစိတ်ထား။

မြတ်ခိုင်။ ။သူတို့ကို ဒီနှစ်မကုန်ခင် ပြန်လွှတ်မယ်လို့ထင်သလား။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ဒါတော့ မသိဘူးဗျာ။

မြတ်ခိုင်။ ။ဒီနှစ်မကုန်ခင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်မယ်လို့ ပြောတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ဒါကတော့သူတို့ဆုံးဖြတ်ချက်ပေါ့ဗျာ။ကျွန်တော်တို့ကတော့ဒီလိုပဲစောင့်နေမှာပေါ့။မိသားစုတွေကလည်းစောင့်နေကြတာပဲ။ဘယ်တော့များလွှတ်မှာလည်းစောင့်နေကြတာပေါ့ဗျာ။ဒုက္ခဆင်းရဲရောက်တာလည်းကြာပြီဗျ။ ယောကျ်ားတွေထောင်ထဲရောက်နေတော့ မိန်းမတွေပဲ ရှုန်းကန်နေရတာပေါ့။ တချို့ကျတော့လည်း မလုပ်တတ်မကိုင်တတ်နဲ့ ဒုက္ခရောက်နေတာ အများကြီး။ နေနိုင်စားနိုင်တာမျိုးက နည်းပါတယ်။ ကျန်တာက ရှုန်းကန်ရတာ။ သူတို့ (ဗိုလ်မှူးကြီးစန်းပွင့်ကို ညွှန်ပြလျက်) ထောင်မှ လွတ်မြောက်လာတဲ့အခါမှာ ရှုန်းကန်နေရတာပဲဗျ။ ကျွန်တော့်ထောက်လှမ်းရေးက စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့သူတွေ တစ်ယောက်မှမရှိဘူး။ အိမ်ပိုင် ခြံပိုင်မြေပိုင် တစ်ယောက်မှမရှိဘူး။ စွပ်သာစွပ်စွဲနေတာလေ။တစ်ယောက်မှ မရှိဘူးဗျာ။ သူတို့သွားပြီးတော့ လုပ်ခဲ့ကိုင်ခဲ့တဲ့သူတွေဆိုရင် ရုန်းကန်နေကြရတာပဲဗျ။ တချို့ဆိုရင်လည်း ကုမ္ပဏီမှာသွားပြီးတော့ လုပ်နေကြရတာပဲ။

မြတ်နိုင်။ ။တော်တော်များများကတော့ ကုမ္ပဏီမှာသွားလုပ်တာ တွေ့တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ မလုပ်လို့မရဘူးလေ။ မိသားစုစားဝတ်နေရေးကိုးဗျ။ ကုမ္ပဏီတွေကလည်း ယခင်တုန်းက ဆက်ဆံဖူးတယ်ဆိုတော့ ဒီကောင်လေးတော့ တော်တယ်ပေါ့လေ။ တို့ကုမ္ပဏီအတွက် အထောက်အကူရမှာပဲဆိုပြီး ခေါ်ပြီး တာဝန်ပေးတာပေါ့ဗျာ။ ဒါတော့ လုပ်ရမှာပဲဗျာ။ မိသားစုစားဝတ်နေရေးကိုး။ မလုပ်ရင် ငတ်သွားမှာပေါ့ဗျာ။

မြတ်နိုင်။ ။ဗိုလ်မှူးကြီးကော ဘယ်လောက်နေခဲ့ရသလဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ဗိုလ်ချုပ်ကြီးနဲ့အတူတူပဲ။ ခုနစ်နှစ်။

မြတ်နိုင်။ ။ဘယ်ကလွတ်သလဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။သရက်။

မြတ်နိုင်။ ။သရက်မှာတစ်ယောက်ကျန်သေးလား။

ဗိုလ်မှူးကြီးစန်းပွင့်။ ။သရက်မှာမရှိတော့ဘူး။ ကုန်သွားပြီ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။သူက ရွှေ့လိုက်ပြီဗျ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။အရင်က သရက်မှာ ကိုတင်ထွဋ်ရှိတယ်။ သူက နည်းနည်းစောတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။သူတို့မိသားစုတွေလည်း ကျွန်တော့်ဆီ လာကြတယ်လေ။ ငါလည်း မတတ်နိုင်တော့ဘူးကွာလို့။ ငါတော့ ပြောတော့ပြောပေးတာပဲ။ မတတ်နိုင်ဘူးကွာလို့။ ငိုချင်လည်း ငိုကြကွာလို့။ ကံတရားပဲလို့။ မင်းတို့ ဘုရားတရားကိုပဲ တရားနဲ့ဖြေလို့။ ဒီလိုပဲ ကလေးတွေကို ပြောရတာပေါ့ဗျာ။ ကိုယ်မှ မတတ်နိုင်ဘဲကိုး။ဗျ။

(ဦးခင်ညွန့်၊ ဦးစန်းပွင့်တို့ပြောကြားချက်မှ)
လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၄၉)

www.burmeseclassic.com

www.burmeseclassic.com

# ABSDF (မြောက်ပိုင်း) သတ်ဖြတ်မှုကိစ္စ ထောက်လှမ်းရေးပါဝင်ခြင်းမရှိဟုဆို

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ကချင်ပြည်နယ်မှာ ကျောင်းသားတွေ အသတ်ခံရတာကို ခင်ဗျားကြည့်ပါလား။ ထောက်လှမ်းရေးသူလျှိုတွေဆိုပြီး အကုန်သတ်ပစ်လိုက်တာလေ။ အဲဒါကျတော့ ခင်ဗျားတို့ အပြစ်မပြောဘူးလား။

မြတ်နိုင်။ ။အခုတော့ အဲဒါပြောနေကြပြီလေ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ထောက်လှမ်းရေးသူလျှိုဆိုတာနဲ့ သတ်ကောလားဗျာ။ ကျွန်တော်ကကော ဘယ်လိုလုပ် သူလျှိုလုပ်မှာလဲ။ သူတို့အချင်းချင်း ကျောင်းသားတွေပဲဗျာ။ မဟုတ်ဘူးလား။ အဲဒါတွေ ဘက်စုံစဉ်းစားကြည့်ပေါ့ဗျာ။ ဘက်စုံ စဉ်းစားကြည့်ရင် ဒါဟုတ်သလား၊ မဟုတ်ဘူးလား။ ဖြစ်နိုင်ချေ ရှိလား မရှိလား ဦးနှောက်ရှိရင် တွေးခေါ်မြော်မြင်လိုက်။

မြတ်နိုင်။ ။အဲဒီမြောက်ပိုင်း ABSDF မှာတော့ လှမ်းက ဝင်ထားတာ မရှိဘူးပေါ့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ လှမ်းက ဘာလို့ဝင်မှာလဲဗျာ။ ကျွန်တော်တို့က အဲဒီလို ယုတ်ညံ့တဲ့အတွေးအခေါ်မျိုး မလုပ်ဘူးဗျ။ မရှိပါဘူး။ သူ့ဟာသူ ကျောင်းသားတွေ သွားတာပဲ။ တချို့ကျောင်းသားတွေဆိုရင် တောထဲမှာ ဟောဟိုက သံအမတ်ကြီး အသိဆုံးပါ။ မနေချင်လို့ ထွက်ပြေးလို့မရတဲ့သူတွေ အများကြီးပဲ။ ဘုန်းကြီးသုံးပါးတောင် ကလေးတွေပြန်ခေါ်ဖို့သွားရင်းနဲ့မှ စခန်းရောက်တော့ ဘုန်းကြီးတွေပါ ထွက်လို့မရဘူး။ ဘုန်းကြီးတွေပါ ကျောင်းသားတွေနဲ့အတူတူ။ နောက်တော့ ဘုန်းကြီး တွေက ထွက်ပြေးလာပြီး သံရုံးရောက်လာပြီးတော့မှ သံရုံးကနေ ရန်ကုန်ကိုပြန်ပို့လိုက်တာ။ အဲဒီလိုမျိုးတွေပေါ့ဗျာ။ ဒီလိုပဲ ကျောင်းသားတွေ၊ လူငယ်တွေက မနေချင်ဘဲနဲ့ နေရင်းနေရင်းနဲ့ ဘယ်လိုမှပြန်လို့မရတော့ဘူး။ ဒီလိုဖြစ်တာတွေ အများကြီး ရှိတာပေါ့ဗျာ။ တချို့က ပြန်ချင်တာပေါ့ဗျာ။ ပြန်ချင်လို့ တစ်ခုခုကြံစည်တာ ဖြစ်မှာပေါ့ဗျာ။ အဲဒါကို သူလျှိုဆိုပြီး စွပ်စွဲတာ ဖြစ်မှာပေါ့ဗျာ။ မဟုတ်ဘူးလား။ သူတို့မှာ နေမှမနေချင်ဘဲကိုး။ ပြန်ချင်တဲ့စိတ်ရှိမှာပေါ့ဗျ။ တောထဲမှာလက်နက်ကိုင် အဖွဲ့ အစည်းဆိုတာ ရေရှည်ဘယ်နေနိုင်မှာလဲဗျာ။ အထောက်အပံ့ရနေရင်တော့ စီးပွားဖြစ်နေရင်တော့ နေမှာပေါ့ဗျာ။ အထောက်



www.burmeseclassic.com

www.burmeseclassic.com



အပ့်မရဘဲ၊ စီးပွားမဖြစ်ဘဲနဲ့ကတော့ ရေရှည်ဘယ်နေနိုင်မှာလဲဗျ။ ယခင်တုန်းက နယ်စပ်မှာဆိုရင် သူတို့အထောက်အပံ့တွေ အများကြီး ပေးနေတာ ကျွန်တော်တို့သိတာပဲ။ ဘယ်အဖွဲ့အစည်းက ပေးနေလည်းဆိုတာ ကျွန်တော်တို့ သိတယ်။ အဲဒီအဖွဲ့အစည်းတွေကလည်း တချို့ဆိုရင် ဒီတောင်ရောက်နေပြီ။ မြန်မာနိုင်ငံထဲတောင် ရောက်နေကြပြီ။ ဒါပေမဲ့ ခေတ်ကာလ ပြောင်းသွားပြီလေ။ စနစ်လည်းပြောင်းသွားပြီဆိုတော့ သူတို့အခြေအနေနဲ့သူ ပြောင်းသွားပြီဆိုတော့ သူတို့ဝင်လာကြပြီပေ့ါ။ ဒါက ဒီလိုပဲဖြစ်မှာပဲလေ။ စနစ်လည်းပြောင်းသွားပြီ။ ခေတ်ကာလလည်း ပြောင်းသွားပြီ။ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝင်လာတယ်ဆိုတာ ကောင်းတဲ့နိမိတ်ပါ။ အားလုံးက တစ်ပေါင်းတစ်စည်းလုပ်ရမှာဗျ။ စိတ်တူကိုယ်တူ အားလုံးတစ်ယောက်နဲ့တစ်ယောက်က အာဃာတတွေမရှိကြနဲ့။ ပေါင်းစည်းပြီးတော့မှ တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်းလုပ်ရမယ်။ ပြည်သူတွေရဲ့လူနေမှုဘဝမြင့်မားအောင် ဝိုင်းလုပ်ကြမယ် ဆိုတဲ့စိတ်ထားမျိုးနဲ့၊ စေတနာအမှန် လုပ်ကြရင်တော့ ကောင်းတာပေ့ါဗျာ။

(ဦးခင်ညွန့်၏ပြောကြားချက်မှ)<br>
လျှပ်တစ်ပြက်<br>
အတွဲ(၄)အမှတ်(၄၉)

www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေမှ ဦးနေဝင်း၊ ဦးခင်ညွန့်တို့ကို ဖမ်းဆီးခဲ့ခြင်း ရှိ မရှိ ဦးခင်ညွန့်သဘောထား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၏ ပြောကြားချက်အချို့ သတင်းမီဒီယာများတွင် ဖော်ပြပါရှိနေခြင်းနှင့် ပတ်သက်၍ဦးခင်ညွန့်၏သဘောထားကို မေးမြန်းရာ -

မြတ်ခိုင်။ ။ အခုတလော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ပြောနေတဲ့အထဲမှာ ဗိုလ်ချုပ်ကြီးကို ဖမ်းတာတို့၊ ဦးနေဝင်းတို့ကို ဖမ်းတာတို့ သူပါတာမဟုတ်ဘူးလို့ ပြောနေတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ဒါတော့ မသိဘူးပေါ့ဗျာ။ အင်းပေါ့... သူပဲသိမှာပေါ့ဗျာ။

မြတ်ခိုင်။ ။ ဗိုလ်ချုပ်ကြီးက ကာယကံရှင်ဖြစ်တဲ့အတွက် သူပါတယ်။ သူမပါဘူး ဆိုတာပေါ့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အဲဒါတော့ မသိဘူးဗျာ။ ကာယကံရှင်အသိဆုံးပဲ။

မြတ်ခိုင်။ ။ ရန်ကုန်လွှတ်တော်မှာ ဦးရွှေမန်းနဲ့တွေ့တော့ သူက အဲဒါလေးထည့်ပြောတယ်လို့ ဂျာနယ်ထဲမှာ ပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ သူတို့ကာယကံရှင် အသိဆုံးပေါ့ဗျာ။ ကျွန်တော်ကတော့ ဘယ်သူရယ်လို့ ဘာညာ ဘာမှ မရှိတော့ပါဘူးဗျာ။ သူ့အခြေအနေ သူ့အချိန်အခါနဲ့ ဖြစ်ခဲ့တာပေါ့ဗျာ။ ဒါတွေလည်း ကျွန်တော် ပြန်မစဉ်းစားတော့ဘူးလေ။ ဘာမှလည်း အာဃာတစိတ်လည်း မရှိဘူး။ အေးချမ်းတဲ့ဘဝလေး ထူထောင်ထားတာကိုပဲ ဝမ်းသာနေတယ်။ ပီတိဖြစ်နေတယ်။ ဒါလေးနဲ့ပဲ ဟန်ကျနေတယ်။ အဆင်ပြေနေတယ်။ ဘုရားတရားအလုပ်လုပ်တယ်။ ဘာသာရေးလုပ်တယ်။ နောက် လူမှုရေးလေးတွေ လုပ်တယ်။ တချို့အိမ်တွေက ဘုရားမရှိဘူးဗျ။ ဘုရားကားလေးတွေ ချိတ်ထားတာလေးတွေအတွက် လှူဖို့ အတွက်အခုဘုရားတွေကျွန်တော်စုနေတယ်။ဒါကအခုစိတ်အေးချမ်းတယ်ဗျာ။ကိုမြတ်ခိုင်အခုကျွန်တော်နေရထိုင်ရတယ် သိပ်အေးချမ်းတယ်။

လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၄၉)

www.burmeseclassic.com

www.burmeseclassic.com

## ဒီပဲယင်းကိစ္စ ထောက်လှမ်းရေးမသိပါဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် ပြောကြား

မျက်မှန်ကြီးတုန်းကလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ကတော့ ဟိုသင်းပေါ့ဗျာ . . . ရှေ့ကနေ အကုန်လုံးလုပ်ပေးရတယ်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ခိုင်းတာတော့ အကုန်လုပ်ရတယ်ပေါ့လေ။ အမှန်ဆိုရင်တော့ မြန်မာဘုရင် လက်ထက်တုန်းကဆိုရင်တော့ ပါးကွက်အာဏာသားပေါ့ဗျာ (ရယ်လျက်)။

ဗိုလ်ချုပ်ကြီး ကြိုသိလား။ ဗိုလ်ချုပ်ကြီးတို့ကို ဒီလို ထောက်လှမ်းရေးကို ရှင်းဖို့ဆိုတာ ကြိုသိလား။

ကျွန်တော် မသိဘူးဗျ။ မသိဘူးဆိုတာက ဒီလောက်လည်း လုပ်လိမ့်မယ်လို့ မထင်ဘူး။ ဒါပေမဲ့ ကျွန်တော့်တပည့်တွေကတော့ ရိပ်ဖမ်းသံဖမ်းတော့ ပြောတယ်။ ကျွန်တော်က မယုံဘူး။ ဟော့ကောင်တွေကွာ ငါ့ကို မဟုတ်တာတွေ လာမပြောနဲ့ကွာလို့။ တိတိကျကျသိရလို့တော့ မဟုတ်ဘူး။ အရိပ်အကဲပေါ့လေ။ လုပ်လိမ့်မယ်ထင်တယ်...ကျွန်တော်တို့ကို သံသယတွေရှိတယ်တဲ့။ ဟော့ကောင် တွေ . . . ငါ့လာမပြောနဲ့ကွာလို့။ တို့က ဒီအချိန်မျိုးမှာ ဒါမျိုးလုပ်မှာမဟုတ်ပါဘူးကွာလို့။ ကျွန်တော် အဲဒီအတိုင်း ဒီကောင်တွေကို ငေါက်လွှတ်တာ။ ကျွန်တော်က မယုံဘူးလေ။

သူတို့က ရီပို့တင်တာလား။

ရီပို့မတင်ဘူး။ သူတို့က နှုတ်နဲ့ လာ...လာပြောတယ်။ ဒါလည်း ရီပို့တင်လို့က မကောင်းဘူးလေ။ စာနဲ့ရေးလို့ မဖြစ်ဘူး။ နှုတ်နဲ့ပဲပြောတာ ကျွန်တော်က ငေါက်ပစ်တာ။ ဟော့ကောင်တွေ . . . ငါတို့က ရဲဘော်ရဲဘက်တွေကွလို့။ ဒါမျိုး ဘယ်တော့မှ မဖြစ်ဘူးကွလို့။ ဒါမျိုး ငါ့မတင်နဲ့လို့။ ငါ မကြိုက်ဘူးကွလို့။ ဘာဖြစ်လို့လဲဆိုတော့ တို့စိတ်ဝမ်းကွဲအောင် ဖန်တီးတာမျိုး ဖြစ်နိုင်တယ်ကွလို့။

ဒီကို ခေါ်မလာခင်တုန်းကပေါ့။

ပထမဦးဆုံး စစ်ကိုင်းသွားတာဗျ။ စစ်ကိုင်းမှာ ဆရာတော်ကြီး ဥူးဉာဏိဿရက ဒကာကြီး လာပါဦး၊ ဆွမ်းဦးပုညရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုဘက်စုံပြုပြင်ဖို့အတွက်ကိုဒကာကြီးလာကြည့်ပေးပါဦးတဲ့။ စီမံဆောင်ရွက်ပေးပါဦးဆိုတာနဲ့ကျွန်တော်ပထမဦးဆုံး စစ်ကိုင်းကို သွားလိုက်တယ်။ စစ်ကိုင်းမှာ ဆွမ်းဦးပုညရှင်ဘုရား ဘက်စုံပြုပြင်မွမ်းမံဖို့ အစီအစဉ်လုပ်တာပေါ့။ ဆရာတော်ကြီးလည်း လျှောက်ထားတယ်။ ဆရာတော်ကြီးကို တပည့်တော် ဒီလိုလုပ်မယ်၊ ဆရာတော်ကြီးဆန္ဒက ဘယ်လိုလဲပေါ့။ ဆရာတော်ကြီးက ဒီလိုလုပ်ချင်တယ်...သူ့ဆန္ဒနဲ့အညီပေါ့ဗျာ...ဒါတွေ ကျွန်တော် စီစဉ်ခဲ့ပါတယ်။ အဲဒီတုန်းက တိုင်းမှူးကတော့ ဦးသာအေးပေါ့။ အဲဒီက နေပြည်တော်ကိုရောက်တယ်။ နေပြည်တော်မဝင်ခင်မှာ ကျွန်တော် ဘယ်နေရာတွေ ဝင်သေးသလဲဆိုရင် ပျော်ဘွယ်ရယ်၊ ရမည်းသင်းရယ်ဝင်တယ်။ နေပြည်တော်မှာတော့ အဲဒီတုန်းကတော့ စပြီးတည်ဆောက်နေဆဲကာလပေါ့။ အဲဒီမှာ ကျွန်တော် ဝင်တယ်။ အဲဒီမှာ တစ်ညအိပ်ခဲ့တယ်။ ပထမတော့ ကျွန်တော် မန္တလေးကို သွားမလို့။ ရာသီဥတုကမကောင်းတဲ့အခါကျတော့တောင်ငူကိုသွားပါတဲ့။ တောင်ငူမှာမြန်မာ့လေကြောင်းကဆင်းပေးမယ်တဲ့။ ရဟတ်ယာဉ်နဲ့တောင်ငူကိုသွားတယ်။ တောင်ငူမှာ မြန်မာ့လေကြောင်းက လေယာဉ်ပျံပေါ်တက်ပြီးလိုက်ခဲ့တယ်။ ကျွန်တော့်စိတ်ထဲတော့ ကျွန်တော် သံသယမရှိဘူး။ ကျွန်တော် သံသယကို မရှိဘူး။ လေဆိပ်ရောက်တဲ့အခါကျတော့လည်း ကျွန်တော်က ပုံမှန်ပေါ့ဗျာ။ အဲဒီတုန်းက ကိုခင်အောင်ကြီးက လာကြိုတယ်လေ။ သိပ်များများစားစားတော့ မဟုတ်ဘူးဗျ။ သံသယလည်း မဖြစ်ဘူးဗျ။ ကျွန်တော့် ရုံးခန်းရောက်တယ်။ ကျွန်တော့်ရုံးခန်းဝင်ပြီးတော့ တင်ပြမယ့်ဟာတွေ အစီအစဉ်လုပ်တယ်။ အခု ခရီးစဉ်မှာလုပ်ခဲ့တာတွေပေါ့။ ဒါတွေကို တင်ပြမယ်ဆိုပြီးတော့ ပုံတွေပါ အစပေါ့...ဒါတွေနဲ့ အကုန်ပြင်ဆင်တယ်။ အဲဒီလို ပြင်ဆင်နေတုန်းမှာပဲဗိုလ်ချုပ်ကြီးမောင်အေးကနေဗိုလ်ချုပ်ခင်ညွန့်တဲ့...ကျွန်တော့်အခန်းလာပါဦးဆိုတာနဲ့ဩော်...ကျွန်တော်ကတော့ သူတို့သိချင်တာတွေ မေးမယ်လို့များပေါ့။ ကျွန်တော်လာမယ်ဆိုပြီးတော့ ကျွန်တော် တင်ပြဖို့ဟာတွေပါ ယူသွားတယ်။ သူ့အခန်းရောက်တော့ အဲဒီမှာ ထူးဆန်းနေတယ်။ ကိုရွှေမန်းရယ်၊ ကိုသိန်းစိန်ရယ်၊ ဗိုလ်ချုပ်ကြီးမောင်အေးရယ်...နောက်ပြီးတော့ ကိုစိုးဝင်းရယ်...သူတို့တစ်တွေ ရောက်နေတယ်။ ရောက်ရောက်ချင်း သိပ်တောင်မကြာလိုက်ဘူး ဗိုလ်ချုပ်ခင်ညွန့်...ခင်ဗျား အိမ်ပြန်ပါတော့တဲ့၊ ကျွန်တော်တို့ ခင်ဗျားနဲ့ ပတ်သက်ပြီးတော့ မေးမြန်းတာတွေ လုပ်နေပါတယ်။ အိမ်ပြန်ပါ။ ဘယ်မှလည်း မသွားပါနဲ့တဲ့။ တော်တော်ထူးဆန်းသွားတယ်။ ဘယ်လိုလဲပေါ့။ ဩော် ငါ့အရေးယူမယ်ထင်တယ်ဆိုပြီး စိတ်ထဲကပေါ့။ ကျွန်တော့်သားကိုလည်းခေါ်ထားတယ်တဲ့။ ကျွန်တော့်သားက တပ်ရင်းမှူး။ ခင်ဗျားသားလည်းကျွန်တော်တို့ခေါ်ထားပါတယ်တဲ့။ အဲဒါနဲ့ ကျွန်တော်...အေးပေါ့ဗျာလို့၊ ဝမ်းသာပါတယ်လို့၊ အဲဒီလိုပဲ ကျွန်တော် ပြုံးပြုံးလေးနဲ့ ဝမ်းသာပါတယ်ဗျာလို့။ အင်မတန်မှ ဝမ်းသာပါတယ်ဗျာလို့။ ကျွန်တော်တော့ ကျွန်တော့်အခန်း ခဏဝင်မယ်လို့။ ငါးမိနစ်လောက် ဝင်ပါတဲ့။ ကျွန်တော့် အိတ်တွေ ဘာ ခတွေပေါ့ဗျာ...အကုန်သိမ်းကျုံးထည့်ပြီးတော့ပေါ့။ စခန်းမှူးက ကျွန်တော်နဲ့ ကပ်ပြီးပါလာတယ်လေ။ စခန်းမှူးက ဗိုလ်မှူးချုပ်ပေါ့။ ကျွန်တော့်ဘေး ကပ်ပါလာတယ်။ ငါ့ပစ္စည်းတွေ ငါသိမ်းမယ်လို့။ တခြား ဘာမှတော့ မယူပါဘူး။ စားပွဲပေါ်မှာ ကျွန်တော် သုံးစွဲနေတာလေးတွေပဲကောက်ထည့်ပြီး ကျွန်တော့်အိမ်ကို ပြန်လာခဲ့တာ။ စခန်းမှူးကလည်း ကျွန်တော့်ဘေးကပ်ထိုင်လိုက် လာတာ။ အဲဒီအချိန်မှာ တရားခံဖြစ်သွားတာပေါ့ဗျာ (ရယ်လျက်)။

နေ့ချင်းညချင်းပဲပေါ့။

ချက်ချင်းပဲ ...ချက်ချင်းပဲ တရားခံဖြစ်သွားတာ။

အဲဒီအချိန်မှာ အကျယ်ချုပ် စထားလိုက်တာလား။

အဲဒီကတည်းက စတယ်ပေါ့။ အဲဒီမှာစပြီးတော့ ကျွန်တော့်ဆီက လူတွေလည်း ရုတ်လိုက်ပြီလေ။ ကျွန်တော့်လုံခြုံရေးက အဲဒီမှာ တပ်စိတ်တစ်စိတ် ရှိတာကိုး။ ကျွန်တော့်ထောက်လှမ်းရေးကလေ။ သူတို့လည်း ရုတ်လိုက်တယ်။ ရုတ်လိုက်ပြီးတော့ တပ်ကို ထည့်လိုက်တယ်။ ကျွန်တော့်ကို ခေါ်တဲ့နေ့မှာပဲ ကျွန်တော့်လူတွေ မရှိ တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး စဖမ်းတာမဟုတ်ဘူးပေါ့။

ဖမ်းတဲ့သဘောပဲပေါ့ဗျာ။ စခန်းမှူးက ကျွန်တော့်ဘေးနား ကပ်ထိုင်လာတယ် ဆိုတာ ဖမ်းတဲ့သဘောပဲပေါ့။

ကြားထဲမှာ ဘာမှ စစ်တာ ဆေးတာမရှိဘူးလား။

ကျွန်တော့်ကို ဘာမှမစစ်ဘူး။ ဘာတစ်ခွန်းမှလည်း မမေးဘူး။ ဒီအတိုင်းပဲ ကျွန်တော့်ကိုထားတာပဲ။ နောက်တပည့်တွေဘက်ကို မေးတာပေါ့ဗျာ။ အင်းစိန်မှာ တရားရုံးဖွင့်တဲ့အခါကျတော့မှ ကျွန်တော့်ကိုခေါ်တယ်။

အဲဒါ ဘယ်လောက်အကြာမှာလဲ။

အဲဒါဆိုရင် တစ်နှစ်နီးပါးရှိပြီပေါ့။ တစ်နှစ်လောက်ကြာတယ်။ တပည့်တွေကို မေးမြန်းစစ်ကြောနေတာပေါ့။ တစ်နှစ်လောက်က တပ်ကပဲ ကျွန်တော့်ကို လုံခြုံရေး ရုံထားတာ။ ရဲမရောက်သေးဘူး။ နောက် အင်းစိန်က ပြန်လာတဲ့အခါ တပ်မရှိတော့ဘူး။ ရဲချတယ်။ တပ်နဲ့တုန်းကကျွန်တော်နဲ့ ဆက်ဆံဖို့အတွက် တပ်ကြပ်ကြီးဗျ။ အရာရှိတောင်မထားဘူး။ ပြောစရာရှိရင် တပ်ကြပ်ကြီးကိုခေါ်ပြောရတယ်။

အဲဒီတော့ စားရေးသောက်ရေးကျတော့ ဘယ်လိုလုပ်ရသလဲ။

စားရေးသောက်ရေးကတော့ ကိုယ့်ဘာသာကိုယ်ချက်ရ၊ စားရတာပေါ့။

ဈေးသွားတော့ကော။

ဈေးသွားတော့ သူတို့ဝယ်ပေးတယ်။ သူတို့ကို ပိုက်ဆံပေးလိုက်ရတယ်။ သူတို့က ရဲဘော်တစ်ယောက်ကို လွှတ်ပေးတယ်။ မှာချင်တာလေး စာရွက်ကလေးနဲ့ မှာလိုက်ရတာပေါ့။ ဘာဝယ်ပေးပါ၊ ဘယ်လောက်ပါဆိုပြီး ပိုက်ဆံပေးလိုက်။ အဲဒါပဲ။ သူက ဝယ်လာတာပေါ့ဗျာ။ ဝယ်လာတာလည်း ကောင်းတာလည်းပါ၊ မကောင်းတာလည်း ပါပေါ့ဗျာ။ ဒါ ထုံးစံအတိုင်းပေါ့ဗျာ (ရယ်လျက်)။ အဲဒါက တစ်နှစ်လောက်။

(ဘေးမှဝင်ပြော - ကိုရွှေမန်းရှင်းတာက အင်းစိန်က ပြန်လွှတ်မှ ရှင်းတာလား)

မပို့ခင်။

(ဘေးမှဝင်ပြော - ဖြစ်စမှာ ရှင်းတာနော်)

မပို့ခင်။ ကျွန်တော် ဘယ်လောက်တောင် ဆိုးတယ်ဆိုတာတွေပေါ့ဗျာ။

အဲဒီတုန်းက ဦးရွှေမန်းကို ထောက်လှမ်းရေးလွှဲနိုင်းလား။

ကျွန်တော့်ထောက်လှမ်းရေးလွှဲတာ ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေပေါ့။ သူက တိုင်းမှူး as well as ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဆိုပြီး တာဝန်ပေးတယ်။ ကျွန်တော် နမြောတာက ကျွန်တော့်ရုံးခန်းထဲမှာ ကျွန်တော့် own library ရှိတယ်ဗျ။ အဲဒီမှာ ကျွန်တော့်ကို by name နဲ့ နိုင်ငံခြားက ပို့ထားတဲ့စာအုပ်တွေ အများကြီးပဲ။ ကျွန်တော့်အခန်းထဲမှာပဲ။ အဲဒီစာအုပ်တွေ ရာချီပြီးရှိတယ်။ နောက်ပြီးတော့ ယခင် မျက်မှန်ကြီးလက်ထက်တုန်းက ရထားတဲ့ သူ့စာအုပ်တွေကလည်း ရှိတယ်။ ကျွန်တော် အကုန်သိမ်းထားတယ်။ သူ့စာအုပ်တွေကော ကျွန်တော့်စာအုပ်တွေကော အဲဒါတွေက ကျွန်တော် သိပ်နမြောတယ်။ ဘာမှ ကျွန်တော်ပြန်မရဘူး။ ကျွန်တော့်အခန်းထဲကဆိုရင် ဘာမှ ကျွန်တော်ပြန်မရဘူး။ ကျွန်တော့် အဝတ်အစားတွေပဲလာပြန်ပို့ပေးတယ်။ ဒိုင်ယာရီတွေဘာတွေကအစအကုန်လုံးပဲ။ ဒိုင်ယာရီကအလုပ်သဘောရေးတာပါပဲ။ personal ဘာမှမရှိဘူး။ personal ရေးတဲ့အလေ့အကျင့်လည်း မရှိဘူး။ လုပ်ငန်းသဘောပဲ။ အဲဒါတွေ အကုန်ထားခဲ့ရတယ်။ ကျွန်တော် စာရေး ဖို့တောင် Raw က ဘာမှမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ လှမ်းတစ်ဖွဲ့လုံး ဖြိုလိုက်တော့ အကျိုးဆက်က link တွေ တော်တော်ပျောက်သွားတယ်လို့ကြားတယ်။

ပျောက်တာပေါ့ဗျာ။ ထောက်လှမ်းရေးဆိုတာ . . . ကိုမြတ်ခိုင်၊ ချက်ချင်းမွေးလို့ မရဘူး။ ချက်ချင်းကြီး မွေးလို့မရဘူး။ ကျွန်တော်က ကျွန်တော့်ကောင်တွေကို တပ်ရင်းတွေက ခေါ်လိုက်တယ်။ ထောက်လှမ်းရေးသင်တန်းမှာ ပထမ၊ ဒုတိယ၊ တတိယရတဲ့သူတွေ။ အဲဒါကိုမှ batting ကျွန်တော် လုပ်သေးတယ်။ အားလုံးရှင်းမှ ခေါ်တယ်။ ခေါ်ပြီးလည်း ထောက်လှမ်းရေးသမား မဟုတ်သေးဘူး။ ဆယ်နှစ်ကြာမှ ထောက်လှမ်းရေးဖြစ်ပြီလို့။ ဆယ်နှစ်ကြာမှ သူ့ကို ကျောင်းက သင်ပေးလိုက်တာနဲ့ လက်တွေ့နဲ့ပေါင်းစပ်ပြီးတော့မှ လုပ်တတ်တာ။ ဆယ်နှစ်မပြည့်ရင် ကျွန်တော်က လွတ်လွတ်လပ်လပ် တာဝန်ပေးလို့မရဘူး။ မင်းတို့ ထောက်လှမ်းရေးသမား မဟုတ်ဘူးလို့။ ဆယ်နှစ်ပြည့်သွားပြီဆိုတဲ့အခါကျမှ သူတို့ကို တာဝန် လွတ်လွတ်လပ်လပ် စပြီးတော့ပေးတာ။ နို့မို့ရင် ဆယ်နှစ်မပြည့်သေးရင်တော့ သူ့ထက် စီနီယာကျတဲ့သူနဲ့ ကျွန်တော်က တွဲပြီးခိုင်းတယ်။ ဆယ်နှစ်ပြည့်ပြီဆိုတဲ့အခါကျရင် အေး . . . မင်း လွတ်လွတ်လပ်လပ် ထောက်လှမ်းရေးသမားဖြစ်ပြီ၊ မင်းကိုငါ တာဝန်ပေးမယ် ဆိုပြီးတော့ ကျွန်တော် တာဝန်ပေးတာပဲ။ နိုင်ငံတကာအဆင့် ထောက်လှမ်းရေးသမား မဟုတ်သေးဘူး။ နိုင်ငံတကာအဆင့် ထောက်လှမ်းရေးသမားဖြစ်ဖို့အတွက် လေ့လာရဦးမယ်။ နိုင်ငံခြားအတွေ့အကြုံတွေရအောင် လေ့လာရဦးမယ်။ ဒါကြောင့် ကျွန်တော် နိုင်ငံခြားသွားတဲ့အခါမှာ တစ်လှည့်စီခေါ်သွားတာ။ လုံခြုံရေးလိုက်ဖို့အတွက် လုံခြုံရေးလိုက်တဲ့အခါမှာ လူကြီးအတွက် တစ်လှည့်စီ ခေါ်သွားပြီးတော့မှ ဟိုမှာရှိတဲ့ ထောက်လှမ်းရေးသမားတွေနဲ့ လုံခြုံရေးသမားတွေနဲ့ တွဲပြီးလေ့ကျင့်ပေးတယ်။ အဲဒီတော့ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ ထောက်လှမ်းရေးသမားက အနှစ်နှစ်ဆယ်ရှိမှဖြစ်မယ်။ ကျွန်တော့်ဆီရောက်ပြီး အနှစ်နှစ်ဆယ်ရှိမှ နိုင်ငံတကာထောက်လှမ်းရေးအတွေ့အကြုံကို ရမယ်။

ကျွန်တော်တို့ကြားတာက ထောက်လှမ်းရေးဖျက်လိုက်တော့ link တွေ အကုန်ပျက်ပြီး ကသိကုန်တယ်လို့ကြားတယ်။

ဒါတော့ရှိမှာပေါ့ဗျာ။ သူတို့လည်းကြိုးစားမှာပေါ့။ ကျွန်တော်က ဦးစောဗိုလ်မြကြီးနဲ့ အတော်ရင်းနှီးသွားတာ။

ကျွန်တော် အဲဒီ ဗီဒီယိုဖိုင်ကြည့်လိုက်ရတယ်။

ကြည့်လိုက်ရလား။ အတော်ရင်းနှီးသွားတယ်။ ကျွန်တော်က သူ့ကို ဖထီး ခေါ်တယ်။ သူကလည်း သူတို့အခေါ်နဲ့ ဖိုးဒိုလို့ ခေါ်တယ်။ သူ့သားလိုပဲ။ ကျွန်တော်က ဖထီးလို့ ခေါ်တယ်။ ကျွန်တော်က သူနဲ့တွေ့တဲ့အချိန်မှာ ကရင်ဝတ်စုံ ကျွန်တော်ဝတ်တာ။ နောက်တစ်ခုက ဒါတိုက်ဆိုင်တာဗျ။ ကျွန်တော့်ကို အင်းစိန်ခေါ်တဲ့အချိန်မှာပဲ အဲဒီအချိန်မှာ ကျွန်တော်က ကရင်လုံချည်ဝတ်ထားတယ်။ အင်းစိန်ခေါ်တဲ့ညက ကရင်လုံချည်ကို အိမ်မှာနေဝတ်ထားတာ။

အစ်မကြီးပါ ခေါ်သွားလား။

ပါတယ်။ ကျွန်တော်က အစ်မကြီးပါ ပါတယ်ဆိုတော့ ကျွန်တော်က မေးလိုက်တယ်လေ။ အစ်မကြီးကိုပါ အရေးယူမှာလားလို့။ အိမ်မှာတင် ကျွန်တော် မေးလိုက်တယ်။ ကျွန်တော့်ဇနီးကိုပါ အရေးယူမှာလားပေါ့။ မဟုတ်ပါဘူးတဲ့။ အရေးမယူပါဘူးတဲ့။ မင်း အဝတ်အစားတွေ ထည့်ကွာလို့။ ကျွန်တော်ကတော့ အစောကြီးကတည်းက အဝတ်အစားထည့်ထားပြီးသား။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို တစ်ချိန်ချိန်တော့ ခေါ်တော့မှာပဲလို့ ကျွန်တော် တွက်ထားပြီးသား။ ကျွန်တော်က အဝတ်အစားတွေ အကုန်ထည့်ထားပြီးပြီ။ ဆေးဝါးတွေ အကုန်ထည့်ထားပြီးပြီ။ ဖတ်မယ့်စာအုပ်တွေ အကုန်ထည့်ထားတယ်။ အကုန်အဆင်သင့်လုပ်ထားတယ်။ ဒါပေမဲ့ မိန်းမကတော့ မပါဘူးပေါ့ဗျာ။ မိန်းမကိုတော့ ကမန်းကတန်း ကဲ . . . သွား။ မင်း အဝတ်အစားတွေ လုပ်ပေါ့။ ဘဝပဲဗျာ...ဘဝပဲ။

အင်းစိန်မှာကျတော့။

Guest House မှာထားတယ်။ ကောင်းကောင်းမွန်မွန်ထားပါတယ်။ အဲဒီမှာ ကောင်းကောင်းမွန်မွန်ပဲ သူတို့ ပြုစုတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စုလည်း ထားဖူးတယ်။

အင်း...အဲဒီမှာပဲဖြစ်မယ်။

ဦးဇော်ဝင်းလက်ထက်ပေါ့။

ဟုတ်တယ်။ ကိုဇော်ဝင်းလက်ထက်မှာ။

အခု နိုင်ငံရေးအကျဉ်းသားတွေလွှတ်ဖို့ စိစစ်တဲ့အဖွဲ့ရှိတယ်။ အဲဒီအဖွဲ့က တပ်မထောက်လှမ်းရေးတွေလွှတ်ဖို့ မထောက်ခံဘူးလို့ ကျွန်တော် ကြားတယ်။

သူတို့လည်း ခံစားချက်ရှိမှာပေါ့ဗျာ။ အဲဒီအချိန်တုန်းကလည်း ကျွန်တော် ထောက်လှမ်းရေးဆိုပြီး အရေးယူတာတွေရှိတယ်။ အစိုးရရဲ့ကိုယ်စား အရေးယူရတဲ့သူတွေဆိုတော့ သူတို့ခံစားချက် ရှိမှာပေါ့ဗျာ။ ခံစားချက်ကြောင့် ဒါ ဒီလိုဖြစ်တာဖြစ်မှာပါ။ အဆိုးမဆိုသာပါဘူးဗျာ။ ခံစားချက်ရှိတဲ့လူကတော့ မဟုတ်ဘူးလား။ အဆိုးမဆိုသာဘူး။ ဒီလိုပဲဖြစ်မှာပဲ။

ဒေါ်အောင်ဆန်းစုကြည်ကလည်း နိုင်ငံခြားသွားတော့ အစိုးရကို အာဃာတ မထားဘူးလို့ပြောတယ်။ ဗိုလ်ချုပ်ကြီးတို့အနေနဲ့ကတော့ အစိုးရအပေါ် ဘယ်လိုမြင်သလဲ။

လက်ရှိအစိုးရလား။

အရေးယူလိုက်တဲ့အစိုးရ။

ဩော် . . . ဘာအာဃာတမှ မရှိပါဘူးဗျာ။ ကျွန်တော် စောစောကပြောသလို တည်ဆဲဥပဒေကို ဖောက်ဖျက်တယ်။ ကျူးလွန်တယ် နောက်ပြီးတော့ အမိန့်နဲ့ ညွှန်ကြားချက်တွေကို ဆန့်ကျင်တယ်လို့ ဒီလိုဖြစ်တာကိုးဗျ။ အဲဒီအချိန်မှာတော့ ဒီလိုပဲ ခံရမှာပဲလေ။ တည်ဆဲဥပဒေအရ ဒီလိုပဲ ခံယူရင် ဒီလိုပဲ အပြစ်ပေးခံရမှာပါပဲ။ ကျွန်တော်အနေနဲ့ ဘယ်လိုမှမရှိပါဘူး။ ဒါကတော့ ထုံးတမ်းစဉ်လာအတိုင်း ဒီအတိုင်းဖြစ်မှာပဲ။

(ဘေးမှဝင်ပြော – ခုနက သူတို့စွဲချက်တွေ အမိန့်နဲ့ အာဏာဖီဆန်တယ် ဆိုတာ တရားရုံးမှာပြောသလား)

မပြောဘူး။

(ဘေးမှဝင်ပြော – အဲဒါဆို အမိန့်နဲ့အာဏာကို ဘာဖီဆန်သလဲဆိုတာ ပြောရတော့မယ်လေ၊ တရားရုံးကျတော့လေ။ ဟုတ်တယ် မဟုတ်လား)

တရားရုံးက အဲဒါ ဘာမှမပြောဘူး။ ကျွန်တော် အဂတိလိုက်စားမှု၊ ဒါပဲ။

ဗိုလ်ချုပ်ကြီးကို အပြစ်ရှိလားလို့ မေးသေးလား။

ကျွန်တော့်ကို သူ ဖတ်ပြတယ်လေ။ ဖတ်ပြပြီး ဗိုလ်ချုပ်ကြီးမှာ အပြစ်ရှိသလားလို့ မမေးဘူးဗျ။ တာဝန်ရှိတယ် မဟုတ်လားတဲ့။ ကျွန်တော် ဟုတ်တယ်လို့၊ ကျွန်တော် လူကြီးပဲလို့ဆိုတော့ တာဝန်ရှိတာပေါ့လို့။

ရှေ့နေမငှားဘူးလား။

ကျွန်တော့်ကို ရှေ့နေငှားနိုင်တယ်လို့ တရားသူကြီးကပြောတယ်။ ကျွန်တော် အဲဒီကပြန်လာပြီးတော့ Guest House ရောက်တော့ အဲဒီမှာ ရဲချုပ်နဲ့ ညွှန်ချုပ် ကိုဇော်ဝင်းတို့ ပါလာတယ်။ ကျွန်တော်က မေးလိုက်တယ်။ ကိုခင်ရီ၊ ကိုဇော်ဝင်း တရားသူကြီးကတော့ ကျွန်တော့်ကို ရှေ့နေငှားနိုင်တယ်လို့ ပြောတယ်။ ခင်ဗျားတို့ သဘောထားလေး သိချင်တယ်ဗျာလို့ဆိုတော့ ဗိုလ်ချုပ်ကြီးရယ်တဲ့၊ ရှေ့နေငှားလည်း ထူးမှာမဟုတ်ပါဘူးတဲ့။ ပွင့်ပွင့်လင်းလင်း ပြောလိုက်တာလေ။ အေးပေါ့ဗျာ၊ အဲဒီလိုဆို မငှားတော့ဘူးလို့။ နို့မို့ဆို ပိုက်ဆံကုန်နေဦးမှာလို့။ ကျွန်တော်လည်း အဲဒီလိုပဲ ယူဆပါတယ်။ ကျွန်တော့်ကို အရေးယူရင် ဘယ်လိုပဲ ရှေ့နေငှားငှားအရေးယူမှာပဲ။ မဟုတ်ဘူးလား။ ရှေ့နေက ဘယ်လိုပဲ လျှောက်လဲချက်တွေပေးပေး၊ အရေးယူမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးက အယူခံတင်တာ အသနားခံတာ မလုပ်ဘူးလား။

မလုပ်ခဲ့ဘူး။ ကျွန်တော့်ကို နောက်ဆုံး ပြစ်ဒဏ်တွေစီရင်တော့ အဲဒီအချိန်မှာ ရဲချုပ်ကိုခင်ရီလည်း ရှိပါတယ်။ သူက လာပြီးစောင့်နေတယ်။ ကျွန်တော်က သိထားပြီးသားပါ။ ကျွန်တော့်ကို ပြစ်ဒဏ်ချတော့မှာပဲ။ ပြစ်ဒဏ်မချခင် တစ်ညနေမှာ ကျွန်တော်က နည်းနည်းစူးစမ်းလိုက်တယ်။ အကျဉ်းဦးစီးဌာနက ကိုဇော်ဝင်းကို ကျုပ်အတွက် ခင်ဗျားတို့ နေရာလေးလုပ်ထား သလားလို့ ကျွန်တော် စူးစမ်းလိုက်တော့ အထက်က ဘာမှ ခိုင်းတာမရှိဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ခိုင်းတာမရှိရင် ငါ့ကို ဘယ်မှာထားမလဲလို့ ကျွန်တော်က ခေါင်းထဲစဉ်းစားလိုက်တယ်။ တစ်နေရာတော့ ထားချင်ထားမှာလို့။ ထောင်ထဲမှာ မထား ဘူး။ မခိုင်းဘူးလို့ ပြောတယ်။ တစ်နေရာတော့ ရှိလိမ့်မယ်။ ဘယ်နေရာမှာထားမလဲလို့ ကျွန်တော်တွက်တာက ကျွန်တော်တို့ Guest House ရှိတယ်လို့။ ရဲမွန်မှာလေ။ အေး...ငါတော့ ရဲမွန်ပို့မယ် ထင်တယ်လို့။ အဲဒီမှာ စီရင်ချက်မချခင်ညမှာ ကျွန်တော့် မိန်းမကို မှာတယ်။ မိန်းမ မင်းကတော့ အိမ်ပြန်ရမှာပဲ။ ငါတော့ ကျန်ခဲ့မှာပဲ။ အိမ်ပြန်ရင် လုပ်စရာရှိတာ လုပ်ဆိုပြီး မှာစရာ ရှိတာတွေ မှာတာပေါ့ဗျာ။ ငါကတော့ ကျန်ခဲ့မှာ။ အဲဒီလို စိတ်ထဲကတွက်လိုက်တာ။

sentence ချပြီးတာနဲ့ အိမ်ပြန်ပို့လား။

sentence ချပြီးတာနဲ့ ပြည်ထဲရေးဝန်ကြီးက ပေါက်ချလာတယ်။ အိမ်မှာပဲ နေခွင့်ပေးတယ်။ လုံခြုံရေးအစောင့်အရှောက် နဲ့ အိမ်မှာပဲနေခွင့်ပေါ့။ အကျယ်ချုပ် ပေါ့လေ။ အဲဒါနဲ့ အိမ်မှာပဲနေခွင့်ပေးတော့ ကျွန်တော်လည်း ဝမ်းမြောက်ဝမ်းသာပေါ့ဗျာ။ မိန်းမက သီချင်းတွေတောင် ဆိုသေးတယ် (ရယ်လျက်)။ ဝမ်းသာလို့လေ။

(ဘေးမှဝင်ပြော - အဲဒီတုန်းက လူတွေကလည်း ရဲမွန်ပဲတွက်ထားတာ။ ရဲမွန်ဆိုပြီး လိုက်ကြသေးတယ်။ အိမ်ပြန်လာ တာ မသိလိုက်ကြဘူး။ အားလုံးက ရဲမွန်လို့)

ကျွန်တော်လည်း ရဲမွန်လို့ပဲ ထင်တယ်လေ။

အဲဒီနှစ်တွေကို ဗိုလ်ချုပ်ကြီး ဘယ်လိုဖြတ်သန်းသလဲ။

အိမ်ထဲမှာနေရတာလား။ ကျွန်တော် ပြောဖူးတယ်ထင်တယ်။ ကျွန်တော် မနက်ဆိုရင် အိပ်ရာကထတယ်။ မျက်နှာသစ်၊ ဘာညာပြီးရင် လမ်းလျှောက်တယ်။ (၄၅) မိနစ် လမ်းလျှောက်ရင်း ပုတီးစိပ်နေတယ်။ အခုလည်း ဒီအတိုင်းပဲ။ ပြီးတာနဲ့ ကျွန်တော် ဘုရားပန်း လဲတယ်။ သောက်တော်ရေ လဲတယ်။ ဆွမ်းတော် ကပ်တယ်။ ကျွန်တော့်အိမ်မှာ ဘုရားအဆူပေါင်း တစ်ရာကျော် ရှိတာကိုး။ အဲဒီတော့ ပန်းအိုးတွေက အများကြီးဗျ။ ဘုရားပန်းလဲ၊ သောက်တော်ရေကပ်၊ ဆွမ်းတော်ကပ်နဲ့ နှစ်နာရီလောက် ကြာတယ်။ ဒါကို လင်မယားနှစ်ယောက် ခွဲလုပ်တယ်။ အဲဒါပြီးတာနဲ့ တစ်နာရီလောက် တရားထိုင်တယ်။ အဲဒါပြီးရင် ခြံထဲဆင်းတယ်။ ပထမတော့ ကောင်လေးတစ်ယောက် ရှိတယ်။ ဒီကောင်လေးနဲ့ ကျွန်တော် ခြံထဲမှာ ပေါက်တူး ပေါက်၊ ရေလောင်း၊ ပေါင်းသင် သစ်ပင်တွေ ပြုစုပျိုးထောင်။ အဲဒါက မနက်ကိုးနာရီလောက်မှာ စလုပ်တာ (၁၀) နာရီ တစ်ခါ တလေ (၁၂) နာရီလောက်အထိ ရောက်သွားတယ်။ ချွေးထွက်တာပေါ့ဗျာ။ ကျန်းမာရေး physical exercise က ဖြစ်နေ တယ်။ (၁၂) နာရီ လောက်ရောက်ရင် မိန်းမက လှမ်းအော်တယ်။ အိမ်ပေါ်ပြန်တက် ရေမိုးချိုးပြီး ထမင်းစားတယ်။ ပြီးတာနဲ့ နည်းနည်းပါးပါး အနားယူပြီး သတင်းလေးဘာလေး တီဗီလေး ဖွင့်တယ်။

တီဗီကြည့်လို့ရလား။

တီဗီတော့ကြည့်လို့ရတယ်။ သတင်းစာလည်းရတယ်။ တီဗီက ဂြိုဟ်တုတော့ မရဘူး။

ဖုန်းရလား။

ဖုန်းဖြတ်ထားတယ်။ တီဗီလေးဘာလေး နည်းနည်းပါးပါးကြည့်ပြီးတော့ နေ့ခင်းမှာ အိပ်တဲ့အလေ့အကျင့်မရှိဘူး။ နေ့ခင်း မှာ တစ်ခါ တရားထိုင်တယ်။ တရားထိုင် ပြီးတော့ စာဖတ်တယ်။ ကျွန်တော့်မှာရှိတဲ့စာအုပ်တွေ ဖတ်တယ်။ အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်တွေဘာတွေလည်း မရှိဘူးဗျ။ သတင်းစာပဲဖတ်ရတယ်။ ညနေ လေးနာရီလောက်ဆို ခြံထဲတစ်ခေါက်ပြန်ဆင်းတယ်။ နှစ်ကြိမ်ဆင်းတယ်။ မနက်တစ်ကြိမ် ညနေတစ်ကြိမ်ဆင်းပြီး လှုပ်လှုပ်ရှားရှား လုပ်နေတယ်။ ငါးနာရီခွဲလောက်ဆို ပြန်တက်တယ်။ ရေမိုးချိုး၊ တီဗီလေးဘာလေးကြည့်၊ ခြောက်နာရီထိုး ခုနစ်နာရီ လောက်ကျတော့ ထမင်းစားတယ်။ ညကျတော့ စကားပြောစရာရှိတာပြောပြီး အဲဒီတုန်းက ကလေးတွေမရှိဘူးဗျ။ ကလေးတွေက တစ်အိမ်စီ။ ပြီးတော့မှ ညကျ ထပ်ပြီးတရားထိုင်တယ်။ တစ်နေ့ သုံးကြိမ်တရားထိုင်တယ်။ ဒါနဲ့ တစ်နေ့တစ်နေ့ ကုန်သွားတာပဲ။ အချိန်ကိုမလောက်ဘူး။ အဲဒီလိုပဲ။ စိတ်က အေးချမ်းသွားပြီဗျ။

တော်ရုံတန်ရုံဆိုရင် ခံနိုင်ရည်မရှိကြဘူးလေ။ ရုတ်တရက်ကျသွားတာကိုး။ ဗိုလ်ချုပ်ကြီးက ဘာမှ မပြောင်းလဲဘူး။

စိတ်ပဲဗျ။ စိတ်နိုင်ရင် ခန္ဓာကိုယ်က သူ့ဘာသာသူပါလာတာပဲ။ အဓိကက စိတ်ပဲ။ တရားထိုင်တာ အဲဒါပဲ။ တရားထိုင်တော့ သမာဓိအားကောင်းတယ်။ ကိုယ့်စိတ်ကိုယ်နိုင်တယ်။ အဲဒီအချိန်မှာ တစ်ခါတစ်ခါကျတော့ သားတွေနဲ့ မတွေ့ရဘူး။ သားတွေမြေးတွေနဲ့မတွေ့ရတာ။ ဒါပေမဲ့...မြေးနှစ်ယောက်ကတော့အိမ်မှာရှိတယ်။ မြေးခုနစ်ယောက်မှာနှစ်ယောက်ကတော့ အိမ်မှာရှိတယ်။ ကျန်တဲ့မြေးတွေကအပြင်မှာ။ တစ်ခါတစ်ခါကျတော့ကလေးအတွက်ပူတာပေါ့ဗျာ။ ဘယ်လိုများစားသောက်နေကြသလဲ။

ကျောင်းတောင် အပ်လို့မရဘူးလို့ ကျွန်တော်တို့ကြားတယ်။

ဟုတ်တယ်။ ဒါပေမဲ့ ... တစ်နှစ်ပေါ့။ အခု ဆယ်တန်းအောင်သွားတဲ့ ကလေးက အဲဒီတုန်းက လေးတန်း။ အငယ်လေးကတော့ ငယ်သေးတော့ ကျောင်းမနေရဘူး။ လေးတန်းကလေးက အဲဒီနှစ်တစ်နှစ် ကျောင်းမတက်လိုက်ရဘူး။ ဘယ်သူမှ မထွက်ရဘူး။ နောက် ကျွန်တော့် တရားစီရင်ပြီးတော့မှ ကလေးကျောင်းသွားဖို့ အဲဒီမှာ ရဲချုပ်နဲ့ အက်စ်ဘီကို ကျွန်တော် မေးတာလေ။ ကလေးကျောင်းထားဖို့ ဘယ်လိုလုပ်ရမလဲလို့။ ရပါတယ်တဲ့။ သူတို့လုံခြုံရေးလိုက်ပို့မယ်တဲ့။ ဈေးဝယ်ဖို့ကို ဘယ်လိုလုပ်ရမလဲ။ သမီးကို လွှတ်လို့ရပါတယ်။ သမီးကို အိမ်အဖော်နဲ့ ကျန်တဲ့ လုံခြုံရေး လိုက်ပို့မယ်တဲ့။ ကျန်တာက ဘာမှ အပြင်ကို ဆက်သွယ်မှုမရှိစေရဘူး။ ကျောင်းသွားတာ ဈေးဝယ်တာရတယ်။

ကိုရဲရဲဆိုင်ကော။

ကိုရဲရဲဆိုင်က ရုပ်ရှင်ရုံအောက်မှာ။ အဲဒါက ဆက်ပြီးရှိနေတယ်။ သူက သူ့တပည့်တွေနဲ့ခိုင်းထားတော့ သူ့ဇနီးက တစ်ခါတစ်ခါသွား ကြည့်တယ်။ သူ့ဇနီးသွားရင်လည်း လုံခြုံရေးက လိုက်တယ်။ ကျွန်တော့်သမီးက တစ်ခါတစ်ခါ ဖေဖေရယ်တဲ့ မြို့ထဲလည်း မသွားချင်ပါဘူးတဲ့။ မလွှဲသာလို့သာ သွားရတာတဲ့။ သမီးနောက်ကို လိုက်တဲ့လုံခြုံရေးကလည်း လေလည်တာတောင် ကျယ်ကျယ်မလည်ရဲဘူး ဖေဖေရယ်တဲ့။ ကပ်လိုက်နေတာကိုး။ အသိမိတ်ဆွေတွေ့ရင် စကားမပြောရဘူး။

ဗိုလ်ချုပ်ကြီးတို့နှစ်ယောက်ရယ်၊ သမီးရယ်၊ မြေးနှစ်ယောက်ရယ် နေရတာပေါ့။

အင်း...မြေးနှစ်ယောက်ရယ်ပေါ့။ ဒါ...ဘဝပေးဗျာ။ ဒါတွေနဲ့ ပတ်သက်လို့လည်း တရားထိုင်နေတဲ့အခါကျတော့ ဒါလေးတွေက ဖြေဖျောက်လို့ ရပါတယ်။

အခု ဒီအဆောက်အအုံဆောက်တော့ ဆောက်လုပ်ခွင့်တင်ရသေးလား။

တင်ရတာပေါ့။ မြို့တော်စည်ပင်ကိုတင်ရတယ်။ တင်ပြီးတော့ ခွင့်ပြုချက်ရမှ ဒါလုပ်တာ။ ကျွန်တော်က ပုံစံတွေထုတ်ပြီးတော့ အတိုင်းအတာနဲ့ ခွင့်ပြုချက်နဲ့ပါ။ သူတို့ လာစစ်တယ်လေ။ လာကြည့်ပြီးတော့မှ ခွင့်ပြုပါတယ်ဆိုပြီးတော့ ပထမတော့ အုတ်မြစ်တွေကို ချထားတယ်။ နောက်ပြီးတော့မှ ပုံစံနည်းနည်းပါးပါး လိုက်လုပ်တယ်။ ဖွင့်ပွဲလုပ်တော့မယ်ဆိုရင်လည်း သူတို့ကို အသိပေးတယ်။ လုပ်ပါဆိုပြီးတော့ ခွင့်ပြုချက်ရတယ်။ ကျွန်တော်က အဲဒီရက်ကို ရွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အထိ တင်ရသလဲ။

စည်ပင်သာယာကို။

အဲဒီတော့ ဒါလေးနဲ့ပတ်သက်လို့ ဒါက ယဉ်ကျေးမှုနဲ့ဆိုင်တာကိုး ဗျ။ ကျွန်တော် ယဉ်ကျေးမှုနဲ့ပတ်သက်လို့ မေးကြည့်တာပေါ့။ ယဉ်ကျေးမှုကိုရော တင်ဖို့လိုသေး သလား။ ယဉ်ကျေးမှုတင်ဖို့ မလိုဘူးတဲ့။ ဒါ စည်ပင်သာယာနဲ့တင် လုံလောက်ပါတယ်ဆိုပြီးတော့ စည်ပင်ခွင့်ပြုချက်နဲ့ ပြီးသွားတယ်။

အရင်တုန်းက ဒီလမ်းက ပိတ်ထားတယ်လေ။

ပိတ်ထားတယ်။ ကျွန်တော်ဖွင့်တော့မယ်ဆိုမှ နောက်ကိုရွှေ့သွားတာ။ ကျွန်တော်ကလည်း စလုပ်တဲ့အချိန်တုန်းကတော့ မရဲတရဲပေါ့ဗျာ။ အဲဒီဂိတ်မှာ လုံခြုံရေးအစောင့်တွေရှိရင် ကျွန်တော့်ဆိုင် ဘယ်သူမှလာမှာမဟုတ်ဘူး။

ကျွန်တော်တို့တောင် စိတ်ကူးနေတာ။ ဟိုဘက်လမ်းတစ်လမ်းတည်း ဘယ်လိုလုပ်မလဲ မသိဘူးလို့။

(ဒေါ်မှဝင်ပြော – ကျွန်တော်တို့တောင် အဲဒီက ဝင်လာတာ)

ဒီဘက်က ပိတ်ထားလို့မလာရဲလည်း နောက်ဖေးပေါက်ကတော့ လာမှာပေါ့လို့။ အဲဒီလို alternate ပေါ့ဗျာ၊ စဉ်းစားထားတာပေါ့။ နောက်တော့ သူ့ဘာသာသူတို့ ရွှေ့သွားပါတယ်။ ကျွန်တော်ဖွင့်တော့မယ်ဆိုတော့ ရွှေ့သွားတော့ ဟန်ကျသွား။ အဆင်ပြေသွားတာပေါ့။

ဗိုလ်ချုပ်ကြီးကို သဘောထားပျော့ပျောင်းလာတဲ့ သဘောတော့ ရှိပါတယ်။

အင်းပေါ့။

အခုလို မီဒီယာတွေနဲ့တွေ့တယ်၊ ပြောတယ်ဆိုတော့ ဘာမှ ကန့်သတ်ထားတာ မရှိဘူးပေါ့။

မရှိပါဘူး။ ကျွန်တော်နဲ့လည်း တချို့နိုင်ငံခြားဧည့်သည်တွေပေါ့…ဂျပန်တို့ဘာတို့ကလည်းလာကြတယ်။ NGO တွေပေါ့ဗျာ။ ယခင်တုန်းကတော့ ကျွန်တော့်မိတ်ဆွေတွေပေါ့ဗျာ။ မိတ်ဆွေဟောင်းတွေပေါ့။ သူတို့လည်း ဝန်ကြီးလုပ်ခဲ့သူလည်း ပါတယ်။ အခုအငြိမ်းစားဖြစ်ပြီးတော့မှ NGO တွေဘာတွေ လုပ်နေတော့ အခုလာကြတာရှိတယ်။

ရွှေမော်ဝန်းမှာ သူတို့ပိုင်းဝန်းထားတာကော မရှိဘူးလား။

မရှိသေးဘူးဗျ။ နိုင်ငံခြားသားတွေလည်းမရှိသေးဘူး။ NGO တွေလည်းမရှိသေးဘူး။ ဂိုချောက်တောင်ဒီကိုလာတုန်းက ကျွန်တော်က ရွှေမော်ဝန်းမှာ။ ဒါပေမဲ့ ကျွန်တော်က တစ်ခုတော့ ထိန်းတာပေါ့ဗျာ။ သံရုံးတွေ မသွားဘူး။ သံရုံးတွေက ဖိတ်တော့ဖိတ်တယ်။ တောင်းပန်လိုက်တယ်။ ဒီအချိန်မျိုးမှာတော့ ကျွန်တော်လာဖို့မသင့်ပါဘူးလို့။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်ကို ခွင့်လွှတ်ပါဆိုပြီးတော့ သံအမတ်တွေက ဖိတ်တာတွေ ရှိပါတယ်။ ကျွန်တော် မသွားပါဘူး။

ကိုရဲတို့၊ ကိုဇော်တို့တော့ တွေ့တယ်။

သူတို့ကတော့ သွားလို့ရတယ်။ ကျွန်တော်တော့ မသွားပါဘူး။ ဒါလေးတော့ ကျွန်တော်ထိန်းပါတယ်။ ဒီနေ့ပဲ ပြင်သစ်သံရုံးက သံအမတ်ကြီးက နေ့လယ်စာ ကျွေးချင်လို့ပါဆိုပြီး ကျွန်တော်က တောင်းပန်လိုက်တယ်။ အချိန်မကျသေးလို့ပါလို့၊ မလုပ်ပါနဲ့လို့ ပြောလိုက်တယ်။ တစ်လောကလည်း ဂျာမန်သံရုံးကနေ။ အဲဒီထက်စောစောက အမေရိကန်သံရုံးကလည်း ဖိတ်တယ်။

စောစောပိုင်းကတော့ ဗိုလ်ချုပ်ကြီးကို တစ်ချိန်ကျရင် ထုတ်သုံးမယ်လို့ ထင်ကြတယ်။ တစ်နည်းနည်းနဲ့ ထုတ်သုံးမယ်ပေါ့။

ကျွန်တော် အစိုးရအဖွဲ့နဲ့ contact မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(ဘေးမှဝင်ပြော - ဒါနိုင်ငံရေးမမြင်တဲ့သူတွေက ထင်တာဖြစ်မှာ။ ဘယ်သုံး မလဲ။ စင်ပေါ်တင်လိုက်သလိုဖြစ်မှာပေါ့)

လွှတ်ခါနီးကော ကြိုသိလား။

လွှတ်မယ့်နေ့မသိဘူးဗျ။ မသိဘူးဆိုတာကကျွန်တော်ကထင်တာကလွတ်လပ်ရေးနေ့ပေါ့ဗျာ။ လွှတ်ချင်းလွှတ်ရင်တော့ လွတ်လပ်ရေးနေ့ လွှတ်လိမ့်မယ်လို့။ လွတ်လပ်ရေးနေ့ကျတော့ မပါဘူးဗျ။

ဗိုလ်ချုပ်ကြီးလည်း မျှော်ရမှာပေါ့နော်။

မျှော်တော့ မျှော်တာပေါ့ဗျာ။ အထူးသဖြင့် မိန်းမကပိုမျှော်တာ။ လွတ်လပ်ရေးနေ့ မပါတဲ့အခါကျတော့ ဒီနှစ်လည်း မပါတော့ဘူးကွာလို့။ ထားလိုက်ပါတော့ဆိုတော့ မိန်းမက တစ်ခါခံစားရပြန်ရော။

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ် ဒီပဲယင်းမှာ ဗိုလ်ချုပ်ကြီးတို့က ကယ်ခဲ့တယ်ဆိုတာ ...။

အဲဒါတော့ မပြောပါနဲ့တော့ဗျာ။ ဟိုတစ်နေ့က မီဒီယာတစ်ခုကလာပြီး အဲဒါလာ မေးတယ်။ ဒါတော့ မလုပ်ပါနဲ့လို့။

(ဘေးမှဝင်ပြော - သူတို့က ဒီအချိန်စောင့်နေတာ။ အဲဒါမေးချင်လို့။ ဆယ်နှစ်ပတ်လည်ဆိုပြီးတော့)

ဗိုလ်ချုပ်ကြီးပြောခဲ့တဲ့စကားအခံရှိတယ်။ ကယ်ခဲ့ဖူးတယ်ဆိုတဲ့ စကားအခံက ရှိတော့လေ။

ကျွန်တော် ဘယ်သူ့ကိုပြောဖူးလို့လဲ။ မပြောဖူးဘူးဗျ။

(ဘေးမှဝင်ပြော - တစ်ခါသတင်းပါလာဖူးတယ်)

မြင့်ရွှေ လုပ်တာလေ။ သူ့ကို ကျွန်တော်မပြောဘူးဗျ။ ကျွန်တော်မပြောဘဲနဲ့ သူက လုပ်ထည့်လိုက်တာ။ ကျွန်တော့် တပည့် အမေရိကားရောက်နေတဲ့ အောင်လင်းထွဋ်နဲ့ မြင့်ရွှေနဲ့တွေ့ပြီးတော့မှ၊ ချိတ်မိပြီးတော့မှ အောင်လင်းထွဋ် ပြောတာတွေကို မြင့်ရွှေက ရထားတယ်။ အဲဒါ အောင်လင်းထွဋ်က ပြောသွားတာ။ ကျွန်တော် ပြောတာ မဟုတ်ဘူး။ အဲဒါကို မြင့်ရွှေက ရေးပြီးတော့ ကျွန်တော်ပြောတယ်ဆိုပြီး မြင့်ရွှေက လုပ်ထည့်လိုက်တာ၊ ရေးချလိုက်တာ။ ကျွန်တော်က အဲဒီတုန်းက ဘုန်းကြီးဝတ်နေတာ။ ကျွန်တော့်ဆီ အက်စ်ဘီကရောက်လာပြီး အဲဒီလိုပါတယ်တဲ့။ ဟာ ... ငါ မပြောပါဘူးလို့။ အဲဒီတုန်းကပြောလည်း မပြောဖူးဘူးဗျ။ မပြောဘဲနဲ့ သူက ထည့်ရတာလဲဆိုတော့ ကျွန်တော့်တပည့် ဝင်းမောင်မောင်က ခေါ်လာတာ။ ဟေ့...ဝင်းမောင်မောင်၊ မင်းကောင်ဘယ်လိုလဲကွလို့။ ငါဘုန်းကြီးဝတ်ကြီးနဲ့အကုသိုလ်မဖြစ်ချင်ဘူးကွာလို့။ မင်းတို့ရှင်းလို့။ ငါ့လာပြီး ရှုပ်ရှုပ်ယှက်ယှက်လာမလုပ်နဲ့လို့။ ငါ ဘုန်းကြီးဝတ်နေတာလို့။ ကုသိုလ်ရေးလုပ်နေတာ စိတ်အနှောင့်အယှက် မဖြစ်ချင်ဘူးကွာလို့ သွား။ သူတို့ သတင်းစာရှင်းလင်းပွဲလုပ်ကြတယ်တဲ့။ ကျွန်တော်ပြောတာမှ မဟုတ်ဘဲ။ ကျွန်တော် မပြောပါဘူး။

အဲဒါ ဗိုလ်ချုပ်ကြီးတို့ကြိုသိလား၊ ဒီပဲယင်း အဲဒီလိုဖြစ်မယ်ဆိုတာကို လှမ်းက ကြိုသိသလား။

မသိဘူးဗျ။

ရွှေဘိုကိုကျွန်တော့်တပည့်တွေသွားကြတယ်။ ရွှေဘိုမှာပွဲရုံကလူတစ်ယောက်ကသူ့ကလေးကိုကျောင်းသွားအပ်တော့ ထောက်ခံစာသွားယူရင်း လိုက်ခဲ့ဆိုတာနဲ့ အဆင့်ဆင့်လိုက်သွားလိုက်တာ ရေဦးရောက်သွားတယ်။ ထောက်ခံစာ လိုက်ယူရင်းနဲ့ ပါသွားတာ။ ဟိုကျတော့ ထမင်းထုပ်တွေပေးပြီး တုတ်တွေဝေတယ်။ အဲဒီတုန်းက ပြည်ခိုင်ဖြိုးပေါ့ဗျာ။ အဲဒီလူက အခုအထိ ရွှေဘိုမှာ ရှိတယ်တဲ့။ ဟိုကျတော့ ရိုက်ခိုင်းတော့ မရိုက်ရဲဘူးတဲ့။ ကိုယ်တောင် မနည်းလွတ်အောင် ပြေးရတယ်တဲ့။ အဲဒီတုန်းကပြည်ခိုင်ဖြိုးလုပ်တယ်လို့ပြောတာ၊ လှမ်းကမပါဘူးလို့ပြောကြတယ်။ အဲဒါကိုဗိုလ်ချုပ်ကြီးတို့ကြိုသိခဲ့သလားလို့။ လှမ်း network မသိဘဲ လုပ်တယ်ဆိုတော့ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားတာပေါ့။

တချို့တိုင်းပြည်တွေလည်း လုပ်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(ဘေးမှဝင်ပြော - သူတို့က ဒါနဲ့ပတ်သက်လို့ သက်သက်ရှိတာကိုး)

Network တစ်ခု သက်သက်ရှိတာကိုး။

အဲဒီအချိန်လေးမှာ လုမ်းအပြင် သက်သက်လုပ်ပေးတဲ့အဖွဲ့တွေ ရှိမှာပေါ့နော်။

ရှိမှာပေါ့။

နာမည်တော့ ထုတ်ပြောလို့ မကောင်းဘူးပေါ့။

ထုတ်ပြောလို့ မကောင်းလို့။ ရှိပါတယ်။ ကျွန်တော်လည်း သိပါတယ်။ နစ်ဖွဲ့လောက် ရှိပါတယ်။

ဗိုလ်ချုပ်ကြီး ဘဝဖြစ်စဉ်ကို စာအုပ်လေးရေးစေချင်တယ်။

ကျွန်တော်က အခုအချိန် ရေးလို့မကောင်းသေးဘူး။

(ဘေးမှဝင်ပြော - ရေးထားမှ။ တစ်နှစ်ထက်တစ်နှစ် memory က မေ့လာပြီ)

ရေးမထားဖြစ်လည်း ပြောထားပါလား။ ပြောထားပြီး ရေးဖြစ်တာပေါ့။

အေးပေါ့လေ။ တစ်ချိန်ချိန်တော့ ရေးရမှာပေါ့။

ဗိုလ်ချုပ်ကြီး life က အရမ်း စိတ်ဝင်စားစရာကောင်းတယ်။ အဲဒါကြောင့် အခုအချိန်မှာ ဖြည်းဖြည်းချင်း ပြုစုထားမှ။

အခု ကျွန်တော် ဝမ်းသာတယ်ဗျ။ အခု ဒီမှာထိုင်နေရင်းကို ကျွန်တော်တော့ မသိပါဘူး။ သူတို့က သိနေတာကိုးဗျ။ လာလာပြီး ထိုင်ကန်တော့သွားကြတဲ့သူတွေ ရှိတယ်။ ကျွန်တော်ကတော့ မသိဘူးဗျ။ တာဝန်ထမ်းဆောင်နေတဲ့ အချိန်တုန်းကတော့ သူတို့ကို ကျေးဇူးပြုလိုက်တာတွေ။ ကျွန်တော်ကတော့ ကျေးဇူးပြုတယ်ရယ်လို့ သဘောမရဘူးလေ။ သူတို့ကတော့ ကျေးဇူးပြုလိုက်တယ်။ ဘယ်လို သူတို့မှာရလိုက်တယ်ဆိုပြီးတော့ လာလာပြောကြတယ်။ ဘယ်တုံးက ကျွန်တော် ဘယ်လို လုပ်ပေးလိုက်တာ၊ အဲဒီမှာ ကျွန်တော်/ကျွန်မ ဘယ်လိုဖြစ်သွားတယ်ဆိုပြီး ကန်တော့ပါရစေဆိုပြီး ကန်တော့သွားကြတယ်။ အများကြီးပေါ့။ ကျွန်တော်ကတော့ လူသားအချင်းချင်း ကိုယ့်အတိုင်းအတာထဲမှာ ကူညီနိုင်တာ ကူညီပေးလိုက်တာပဲ။ ကိုယ့်အတိုင်းအတာအတွင်းမှာ မလုပ်နိုင်တာတော့ မလုပ်ပေးဘူးပေါ့။ တချို့နိုင်ငံရေးကိစ္စတွေမှာ ကျွန်တော်တစ်ယောက်တည်း လုပ်လို့မရတာတွေ အများကြီးပဲလေ။ ကျွန်တော်က အဲဒီအချိန်တုန်းက နံပါတ်သရီးဗျ။ နံပါတ်သရီးက ဘယ်လုပ်လို့ရမလဲ။ မဟုတ်ဘူးလား။ ဝမ်းနဲ့တူး ရှိတယ်။ သူတို့အသိပေးမှ လုပ်ရတာတွေ။ ကျွန်တော့်ကို လုပ်ပိုင်ခွင့်ပေးထားတာကျတော့ တာဝန်ယူပြီး ရဲရဲတင်းတင်းလုပ်တာပေါ့ဗျာ။ အဲဒါကြောင့်လည်း တချို့ဟာတွေက မြန်တာပေါ့ဗျာ။ တချို့ဟာတွေဆိုရင် ကျွန်တော် တာဝန်ယူပြီးလုပ်ရတယ်။ ခွန်ဆာကြီးကိစ္စဆိုရင် ကျွန်တော်တာဝန်ယူပြီးလုပ်ခဲ့တယ်။ တာဝန်ယူပြီး ကျွန်တော် သွားတင်ပြတယ်။ တင်ပြတော့ လုပ်ပါလို့၊ ဒါတော့ ဟိုသင်းဖြစ်တယ်လို့ မပြောဘူး။ လုပ်ပါလို့လည်းမပြောဘူး၊ မလုပ်ပါနဲ့လို့လည်း မပြောဘူး။

(ဘေးမှဝင်ပြော - ကွမ်းလေး မြုံ့နေတယ်)

ဗိုလ်ချုပ်ကြီးလက်ထက်မှာ (၁၇) ဖွဲ့ငြိမ်းချမ်းရေးလုပ်နိုင်ခဲ့တယ်လေ။

အဲဒါ confidence ဗျ။ ကျွန်တော် တစ်ခါပြောဖူးတယ်။ တစ်ခါ ကျွန်တော် စွန့်ပြီးဝင်သွားတယ်။ ချင်းရွှေဟော်မှာ။ ကွမ်လုံကနေ သွားတာပေါ့။ စံပြရွာက ကျွန်တော်တို့ outpost အဆုံးစွန်ပဲ။ စံပြရွာကျော်တာနဲ့ သူတို့အကုန်ဗကပအဖွဲ့တွေပေါ့။ အဲဒီတုန်းက တိုင်းမှူးက မောင်သင့်လေ။

(ဘေးမှဝင်ပြော - ကိုစောလွင်တို့ပါ ပါတယ်လေ)

အင်း . . . ကိုစောလွင်တို့ ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က တပ်ခွဲတစ်ခွဲပေါ့ဗျာ။ အမှန်တော့ တပ်ခွဲတစ်ခွဲဆိုတာ သူတို့နယ်မြေထဲဝင်တာ မလုံလောက်ပါဘူး။ တပ်ခွဲတစ်ခွဲနဲ့ ကျွန်တော်သွားတော့ စံပြရွာရောက်တော့ ကိုသင့် . . . တပ်စုတစ်ခုပဲယူ



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်။ တစ်စုနစ်စုထားခဲ့မယ်တို့။ ဟာ... ဖြစ်ပါမလား ဗိုလ်ချုပ်ကြီးတဲ့။ ကျွန်တော်ကဗိုလ်ချုပ်ကြီးရဲ့လုံခြုံရေးကိုတာဝန်ယူရတာတဲ့။ ကျွန်တော်က တိုင်းမှူးဆိုတော့ ဗိုလ်ချုပ်ကြီးလုံခြုံရေးကို တာဝန်ယူရတာတဲ့။ ကိုသင့် ဟိုမှာထောင်ချီနေတာဗျလို့။ ကျုပ်တို့က တပ်ခွဲတစ်ခွဲနဲ့ ဘယ်လိုလုပ်တိုက်ပွဲဆင်နွှဲမှာလဲလို့။ ဖြစ်ပြီဟေ့ဆိုရင် အားလုံးသေမှာပဲလို့။ ကျုပ်လည်း သေမယ်၊ ခင်ဗျားလည်း သေမှာပဲလို့။ အဲဒီတော့ ခင်ဗျားကို ခုံရုံးလည်း လာစစ်စရာအကြောင်းလည်း မရှိတော့ဘူးလို့။ ခင်ဗျား သေနေပြီလေလို့။ ဟုတ်သားပဲတဲ့။ အဲဒီကျမှ သူလည်း သဘောပေါက်သွားတယ်။ တကယ်လည်း အဲဒီစံပြရွာကထွက်တော့ ဟိုမှာဘယ်ဘက်မှာ တောင်ကုန်းပေါ်မှာ ထောင်ချီပြီး ရှိနေတာ တန်းစီနေတာပဲ။ လူက စိပ်နေတာ တစ်ခါတည်း တန်းစီနေတာ။ လက်နက်ကြီးကော၊ ဘာတွေကော။ အဲဒီဘက်ကတောင်တွေမှာ သစ်ပင်တွေက ကျိုးတိုးကျဲတဲဗျ။ အကုန်မြင်နေရတယ်။ ညာဘက်ကချောင်း။ ဘာမှအကာအကွယ်မရှိဘူးလေ။ တစ်ခုခုဖြစ်ပြီဟေ့ဆိုရင်အားလုံးသေမှာပဲ။ ဒါပေမဲ့...ချင်းရွှေဟော်ရွာထိပ်လည်း ရောက်ရော ဘေလီတံတားရှိတာကို ဖျက်ထားတယ်။ ဘေလီတံတားနေရာမှာ သစ်လုံးကြီးတစ်လုံးချထားတယ်။ သစ်ပင်ကြီးကို လှဲချထားတာပေါ့။ အဲဒီပေါ်ကနေ ဖြတ်လျှောက်ရတယ်။ အဲဒီကလျှောက်အပြီး ကိုက် (၃၀၀) လောက် နေတော့မှ သူတို့နေတဲ့နေရာကို ရောက်တယ်။ အဲဒီနေရာရောက်တော့ ဝန်ကြီးတွေလည်း ကျွန်တော်နဲ့ပါလာတယ်။ ကိုသိန်းဝင်းတို့၊ ကိုသန်းညွန့်၊ ကိုစောလွင်၊ ကိုမျိုးသန့် ပါလာတယ်။ ကဲ ကိုသင့်၊ တပ်စိတ်နှစ်စိတ် ဒီမှာထားခဲ့။ ကျွန်တော်တို့တစ်စိတ်နဲ့ပဲသွားမယ်လို့။ အဲဒီတော့ ကိုသင့်က ဘာမှမပြောတော့ဘူးလေ။ သူလည်း သဘောပေါက်သွားပြီ။ တပ်စိတ်တစ်စိတ်တည်းနဲ့သွားတော့ ကိုက် (၃၀၀) လောက်ရောက်တော့ တဲသုံးတဲ တွေ့တယ်။ အဲဒီတဲသုံးတဲမှာ ကျွန်တော်တို့အတွက် တဲနှစ်တဲ။ အစောင့်အရှောက်တွေနဲ့ သူတို့အဖွဲ့က တဲတစ်တဲထဲမှာ နေနေတယ်။ ကျွန်တော်တို့က တပ်စိတ်တစ်စိတ်တည်း ပါတယ်။ ကျွန်တော်တို့လည်း ဝင်လည်းဝင်လာရော ဗိုလ်ချုပ်ကြီးက တပ်လည်းမပါပါလားတဲ့။ ကျွန်တော်က ခင်ဗျားတို့ရှိသားပဲဗျ။ ကျွန်တော်က တပ်ယူစရာ လိုသေးလားဗျလို့။ ခင်ဗျားတို့လုံခြုံရေး ရှိနေတာပဲလို့။ ကျွန်တော့်လုံခြုံရေးကို ခင်ဗျားတို့ ယူလိမ့်မယ် မဟုတ်လားလို့။ ဘယ်တပ်လိုတော့မှာလဲဗျလို့ ကျွန်တော် ပြောလိုက်တော့ heart ထိသွားတယ်။ အဲဒီမှာ အဲဒီတစ်ချက်တည်းပဲ။ အဲဒီစကားတစ်ခွန်းပဲ ကျွန်တော်ပြောတယ်။ ခင်ဗျားတို့လုံခြုံရေးယူထားမှတော့ ကျွန်တော့်တပ်ယူဖို့လိုသေးသလားဗျလို့။ အဲဒီအချိန်မှာ ကျွန်တော့်ဘေးမှာက သူတို့ရဲ့ဦးစီးချုပ်ဗျ။ ရန်မိုးလျံဆိုတာ စစ်ဦးစီးချုပ်။ သူက ကျွန်တော့်ကို တာဝန်ယူထားတာ။ ကျွန်တော်သာ နည်းနည်းဖောက်လိုက်ရင် ကျွန်တော့်ကို သူ အရင်ရှင်းလိမ့်မယ်။ သူက ပစ္စတိုနစ်လက်နဲ့ဗျ။ ခါးမှာထိုးထားတယ်။ ကျွန်တော့်ကို အရင်ရှင်းမှာ။ တစ်ခုခု မရိုးမသားဖြစ်ရင် ကျွန်တော့်ကို သူ အရင်ရှင်းလိမ့်မယ်။ အဲဒီသူတို့က plan လုပ်ထားတာဗျ။ အဲဒါကို နောက်မှ ကျွန်တော်က သိတာဗျ။ နောက်မှ သူတို့ထမင်းကျွေးလို့ ကျွန်တော် သွားစားတဲ့အခါကျတော့ အဲဒီအချိန်မှာတော့ အခေါက်ခေါက်အခါခါသွားနေတော့ ကျွန်တော်တို့က ရင်းနှီးနေပြီ။ သူ့အိမ်မှာ ထမင်းတွေစားကြတယ်။ သူ့မိန်းမတွေ၊ ကလေးတွေနဲ့လည်း ရင်းနှီးနေပြီ။ အဲဒီအခါကျမှ အဘ . . . ကျွန်တော်တို့ဆီ ပထမတစ်ခေါက်လာတုန်းက ကျွန်တော်က အဘကိုသတ်ဖို့ တာဝန်ယူထားတာတဲ့။ အခုတော့ ဖွေမယူပါနဲ့နော်တဲ့၊ ကျွန်တော် တောင်းပန်ပါတယ်တဲ့။ အဘက အဲဒီလိုပြောလိုက်တဲ့အခါကျတော့ ကျွန်တော်လည်းစိတ်ပြောင်းသွားတယ်တဲ့။ ဒီလူကတော့ တကယ့်ငြိမ်းချမ်းရေးယူဖို့လာတဲ့သူပဲ။ ငါတို့ တာဝန်ယူရမှာပေါ့။ ဒီလူပြောတာမှန်မယ်။ ဒီလူပြောတာတို့ ယုံကြည်မယ်ဆိုပြီးတော့ အဲဒီမှာစိတ်ပြောင်းသွားတာ။ အဲဒီမှာ ထိုင်လည်းထိုင်တော့ ကျွန်တော်ကနေ ရှင်းပြလိုက်တယ်။ ဘာလုပ်မယ်၊ ဘာလုပ်မယ်ပေါ့။ ကဲ . . . ခင်ဗျားတို့ဘာတွေရှိသလဲ။ ဘာမှတော့မရှိဘူး။ ဗိုလ်ချုပ်ကြီးလုပ်ပေးမယ့်အတိုင်း ကျွန်တော်တို့ သဘောတူတယ်ဆိုပြီးတော့ ပြီးသွားရော၊ ပြတ်သွားရော။ အဲဒါဗျ။ အဲဒါလည်းပြီးလည်းပြီးရော "ဝ"တို့ ဘာတို့ ကျန်တာတွေအကုန်လုံးက ပြီးသွားရောဗျ။ ဒါ...ကိုးကန့်နဲ့စတာလေ။



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ ဘာကြောင့် ခဲယဉ်းနေလဲ။

မသိဘူး။ ကျွန်တော့်တုန်းက confidence ပေါ့ဗျာ။ တစ်ခုရှိတာက တစ်ယောက်နဲ့တစ်ယောက် သံသယကင်းရမယ်လေ။ အဲဒီတုန်းက ကျွန်တော်တို့ကို တကယ်အစပျိုးပေးတဲ့သူက ဦးလော်စစ်ဟန်ဗျ။ သူက ကိုးကန့်သားလေဗျ။ သူကနေပြီးတော့ ကျွန်တော်နဲ့ ဆက်သွယ်လိုက်တာ။ ဗိုလ်ချုပ်ကြီးနဲ့ တွေ့ချင်တယ်။ တွေ့မှဖြစ်မယ်။ သိပ်အရေးကြီးပါတယ်။ တိုင်းပြည်အတွက်ပါ။ ဦးလော်စစ်ဟန်ရယ်၊ ဦးလော်စစ်မင်းရယ်၊ သူတို့နေရေးထိုင်ရေးကိစ္စ ကျွန်တော် စောင့်ရှောက်ပေးရတာ ရှိတယ်။ သူပြောတော့ သူကကိုးကန့်သားဆိုတော့ တစ်ခုခုတော့ ထူးထူးခြားခြားရှိလိမ့်မယ်ဆိုပြီးတော့ ကျွန်တော်ကတွေ့တယ်။

ပထမ ကျွန်တော်မတွေ့ခင်မှာ ကျွန်တော့်တပည့်တွေကို လွှတ်လိုက်တယ်။ တပည့်တွေနဲ့အရင် ဟိုဘက်ကို လွှတ်တာဗျ။ ရွှေလီမှာတွေ့တာ။ နောက် . . . ရွှေလီရယ်၊ ပန်ဆိုင်းရယ်။ ပထမတွေ့တာ ကြူကုတ်၊ ပန်ဆိုင်းမှာ။ တပည့်တွေနဲ့ နှစ်ကြိမ်တွေ့ပြီးတော့မှ နောက်မှတပည့်တွေရဲ့တင်ပြချက်အပေါ် မူတည်ပြီးတော့ သူတို့ရဲ့ပြောတဲ့သူတွေက ယုံကြည်ရတဲ့သဘောရှိပါတယ်။ ကျွန်တော်က တပည့်တွေကို လွှတ်လိုက်ကတည်းက သူတို့ပြောဟန်ဆိုဟန်ကို သေသေချာချာကြည့်၊ သူတို့အရိပ်အကဲကိုကြည့်၊ သူတို့ပုံသဏ္ဌာန်ကိုကြည့်၊ မင်းတို့ သူတို့ရဲ့မျက်နှာအနေအထားကို မူတည်ပြီးတော့မှ အတွင်းစိတ်ကိုမှန်းလို့ရတယ်။ သူတို့အတွင်းစိတ်ကို မှန်းလာခဲ့ဆိုပြီး ကျွန်တော် ဒီလိုခိုင်းလိုက်တယ်။ သူတို့က တကယ့်ကို ငြိမ်းချမ်းရေးလိုချင်တဲ့ သဘောဆောင်ပါတယ်။ အတွင်းစိတ်ကလည်း တကယ်ငြိမ်းချမ်းရေးလိုချင်တယ်ဆိုတဲ့ စိတ်ထားမျိုးတွေ ပေါ်လွင်ပါတယ်ပေါ့ဗျာ။ အေး . . . အဲဒါဆိုရင်တော့ မှန်တယ်နော် . . . မင်းတို့။ ဟုတ်ပါတယ် မှန်ပါတယ်။ အဲဒါဆိုရင် ငါ တွေ့မယ်ကွာဆိုပြီးတော့ပေါ့။

အခု "ဝ" က ပြည်နယ်တောင်းဖို့ ကြိုးစားနေတယ်။

ကြားတယ်။ အဲဒါဆိုရင်တော့ တော်တော်မလွယ်ဘူးဗျ။ တော်တော် ခက်မယ်နော်။ တော်တော် လုပ်ရကိုင်ရခက်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခင်တုန်းက ဗကပထဲမှာ အများစုက "ဝ"။ အသေခံတာလည်း "ဝ"တွေပဲ။ ခေါင်းဆောင်သာ ကိုးကန့်ဗျ။ ဒါပေမဲ့ . . . ရဲဘော်တွေကော၊ တပ်သားတွေကောက "ဝ"တွေ။

ကျွန်တော်တို့က အဲဒီဘက်ကို နှစ်ခေါက်ရောက်ဖူးတယ်။ သူတို့က တော်တော် strong ဖြစ်တယ်။

သူတို့ပြောတာက တဲ့တိုးဗျ။ သွယ်ဝိုက်ပြီးတော့ မပြောဘူး။ တဲ့တိုးပြောတယ်ဆိုကတည်းက ရိုးသားမှုပေါ့ဗျာ။ ရိုးသားမှု၊ ပွင့်လင်းမှု ရှိတယ်။ ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး။ ဒီလို ဟိတ်နဲ့ ဟန်နဲ့ နည်းပရိယာယ်တွေ ဘာမှမရှိဘူး။ တဲ့တိုးပြောတာ။ ကျွန်တော်နဲ့ပထမဆုံးတွေ့တဲ့ "ဝ"ခေါင်းဆောင်က ကျောက်ညီလိုင်။ သူတို့နဲ့ ဟိုပန်မှာသွားတွေ့တာပေါ့။ သူကတော့ စတိုင်နဲ့လာတာပေါ့။ ကုတ်အင်္ကျီနဲ့၊ နက်ကတိုင်နဲ့။ နက်ကတိုင်အောက်က စပို့ရှပ်ဝတ်ထားတယ်။ စပို့ရှပ်ပေါ်မှာ နက်ကတိုင် ဆွဲတယ်။ နောက်ပြီး ကုတ်အင်္ကျီနဲ့။ ကျောက်ညီလိုင်က ငါးသုံးလုံးစီးကရက် သောက်တယ်။ သူ့တပည့်က နောက်ကနေ လိုက်တယ်။ ငါးသုံးလုံး တစ်ဝက်ကျိုးသွားပြီဆိုရင် ဆေးလိပ်ပြာခွက်ထဲကို ချေပစ်လိုက်တယ်။ ချေပြီးရင် တံတွေးကလည်းအဲဒီပြာခွက်ထဲကို ထွေးထည့်လိုက်တယ်။ ဗျစ်ခနဲဆို ထွေးထည့်လိုက်တယ်။ သူတို့စီးကရက်တစ်လိပ်ရှူလိုက်ပြီးတာနဲ့ နောက်ကတပည့်က စီးကရက်တစ်လိပ်ညှိပြီးတော့ နောက်ကနေကမ်းပေးလိုက်တယ်။ နောက်တော့ သူတို့အထာသိတဲ့ အခါကျတော့လည်း လွယ်တာပေါ့ဗျာ။ ကိုးကန့်နဲ့တွေ့ပြီးသွားတော့ သူတို့လည်း သိပ်မခက်ခဲတော့ဘူး။ သူတို့ချင်းက အဆက်အသွယ်ရှိတာကိုး။ ကျွန်တော့်အကြောင်းလည်း မတွေ့သေးပေမဲ့ သိသွားပြီလေ။ သိသွားပြီဆိုတော့ ကျွန်တော် စကားပြောလိုက်တဲ့ အခါမှာ ဆင်ခြေဆင်လက်ဘာမှမရှိဘူး။ သဘောတူပါတယ်ဆိုပြီး ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ဆာကျတော့ လုပ်ရတာ ဘယ်လောက်ခက်လဲ။

ခွန်ဆာကျတော့ ဒီလိုဗျ။ ခွန်ဆာကြီးက ကျွန်တော့်ဆီ စာရေးတယ်။ ပထမစာရေးတယ်။ စာကိုသူ့တပည့်တွေက ဟိုမိန်းကနေ တာချီလိတ်ကိုပို့တယ်။ တာချီလိတ်က ကျွန်တော့်တပ်မှူးကနေ ကျွန်တော့်ဆီ လာတယ်။ ဟုတ်ပုံ့မလားကွာလို့။ အဲဒီအချိန်မှာ ကျိုင်းတုံမှာ ဦးပေါက်ယုချမ်းနဲ့ ကျွန်တော် ချိန်းပြီးတွေ့လိုက်တယ်။ ခွန်ဆာကတော့ အခုလိုစာရေးတယ်လို့ ဦးပေါက်ယုချမ်းကို ပြောတယ်။ ဥပဒေဘောင်ထဲ ဝင်ချင်တယ်လို့ စာရေးတယ်လို့။ ဦးပေါက်ယုချမ်း ဘယ်လိုသဘောရသလဲလို့။ ဗိုလ်ချုပ်ကြီး မယုံနဲ့နော်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့တိုက်နေတာကိုး။ ဦးခွန်ဆာက သိပ်လည်တာတဲ့။ ကျွန်တော့်ကို အဲဒီလိုပြောတယ်။ ဒါနဲ့ ကျွန်တော်က သူပြောတာကို မှတ်ထားလိုက်တာပေါ့ဗျာ။ ပြီးတော့ ကျွန်တော်ပြန်လာတော့ တာချီလိတ်က တပ်မှူးကို မင်း . . . ဟိုမိန်းကိုသွားရဲလားလို့ဆိုတော့ ရပါတယ်။ ဗိုလ်ချုပ်ကြီးလွှတ်ရင် ကျွန်တော် သွားပါ့မယ်ဆိုပြီး တာချီလိတ်တပ်မှူးကို ဟိုမိန်းနဲ့ချိတ်ပြီး သွားဆိုပြီး လွှတ်လိုက်တယ်။ လွှတ်လိုက်တော့ သူတို့ ကောင်းကောင်းမွန်မွန်ပဲ ဧည့်ခံတယ်။ ပြုစုတယ်။ ပြီးတော့မှ ခွန်ဆာကြီးဆီက ပြောလိုက်တဲ့ အသံတိပ်ခွေကို ပေးလိုက်တယ်။ သူကိုယ်တိုင် ပြောလိုက်တာ။ ကျွန်တော့်တပည့်က အဲဒီတိပ်ခွေကို ယူလာပြီးပြတော့ ကျွန်တော် ဖွင့်ကြည့်တယ်။ သူက ဥပဒေဘောင်ထဲဝင်ချင်တာ သမိုင်းမှာတဲ့။ မကောင်းတဲ့အမည်းစက်ကြီးနဲ့ သူ သေမသွားချင်ဘူးတဲ့။ အသက်လည်းကြီးပြီ။ သူက ဘိန်းဘုရင်၊ ဘိန်းဘုရင်ဆိုတဲ့ အမည်းစက်ကြီးနဲ့၊ မကောင်းတဲ့သမိုင်းကြောင်းကြီးနဲ့ မသေချင်ဘူးတဲ့။ သန့်သန့်ရှင်းရှင်းနဲ့ပဲ သေချင်ပါတယ်တဲ့။ ဒါကြောင့် ကျွန်တော် ဥပဒေဘောင်ထဲ ဝင်ချင်တယ်တဲ့။ ဗိုလ်ချုပ်ကြီး ကူညီပါတဲ့။ ဗိုလ်ချုပ်ကြီး စောင့်ရှောက်ပေးပါတဲ့ဆိုတော့ ကျွန်တော်က အဲဒီမှာစဉ်းစားတယ်။

ပထမတစ်ကြိမ် သူ ရေးတယ်။ ကိုယ့်တပည့်ကို လွှတ်လိုက်တယ်။ ဟိုကျတော့ သူ ကောင်းကောင်းမွန်မွန် ဧည့်ခံတယ်၊ ပြုစုတယ်။ ပြီးတော့ နှုတ်နဲ့ ဒီတိပ်ခွေကို သွင်းပေးလိုက်တယ်။ သူ့စိတ်ထားကတော့ မဆိုးဘူးထင်တယ်လို့။ အဲဒီမှာ ကျွန်တော်က နည်းနည်းလေး သူ့သဘောထားကိုမှန်းလို့ရတယ်။ ဒါနဲ့ကျွန်တော်က စန်းပွင့်ကို ကိုစန်းပွင့်…မင်းဟိုမိန်းကို သွားရဲလားလို့။ ဗိုလ်ချုပ်ကြီးလွှတ်ရင် ကျွန်တော် သွားမှာပေါ့တဲ့။ ခွန်ဆာကြီးဆီ ငါပို့လိုက်တယ်။ မင်း . . . တာချီလိတ်တပ်မှူးကနေတစ်ဆင့် ဆက်သွယ်လိုက်လို့။ အဲဒီအချိန်မှာ ခွန်ဆာကြီးကသူ့ဦးလေးကို လွှတ်လိုက်တယ်။ အဲဒီလိုပဲတိပ်နဲ့သွင်းပြီး ကျွန်တော့်ဆီကို ပို့တယ်။ သူ့ဦးလေးပါ ရောက်လာတယ်။ သူ့ဦးလေးပါ ရန်ကုန်ရောက်လာတော့ ဒါဆိုရင် ဒီလူဟာ တော်တော် သူ့စိတ်ဓာတ်တွေတော့ ဥပဒေဘောင်ထဲဝင်ဖို့ တော်တော်အားသန်နေပြီထင်တယ်လို့၊ အားသန်တဲ့ အရိပ်အယောင်တော့ မြင်ရတယ်။ ဒါနဲ့ စန်းပွင့်ကိုလည်း ပြောလိုက်တယ်။ ကဲ . . . စန်းပွင့်၊ မင်း သူ့ဦးလေးနဲ့ လိုက်သွားဆိုတော့ သူ့ဦးလေးနဲ့ တာချီလိတ်ကနေတစ်ဆင့် ဟိုမိန်းကို လိုက်သွားတယ်။ စန်းပွင့်ကို တိပ်သွင်းပြီး ပေးလိုက်တယ်။

ကျွန်တော့်သဘောဆန္ဒအတိုင်းပါတဲ့။ ကျွန်တော် စီမံသလိုလုပ်ပါ့မယ်တဲ့။ ကျွန်တော့်အစီအမံအတိုင်း လိုက်နာပါ့မယ်တဲ့။ ဒါနဲ့ စန်းပွင့်ပြန်လာတော့မှ သေချာပြီ၊ ယုံကြည်လောက်ပြီဆိုပြီး ကျွန်တော်က လူကြီးတွေကို တင်ပြလိုက်တယ်။ တင်ပြတော့ တကယ်ဟုတ်ရဲ့လားဗျာ၊ မောင်ခင်ညွန့်တဲ့။ တကယ်စိတ်ချရဲ့လားဗျာတဲ့။ ဟုတ်ပါတယ်လို့။ ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးသားပါလို့။ တကယ်ဖြစ်လိမ့်မယ်လို့၊ တကယ်အောင်မြင်လိမ့်မယ်လို့ကျွန်တော်ယုံကြည်ပါတယ်လို့။ အဲဒီတော့ ကိုအေး ဘယ်လိုသဘောရသလဲတဲ့။ ကျွန်တော်တို့ စမ်းကြည့်တာပေါ့တဲ့၊ လုပ်ကြည့်တာပေါ့တဲ့။ ဒါနဲ့ ကျွန်တော် plan လုပ်တယ်။ ကျွန်တော် ဆက်သွယ်ဦးမယ်ဆိုပြီး စန်းပွင့်ကိုပဲ နောက်တစ် ခေါက်လွှတ်လိုက်တယ်။ ဘယ်လိုလုပ်ချင်သလဲ။ အဲဒီတစ်ခါမှာတော့ ပြတ်ပြတ်သားသား စာလည်းရေးလိုက်တယ်။ ကျွန်တော် လက်နက်နဲ့လာပြီး စွန့်မယ်တဲ့။ အတော်ပြတ်သားတယ်။ ဗိုလ်ချုပ်ကြီး အစီအမံအတိုင်းကျွန်တော် လုပ်မယ်။ အစီအမံအတိုင်းနေမယ်။ ကျွန်တော့်တပည့်တွေကိုဗိုလ်ချုပ်ကြီးကပြန်ပြီး စောင့်ရှောက်ပေးပါ။ အဲဒီအဖြေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖြေရတော့ ကျွန်တော်က စန်းပွင့်ကို မှာလိုက်တယ်။ ဘယ်လိုလုပ်ချင်သလဲ။ လုပ်မယ့်ဟာလေးတွေကို ညှိလိုက်စမ်း။ ညှိလာခဲ့။ သူလုပ်ချင်တဲ့ဆန္ဒတွေကိုဆိုတဲ့ အခါကျတော့ ပြန်လာတော့ တပ်ကိုခေါ်မလာရဘူးတဲ့။ ဗိုလ်ချုပ်ကြီးထောက်လှမ်းရေးနဲ့ပဲ ဒီကိစ္စလုပ်မယ်တဲ့။ ထောက်လှမ်းရေးအဖွဲ့နဲ့ အားလုံးစီမံပြီးတော့မှ တပ်ကဝင်တာ ကောင်းပါတယ်တဲ့။ နို့မို့ရင် တပ်ဝင်လာရင် ကျွန်တော့်တပည့်တွေက တစ်မျိုးတစ်မည်ထင်ကုန်မယ်တဲ့ဆိုတာနဲ့ ကျွန်တော့်ထောက်လှမ်းရေးအဖွဲ့ကို အဖွဲ့တွေခွဲရတယ်။ သူက တစ်နေရာတည်းမှ မဟုတ်ဘဲကိုး။ ဟိုမိန်းမှာတစ်ဖွဲ့၊ နေရာသုံးနေရာကို သုံးဖွဲ့ခွဲရတယ်။ မြောက်ဘက်မှာလည်း တစ်ဖွဲ့ရှိတယ်။ အားလုံးလေးဖွဲ့ ကျွန်တော် လွှတ်လိုက်တယ်။ ရက်ကို ကျွန်တော်က ရွေးလိုက်တယ်။ အဲဒီအချိန်မှာ ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ကျွန်တော်နဲ့က မိုင်းဆတ်ကိုထွက်သွားတယ်။ တပ်မကတော့ တပ်မ (၅၅)။ တပ်မ (၅၅)က အဲဒီစစ်ဆင်ရေးအတွက်ကို တပ်မတစ်ခုလုံးပေါ့လေ . . . တပ်ရင်း (၁၀) ရင်း။ အဲဒီတော့ သူက ကျွန်တော်တို့ရဲ့နောက်မှာ ကျွန်တော်တို့ plan လုပ်လိုက်တာက ထောက်လှမ်းရေးက ရှေ့ကနေဆက်သွယ်ပြီးခေါ်လိုက်ရင် တစ်နာရီခရီး ဖြစ်ရမယ်။ အဲဒီတစ်နာရီခရီးမှာ တပ်တွေက နေရာယူထားပေး။ ဟိုမိန်းဆိုရင် ဟိုမိန်းမရောက်ခင် တစ်နာရီခရီး။ နောက်နေရာတွေကလည်း နောက်ပွိုင့်မရောက်ခင် တစ်နာရီခရီးနဲ့ နောက်ကနေလိုက်တယ်။ ကျွန်တော့်အဖွဲ့တွေက ရှေ့ကနေ အရင်သွားတယ်။ အဲဒီမှာ အဆက်အသွယ်ယူပြီးတော့မှ။ ခွန်ဆာကြီးက ဟိုမိန်းမှာ။ ဟိုမိန်းကို အရင်ဝင်။ ဟိုမိန်းမှာ တစ်ဖွဲ့၊ ခွန်ဆာကြီးနဲ့ ဆွေးနွေးပြီးတော့ ခွန်ဆာက သူ့တပည့်တွေကို တန်းစီခိုင်းပြီး လက်နက်စင်တွေလုပ်ထားတာမှာ မင်းတို့ လက်နက်တွေ၊ ဒီမှာလာတင်ကြဆိုတော့ သူ့တပည့်တွေ လာတင်ကြတယ်။ လက်နက်တွေထားပြီးမှ ခွန်ဆာကြီးက ငါတို့ ဥပဒေဘောင်ထဲဝင်တော့မယ်ဆိုပြီး မိန့်ခွန်းပြောလိုက်တယ်။

သူ့တပည့်တွေကို ကြိုပြောမထားဘူးပေါ့။

ကြိုပြောမထားဘူး။ အဲဒီမှာမှမိန့်ခွန်းပြောတယ်။ အဲဒီအချိန်မှာ သူ့ကိုတော့ တော်တော်လည်းကြောက်တယ်၊ လေးလည်းလေးစားတယ်ဗျ။ နောက်ပိုင်း ကျွန်တော် ရောက်သွားတော့ သူ့နေပုံထိုင်ပုံ၊ သူ့တပည့်တွေနဲ့ထိတွေ့ပြီး ပြောတဲ့ဆိုတဲ့အခါမှာ သူ့ကို ကြောက်လည်းကြောက်တယ်၊ လေးလည်းလေးစားတယ်။ အဲဒီတော့ ဟိုမိန်းမှာ ဘာမှပြဿနာမရှိဘူး။ အကုန်လုံးက ခွန်ဆာကြီးသဘောပဲ။ ကျန်တဲ့နေရာတွေလည်း သိပ်ပြဿနာမရှိဘူး။ အကုန်လုံးပြီးသွားပြီ။ ဒါပေမဲ့ . . . ရွက်ဆစ်ကဝင်ပြီးတော့မှ ပြန်ထွက်သွားတာ။ ဝင်ပြီးမှပြန်ထွက်တာ။ အဲဒီတော့ ကျွန်တော်တို့က လက်နက်တွေ အကုန်နေရာချထားပြီးပြီဆိုတော့တပ်ကိုခေါ်တယ်။ တပ်ကတဖြည်းဖြည်းနဲ့မှနေရာယူလိုက်တယ်။ ဒါအမှန်။ ကျွန်တော့်လူတွေကတော့ရှေ့ကအကုန်ရှင်းပစ်လိုက်တာပေါ့။ အကုန်လုံးရပြီဆိုတဲ့အခါကျတော့ တပ်က ရောက်လာတယ်။ အဲဒီမှာစပြီးတော့ ခွန်ဆာကြီး အခမ်းအနားလုပ်မယ်ဆိုတော့ ကျွန်တော့်ကိုလုံးဝမထည့်တော့ဘူး။ ကိုခင်ညွန့်မသွားပါနဲ့ဗျာတဲ့။ ခင်ဗျားသွားစရာမလိုပါဘူးတဲ့။ တိုင်းမှူးပဲ တာဝန်ပေးလိုက်ပါဆိုတော့ တိုင်းမှူးက ကိုတင်ထွဋ်ပေါ့ဗျာ။ အမှန်တော့ တိုင်းကတပ်တွေလည်း ဘာမှမလုပ်လိုက်ရဘူး။ တပ်မ (၅၅) ကလည်း ဘာမှမလုပ်လိုက်ရဘူး။ ကျွန်တော့်ဆီက နေရာယူပြီး သူတို့နဲ့စကားတွေပြောပြီး လုပ်လိုက်တာ။ အဲဒါအမှန်ပဲ။

ဒါကြောင့် ကွင်းဆက်က ဟနေတယ်။ ဗိုလ်ချုပ်ကြီးက နောက်ပိုင်းပါမလာတော့ဘဲနဲ့။

ဒါပေမဲ့ ခွန်ဆာကြီးကျတော့ ကျွန်တော်ပဲ သူ့ကို စောင့်ရှောက်ထားရတယ်။ ဘယ်သူမှမသိအောင် ပေါ့ဗျာ။ ဘယ်နေရာထားမှန်းမသိအောင် ကျွန်တော်ပဲ အိမ်နှစ်လုံးလုပ်ထားရတယ်။ သူနေဖို့အိမ်၊ သူ့မိန်းမနေဖို့အိမ်။ မိန်းမကလည်းများတယ်ဗျ။ မိန်းမက လေးယောက်လောက် ရှိတာကိုး။ တစ်ယောက်လာပြီး သူနဲ့တစ်ပတ်၊ ဆယ်ရက်လောက်နေပြီး ပြန်သွား။ နောက်တစ်ယောက်လာ။ ဒါပေမဲ့ . . . သူ့တပည့်တွေကလည်း ကောင်းတယ်ဗျ။ တစ်လတစ်ကြိမ်လောက် သူ့တပည့်တစ်ဖွဲ့လာလိုက်။ ပိုက်ဆံပေးသွားတယ်။ ကျွန်တော်က ဘယ်လောက်မှ များများမပေးနိုင်ဘူးလေ။ အဲဒီအချိန်တုန်းက ကျွန်တော် ပေးတာက



www.burmeseclassic.com

www.burmeseclassic.com



တစ်လကိုမှ သုံးသိန်းလောက်ပေးတာ။ ဟိုကလာရင် ဆယ်သိန်းလောက်ပေးသွားတယ်၊ ဆယ့်ငါးသိန်းလောက်ပေး သွားတယ်။

သူ့ကို အဲဒီတုန်းက အမေရိကန်က မတောင်းဘူးလား။

တောင်းတာပေါ့။ သူ့ကို ထုတ်လည်းထုတ်ထားတယ်လေဗျာ။

(ဘေးမှဝင်ပြော - သူ့ကို လွှဲမပေးပါဘူးဆိုတာ ပါတယ်မဟုတ်လား)

ဟုတ်တယ်။

(ဘေးမှဝင်ပြော - သူက အဲဒါကြောက်တာ)

သူ့ကို အမေရိကန်လွှဲမပေးပါဘူးဆိုတာတော့ ဗိုလ်ချုပ်ကြီး တာဝန်ယူပါ။ ကျွန်တော်ကလည်း ကတိပေးလိုက်တယ်။ လွှဲမပေးဘူးဗျာလို့၊ ခင်ဗျား ဘယ်အခြေအနေပဲ ရောက်ရောက်၊ လွှဲမပေးဘူးလို့၊ ကျွန်တော့်အနေနဲ့ ကတိပေးလိုက်တယ်။ အဲဒါကြောင့် သူက ယုံယုံကြည်ကြည်နဲ့ လာတယ်။ သူ့ကို အိမ်မှာနေရာချထားတယ်။ သူက ရှမ်းတရုတ်ဗျ။ ဗုဒ္ဓဘာသာ။

ဩော် ... ခရစ်ယာန်အောက်မေ့လို့။

ကျွန်တော့်ကို ကန်တော့ပွဲနဲ့ ထိုင်ကန်တော့တာဗျ။ ဟာ . . . ဦးခွန်ဆာ၊ ခင်ဗျားက ကျွန်တော့်ထက်ကြီးမယ်ဗျ။ ကျွန်တော်က ခင်ဗျားထက် ငယ်တယ်လေ။ ဘာလို့ ကျွန်တော့်ကိုလုပ်မလဲလို့၊ မဟုတ်ဘူးလေတဲ့။ ဗိုလ်ချုပ်ကြီးက ကျွန်တော့် ကျေးဇူးရှင်ပဲတဲ့။ ကျွန်တော်က ဗုဒ္ဓဘာသာပဲတဲ့။ ရှမ်းထုံးစံပဲတဲ့။ ရှမ်းထုံးစံကို ကိုယ့်ရဲ့ကျေးဇူးရှင်၊ ကိုယ့်ရဲ့အကြီးအကဲကို ကန်တော့ရတယ်တဲ့။ ဗိုလ်ချုပ်ကြီး ခံယူပါတဲ့။ ကျွန်တော်က ဗိုလ်ချုပ်ကြီးကို ကန်တော့ထိုက်လို့ ကန်တော့တာပါတဲ့။ ကျွန်တော့်ကို သူ့အိမ်မှာ ကန်တော့ပွဲနဲ့ဗျ။ ပြီးတော့ကျွန်တော့်ကို ဘုရားတစ်ဆူပေးတယ်။ ကျွန်တော်ကိုးကွယ်နေတဲ့ဘုရားကို ဗိုလ်ချုပ်ကြီးကိုးကွယ်ရအောင်တဲ့။ အဲဒီဘုရား ကျွန်တော့်အိမ်မှာ အခုအထိ ရှိတယ်။

အမေရိကန်ကတောင်းတော့ ဘယ်လိုရှင်းလိုက်လဲ။

ကျွန်တော့်ဆီမှာ မရှိဘူးပြောလိုက်တယ်။ ကျွန်တော်တို့က တရားခံလွှဲပေးရမယ်ဆိုတာ လက်မှတ်ထိုးထားတာ မရှိဘူးလေ။ အမေရိကန်နဲ့ ကျွန်တော်တို့နဲ့ အဲဒီ treaty မရှိဘူး။ သူက တစ်ခါတစ်ခါကျရင် သွားချင်တယ်ဗျ။ ကျွန်တော်က ပေလီကို ပို့ပေးရတယ်။ ပင်လယ်ကိုရောက်ချင်တယ်၊ ပင်လယ်မှာ အပန်းဖြေချင်တယ်။ ပေလီကို ပို့ပို့ပေးရတယ်။

သူ အေးချမ်းသွားတာပေါ့။

အင်း ... သူ အေးချမ်းတဲ့ဘဝ ရသွားတာပေါ့ဗျာ။ သူရယ်၊ သူ့တပည့်က ကျန်စုရှင်း။ ကျန်စုရှင်းက စစ်ဦးချုပ်။ နှစ်ယောက်စလုံးကို ကျွန်တော်က စောင့်ရှောက်ထားရတယ်။ ကျန်စုရှင်းကလည်း သူ့အပေါ် သစ္စာရှိပါတယ်။ ကျွန်တော့်ကိုလည်း တော်တော်လေးစားတယ်။ ကျန်စုရှင်းကြီးက ဒီက မဟုတ်ဘူးဗျ။ သူက ထိုင်ဝမ်က။

ဒီနိုင်ငံသား ခံယူထားတာလား။

.........

ဩော် ...။

ကျွန်တော်က စောင့်ရှောက်ထားရတာပေါ့ဗျာ။ ကျွန်တော်က စောင့်ရှောက်မယ်။ ခင်ဗျားတို့ အန္တရာယ်မရှိအောင် လုပ်ပေးပါ့မယ်ဆိုပြီး ကတိပေးခဲ့တာကိုးဗျ။ ကျွန်တော် စောင့်ရှောက်တာကို သူတို့ကျေနပ်ပါတယ်။ ကျွန်တော့်တပည့်တွေ သွားသွားတွေ့၊ ဘာလိုသလဲ၊ လိုအပ်တာတွေကြည့်၊ လိုအပ်တာတွေ ဖြည့်ဆည်းပေး။ ဒါတွေက ဘယ်သူမှမသိတဲ့ သမိုင်းကြောင်းတွေ။



www.burmeseclassic.com

www.burmeseclassic.com



(ဘေးမှဝင်ပြော - အဲဒါလေးရေးထားပေါ့။ မထုတ်နဲ့ဦးပေါ့)

ဒါက တိုင်းပြည်နဲ့ဆိုင်တယ်လေ။ သမိုင်းနဲ့လည်းဆိုင်တယ်။

သမိုင်းကိုးဗျ။

ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ အရေးကြီးတယ်။ အထူးသဖြင့် ခွန်ဆာနဲ့ ပတ်သက်လို့၊ ဗိုလ်ချုပ်မြနဲ့ ပတ်သက်လို့ပေါ့။

(ဘေးမှဝင်ပြော - နောက်လူက ရှိတဲ့သမိုင်း ဖျောက်မှာဗျ။ ရေးထား)

ဗိုလ်ချုပ်မြနဲ့တုန်းက သူပြောတာက ငါ ပြန်လာပြီး ငါ့တပည့်တွေကို ပြောမယ်။ ပြောပြီးရင် နောက်တစ်ခေါက် ငါ ပြန်လာမယ်။ ပြန်လာပြီးရင် မင်းနဲ့ လက်မှတ်ထိုး မယ်။အဲဒီကျရင် ငါ့ကို လေယာဉ်ပျံနဲ့ခေါ်ဦးနော်တဲ့။ ကျွန်တော်က လေယာဉ်ပျံနဲ့ သွားခေါ်တာကိုး။ လေယာဉ်ပျံနဲ့ လာခေါ်ကွာတဲ့။ မင်းနဲ့ငါနဲ့ လက်မှတ်ထိုးမယ်တဲ့။ ပြတ်နေပြီဗျ။ အဲဒီတုန်းက သူ့မှာ ဦးစီးချုပ်လုပ်နေတဲ့ ဂျော်နီလည်း ပါတယ်ဗျ။ ဂျော်နီကလည်း ကျွန်တော့်ကို ကပ်ပြောသွားတယ် . . . ဗိုလ်ချုပ်ကြီးတဲ့။ ဘယ်သူ လာလာ၊ မလာလာ ကျွန်တော် လာမယ်နော်တဲ့။ အေး ...လာ၊ ရတယ်လို့။ အဲဒီတုန်းက သူတို့တပည့်တွေတော်တော်များများ ပါလာတယ်။ တော်တော်ရင်းနှီးပါတယ်။ ဗိုလ်မြကြီးရဲ့မွေးနေ့ ကျွန်တော်လုပ်ပေးလိုက်တယ်။

ဗီဒီယိုဖိုင်တွေ့တယ်လေ။

အဲဒီတုန်းက သူ့ဇနီးနဲ့လည်း စကားပြောလိုက်ရသေးတယ်။ ကျွန်တော်တို့ခေါ်ပေးတော့ သူ စကားပြောပြီးမှ သူက မိန်းမတဲ့၊ ငါ့သားရှိတယ်တဲ့။ မင်းပြောလိုက်ဦး ဆိုတော့ ကျွန်တော်နဲ့ပြောသေးတယ်။

အဲဒီတုန်းက ဗိုလ်ချုပ်ကြီးမှာ လမ်းမှာ တပ်အင်အားက လေးထောင်လောက် ရှိသလား။

လေးထောင်တော့မရှိဘူးဗျ။ နစကနဲ့ပေါင်းရင်တော့ ရှိတာပေါ့။ နစကကို ကျွန်တော်ခွဲပေးထားတယ်။ အဲဒါတွေအားလုံး ပြိုပျက်သွားပါပြီ။

သူတို့ပြောတာက နောက်နှစ်သင်္ကြန်တော့ ဒီအထဲမှာ မနေချင်တော့ဘူးဗျာတဲ့။ သင်္ကြန်မကျော်ပါဘူးလို့ ပြောခဲ့ရတယ်။ ကျွန်တော်လည်း မျက်နှာပူလို့ မသွားရဲတော့ဘူး။

သူတို့ဇနီးတော့ ကျွန်တော့်ဆီလာတယ်။ သူတို့ကိုတွေ့တော့လည်း စိတ်ထဲမကောင်းဘူးပေါ့ဗျာ။ လာတော့လည်း မျက်နှာညှိုးညှိုးငယ်ငယ်လေးတွေနဲ့ပေါ့လေ။

ကိုနိုင်ငွေးတောင် ကျန်းမာရေးကောင်းရဲ့လားမသိဘူး။ တောင်ငူရောက်နေတယ်တဲ့။

စောစောပိုင်းက ကောင်းတယ်ဗျ။ အခုက နည်းနည်းချူချာတယ်လို့ကြားတယ်။

ပထမက ခန္တီးမှာလို့ပြောတယ်။ ခန္တီးကနေ တောင်ငူရောက်သွားတယ်။

ဟုတ်တယ်။တောင်ငူမှာတော့နည်းနည်းတော့သက်သောင့်သက်သာဖြစ်တာပေါ့လေ။ဒါပေမဲ့...စိတ်ပဲဗျာ။သိပ်ကြာတဲ့ အခါကျတော့ စိတ်တွေက လျော့သွားတာပေါ့ဗျာ။ စိတ်ကျသွားတာပေါ့။ စိတ်ကျသွားရင် လူလည်းကျသွားတာပေါ့။ ဘယ် လောက်ပဲတင်းထား၊ တင်းထားလေ။ ကျန်းမာရေး နည်းနည်းချူချာလာတယ်။ ထောင်ဆိုတော့ အပြည့်အဝ ကျန်းမာရေး စောင့်ရှောက်မှုကလည်း ဘယ်ရနိုင်မလဲ။

ကျွန်တော့်မိတ်ဆွေ ဆရာဝန်အဖွဲ့တွေ ခန္တီးကိုသွားတော့ တွေ့ခဲ့တယ်တဲ့။ ကျန်းမာရေး သိပ်မကောင်းဘူးတဲ့။

မိသားစုတွေက ရုန်းကန်နေရတာပေါ့ဗျာ။ ကလေးတွေလည်း သားသမီးတွေက ကြီးကုန်ကြပြီ။

ကိုအောင်ဇော်ဆိုရင် သူ့မိန်းမဆုံးသွားပြီ။ အခုတော့ သိပ်မကျန်တော့ဘူး ထင်တယ်နော်။

လွှတ်တော့ လွှတ်နေတယ်။ အမြဲတမ်းမျှော်လင့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကလည်း change၊ လူကလည်း change၊ စိတ်တော့သိပ်ပူစရာ မရှိပါဘူး။

ပူစရာမရှိပါဘူးဗျာ။ ကျွန်တော်က ဒီကလေးတွေနဲ့ပတ်သက်လို့ ကျွန်တော် တာဝန်ယူတာပဲဗျာ။ ကျွန်တော့်စကား နားထောင်ပါတယ်။

အခုလို ဗိုလ်ချုပ်ကြီးက officially တာဝန်ယူတယ်ပြောလိုက်ရင် ပိုပြီးနိုင်သွားတာပေါ့။

တာဝန်ယူပါတယ်။ ကျွန်တော့်စကားလည်း သူတို့ နားထောင်ပါတယ်။ ကျွန်တော်ပြောတာ သူတို့ယုံကြည်မှု၊ လေးစားမှု ရှိထားပြီးသားပါ။ ဆရာနဲ့တပည့် ယုံကြည်လေးစားမှုက ရှိထားပြီးသားပါ။

ဗိုလ်ချုပ်ကြီးကို နိုင်ငံရေးပါတီတွေ ဘာတွေက မခေါ်ဘူးလား။ ၂၀၁၅ အတွက် လာပြီး အကူအညီတွေ ဘာတွေ မတောင်းဘူးလား။ တချို့က ဗိုလ်ချုပ်ကြီးကို ချဉ်းကပ်ကြမယ်လို့ ကြားနေတယ်။

(ဘေးမှဝင်ပြော - စလွတ်ကတည်းက ကြေညာထားတာ။ နို့မို့ဆိုရင် လာမှာ)

ကျွန်တော့်ဆီ ကိုဝင်းထိန်တော့ တစ်ခါလာတယ်။

ကိုဇော်ထွန်းအောင်တော့ ပန်းချီဆွဲနေတယ်တဲ့။ သူ့ကို အလုံက အင်န် အယ်လ်ဒီအမတ်တစ်ဦးက ပန်းချီသင်ပေးလို့တဲ့။

အထဲရောက်တော့လည်း အကုန် သူငယ်ချင်းတွေဖြစ်ကုန်တာပဲ။ အသိုင်းအဝိုင်းတစ်ခု ဖြစ်သွားတာပေါ့။

သူတို့ပြောတာက အထက်ကခိုင်းလို့ လုပ်ရတာပဲတဲ့။ ဝန်ထမ်းတွေဆိုတော့တဲ့။

ဝန်ထမ်းဆိုတာ မှန်ပါတယ်။ ကျွန်တော်လည်း ဒီဇွန်လ (၂၈) ရက်နေ့ကျရင် ခနောင်ရွာမှာ ရေစက်ချဖို့ရှိတယ်။

(ဘေးမှဝင်ပြော - (၁၀) ရက်နေ့မှာ ကျွန်တော်လည်း အစည်းအဝေးရှိတယ်။ ထိုင်း-မြန်မာချစ်ကြည်ရေးကို ပြန်လုပ်ခိုင်းနေတယ်)

ယခင်ကတည်းက လုပ်ထားတာဗျ။ အမှန်ကရှိထားပြီးသားကို ဆက်လုပ်ရင် တော်တော်အရှိန်ရနေပြီ၊ နယ်စပ်ချင်း ပူးကပ်နေတဲ့နေရာကတော့ မိတ်ဆွေရင်းတွေတော့ လုပ်သွားမှာပဲ။

ဗိုလ်ချုပ်ကြီးက Memory ကောင်းတယ်နော်။ တော်တော်မှတ်မိတယ်။

(ဘေးမှဝင်ပြော - သူ့လိုပဲ အင်န်အယ်လ်ဒီ ဗိုလ်ချုပ်ကြီးတင်ဦးလည်း အသေးစိတ်မှတ်မိပါတယ်)

သူလည်း ရက်နဲ့ကို မှတ်မိတယ်။

(ဘေးမှဝင်ပြော - ကျွန်တော် အင်တာဗျူးလုပ်တုန်းက တရုတ်ဖြူတိုက်ပွဲကို အသေးစိတ်ပြောနိုင်တယ်)

ဟုတ်တယ်။ အဲဒါ သူနဲ့ ကျွန်တော်တွေ့တဲ့အခါကျတော့ တော်တော်မှတ်ဉာဏ်ကောင်းတာဗျ။ ကျွန်တော်နဲ့သွားတွေ့တာက ဆုံးသွားတဲ့ ဗိုလ်မှူးကြီးဝင်းအိမ်မှာ။ သူက အရင်ရောက်နေတယ်။ ကျွန်တော်ကနောက်ဝင်သွားတယ်။ ကုလားထိုင်အရှည်ကြီးမှာ သူထိုင်တယ်။ ကျွန်တော့်မြင်တဲ့ အခါကျတော့ "လာ . . . လာ ကိုခင်ညွန့်" တဲ့။ ကျွန်တော် သူ့ဘေးမှာထိုင်ပြီး အာလာပသလ္လာပ စကားပြောတယ်။ သူပြောထားတာတဲ့ဟာလည်း မှတ်ထားလိုက်တယ်။ ဗိုလ်ချုပ်လို့...အတော်မှတ်ဉာဏ်ကောင်းတယ်လို့။ တရုတ်ဖြူစစ်ဆင်ရေးကို တော်တော်ပြည့်ပြည့်စုံစုံ ပြောသွားတာလို့။ ရက်နဲ့လနဲ့ အတော်ပြည့်ပြည့်စုံစုံ ပြောသွားတာလို့။ ကျွန်တော်တို့တောင် အဲဒီလောက်မမှတ်မိနိုင်ဘူးလို့။ အေးကွာတဲ့။ ကိုယ်ကမှတ်မိတယ်ကွတဲ့။ ဒါတော့ မမေ့ဘူးတဲ့။ မှတ်မိတယ်တဲ့။ အဲဒါ သူပြောတယ်။ နောက်တစ်ခုက ဗိုလ်ချုပ်ကြီးလို့၊ တစ်ခုရှိတာ အကြံပြုချင်ပါတယ်လို့။ ဘာလဲကွတဲ့။ အင်န်အယ်လ်ဒီထဲမှာ ဗိုလ်ချုပ်ကြီးတို့လို အတွေ့အကြုံရှိတဲ့ပုဂ္ဂိုလ်ကြီးတွေ သမိုင်းမှာရှိတယ်နော်လို့။ အဲဒီ ပုဂ္ဂိုလ်ကြီးတွေ ဆက်ပြီးရှိနေဖို့တော့ လိုတယ်ထင်တယ်လို့။ ကိုယ်လည်း အဲဒီလိုပဲ ယူဆတာပဲကွတဲ့။ လုပ်ချင်တဲ့သူတွေက များနေတယ်တဲ့။ အဲဒီတော့ တို့ကလည်း ဖယ်ပေးမှကွတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးတင်ဦး ကာကွယ်ရေးဦးစီးချုပ်လုပ်တုန်းက ကျွန်တော်က စစ်ရုံးမှာ ဂျီတူးဗျ။ သူခရီးသွားရင် ကျွန်တော်က လိုက်ရတယ်။ တော်တော့်ကို နီးနီးကပ်ကပ်နေလာခဲ့တာ။

(ဘေးမှဝင်ပြော - ကိုသိန်းဟန်လည်း အဲဒီတုန်းက ဂျီတူးပဲ)

အဲဒီအချိန်တုန်းက ကျွန်တော် တာဝန်ယူထားတာ မြောက်ပိုင်းတိုင်းပေါ့။ မြောက်ပိုင်းတိုင်းရယ်၊ မန္တလေးတိုင်းရယ်၊ အနောက်ပိုင်းတိုင်း၊ နောက်ပြီးတော့မှ အလယ်ပိုင်းတိုင်း။ အဲဒီတိုင်းတွေသွားရင် ကျွန်တော်က သူနဲ့ အမြဲလိုက်ရတယ်။ သူ့သားလေးဆုံးတော့ ကျွန်တော် သူ့အိမ်မှာ သွားအိပ်ပြီး နေရတယ်။ အရေးမယူခင်တုန်းကပေါ့။ သားဆေးကုပြီးပြန်လာတော့ အသက်မရှည်ပါဘူး။ ကျွန်တော်တို့က တပ်မတော်အတွင်းမှာဆိုရင်တော့ ဒီလိုပဲ ဆရာ၊ တပည့်တွေပဲ။ ဆရာဆိုတော့ မိဘလိုပဲ သဘောထားပါတယ်။ အယူအဆအားဖြင့် ကွဲပြားခြားနားတာ။ ဇီဇအားဖြင့်တော့ အတူတူပဲ။ တွေ့တော့လည်း ရင်းရင်းနှီးနှီး ဖြစ်သွားတာပေါ့။ မတွေ့ရင်တော့ လည်း ဒီလိုပဲနေကြတာပေါ့။

ဗိုလ်ချုပ်ကြီးရဲ့ဆရာအရင်းက ဗိုလ်ချုပ်တင့်ဆွေလား၊ ဦးနေဝင်းလား။

ဗိုလ်ချုပ်တင့်ဆွေပဲ။ နံပါတ်တစ်ပဲ။ ငယ်ဆရာပေါ့ဗျာ။ ကျွန်တော် လက်ဖတင်နင်နဲ့ ဝင်တယ်။ သူနဲ့က (၈) နှစ်လောက် ဆက်တိုက်နေခဲ့ရတယ်။ သားအဖလို ဖြစ်သွားတာပေါ့။ အဲဒီအကြောင်းရေးထားတာ စာအုပ်ဖတ်ရတယ်။

(ဘေးမှဝင်ပြော - အဲဒါ ထွက်ခွင့်မရသေးဘူး)

ကျွန်တော် သူ့အိမ်သွားတော့ ဗိုလ်ချုပ်ခင်ညွန့် ငယ်ငယ်တုန်းကပုံလေး ခုံလေးပေါ်မှာ တင်ထားတာတွေ့ခဲ့တယ်။ အဲဒါလေး ကျွန်တော်ဓာတ်ပုံ ရိုက်လာတာ။ အဲဒါလေးတော့ မထည့်လိုက်ပါနဲ့ဗျာတဲ့။ ကျွန်တော်က တာဝန်ခံထားရလို့ပါတဲ့။ ကျွန်တော်က မသိမသာလေး ပြချင်တယ်ဆိုတာတောင် မလုပ်ပါနဲ့ဗျာတဲ့။ နောက်တော့ ကျွန်တော့်ကို ချိန်းကို မချိန်းတော့ဘူး။

(ဘေးမှဝင်ပြော - ဟိုတစ်လောက ဆက်တယ်ဗျ။ သူ့စာအုပ်ကို ဂျပန်က ထုတ်မယ်တဲ့။ အဲဒါကို မူပိုင်ခွင့်တို့ဘာတို့ ဘယ်လိုလုပ်ရသလဲ မေးပေးစမ်းပါတဲ့ ကျွန်တော် မေးပေးမယ်ဆိုပြီး သူ့ကို သတင်းပို့လိုက်တယ်)

ကျောပိုးအိတ် ကလေးကို ချိကာလွယ်လေ။

(ဘေးမှဝင်ပြော - အဲဒါလေးကို ထုတ်ဖို့ သူ့ကျတော့ သေသေချာချာ ရေးပေးရတယ်။ ဒါ ရှင်းစမ်းပါဦး ... ဒါရှင်းစမ်းပါဦး ဆိုပြီး လေးခါပြန်ရှင်းရတယ်။ ဂျပန်ဘာသာနဲ့ ထုတ်တာ)

ကျွန်တော့်ပထမဆရာက သူပေါ့ဗျာ။ ဒုတိယဆရာက ဗိုလ်ချုပ်ကြီးသူရကျော်ထင်။ တတိယဆရာက ဗိုလ်ချုပ်ကြီး နေဝင်းပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က (၁၉၈၃) ခုနှစ်ကျမှ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ တွေ့တာ။ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဖြစ်ပြီး လှမ်းရောက်မှ ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ တွေ့တာ။ အဲဒီကျတော့မှ တစ်ယောက်နဲ့တစ်ယောက် သိတယ်။ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကနေ အပ်လိုက်တာ။ သူ့အိမ်ခေါ်သွားပြီးဒါထောက်လှမ်းရေးညွှန်ကြားရေးမှူးအသစ်ဗိုလ်မှူးကြီး ခင်ညွန့်ပါဆိုပြီး ကျွန်တော့်သွားအပ်ပေးတယ်။ ဘာမှသိပ်ပြီး ထွေထွေထူးထူး ပြောမနေဘူး။ အေး...အေး...ကြိုးစားလုပ်ပေါ့ ကွာတဲ့။ အဲဒီမှာ ကျွန်တော့်ကို ဂေါက်မရိုက်နဲ့ဆိုပြီး ဗိုလ်ချုပ်ကြီးသူရကျော်ထင်က ပြောတာ။ အဲဒါ ကျွန်တော် တော်တော် စွဲတယ်။ သူမရှိသော်ငြားလည်း ကျွန်တော်မှတ်ထားတယ်။

(ဘေးမှဝင်ပြော - ချန်ဒူးဝမ်ဖြစ်တော့ ကိုအောင်ကိုးက ဂေါက်ကွင်းမှာလေ)

တောင်ကိုရီးယားသမ္မတလာတဲ့ အချိန်မှာ ကိုအောင်ကိုးက ဂေါက်ကွင်းမှာ ဂေါက်ရိုက်နေတယ်။ အဲဒါ လုံခြုံရေးကျိုး ပေါက်တယ်တဲ့။ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဆိုတာက လူကြီးတွေ၊ အကြီးအကဲတွေရဲ့ လုံခြုံရေး၊ နိုင်ငံတော်က ဧည့်သည်တော်ကြီးတွေရဲ့ လုံခြုံရေး၊ ပြည်သူတွေရဲ့ လုံခြုံရေး။ အဲဒီအချိန်မှာ ကိုအောင်ကိုးက ဂေါက်ရိုက်တာ။ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ရိုက်တာ မကြိုက်ဘူး။ မင်းတို့အလုပ်ချိန်မှာ မရိုက်နဲ့။ ရိုက်ချင်ရင် အလုပ်ပြင်ပမှာ ရိုက်။ ငါ ဂေါက်မရိုက်တာ မင်းတို့ အသိကွာလို့။

ဗိုလ်ချုပ်ကြီးနေဝင်းဆီက ဘာပညာတွေရခဲ့သလဲ။

နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံခြားသားနဲ့စကားပြောနည်း၊ ပြောဟန် ကျွန်တော် သူ့ဆီကသင်ရတာပဲ။ တခြားလူဆီက မရဘူးဗျ။ နိုင်ငံခြားသားနဲ့ တွေ့တဲ့အခါမှာ ပြောဟန်ဆိုဟန်၊ နိုင်ငံခြားသားနဲ့ဆက်ဆံရေးကို ဗိုလ်ချုပ်ကြီးနေဝင်း သင်ပေးပါတယ်။ ကျွန်တော့်ကိုနောက်ပိုင်းကျတော့ သူစိတ်ချသွားပြီးတော့ ဗိုလ်ခင်ညွန့် ဟိုလူနဲ့သွားတွေ့ချေဆိုရင် သွားတွေ့ရတယ်။ မင်း အဲဒီလူနဲ့ သွားစကားပြောလိုက်။ အဲဒီလိုဗျ။ နောက်ပြီး သူ့စတိုင်လ်ပေါ့ဗျာ။ နိုင်ငံခြားသားနဲ့ပြောတဲ့ စတိုင်လ်ကို မှတ်ထားတယ်။ နိုင်ငံခြားသား ကြီးသည်၊ ငယ်သည် ဒီလိုမဟုတ်ဘူးဗျ။ အဲဒီစတိုင်လ်က ကျွန်တော် သိပ်ကြိုက်တယ်။ ဗိုလ်ချုပ်ကြီး နေဝင်းရဲ့ စတိုင်လ်က ဘယ်သူနဲ့တွေ့တွေ့၊ အမေရိကန်နဲ့တွေ့လည်း သူ့စတိုင်လ်က ဟန်မပျက်ဘဲ။ အောက်ကျို့ပြီးနေတာ မဟုတ်ဘူး။ ဟန်နဲ့မာန်နဲ့ဒီလိုဆက်ဆံတာ။ တိန့်ရှောင်ဖိန်ကြီးနဲ့တွေ့တုန်းကဆိုရင် အဲဒီတုန်းကတံခါးဖွင့်ဝါဒစတဲ့အချိန်ကိုးဗျ။ ခင်ဗျားဗျာ . . . တံခါးဖွင့်လိုက်ပြီဆိုရင် ခြင်တွေ၊ ယင်တွေ ဝင်လာမှာပေါ့ဗျတဲ့။ ဟိုကခြင်တွေ၊ ယင်တွေဝင်မယ်ဆိုတာ ကျွန်တော်က သိပါတယ်တဲ့။ ဝင်ချင်ဝင်ပါလေ့စေတဲ့။ ကျွန်တော့်အိမ်ထဲရောက်တော့မှပဲ ကျွန်တော် နှိမ်နင်းမှာပေါ့ဗျာတဲ့။ အိမ်ထဲ ရောက်မှ နှိမ်နင်းမယ်တဲ့။ အဲဒီလို ခေါင်းဆောင်အချင်းချင်း တွေ့တဲ့အခါမှာလည်း သူငယ်ချင်းလိုပဲ စကားပြောတယ်။ အောက်ကျို့ပြီးတော့ အောက်ကနေ သူက တိုင်းပြည်ကြီးပဲဆိုတာမျိုးမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတက သမ္မတပဲလေဗျ။ ဝန်ကြီးချုပ်က ဝန်ကြီးချုပ်ပဲ။ အတူတူပဲလေ။ နိုင်ငံသေးသည်၊ ငယ်သည် မဟုတ်ဘူး။ ဒီလိုခွဲခြားလို့ မရဘူး။ သူ့ရဲ့ status ကတော့ အတူတူပဲ။ အဲဒါကို ကျွန်တော်ကြိုက်တာဗျ။ သူက အဲဒီပုံစံမျိုး။

ဗိုလ်ချုပ်ကြီးနေဝင်းက မျက်မှန်ကြီးကျတော့မယုံဘဲ ဗိုလ်ချုပ်ကြီးကျတော့ ဘာဖြစ်လို့ ယုံတာလဲ။

ကျွန်တော့်ကျတော့ တော်တော်ယုံတယ်။ သူ့သေနတ်ကို ကျွန်တော့်ပေးထားတာ။

ဘာကြောင့် ယုံတာလဲလို့။

သူနဲ့လုပ်ရင်းကိုင်ရင်း သူ ခန့်မှန်းမှာပေါ့ဗျာ။ လူကဲခတ်တတ်တယ်ဗျ။ လူကဲခတ်တာတော့ သူများနဲ့မတူဘူး။ လူကဲခတ်တာ နစ်ယောက်မရှိဘူး။ လူရဲရုပ်လက္ခဏာနဲ့ လူကဲခတ်တတ်တယ်။ နောက်တော့ သူ့မိသားစုနဲ့ပါ ကျွန်တော်က ရင်းနှီးတာကိုးဗျ။ သားသမီးတွေနဲ့၊ မြေးတွေနဲ့နေလာတာ။ နောက်တစ်ခုက သူ့ရဲ့လုပ်ငန်းကိုင်ခန်းအနေနဲ့ ဥပမာ - သူ့ရုံးမှာ စာရွက်စာတမ်းတစ်ခုခုပေးလိုက်ရင် အဲဒါ သူ့စာရွက်ကိုကြည့်နေတာ။ သူ ပေးလိုက်တာက ဘယ်သူ့ကို ပေးလိုက်စမ်းဆိုတာမျိုး။ လမ်းမှာဖတ်သလား၊ ကြည့်သလားဆိုတာ။ လမ်းမှာ မသိမသာဖတ်သွားရင် သိတယ်။ သူက အဲဒါကို ချောင်းကြည့်တယ်။ ငါ့တပည့် ဘယ်လောက်ယုံရသလဲ၊ မယုံရဘူးလဲဆိုတာ အဲဒါ။ သူက အိမ်ပေါ်ကနေ အိမ်အောက်ဆင်းလည်း သေနတ်က ကိုင်လာတာပဲ။ နောက်တော့ ခရီးသွားတော့ သူ့ခါးပတ်ကြီးချွတ်ပြီး ကျွန်တော့်ကို မင်းပတ်ထားဆိုပြီး ပေးတယ်။ သေနတ်ကို ဘယ်တော့မှ သူများကိုမပေးဘူး။

သူလည်း ဘာကြောင့် ဇာတ်သိမ်းမလှဘူးလို့ ပြောလို့ရသလဲ။

လူတွေကအတိုက်အခံတွေကလည်း ရှိတာကိုးဗျ။ သူ ကောင်းခဲ့တာတွေက အများကြီးပဲလေ။ မြန်မာနိုင်ငံ ကယ်ခဲ့တာပဲလေ။ ရန်ကုန်အစိုးရဆိုတာကွက်ကွက်လေးကျန်တော့တာ။ သူကယ်ခဲ့တာပဲဗျ။ အဲဒီသမိုင်းတွေကတော့ မေ့ပစ်လိုက်ကြပြီ။ ဖျောက်ပစ်လိုက်ကြပြီ။ ကာကွယ်ရေးအင်အားကောင်းအောင်ဆိုပြီး အိမ်နီးချင်းနိုင်ငံတွေကြည့်ပြီးတော့ ထူထောင်ပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့ သူ့လက်ထဲမှာသာ ပါတီစုံဖြစ်သွားမယ်ဆိုရင် တိုင်းပြည်က ဘာဖြစ်သွားနိုင်သလဲ။

အဲဒီအချိန်က ပါတီစုံဖြစ်ဖို့ကောင်းတာပဲ။ သူက ပေးပြီးပြီပဲ။ အောက်ကတပည့်တွေက လက်မခံဘူးဗျ။ ရှင်းရှင်းပြောရရင် သူ ပေးပြီးပြီ။ မင်းတို့လုပ်ကြတော့ဆိုပြီး ပေးပြီးပြီ။

တပည့်တွေကို သူ့ဩဇာမရှိတော့ဘူးလား။

တပည့်တွေကို ဩဇာရှိပါတယ်။ ဗိုလ်ချုပ်ကြီး ဆက်လုပ်ပါဆိုပြီး လုပ်တာ။ ဗိုလ်ချုပ်ပဲ ဆက်ပြီးဦးဆောင်ပါလို့ ဒီလိုပြောတာ။ အဲဒါကြောင့်မို့လို့ ဒီလိုဖြစ်သွားတာ။ သူက ပေးပြီးပြီ။ မင်းတို့လုပ်ကြတော့ဆိုပြီး ပေးပြီးပြီ။ ငါ့ကို ထည့်မစဉ်းစားနဲ့တော့။ ပါတီစုံကိုမင်းတို့လုပ်ရတော့မယ်လို့ပြောပြီးပြီ။ ဒါတွေက သမိုင်းတွေရှိတာပေါ့ဗျာ။ ဒါပေမဲ့ လျှောက်ဖော်တော့လည်းမကောင်းဘူးပေါ့ဗျာ။

ဗိုလ်ချုပ်ကြီးက အနီးကပ်နေခဲ့ရတာကြောင့်လေ။ အပြင်မှာလည်း သတင်းတွေထွက်တယ်။ ဦးနေဝင်းမိသားစုကို ဗိုလ်ချုပ်ကြီးက စောင့်ရှောက်တဲ့ အတွက် အမြင်စောင်းတယ်ဆိုပြီး အဲဒါမျိုးတွေရှိခဲ့တယ်လေ။

ဒါတော့မသိဘူးပေါ့ဗျာ။

ဘာပဲပြောပြော သူ့ဆုံးတော့ နာရေးတောင် ...

ဟိုမှာလေ တပ်မတော်ရဲ့ခေါင်းဆောင်ကြီးတွေအားလုံးကို တပ်မတော်ရဲ့စစ်သင်္ချိုင်းမှာ နေရာပေးထားတယ်။ အဲဒီမှာတောင် နေရာမရရှာဘူး။ ကျွန်တော်လည်း ညံ့တာပေါ့ဗျာ။ ကျွန်တော်လည်း ညံ့တဲ့အထဲပါသွားတာပေါ့။ ကိုယ့်ရဲ့ဖခင်လိုဖြစ်တဲ့ ပုဂ္ဂိုလ်၊ ကိုယ့်ဆရာသမားကြီးကို အဲဒီလို နေရာမပေးနိုင်တာ ကျွန်တော်ညံ့တာပေါ့ဗျာ။ ကိုယ့်ကိုယ်ကိုယ် ငါ တော်တော်ညံ့သွားပြီ ထင်တယ်လို့။

သူ့နောက်ဆုံးခရီးကတော့ ဘာပဲပြောပြော အခမ်းအနားမလုပ်တောင် တင့်တောင့်တင့်တယ်လေ။ မဖြစ်သင့်ဘူးလား။

တပ်မတော်ရဲ့ခေါင်းဆောင်ကြီးတွေ အစဉ်အလာအရတော့ ဒီလိုပဲဖြစ်ခဲ့တာပဲ။ ဒီလိုပဲလုပ်ခဲ့တာပဲ။ အစဉ်အလာအရ ဖြစ်သင့်ပါတယ်။

အခြားတပ်က ပင်စင်ပေးတဲ့ အကြီးအကဲတွေတောင်မှ နေရာလေးရသေးတာပဲ။ သူက မရလိုက်ဘူးဆိုတော့ ...။

မိသားစုကတော့ feel ဖြစ်မှာပေါ့လေ။ ဒါပေမဲ့ မစန္ဒာတို့က နေတတ်တယ်။

ကျွန်တော်သွားတုန်းကလည်း သူ့သားနဲ့ပြောပဲ။ သူ ဘာမှ ဝင်မပြောဘူး။

အဲဒီသားလေးကလည်း မဆိုးဘူးဗျ။ ပြောတတ်ဆိုတတ်တယ်။ ကျွန်တော်နဲ့ ဆွစ်ဇာလန်သွားတဲ့အခါကျတော့ သူ့မြေးလေး ပါလာတယ်။ သူက အငယ်ဆုံးမြေး။ ဟိုတယ်တွေမှာ ဝတ်ပြီးသားအဝတ်တွေ ပင်မင်းပေးဖို့ အခန်းတံခါးမဖွင့်ချင်ရင် အံဆွဲထဲထည့်ပေးလိုက်ပြီး အဲဒီအံဆွဲကိုတွန်းလိုက်ရင် အပြင်ရောက်သွားရော။ အဲဒီကလေးက အဲဒီ အံဆွဲထဲကိုဝင်ပြီးတော့ အပြင်ကနေအထဲကို အံဆွဲထဲကနေ ဝင်တယ်။ ဖွဲလေ။ အဲဒီတုန်းက ငယ်ငယ်လေး။ သူကြီးလာတော့ အဲဒါလေးပြောပြတယ်။

အဲဒီလို စောင့်ရှောက်ခဲ့တဲ့အတွက် အမျက်တော်ရှတယ်လို့ ကျွန်တော်တို့ အပြင်မှာ သတင်းကြားတယ်။

သတင်းဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့ဗျာ။ ။

လျှပ်တစ်ပြက်

အတွဲ(၄)အမှတ်(၃၅)

www.burmeseclassic.com

www.burmeseclassic.com

## လက်နက်နဲ့ ငြိမ်းချမ်းရေးလဲခဲ့တဲ့ ဘိန်းဘုရင်ခွန်ဆာအတွင်းရေး နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်ပြောကြားချက်

အဘိုးဖြစ်သူဆရာမောင်ဆွေသက်(နိုင်ငံခြားရေးဒုဝန်ကြီးဟောင်း)မှနိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှတွေ့လိုသည်ဆိုသဖြင့် နဝဒေး အနုပညာဥယျာဉ်သို့ ရောက်ဖြစ်သည်။ တပ်မတော်ထောက်လှမ်းရေးအရာရှိဟောင်း ဗိုလ်မှူးကြီး စန်းပွင့်(ငြိမ်း)လည်း ကြိုတင်ရောက်ရှိနေသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်၏ ဧည့်ခန်းမမှာပင် တွေ့ရခြင်း ဖြစ်သည်။ ဧည့်ခန်းထဲမှ မော်နီတာတစ်ခုတွင် C.C.T.V ကင်မရာ (၁၀) လုံးမှ ပုံရိပ်များတွေ့နေရသည်။ စကားဝိုင်းမစမီ အစ်မကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေမှ ဧည့်ခန်းမတံခါးကို လာပိတ်ပေးသည်။ ဦးခင်ညွန့်ရှေ့တွင် စာရွက်စာတမ်းတချို့ ရှိနေသည်။ တချို့စာအုပ်များက တပ်မတော်ထောက်လှမ်းရေးမှ ထုတ်ဝေခဲ့သော စာအုပ်ဟောင်းများဖြစ်သည်။ တချို့စာအုပ်များကို ကျွန်တော် မြင်ဖူးပြီး တချို့က ကျွန်တော်မမြင်ဘူးသည့်စာအုပ်များ ဖြစ်သည်။

ထိုစာအုပ်များက ဌာနတွင်းဖြန့်ဝေသော စာအုပ်များ ဖြစ်ပုံရသည်။ တပ်မတော်ထောက်လှမ်းရေးများကို ဖမ်းဆီးသောအခါ အဆိုပါစာအုပ်များကိုပါ လိုက်လံသိမ်းဆည်းခဲ့သည်ဟု ဆိုသည်။ စာအုပ်များကို ကြည့်လိုက်သည်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်ပြောလိုသည့် ခေါင်းစဉ်ကို မှန်းဆလို့ရခဲ့သည်။ ထောက်လှမ်းရေး အရာရှိဟောင်း ဗိုလ်မှူးကြီး စန်းပွင့်(ငြိမ်း)ကိုပါ ခေါ်ထားသည်ဆိုခြင်းက ဦးခွန်ဆာနှင့် ပတ်သက်၍ ထိုကာလများက စေ့စပ်ညှိနှိုင်းရာတွင် အရေးပါခဲ့သော နေရာမှ ပါဝင်ထားသည်ဆိုခြင်းကို အမှတ်ရစေခဲ့သည်။

ဦးခင်ညွန့်သည် ကျန်းမာရွှင်လန်းတက်ကြွလျက် ကျွန်တော်နဲ့ပတ်သက်တဲ့ စာရွက်တွေထွက်တယ်ဆိုတာလည်း ဘယ်ကမှ ထွက်စရာမရှိဘူး။ မင်းကြီးတာက ထွက်တာပဲဖြစ်မှာပေါ့ဟု ဆိုသည်။ ဦးခင်ညွန့်က အဆိုပါစာရွက်တွေနှင့် ပတ်သက်၍ ကျွန်တော်နဲ့ NLD တွေကို ရန်တိုက်ပေးချင်လို့ ဖြစ်မှာပေါ့ဗျာဟု သုံးသပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်ခိုင်။ ။ပထမမှာ အသံမပါတာထုတ်တယ်။ နောက်တော့ အသံပါတာကိုထုတ်တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အင်း . . . သူတို့ ရည်ရွယ်ချက်နဲ့ ထုတ်လိုက်တာပေါ့ဗျာ။ အဲဒါ သာဓကလေး။ အခုလည်း ကျွန်တော်ထင်တယ် . . . ရည်ရွယ်ချက်နဲ့ထုတ်လိုက်တာ ဖြစ်မယ်။ ကျွန်တော်နဲ့ ဒေါ်စုနဲ့ ပြဿနာပေါ်အောင်ဆိုပြီး ထုတ်လိုက်တာ ထင်တယ်။ အင်န်အယ်လ်ဒီနဲ့ ကျွန်တော်နဲ့လေ။

မြတ်ခိုင်။ ။ နောက်တစ်ခုက အဲဒီအထဲမှာ ဟိုဟာတွေပါတယ်။ Road Map လုပ်ထားတာတွေ ပါတယ်။ အဲဒါကို alarm ပေးတဲ့သဘောလည်း ဖြစ်နိုင်တယ်။ ဘယ်လိုသွားမယ်ဆိုတာကို လုပ်ထားတာတွေပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အင်း . . . ဟုတ်တယ်။ မင်းကြီးတာက ထွက်တာပဲ ဖြစ်မှာပေါ့ဗျာ။ ဒါပေမဲ့ . . . ဘယ်လိုပဲ ထွက်ထွက်ဗျာ . . . ကျွန်တော်က နိုင်ငံရေးလုပ်မှာမှ မဟုတ်ဘဲ။

မောင်ဆွေသက်။ ။ အဲဒီလိုထွက်လိုက်တာကောင်းတယ်ဗျ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ကောင်းလား အစ်ကိုကြီး။

ဒီနေ့ကတော့ ခင်ဗျားတို့ မသိတဲ့ဟာတွေပေါ့ဗျာ။ ကျွန်တော်ကလည်း တချို့ဟာတွေကျတော့ ယေဘုယျဆန်ဆန် သိထားတဲ့ဟာတွေဆိုတော့ တကယ်လုပ်ခဲ့ကိုင်ခဲ့တဲ့သူတွေ ကျွန်တော် ခေါ်ထားတယ်။ အဲဒါက ဘာလဲဆိုတော့ ဦးခွန်ဆာကိစ္စ။ ဦးခွန်ဆာကြီး အကြွင်းမဲ့လက်နက်စွန့်လွှတ်တာမှာ အဓိက.က သူပဲ (လူတစ်ယောက်ကို ညွှန်ပြရင်း ပြောသည်)။ ကျွန်တော်က တာဝန်ပေးလိုက်တာမှာ သူက အဓိက တာဝန်ထမ်းရွက်ဆောင်ရွက်ခဲ့တယ်။ အဲဒီမှာ ဦးခွန်ဆာရဲ့စခန်းမှာ သုံးလလောက်နေပြီး အသေးစိတ်တွေ ဆောင်ရွက်ခဲ့ရတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ဘယ်သူမှလည်း မသိဘူး။ ကျွန်တော်တို့တောင်မှ တချို့ဟာတွေက ကျယ်ကျယ်ပြန့်ပြန့် မသိဘူး။ အကျဉ်းရုံးပြီးသိတာ။ သူကတော့ အကုန်လုပ်ခဲ့ကိုင်ခဲ့ရတာကို သိတော့ အခုမှ ခင်ဗျားကို သူပြောမှာ။ တန်ဖိုးသိပ်အရှိဆုံးပဲ။ ကျွန်တော်ကတော့ ခင်ဗျားတို့အဖွဲ့ကို ယုံကြည်လို့ပါ။ ဒါတွေဟာ ဘယ်သူမှလည်း ကျွန်တော် မပြောသေးဘူး။ အခုမှစပြီး ဒါကို ကျွန်တော်ပြောမှာ။ သမိုင်းပေါ့ဗျာ။ သမိုင်းက အမှန်ဖြစ်ရမယ်၊ ဟိုလူပြော၊ ဒီလူပြောနဲ့ ကြားဖောက်ပြောတာတွေ မဖြစ်စေချင်ဘူး။ သမိုင်းက အမှန်ဖြစ်ရမယ်။ နောက်တစ်ခုက ကျွန်တော့် တပည့်တွေပေါ့ဗျာ . . . ကျွန်တော်ကတော့ ထားပါတော့။ ကျွန်တော့်တပည့်တွေက တိုင်းပြည်တာဝန်ကို ထမ်းရွက်တဲ့နေရာမှာ တိုင်းပြည်ကပေးတဲ့တာဝန်ကို တကယ်ဆုံးခန်းတိုင်အောင်၊ ပြီးမြောက်အောင် အသက်စွန့်ပြီး လုပ်ခဲ့တာဗျ။ ကိုယ်ကျိုးစွန့်ပြီး တကယ်အသက်စွန့်ပြီးလုပ်ခဲ့တဲ့အခါမှာ ကျွန်တော်က ကျွန်တော့်တပည့်တွေကို ယုံကြည်တယ်။ ပေးလိုက်တဲ့တာဝန်ကို ပြီးမြောက်အောင်ကို အသက်စွန့်ပြီး လုပ်တယ်။ အသက်အန္တရာယ်တွေ ဘယ်လိုပဲဖြစ်စေ တိုင်းပြည်ရဲ့တာဝန်ကို ပေးလိုက်တဲ့ တာဝန်ကို အထူးသဖြင့် အဲဒီအချိန်တုန်းကတော့ တိုင်းပြည်အေးချမ်းရေးက သိပ်အရေးကြီးတာကိုး။ တိုင်းရင်းသားတွေနဲ့ ပဋိပက္ခတွေဖြစ်နေတော့ သိပ်အရေးကြီးတဲ့အချိန်ကာလတွေ ဖြစ်တဲ့အခါကျတော့ ကျွန်တော်ကလည်း အဲဒါကို တော်တော်စွန့်ပြီး လုပ်လိုက်ရတယ်။ ကျွန်တော့်ကို ဒါဖြစ်မြောက်လိမ့်မယ်လို့ သိပ်ပြီးမယုံကြဘူးဗျ။ ဦးခွန်ဆာကြီးက အကြွင်းမဲ့လက်နက်စွန့်လွှတ်တာကို သိပ်ပြီးမယုံကြဘူး။ ဖြစ်မှဖြစ်ပါ့မလားပေါ့။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်က အဲဒါမလုပ်ခင်မှာ "ဝ" နဲ့သွားပြီး ချိန်းတွေ့သေးတယ်။ ဦးပေါက်ယူချမ်းတို့နဲ့ပေါ့။ ကျိုင်းတုံမှာ သွားတွေ့တယ်။ ဦးပေါက်ယူချမ်း . . . ကျွန်တော်တော့ ဒီလိုလုပ်ဖို့ ရှိတယ်။ ဦးခွန်ဆာနဲ့တွေ့ပြီးတော့ ဥပဒေဘောင်ထဲဝင်ဖို့ အစီအစဉ်လေးရှိတယ်။ ကျွန်တော် ပြင်ဆင်နေပြီ၊ ဆွေးနွေးမှုတွေလည်း လုပ်နေတယ်။ သူက ကျွန်တော့်ကို ဗိုလ်ချုပ်ကြီး . . . မလုပ်နဲ့နော်။ မယုံရဘူး။ ဗိုလ်ချုပ်ကြီး ဒုက္ခရောက်သွားမယ်နော်။ မလုပ်ပါနဲ့တဲ့။ အဲဒီလိုပြောတာဗျ။ ဒါပေမဲ့ . . . ကျွန်တော်လည်း စဉ်းစားတယ်။ သူကလည်း သူ့ဘက်က ဟုတ်တယ်လေ။ သူနဲ့ တိုက်နေတာကိုးဗျ။ အကြိတ်အနယ်တွေ တိုက်ပွဲတွေ ဖြစ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်နေတော့ ဒီလိုပဲပြောမှာပဲ။ ကျွန်တော်ကတော့ သူပြောတဲ့ဥစ္စာ မှန်တယ်။ သူအနေနဲ့ပြောတာကတော့ မှန်တယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ စဉ်းစားတာကတော့ ကျွန်တော့်ဘက်ကတော့ တိုင်းပြည်အတွက်က အဲဒီအချိန်မှာ မူးယစ်ဆေးဝါးက တော်တော်ရှုပ်ထွေးနေတာကိုး။ မူးယစ်ဆေးဝါးကိစ္စမှာ ဘိန်းဘုရင်။ နောက်ပြီးတော့လည်း ဦးခွန်ဆာရဲ့အရှိန်အဝါက တော်တော်တက်နေတဲ့အချိန်။ ရှမ်းပြည်ရဲ့သမ္မတဆိုပြီးတော့တောင်မှ ကြေညာထားပြီးပြီဗျ။ အဲဒီတော့ သူ့အရှိန်အဝါတော်တော်တက်နေတဲ့အချိန်မှာ ရုတ်တရက်ကြီး ကျွန်တော်နဲ့ တွေ့ချင်တယ်။ ဆွေးနွေးချင်တယ်ဆိုတာတွေက ပေါ်လာတော့ အဲဒါက (၁၉၉၅) ခုနှစ်၊ နှစ်ဦးမှာ ပေါ့ဗျာ။

အဲဒါစတဲ့အခါမှာ ကျွန်တော်ကတော့ မယုံတစ်ဝက်ယုံတစ်ဝက်ပေါ့ဗျာ။ ဒုတိယ အကြိမ်၊ တတိယအကြိမ်...ငါးကြိမ်တိတိလောက် ကျွန်တော်နဲ့ ဆက်သွယ်တယ်။ ငါးကြိမ်တိတိမှာ ပထမဦးဆုံးအကြိမ်ကတော့ တာချီလိတ်ကိုဗျ။ တာချီလိတ်မှာ အဲဒီတုန်းက ကျွန်တော့်ရဲ့ထောက်လှမ်းရေးတပ်မှူးက ဗိုလ်မှူးသိန်းဟန်။ သူ့ဆီကို ဦးခွန်ဆာကနေ တစ်ယောက် လွှတ်လိုက်တယ်။ သူ့ယုံကြည်စိတ်အချရဆုံးပုဂ္ဂိုလ် ဦးအောင်လှကို လွှတ်လိုက်တယ်။ အဲဒီအချိန်မှာက သူကလည်း လျှို့ဝှက်လုပ်နေရတယ်။ ယုံကြည်စိတ်အချရဆုံး တစ်ယောက်ပဲ လွှတ်လိုက်တယ်။ ဦးအောင်လှကို ဗိုလ်မှူးသိန်းဟန်ဆီကို လွှတ်လိုက်တယ်။ ဆွေးနွေးချင်တယ်ပေါ့ဗျာ။ ကျွန်တော်နဲ့ လည်း တွေ့ချင်တယ်။ နောက်ပြီးတော့လည်း သူ ဥပဒေဘောင်ထဲဝင်ချင်တယ်။ ကျန်တဲ့အဖွဲ့တွေက (၁၈) ဖွဲ့က ဝင်ပြီးပြီကိုးဗျ။ (၁၈) ဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးက လုပ်ထားပြီးပြီ။ တော်တော်အေးချမ်းနေပြီဗျ။

အဲဒါကိုလည်း သူက အားကျတဲ့သဘောလည်း ဆောင်တယ်။ ဒါပေမဲ့ အဲဒီ အချိန်တုန်းကတော့ သူရည်ရွယ်ထားတာက ဥပဒေဘောင်ထဲဝင်မယ်။ သို့သော်ငြားလည်း လက်နက်ဆက်ကိုင်ထားမယ်ဆိုတဲ့ အဲဒီရပ်တည်ချက်။ သူက တခြားအဖွဲ့နဲ့ မတူဘူးလေဗျ။ သူက ဘိန်းဘုရင်ဖြစ်နေတာကိုး။ ဘိန်းလုပ်တဲ့သူဖြစ်နေတော့ ဘိန်းဘုရင်ကြီးကို လက်နက်ပြန်တပ်ဆင်ပေးရင်တော့ အစိုးရ ဒုက္ခဖြစ်သွားမှာပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်တို့က သူ့ရဲ့ရပ်တည်မှုကို သဘောမကျဘူး။ ဗိုလ်မှူးသိန်းဟန်ကပဲ ကျွန်တော့်ဆီ တိုက်ရိုက်အဆက်အသွယ် လုပ်တာပေါ့ဗျာ။ မဖြစ်ဘူးကွလို့။ ဘယ်လောက်ယုံရလို့လဲ။ ငါတော့ မယုံသေးဘူးကွာ။ ဒီအတိုင်းပဲ ပြန်လွှတ်လိုက်တယ်။ ငါ စဉ်းစားဦးမယ်လို့။ အဲဒါက (၁၉၉၅) ခုနှစ်၊ နှစ်ဦးပိုင်း။ ပြန်လွှတ်တော့ ပြန်သွားရော။

ပြန်သွားပြီးမှ တစ်ခါ နောက်တစ်ခေါက်ကျတော့ ဦးခွန်ဆာကြီးရဲ့ပြောကြားချက်ကို အသံသွင်းပြီးတော့ ဒုတိယအကြိမ် လွှတ်လိုက်တယ်။ အဲဒါက ဘယ်သူ့ကိုလွှတ်လိုက်သလဲဆိုတော့ လောင်တိုင်း(ခ)တင်မောင်ဝင်း။ သူ့ရဲ့စိတ်ချလူယုံပဲ။ ဒါလည်း တာချီလိတ်က ဗိုလ်မှူးသိန်းဟန်ဆီကို လွှတ်လိုက်တာ။ အဲဒီအချိန်ကျတော့ ကျွန်တော်ကနေ အဲဒီလိုဆိုရင်တော့ သူ့ကိုလွှတ်လိုက်တယ်။ ကိုစန်းပွင့်သွား။ ဗိုလ်သိန်းဟန်တစ်ယောက်တည်းနဲ့တော့ မဖြစ်ဘူး။ မင်းပါသွားပြီးတော့ ပြောကြားချက်တွေကို သေသေချာချာလေ့လာ။ ပြောတဲ့ဥစ္စာက အချက်အလက်တွေကော၊ နောက်ပြီးတော့ ယုံကြည်ရသလား။ တကယ့်ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားနဲ့ ပြောတဲ့ပုံသဏ္ဌာန်လား။ တကယ်အားတတ်သရောနဲ့ ဥပဒေဘောင်ထဲဝင်ချင်တယ်ဆိုတဲ့ ဆန္ဒနဲ့ ပြောတာလားဆိုတာကို မင်း အဲဒီမှာ အကဲခတ်ပြီး သေသေချာချာလေ့လာ။ နောက်ပြီး မေးစရာရှိရင်ပြန်မေး။ သူ့ကို ကျွန်တော် မှာလိုက်တယ်။ ငါကတော့ မယုံဘူးကွာလို့။ ဘာဖြစ်လို့လဲဆိုတော့ ဒီအချိန်မျိုးမှာ ယုံဖို့ခက်တယ်။ မယုံတဲ့အကြောင်းတွေကလည်း ကျွန်တော့်မှာ ရှိတယ်။ နောက်ပြီးတော့မှ ပြောမယ်။

အဲဒီတော့ ဒုတိယအကြိမ်ပြန်သွားပြန်ရော။ နောက်တစ်လနေတော့ပေါ့။ တစ်လလောက်...တစ်လလောက်ခြားတယ်ဗျ။ နောက်တစ်ခါ ဦးခွန်ဆာကပဲ ထပ်လွှတ်လိုက်ပြန်ရော။ အဲဒီ တတိယအကြိမ်မှာလည်း တာချီလိတ်ကိုပဲ လွှတ်လိုက်တယ်။ အဲဒီ လောင်တိုင်းပဲ။ ဒုတိယအကြိမ်လွှတ်တဲ့ လောင်တိုင်းကိုပဲ သူ့ရဲ့စိတ်အချရဆုံးလူဆိုတော့ သူ လွှတ်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အထဲမှာလည်း ပေါက်ကြားမှုဖြစ်လို့ မရဘူး။ အဲဒါ သူ ဒီကိစ္စကိုပြောတာက ဦးခွန်ဆာရယ်၊ ဒုတိယခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးကျန်စုရှင်။ သူတို့နှစ်ယောက် အရင်တိုင်ပင်တာ။ သူတို့နှစ်ယောက်ရယ် သူ့အနီးကပ်နေတဲ့ သုံးလေးယောက်။ ဒါပဲသိတယ်။ ကျန်တဲ့တပ်မှူးတွေ မသိသေးဘူး။ ဦးကျန်စုရှင်ကတော့ စစ်ဦးစီးချုပ်လုပ်တာပေါ့ဗျာ။ ဒုတိယခေါင်းဆောင်လည်း ဖြစ်တယ်၊ စစ်ဦးစီးချုပ်လည်း ဖြစ်တယ်၊ တပ်တွေအားလုံး ကိုင်တယ်။ သူတို့နှစ်ယောက် တိုင်ပင်ပြီးတော့ လုပ်ကြတာ။ တတိယအကြိမ် လွှတ်တော့လည်း ကိုစန်းပွင့်ကို ကျွန်တော် လွှတ်လိုက်ပြန်ရော။ အဲဒီမှာ ကျွန်တော်က ကျန်တဲ့သူတွေလည်း မရိပ်မိအောင်ဆိုပြီး သူ့ကိုလွှတ်တာတောင် ထောက်လှမ်းရေးက ကျန်တဲ့သူတွေလည်း မသိစေနဲ့။ ကိုယ့်အချင်းချင်းတောင် မသိစေနဲ့။ အပြင်မှာ တည်းခိုင်းတယ်။ သူ့ကို တပ်ထဲမှာ မတည်းခိုင်းဘူး။ ဘာကိစ္စနဲ့ မင်း တာချီလိတ်ရောက်လာတယ်ဆိုတာ မသိစေနဲ့။ ထောက်လှမ်းရေးက ဗိုလ်စန်းပွင့်လာတယ်ဆိုတာလည်း မသိစေနဲ့ဆိုပြီး သူ့ကို ကျွန်တော် လွှတ်ရတယ်။ သုံးကြိမ်မြောက် ဖြစ်သွားပြီ။

အဲဒီမှာတော့ ခွန်ဆာကြီးအသံသွင်းတာက ပိုပြီးလေးလေးနက်နက်ပါလာတယ်ဗျ။ သူကလည်း ကျွန်တော့်အပေါ်မှာ ယုံကြည်ပါတယ်။ ကျွန်တော် ပြောတာဆိုတာတွေ သူ အမြဲကြားနေတယ်။ ကျန်တဲ့အဖွဲ့တွေအကုန်လုံးဝင်လာပြီး သူပဲ ကျန်တော့တယ်။ သမိုင်းမှာ သူ့ရဲ့သမိုင်းကြောင်းကောင်းချင်တယ်။ အခုဆိုရင် သူ့သမိုင်းက ဘိန်းဘုရင်ဆိုတဲ့သမိုင်းချည်းပဲ ဖြစ်နေတယ်။ အသက်အရွယ်လည်း ရလာပြီ။ သူ့သမိုင်းကိုလည်း ကောင်းတဲ့သမိုင်းနဲ့ ဖြစ်စေချင်တယ်။ သူ မသေခင်ပေါ့ဗျာ။ အဲဒီလိုမျိုး သူက ပြောလာတယ်။ အဲဒါကို အသံသွင်းပြီးပေးလိုက်တယ်။ တတိယအကြိမ်ကျတော့ ကျွန်တော်က နည်းနည်းလေး ယုံလာတဲ့သဘော ရှိတယ်။ တတိယအကြိမ်ကျတော့ သူက တကယ်လည်း သူပြောတာတွေက လုပ်ကြံပြီးပြောတာ မဟုတ်ဘူး။ တကယ်စိတ်ထဲကပါပြီးတော့မှ ပြောတာမျိုးဖြစ်လာတယ်။ နောက်တစ်ခုက ကျွန်တော်က တတိယအကြိမ် လာပြီးတဲ့အခါမှာကျွန်တော်တို့ဘာလုပ်လိုက်သလဲဆိုတော့စောစောပိုင်းတုန်းက သူ့မှာအဖွဲ့ရှိနေတယ်ဗျ။ တရုတ်အဖွဲ့နဲ့ရှမ်းအဖွဲ့ ရှိနေတယ်။ အဲဒီနှစ်ဖွဲ့မှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့က နည်းနည်းလေး သံသယစိတ်ကလေး ရှိတယ်။ ဦးခွန်ဆာက တရုတ်အဖွဲ့ဘက်ကို လိုက်တယ်ဆိုပြီး နည်းနည်းလေး ရှမ်းအဖွဲ့မှာ ကသိကအောက်လေး ရှိတယ်။

ငြိမ်းချမ်းရေး ဆွေးနွေးတဲ့အချိန်မှာ ဦးကန်းရွက်က ပထမက ဦးခွန်ဆာအဖွဲ့ထဲမှာ။ သူကလည်း တစ်ဖက်ကနေ ကျွန်တော်တို့ကို ဆက်သွယ်လာတယ်ဗျ။ သူ့ရဲ့သဘောထားကိုမေးကြည့်တော့ သူက ဘယ်လိုလဲဆိုတော့ ရှမ်းနဲ့တရုတ်နဲ့ သူ့အထဲမှာ ရှိတယ်။ ဦးခွန်ဆာက တရုတ်ဘက်ပါသလို ဖြစ်တယ်။ သူက ရှမ်း။ အဲဒီတော့ ဦးခွန်ဆာက တရုတ်တွေကို ဦးစားပေးတယ်ဆိုတဲ့အခါကျတော့ သံသယစိတ်တွေ ဝင်လာတယ်။ အဲဒီ ကန်းရွက်အဖွဲ့က ကျန်တဲ့အဖွဲ့ (၁၈) ဖွဲ့ကလည်း ဥပဒေဘောင်ထဲ ဝင်လာပြီဆိုတော့ သူလည်း ဒီလိုပဲ ဥပဒေဘောင်ထဲကို ခွဲထွက်ပြီး ဝင်လာမယ်ပေါ့။ တစ်ဖက်ကလည်း ကျွန်တော်တို့ အဲဒါကိုစည်းရုံးတော့ ကန်းရွက်အဖွဲ့ဝင်လာတယ်။ အဲဒါက တောင်ပိုင်းမှာမဟုတ်ဘူး။ မြောက်ပိုင်းမှာ ဝင်လိုက်တာ။ အဲဒါက ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ။

ဗိုလ်မှူးစန်းပွင့်။ ။ တန့်ယန်းနဲ့ သီပေါပေါ့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အင်း . . . အဲဒီအစပ်မှာ။ ဦးကန်းရွက်နဲ့အဖွဲ့ ခွဲထွက်လာတော့ ပထမတော့ နစ်ရာလောက်ဗျ။ နောက်တော့ သူတို့ဆွဲခေါ်ရင်းနဲ့မှ လူက တော်တော်များလာတယ်။ အဲဒီမှာ ကျွန်တော်တို့ ထိန်းထားတယ်။ သူ့လူတွေလည်း ကွဲကွဲထွက်သွားတယ်။ ကြာရင်တော့ ငါ ဒုက္ခရောက်ရချည်ရဲ့ဆိုတာမျိုးနဲ့ ပိုပြီးတော့ သူ့ကိုဥပဒေဘောင်အတွင်း ဝင်ရအောင်လို့ တွန်းအားတွေ ပေးလာတဲ့ သဘောဆောင်တယ်။ ကန်းရွက်အဖွဲ့က ကျွန်တော်တို့က ဖဲ့ထုတ်လိုက်တဲ့အတွက် ထွက်လာတယ်။ ဒါလည်း သူ့ဟာနဲ့သူ။ ကျွန်တော်တို့က အကြောင်းရှာပြီး ဖဲ့ထုတ်လိုက်တာမဟုတ်ဘူး။ သူ့ဟာသူ ကွဲထွက်ပြီးတော့မှ သူတို့သံသယတွေနဲ့ ဝင်လာတော့ ကျွန်တော်တို့က အဲဒီအချိန်အခါလေးမှာ ဒီလိုအေးအေးချမ်းချမ်း ဝင်လာရင်ကောင်းတယ်ဆိုတာမျိုးနဲ့ တစ်ဖက်ကနေ ကျွန်တော်တို့က ဆွဲခေါ်လိုက်တာ။ ဆိုတော့ သူ့မှာအကျပ်အတည်း ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြားထဲမှာ ဟိုမှာ "ဝ"နဲ့ တိုက်နေတယ်။ လွယ်လန်းမှာ တိုက်ပွဲတွေ အကြီးအကျယ် ဖြစ်နေတယ်။ ကျတဲ့သူတွေလည်း အများကြီးပဲ။ ရာချီပြီးကျတာ။ "ဝ"ကလည်း ကျတယ်။ အမ်တီအေ ဦးခွန်ဆာအဖွဲ့ကလည်း ကျဆုံးမှုတွေ ရှိနေတယ်။ "ဝ"က လည်း အကြိတ်အနယ် အတင်းတိုက်နေတယ်။ အဲဒီတိုက်ပွဲတွေလည်းဖြစ်နေတော့ ဦးခွန်ဆာက တဖြည်းဖြည်းနဲ့ အားယုတ် လာတယ်။ နောက် သူ့ကျန်းမာရေးလည်း ချို့ယွင်းလာတယ်။ ကျန်းမာရေးမကောင်းရှာဘူး ဖြစ်လာတယ်။ ဘိန်းဘုရင်ဆိုတာ ကြီးကလည်းနာမည်ဆိုးကြီးကရှိနေတာကိုး။အဲဒီမှာစောစောပိုင်းကကျွန်တော်မယုံတဲ့အကြောင်းကကျွန်တော်တို့နဲ့မဆက် ခင်မှာ အဲဒီအချိန်တုန်းက အမေရိကန်က ဂျင်မီကာတာလက်ထက်က မူးယစ်ဆေးဝါးအကြံပေးပုဂ္ဂိုလ် ပီတာဘုန်းဆိုတာကို လွှတ်လိုက်တာ။ အဲဒီတုန်းက ဦးခွန်ဆာကြီးက သမ္မတဖြစ်နေပြီ။ ရှမ်းပြည်သမ္မတဆိုပြီး သူက ထူထောင်လိုက်ပြီဗျ။ လွတ် လပ်သော ရှမ်းပြည်ဆိုပြီး တော့မှ ဒီလိုလုပ်လိုက်တာ။ သူက သမ္မတပေါ့။

အဲဒီအချိန်မှာ ဂျင်မီကာတာကနေ သူ့မူးယစ်ဆေးဝါးအကြံပေး ပီတာဘုန်းကို လွှတ်လိုက်တယ်။ ပီတာဘုန်းက ဟိုမိန်း ကနေ ဝင်လာတာဗျ။ Peter Bourne...ပီတာဘုန်း။ ဂျင်မီကာတာ (၁၉၉၄) ခုနှစ်က။ ပီတာဘုန်းကိုလွှတ်လိုက်ပြီးတော့ ဘာ ပြောသလဲဆိုရင် လွတ်လပ်တဲ့သမ္မတနိုင်ငံဆိုပြီး ရှမ်းပြည်ကိုလည်း ထူထောင်လိုက်တယ်ပေါ့ဗျာ။ မင်းတို့ အစိုးရကို ရဲရဲဝံ့ဝံ့ တိုက်။ အစိုးရကိုတိုက်လို့ အောင်မြင်မှုတွေရရင် သူတို့ကူညီမယ်ပေါ့ဗျာ။ သွားပြီး ပင့်ပေးတာဗျ။ ခင်ဗျားကြည့်လေဗျာ။ အမေ ရိကန် ဘယ်လောက်ဟိုသင်းဖြစ်သလဲဆိုတာ။ ပင့်ပေးလိုက်တာ။ ဒါ တကယ့်စိတ်ရင်း ဟုတ်ချင်မှဟုတ်မယ်ပေါ့ဗျာ။ သူတို့ လည်းလှည့်ကွက်တွေအများကြီးရှိတာပေါ့ဗျာ။အဲဒါတွေကို (၁၉၉၄) ခုနှစ်တုန်းကလုပ်ခဲ့တဲ့အတွက်ကျွန်တော်ကနည်းနည်း သံသယရှိတယ်ဗျ။ သံသယရှိတော့ တစ်ဖက်လှည့်နဲ့များ ငါတို့အထဲဝင်ပြီးတော့မှ . . .။ သူကတော့ လက်နက်နဲ့ ပြန်နေမယ် ဆိုတာမျိုး အဆိုပြုတာ။

နောက်ဆုံးကျတော့ ကျွန်တော်က မဖြစ်ဘူး။ အကြွင်းမဲ့ လက်နက်စွန့်ရမယ်။ လက်နက်မစွန့်လို့တော့ မရဘူးဗျ။ ကျန်တဲ့ အဖွဲ့တွေနဲ့မတူဘူး။ ခင်ဗျားက ဘိန်းဘုရင်။ ဘိန်းဘုရင်ဆိုတာ နိုင်ငံတကာမှာလည်း ကျော်ကြားနေတဲ့အတွက် လူသားချင်း စာနာစိတ်နဲ့တော့ကျွန်တော်ကသဘောပေါက်တယ်။သို့သော်ငြားလည်းပဲအပြည့်အဝယုံကြည်ဖို့ဆိုတာကနိုင်ငံတကာကပါ ယုံကြည်ဖို့လိုတယ်။ကျွန်တော်တို့မြန်မာနိုင်ငံ အနေနဲ့ တစ်နိုင်ငံတည်းယုံကြည်လို့မရဘူး။ ခင်ဗျားက ဘိန်းဘုရင်ဖြစ်နေတော့ နိုင်ငံတကာမှာလည်း နာမည်ကြီးနေတာ။ နိုင်ငံတကာကလည်း ယုံကြည်ဖို့လိုတယ်။ ယုံကြည်ဖို့ဆိုတဲ့နေရာမှာ အကြွင်းမဲ့ လက်နက်စွန့်မှ ဖြစ်မယ်။ ခင်ဗျားကို လက်နက်တပ်ဆင်ပေးလို့တော့ မဖြစ်ဘူး။ ဒါ တတိယအကြိမ် ပြောလိုက်တယ်။ အဲဒီမှာ ပြန်သွားပြီးတော့ စတုတ္ထအကြိမ်ကျတော့ ဘယ်ကိုရောက်လာသလဲဆိုတော့ မင်းတို့ချိန်းတာ တောင်ကြီးမှာနော်။

ဗိုလ်မှူးကြီးစန်းပွင့် ။ ။ ဟုတ်တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် ။ ။ စတုတ္ထအကြိမ်ဝင်လာတော့ ဘယ်ကဝင်လာသလဲ။

ဗိုလ်မှူးကြီးစန်းပွင့် ။ ။ လင်းခေးကနေ ဝင်ချလာတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် ။ ။ အေး . . . အဲဒီမှာလည်း လောင်တိုင်းပဲ။ သူက ဒီတစ်ခါကျတော့ တာချီလိတ်ဘက်က မလာ တော့ဘူး။ သံလွင်မြစ်ဖြတ်ကူးပြီးတော့ လင်းခေးဘက်ကနေ လာတယ်။ စတုတ္ထအကြိမ်ဆိုတော့ ပိုလည်း အရေးကြီးပါတယ် တဲ့။ ကျွန်တော်က ဘယ်သူ့ကိုလွှတ်လိုက်သလဲဆိုတော့ ဗိုလ်မှူးကြီး ကျော်သိန်း။ ဗိုလ်မှူးကြီးကျော်သိန်းရယ်၊ သူရယ် နှစ် ယောက်ပေါ့။ ဒုတိယဗိုလ်မှူးကြီး စန်းပွင့်ရယ်ပေါ့။ တောင်ကြီးသွားရတယ်။ တောင်ကြီးမှာ တပ်မှူးက ဗိုလ်မှူးခင်ဇော်။ သူတို့နဲ့ လောင်တိုင်းနဲ့ တွေ့တယ်။ ကျွန်တော်ပြောလိုက်တဲ့ အကြွင်းမဲ့လက်နက်စွန့်မယ်ဆိုတာကို လက်ခံပါတယ်တဲ့။ အဲဒါပဲ ပြောတယ်။ဒါကိုအားလုံးအေးအေးချမ်းချမ်းနဲ့ပြီးမြောက်ရေးအတွက်ကိုကျွန်တော်ကနေအားလုံးစီစဉ်ဆောင်ရွက်ပေးပါတဲ့။ ကျွန်တော် အတွင်းရေးမှူး (၁) ကို ယုံကြည်ပါတယ်တဲ့။ တကယ်လုပ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်တဲ့။ သူက ကျွန်တော့်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ကို အပ်ပါတယ်တဲ့။ ဒါ ပြီးမြောက်အောင်လုပ်ပေးပါဆိုပြီး အဲဒီအချိန်မှာ စတုတ္ထအကြိမ်မှာ တော်တော်ပြီးမြောက်လက်ခံသွားပြီ။ အဲဒီအချိန်ကျမှ နံပါတ်ဝမ်းနဲ့ ကျွန်တော် စကားပြောတယ်။ စတုတ္ထအကြိမ်ကျမှ ကျွန်တော် တင်ပြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တွေ တင်ပြလို့ အမှားကြီးဖြစ်နေရင် မဖြစ်ဘူးလေဗျာ။ အဲဒီအချိန်မှာ ကျွန်တော်လည်း ယုံကြည်သွားပြီ။ စိတ်ချသွားပြီ။ တိုင်းပြည်အတွက်ကိုး။ ကျွန်တော်က တာဝန်ခံတယ်ဆိုတော့ ဥက္ကဋ္ဌနဲ့ တွေ့ပြီး တင်ပြလိုက်တယ်။ ယုံကြည်ရပါတယ်၊ ကျွန်တော် တာဝန်ခံပါတယ်။ ကျွန်တော့်ကိုတော့ ဦးပေါက်ယူချမ်းတို့ကတော့ ပြောတယ်။ သို့သော်ငြားလည်းပဲ ဦးခွန်ဆာရဲ့အသံသွင်းပေးထားတဲ့တိပ်ခွေ နားထောင်ပြီး သူ့လေသံ၊ ပြောဟန်ဆိုဟန်။ နောက်တစ်ခါ သူတို့ကို အကဲခတ်နိုင်းတယ်။ ယုံကြည်ဖွယ်ရာ ရှိတယ်။ သူကတော့ အခုအချိန်မှာတော့ နောက်ပြီးတော့ ဟိုဘက်ကလည်းကန်းရှက်အဖွဲ့တွေဝင်လာပြီဆိုတဲ့အခါကျတော့ဒီအချိန်မှာသူအကျပ်အတည်းဖြစ်နေပြီ။ အဲဒါကျွန်တော်တွက်တယ်။ နောက် ကျန်းမာရေးလည်း သိပ်မကောင်းတော့ဘူး။

ဒီအကျပ်အတည်းတွေကြားထဲမှာ အကျပ်အတည်းက သူ လွတ်မြောက်အောင်တော့ ထွက်တော့မယ်။ အဲဒီမှာ ကျွန်တော်က ဒီအတိုင်း ငါ လုပ်ရင်တော့ဖြစ်မယ်ဆိုပြီး တင်ပြလိုက်တော့ ခင်ဗျား ယုံကြည်ရင်တော့ စိတ်ချလုပ်ပါတဲ့။ ဒါနဲ့ ကျွန်တော် အသေးစိတ်ဆွေးနွေးပြီးတော့ အဲဒီအဖွဲ့ကို စတုတ္ထအကြိမ်ပြန်လွှတ်လိုက်တယ်။ ပြန်လွှတ်လိုက်ပြီးတော့ ခင်ဗျားကို ယုံကြည်လို့ပြန်လွှတ်တယ်။အသေးစိတ်တော့ရှိတယ်။ဆိုတော့သူကအဲဒီမှာပဉ္စမအကြိမ်ကျတော့သူ့ဦးလေးကိုလွှတ်လိုက်တာ။ သူ့ဦးလေးအရင်းကို လွှတ်လိုက်တာ။ သူ့ဦးလေး ဦးခွန်ရှန်ကို လွှတ်လိုက်တယ်။ သူ့ဦးလေးဆိုပေမဲ့ သူ့ထက် အသက်ငယ်တယ်။ ဦးခွန်ရှန်ရယ် ဦးကျော်မြင့်ရယ် နှစ်ယောက်ကို လွှတ်တယ်။ သူတို့ကို ကျွန်တော်က ရန်ကုန်ခေါ်လိုက်တယ်။ ကျွန်တော်နဲ့ တွေ့ဖို့ခေါ်လိုက်တယ်။ ခေါ်ပြီး ကျွန်တော်နဲ့တွေ့တယ်။ အဲဒီမှာတော့ ကျွန်တော်ရယ် ကျွန်တော့်ရဲ့ Deputy ဗိုလ်မှူးချုပ်ကျော်ဝင်းရယ်ပေါ့ဗျာ။ နောက် ဗိုလ်မှူးကြီးကျော်သိန်းရယ်၊ ဒုဗိုလ်မှူးကြီးစန်းပွင့်ရယ်။ ကျွန်တော့်ရုံးခန်းမှာပဲ တွေ့တယ်။ ရုံးခန်းဆိုတော့ Guest House မှာပါပဲ။ ခွန်ဆာ့ဦးလေးက သူ့တူ ခွန်ဆာလည်း ကျန်းမာရေးသိပ်မကောင်းဘူး။ သူမသေခင်မှာ သူ့သမိုင်း . . . ဘိန်းဘုရင်ဆိုတဲ့သမိုင်းကို ဖျက်ချင်တယ်။ အဲဒါကြောင့်မို့လို့ အကြွင်းမဲ့လက်နက်စွန့်လွှတ်ရေးဆိုတာကိုပေါ့။ လက်နက်များပြန်တပ်ပေးမလားဆိုတာ စောစောက လိုလားချက်တော့ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ ဗိုလ်ချုပ်ကြီးရဲ့ ပြောကြားချက်အရ၊ ပြန်ကြားချက်အရဆိုပြီးတော့ ဗိုလ်ချုပ်ကြီးပြန်ကြားချက်တွေကလည်း အဓိပ္ပာယ်ရှိပါတယ်။ နောက်တစ်ခု ဗိုလ်ချုပ်ကြီးအပေါ်လည်း ယုံကြည်တယ်ပေါ့။

BURMESE CLASSIC .com

ဦးခွန်ဆာက သူ အကြွင်းမဲ့ လက်နက်စွန့်လွှတ်ရေးကို သဘောတူလိုက်တယ်။ အဲဒါကို ဗိုလ်ချုပ်ကြီး အသေးစိတ်စီစဉ်ပေးပါ။ စီစဉ်ပေးတဲ့အတိုင်းဖြစ်မြောက်အောင် လုပ်ပါ့မယ်ဆိုပြီး အကုန်လုံးတာဝန်ယူပါတယ်တဲ့။ အဲဒီမှာ ကျွန်တော်က ဒါတော့ ပဉ္စမအကြိမ်ပဲဆိုပြီးတော့ ကျွန်တော် စီစဉ်တော့မယ်ဆိုပြီး ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌကို သွားပြီးတင်ပြတယ်။ ပထမက ဒုချုပ်ဆီသွားတယ်။ ဒုချုပ်ကနေ ဥက္ကဋ္ဌဆီသွားပြီးတော့မှ ကျွန်တော်တို့ စီစဉ်မယ်။ စိတ်ချပါ၊ ကျွန်တော် တာဝန်ယူပါမယ်ဆိုပြီး ပြောလိုက်တယ်။ တစ်ဖက်ကိုတော့ သူတို့ကိုပြောလိုက်တာက ငါကတော့ တာဝန်ယူလိုက်ပြီကွာလို့။ အသေးစိတ်ကို မင်းလုပ်ရမှာလို့။ လေးချက် ငါ ပြောလိုက်မယ်လို့။ ဦးခွန်ဆာကြီးနဲ့တွေ့တဲ့အခါ အဲဒီလေးချက်ကို မင်းပြောကွာလို့။ သူ့ကို သေချာမှာလိုက်တာ။ လူကလည်း များများစားစား လွှတ်တာမဟုတ်ပါဘူး။ ဒီအတိုင်းလွှတ်လို့ မရဘူးလေ။ ခေါင်းဆောင်တစ်ဦး သူ့ကိုပဲ လွှတ်လိုက်တာ။ သူနဲ့ ဗိုလ်မှူးဉာဏ်လင်း။ (ဗိုလ်မှူးဉာဏ်လင်းကတော့ အခု မေမြို့မှာ ပန်းစိုက်နေတယ်)။ သူရယ် ဗိုလ်မှူးဉာဏ်လင်းရယ် တောင်ကြီးက ထောက်လှမ်းရေးတပ်ဖွဲ့မှူး ဗိုလ်ကြီးထွန်းထွန်းဦးရယ် ဓာတ်ပုံတွေရိုက်ဖို့ ကင်မရာမင်းတပ်ကြပ်ကြီးရယ် . . . အားလုံး လေးယောက်။ ကျွန်တော်နဲ့ဆက်သွယ်ဖို့က တစ်ယောက်။ ပေါင်းငါးယောက်ပေါ့။ တောင်ကြီးကနေလင်းခေးကိုရဟတ်ယာဉ်နဲ့ပို့လိုက်တယ်။လင်းခေးကနေ သံလွင်ကူးတို့ဆိပ်ကိုကားနဲ့သွားကြတယ်။ပထမ ချိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကတော့ ကျွန်တော့်ရဲ့ mission ပေါ့ဗျာ။ တစ်ဖက်ကတော့ ကျွန်တော်တို့က ဘယ်လိုလုပ်လိုက်သလဲဆိုတော့ တပ်မ (၅၅)။ အဲဒီတုန်းက ဗိုလ်မှူးကြီးမိုးဟိန်း။ သူက ဒုတပ်မမှူးဗျ။ ဒါပေမဲ့ တပ်မမှူးမရှိတော့ ခေတ္တတပ်မမှူးပေါ့။ တပ်ရင်း (၁၀) ရင်းပေါ့။ အဲဒါနဲ့ ဘယ်လိုစီမံသလဲဆိုတော့ အဲဒီ တပ်ရင်း (၁၀) ရင်းသည် ဦးခွန်ဆာရဲ့ဒေသကို ဝင်ဖို့အတွက် . . .။ဟို ဘက်က ကျိုင်းတုံဘက်ကတော့ ဗိုလ်မှူးကြီးပြည့်စုံ။

ဗိုလ်မှူးကြီးစန်းပွင့် ။ ။ ဟုတ်ကဲ့။ သူလည်း တပ်ရင်း (၁၀) ရင်းပဲ။

သူကလည်း တပ်မမှူးပေါ့ဗျာ။ စကခပေါ့။ အဲဒီတုန်းက တြိဂံတိုင်းမပေါ်သေးဘူး။ ဗိုလ်မှူးကြီးပြည့်စုံကလည်း တပ်ရင်း (၁၀) ရင်း ရှိတယ်။ သူလည်း တပ်မမှူးပါပဲ။ နောက် ဒီဘက်က အဲဒီတုန်း ဗိုလ်မှူးကြီးသီဟသူရစစ်မောင်။ သူကလည်း တပ်မမှူးပေါ့။ သူလည်း ဘယ်နရင်းလဲ မသိဘူး။

ဗိုလ်မှူးကြီးစန်းပွင့် ။ ။ သူလည်း (၁၀) ရင်းပဲဗျ။ အဲဒီတော့ တပ်ရင်းအားလုံးပေါင်း (၃၀) ပေါ့ဗျာ။ ဒါပေမဲ့ . . . သံလွင် အနောက်မှာပဲ နေရဦးမယ်။ ကျွန်တော်တို့ ထောက်လှမ်းရေးက အရင်သွားမယ်။ ထောက်လှမ်းရေးက အကုန်စီစဉ်မယ်။ ထောက်လှမ်းရေးက ရှေ့ကနေမယ်။ ထောက်လှမ်းရေးဆိုတာလည်း သူနဲ့ငါးယောက်ပါပဲ။ သူနဲ့ငါးယောက်က ကျွန်တော်တို့ က ကြိုပြီးညှိလိုက်ပြီးပြီလေ။ ကျွန်တော်တို့ဆီက ဒုဗိုလ်မှူးကြီးစန်းပွင့်လာမယ်။ လာပြီး ဦးခွန်ဆာနဲ့တွေ့မယ်။ တွေ့ပြီး ဦးခွန် ဆာနဲ့ အသေးစိတ်ညှိမယ်။ ညှိပြီးတော့မှ အားလုံးအဆင်ပြေပြီဆိုမှ တပ်တွေဝင်မယ်။ အခုတော့ တပ်တွေက သံလွင် အနောက်ဘက်မှာပဲ ရှိတယ်။ သံလွင်မြစ်မကူးရသေးဘူး။ သံလွင်မြစ်ကူးဖို့အတွက်ကလည်း စပိဘုတ်တွေနဲ့ ဒီဘက်ကမ်းမှာ အကုန်ပြင်ဆင်ထားတာပေါ့။ ဒါပေမဲ့ လူတွေ မရိပ်မိအောင်၊ သူတို့တပ်ဖွဲ့တွေ မရိပ်မိအောင် . . . ဘာဖြစ်လို့လဲဆိုတော့ သူတို့တပ်ဖွဲ့တွေက မသိသေးဘူးဗျ။ ဦးခွန်ဆာနဲ့ ထိပ်ပိုင်းက လူလေးငါးယောက်လောက်ပဲ သိမယ်။ လက်နက်တွေကိုင်ထား တဲ့ သူတွေကို လက်နက်တွေစွန့်ရမယ်ဆိုတာ သွားပြောလိုက်ရင် အကုန်ပေါက်ကွဲမှာပဲ။ အဲဒီတော့ သူ(ဗိုလ်မှူးကြီးစန်းပွင့်) ကလည်း အသေးစိတ်ကတော့ ခင်ဗျားကို ဆက်ပြောမှာပေါ့လေ။

အကြမ်းဖျင်းကတော့ သူနဲ့သွားဆွေးနွေးပြီးတော့ ဦးခွန်ဆာနဲ့ တွေ့ပြီး တပ်တွေ ဘယ်လိုဝင်မယ်။ လက်နက်တွေ ဘယ်လိုစုမယ်။ ဒါတွေ သူနဲ့ အကုန်ညှိလိုက်တာပေါ့ဗျာ။ ကျွန်တော် မှာလိုက်တာတော့ အချက်လေးချက်ဗျ။ အဲဒီအချက် လေးချက် မင်းပြောပါဦး။ နံပါတ်တစ်ကတော့ လက်နက်တွေအားလုံးကို အကြွင်းမဲ့စွန့်လွှတ်ရမယ်။ လက်နက်ချသည်လို့ ကျွန်တော်မသုံးဘူး။ဘာဖြစ်လို့လဲဆိုတော့ကျွန်တော်တို့လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေကလက်နက်ချတယ် ဆိုတာ လက်မခံဘူးဗျ။ အသုံးအနှုန်းကတော့ မကောင်းဘူးပေါ့ဗျာ။ တပ်မတော်မှာ အစဉ်အလာအရ သုံးတာကတော့ လက်နက်ချ၊ လက်နက်ချဆိုပြီး သုံးခဲ့တာကိုးဗျ။ ဒါပေမဲ့ အဲဒီစကားလုံးက သိပ်ပြီးတော့မှ တာသွားတယ်ဗျ။ ဘယ်သူမှ လက်မခံဘူး။ လက်နက်ချတယ်ဆိုတာက ဦးညွှတ်လိုက်တာပေါ့ဗျာ။ အညံ့ခံလိုက်တာပေါ့ဗျာ။ အဲဒါကို လူသားချင်းကြည့် တော့ မလုပ်ချင်ဘူးဗျ။ အရင်တုန်းကတော့ ဘုရင်စနစ်တုန်းကတော့ ဘုရင်ကို သွားဦး ညွှတ်ပြီးတော့ ဘုရင်ကို ရှိခိုးရတာ ကိုးဗျ။ ဟုတ်ဘူးလား။ အခုက ဘုရင်စနစ်မှ မဟုတ်ဘဲကိုးဗျ။ အဲဒီတော့ လက်နက်ချတယ် ဆိုတာကို ဘယ်သူမှ မကြိုက်ဘူး။ ကျွန်တော်နဲ့ အဖွဲ့(၁၈) ဖွဲ့နဲ့တုန်းကလည်း လက်နက်ချတယ်လို့ ကျွန်တော် မသုံးဘူး။ အဲဒီတုန်းကလည်း လက်နက်လည်း မစွန့်ဘူးလေ။ ဥပဒေဘောင်ထဲဝင်တယ်လို့ပဲ သုံးတာ။ အခုကျတော့ ကျွန်တော်တို့က အကြွင်းမဲ့လက်နက်စွန့်ရမယ်။ အဲဒီတော့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲတယ်ဆိုတဲ့ စကားလုံး သုံးတယ်။ ဆိုတော့ လက်နက်အားလုံး စွန့်ရမယ်။ နံပါတ်နှစ်က အမ်တီအေတပ်ဖွဲ့အားလုံး ဖျက်သိမ်းရမယ်။ မူးယစ်ဆေးဝါးလုပ်ငန်းအားလုံး မလုပ်ရတော့ဘူး။ မူးယစ်ဆေးဝါးလုပ်ငန်းနဲ့ မပတ်သက်ပါနဲ့တော့။ ဒါတော်တော်ခက်တယ်ဗျ။ တော်ရုံတန်ရုံအဖွဲ့တွေက သူတို့အဖွဲ့တွေ ဖျက်သိမ်းလိုက်ရမယ်ဆိုတာ တော်တော်ခက်တယ်။ ဒါပေမဲ့ သူတို့ တော်တော်ယုံကြည်လို့ဗျ။ မလွယ်ဘူးလေ။ ကျွန်တော်ကလည်း နိုင်ငံတော်ရဲ့ပေါ်လစီ



www.burmeseclassic.com

www.burmeseclassic.com



ကိုးဗျ။ ဘိန်းဘုရင်ကို ဘယ့်နှယ်လက်နက်တွေ ပြန်ပေးလို့ရမလဲ။ လက်နက်တွေ စွန့်ရမယ်။ လုံးဝဖျက်သိမ်းရမယ်။ မူးယစ်ဆေးဝါး လုံးဝပတ်သက်မှု မရှိစေရဘူး။ နံပါတ်သုံးက နိုင်ငံတော်က စီမံတဲ့အတိုင်း လိုက်နာ နေထိုင်မယ်။ လုံခြုံရေး လုံးဝတာဝန်ယူတယ်။ လုံခြုံရေးဆိုတာက ဘယ်နိုင်ငံကနေ တောင်းတောင်း မပေးဘူး။ ဦးခွန်ဆာကို ဘိန်းဘုရင်ဆိုပြီး အမေရိကန်က တောင်းနေတယ်လေဗျ။ အဲဒါတော့ ခိုင်ခိုင်မြဲမြဲပဲ ခင်ဗျားကို ဘယ်နိုင်ငံကတောင်းတောင်း မပေးဘူး။ မြန်မာနိုင်ငံထဲမှာပဲ ခင်ဗျားအေးအေးချမ်းချမ်းနေရမယ်။ အေးအေးချမ်းချမ်းနေလို့ရအောင် လုပ်ပေးမယ်။ နောက်ပြီးနံပါတ်လေးအချက်ကျတော့ သူ့ရဲ့တပ်ဖွဲ့ဝင်တွေအားလုံး အတွက်စားဝတ်နေရေးကို တာဝန်ယူတယ်။ စားဝတ်နေရေး တာဝန်ယူတယ်ဆိုတော့ ပြီးပြီပေါ့ဗျာ။ သူကလည်း အဲဒါကိုယုံကြည်လို့ပေါ့ဗျာ။ လေးချက်ပဲ ကျွန်တော် ပြောလိုက်တယ်။

နောက်ပြီး မင်းက ဦးခွန်ဆာနဲ့ နှစ်ယောက်တည်းတွေ့တဲ့အချိန် ပြောကွာလို့။ ငါကတော့ အားလုံးကို တာဝန်ယူလိုက်တယ်လို့။ အောင်မြင်တယ်ဆိုရင် တို့တပ်မတော်ရဲ့အောင်ပွဲပဲလို့။ မူးယစ်ဆေးဝါးဆိုတာလည်း ပျောက်သွားမယ်။ အဲဒီတုန်းက သူက မူးယစ်ဆေးဝါးဘုရင်ကြီးကိုး။ တိုင်းပြည်အတွက်လည်း အေးချမ်းသွားမယ်။ ရှမ်းတောင်ပိုင်းတစ်ခုလုံးက သူ အုပ်စိုးထားတာဗျ။ တောင်ပိုင်းတင်မကဘူး မြောက်ပိုင်းမှာပါ သူ့အဖွဲ့တွေက ခွဲထားတာ။ အင်အားသိပ်ကြီးတဲ့အဖွဲ့၊ လက်နက်တွေ ဘယ်လောက်များသလဲဆိုတာ နောက်တော့သူပြောပြလိမ့်မယ်။

အဲဒီတော့ ဒီအဖွဲ့ကြီးကနေ လက်နက်တွေစွန့်မယ်ဆိုတဲ့အာမခံချက် ပေးထားတော့ ကျွန်တော်ကလည်း အာမခံလိုက်တယ်။ ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌကို ကျွန်တော် အာမခံပါတယ်၊ တာဝန်ယူပါတယ်လို့ ပြောလိုက်တယ်။ သူ့ကိုလည်း မှာလိုက်တယ်။ အဲဒီတော့ ဒီဟာမအောင်မြင်ရင် အခု ဦးခွန်ဆာအဖွဲ့ လက်နက်စွန့်လွှတ်တာ အောင်မြင်မှုမရှိဘူး။ ပြဿနာတွေပေါ်လာပြီဆိုရင်တော့ ကျွန်တော့်မှာ တာဝန်ရှိတယ်။ အဲဒီကျရင်တော့ ကျွန်တော် နုတ်ထွက်လိုက်ပါ့မယ်။ အဲဒါ သူ့ကိုပြောလိုက်ဆိုပြီး မှာလိုက်တယ်။ ခင်ဗျားစွန့်လွှတ်သလိုပဲ ကျွန်တော်ကလည်း စွန့်လွှတ်ပါတယ်ဆိုတာကို ပြောလိုက်တယ်။ သူကလည်း ဒါကြီးတစ်ဖွဲ့လုံးကို စွန့်လွှတ်ရမှာကိုးဗျ။ သူ့တစ်ဖွဲ့လုံးကို ဖျက်သိမ်းလိုက်ရမယ်။ သူ့ဘက်က ကြည့်မယ်ဆိုရင်လည်း တော်တော်စဉ်းစားရတာမျိုးဗျ။ သူတောင်မှ စွန့်လွှတ်သေးတာ။ ကျွန်တော်ကလည်း စွန့်လွှတ်တယ်ဆိုတာ မအောင်မြင်ဘူးဆိုရင်တော့ ကျွန်တော်လည်း ကျွန်တော့်တာဝန်ကို ဒီကနေ နုတ်ထွက်သွားမယ်လို့ အဲဒီလိုဆုံးဖြတ်ထားပြီးပြီလို့။ အဲဒါကို သူကနေတစ်ဆင့် ဦးခွန်ဆာကိုပြောလိုက်တော့ ဦးခွန်ဆာကလည်း အပြည့်အဝယုံကြည်တယ်ပေါ့ဗျာ။ ဖြစ်အောင်လုပ်မယ်ဆိုပြီး အဲဒီလိုဖြစ်သွားတယ်။ အဲဒါ ကျွန်တော်တို့ ဒီနေရာမှာ အဲဒီစကားလုံးလေးကလည်း တော်တော်ထိတယ်။ ငါဝင်ဖို့အတွက်တောင် သူကတာဝန်ကနေလဲလှယ်မယ်။ အဆုံးခံမယ်ဆိုတာ ဇပြာလိုက်တာ။ ငါကတော့ဖြစ်အောင်လုပ်မှဖြစ်မယ်ဆိုပြီးသူ့ရဲ့ဒုတိယခေါင်းဆောင် ဦးကျန်စုရှင်ကို အားလုံးဖြစ်မြောက်အောင် ခင်ဗျားလုပ်တော့။ ဘာမှအခက်အခဲ မရှိအောင် ဗိုလ်မှူးကြီးစန်းပွင့်နဲ့ တိုင်ပင်ပြီး ဖြစ်အောင်လုပ်ဆိုပြီးတော့မှ ဒုတိယခေါင်းဆောင်ဦးကျန်စုရှင်ကို အကုန်လွှဲလိုက်တာ။ ခင်ဗျား သူနဲ့တိုင်ပင်ပြီး လုပ်စရာရှိတာ ဆက်လုပ်လိုက်တော့ဆိုပြီး လွှဲလိုက်တာ။ အဲဒါက တော်တော်ထိရောက်တယ်ဗျ။ ကျွန်တော် နောက်ဆုံးမှာလိုက်တဲ့စကားလုံးက တော်တော်ထိရောက်တယ်။

BURMESE CLASSIC .com

အဲဒါနဲ့ အထစ်အငေါ့မဖြစ်ဘူးဗျာ။ အခက်အခဲတွေတော့ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ ကြီးမားသောအခက်အခဲမဟုတ်ဘူး။ ဟိုဘက်မှာတော့ သူတို့ဘက်မှာ အခက်အခဲတော့ ရှိတာပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ လက်နက်တွေစွန့်ရမှာလေဗျ။ နောက်ပြီး ကြိုတင်ပြီး တိုင်ပင်ညှိနှိုင်းထားတာလည်း မဟုတ်ဘူးဗျ။ လက်နက်ကိုင်အဖွဲ့အစည်းဆိုတာက ဥပဒေရဲ့ပြင်ပမှာ နေခဲ့တာကိုးဗျ။ ဒါကြီးကို တစ်မိန့်တည်းနဲ့ အမိန့်စနစ်နဲ့ ဒီလိုလုပ်တာလည်း မဟုတ်တော့ဘူးဗျ။ တဖြည်းဖြည်းနဲ့ စည်းရုံးပြီးတော့မှ လုပ်ယူလိုက်တာလေ။ တော်တော်သိမ်မွေ့တယ်ဗျ။ အောင်မြင်သွားတဲ့အခါကျမှ ကျွန်တော်အံ့သြတာ။ ငါတို့လုပ်လိုက်တာ တိုင်းပြည်အတွက် တော်တော်ထိရောက်သွားပါလားဆိုတာ အဲဒီလိုအခြေအနေမျိုး ဖြစ်သွားတယ်။ ဇာတ်လမ်းကတော့ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ရှည်တယ်ဗျ။ ခင်ဗျားလည်း မတွေ့ဘူး၊ မကြုံဖူးဘူးမဟုတ်လား။ ဒါပေမဲ့ ကျွန်တော်တို့လုပ်တာကိုင်တာတွေကို ဘယ်သူမှမသိဘူး။ လက်နက်စွန့်လွှတ်တဲ့ အခမ်းအနားလုပ်တာတောင်မှ ထောက်လှမ်းရေးမပါနဲ့။ ထောက်လှမ်းရေးကို မြှုပ်ထားတယ်။ တပ်မတော်က လုပ်တယ်ဆိုတာမျိုး။ ကျွန်တော်တို့ကလည်း မပါပါဘူး။ သူတို့ဆို နာမည်တောင်မပါဘူး။ ဓာတ်ပုံထဲတောင်မပါဘူး။ နာမည်ကောင်းလိုချင်လို့ မဟုတ်ဘူးလေ။ တိုင်းပြည်အတွက်ကို အင်မတန်မှ ထိထိရောက်ရောက်ပေါ့ဗျာ လုပ်ခဲ့ကိုင်ခဲ့တယ်။အသက်စွန့်သွားရတာတပ်ကမရောက်ခင်မှာတပ်အရင်ဦးဦးဖျားဖျားဟိုကနေဖောက်တဲ့သူတစ်ယောက်ယောက်များရှိလာရင်ပစ်သတ်လိုက်မှာဗျ။ သတင်းပေါက်ကြားရင်လေ။ မကျေနပ်တဲ့သူတစ်ယောက်ရှိရင်ပစ်သတ်လိုက်မှာဗျ။ လူကလည်းငါးယောက်ပဲ။ ဘာမှပါတာမဟုတ်ဘူး။ အဲဒီလိုသွားရတာဗျ။ ဒါကြောင့် ခင်ဗျားကိုပြောတာ။ ကျွန်တော့်တပည့်ထောင်ထဲကျနေတဲ့သူတွေကို ကျွန်တော် တာဝန်ယူတယ်ဆိုတာ ပြောတာ။ လွှတ်ပေးပါ။ ကျွန်တော် တာဝန်ယူပါတယ်။ တိုင်းပြည်ကိုလည်း မဆန့်ကျင်ဘူး၊ တပ်မတော်ကိုလည်း မဆန့်ကျင်ဘူး။ ပြည်သူမလိုလားတာလည်း မလုပ်ဘူး။ ကျွန်တော်အားလုံးတာဝန်ယူပါတယ်လို့ ခင်ဗျားကိုပြောခဲ့တာပဲ။ အဲဒီလောက်တော့ ကျွန်တော်တာဝန်ယူရဲပါတယ်ဗျာ။ ဒီထက်ကြီးမားတာတွေတောင်မှ တာဝန်ယူခဲ့တာ။

ကဲ...မင်းအပိုင်း။ ။မင်း ဘယ်လိုလုပ်တယ်ဆိုတာပြောပြ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။နောက်ဆုံးပိတ်ဦးခွန်ဆာရဲ့ဦးလေးလာတဲ့အချိန်မှာ ရန်ကုန်မှာထားတာ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။သူတို့က မပြန်တော့ဘူးတဲ့။

ဗိုလ်မှူးကြီးစန်းပွင့်။ ။သူတို့ကအပြတ်ပဲ။ ပစ္စည်း သိမ်းပြီးတစ်ခါတည်းလာတာ။

လိုအပ်တဲ့ပစ္စည်းလေးယူပြီး အပြီးကိုလာတာ။ သူတို့အောင်မြင်မှာပဲဆိုပြီး ယတိပြတ်ကိုလာတာ။ ကျွန်တော်တို့ကို စိတ်ချလက်ချသွား။ ဘယ်လိုဆက်သွယ်ရမယ်ဆိုတာ သူတို့နဲ့ကျွန်တော်နဲ့ တိုင်ပင်လိုက်တာပေါ့လေ။ မသွားခင် ဗိုလ်ချုပ်မှူးကြီးတို့ကို ဗိုလ်ချုပ်ကြီးတင်ပြပြီးတဲ့အချိန်မှာ ကျွန်တော်တို့အဖွဲ့လေးတွေ ဘယ်နေရာ ဘယ်သူဝင်မယ်ဆိုတာတွေ စီစဉ်ကြတော့ ဗိုလ်ချုပ်ကြီးက စီစဉ်ပေးတာပေါ့။ ဟိုမိန်း ဦးခွန်ဆာဌာနချုပ်ကိုတော့ ကျွန်တော်ဦးဆောင်ပြီး တစ်ဖွဲ့၊ အဓိကကျတာက လွယ်လန်းဆိုတဲ့ မိုင်းဆတ်မြို့နယ်ထဲက ထိုင်းနိုင်ငံနဲ့ ကျွန်တော်တို့နဲ့ နယ်စပ်၊ အင်မတန်မှရှုပ်ထွေးခဲ့တဲ့နေရာ။ တစ်ချိန်ကဆိုရင် တရုတ်ဖြူရော၊ ဘိန်းကိစ္စတွေရော အင်မတန်ရှုပ်ထွေးတဲ့ဒေသမှာ "ဝ"နဲ့ ဦးခွန်ဆာအဖွဲ့တွေ တိုက်ပွဲအကြီးအကျယ် ဖြစ်နေတဲ့နေရာ။ တစ်ဖက်ကို (၈၀၀) စီလောက် သေနေပြီ။ တော်တော့်ကို အကျအဆုံးတွေ အင်မတန်များပြားနေတယ်။အဲဒီနေရာကိုကျွန်တော်တို့ထောက်လှမ်းရေးကဘယ်သူသွားမလဲဆိုတော့တပ်ကစီစဉ်တော့ဗိုလ်မှူးစိုင်းအောင်သိန်းဆိုတာကျိုင်းတုံမှာရှိတဲ့တပ်မှူးနဲ့တစ်ဖွဲ့၊ နောက်မုံးထော်မုံးထဆိုတာလည်းအဲဒီနေရာကလည်းသိပ်အရေးကြီးတယ်။ ဟိုမိန်းနဲ့ လွယ်လန်းကြားမုံးထော်မုံးထ...အဲဒီကိုတစ်ဖွဲ့၊ အဲဒီမှာဗိုလ်မှူးသိန်းဟန်နဲ့ တစ်ဖွဲ့၊ အဲဒီလိုအစီအစဉ်လေးလုပ်ပြီး သွားကြမယ်။ ထောက်လှမ်းရေးအဖွဲ့ကတော့ အမ်တီအေဦးခွန်ဆာအဖွဲ့နဲ့ ကြိုတင်ပြီးတွေ့ရမယ်။ ဟိုမိန်းဌာနချုပ်ကတော့ အဓိကပေါ့။ အဲဒီကနေ ကျွန်တော်တို့လူတွေလည်း ဆက်သွယ်မယ်။ သူတို့နဲ့ ညှိနှိုင်းပြီးတော့မှ သူတို့လူတွေကိုလည်း ကျွန်တော်နဲ့အတူပဲ စီစဉ်ပြီးတော့ ဆက်သွယ်ပြီးတော့လုပ်ကြမယ်ဆိုပြီး ဒါပဏာမ စီစဉ်သွားကြတာပေါ့။ ဗိုလ်ချုပ်ကြီးကလည်း ဖွဲ့ပေးလိုက်ပြီ။ ဒီလိုဒီလိုသွားကြဆိုပြီး (၁၉၉၅) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့မှာကျွန်တော်တို့စပြီးထွက်ကြတယ်။ ကျွန်တော်ကဟဲဟိုးမှာ ဗိုလ်ချုပ်ကြီးက တပ်တွေကော၊ တိုင်းမှူးရယ်၊ ဟိုမိန်းဒေသကိုဝင်မယ့်၊ လိုက်ပါရမယ့် တပ်မ (၅၅) ဗိုလ်မှူးကြီးမိုးဟိန်း၊ ဗျူဟာမှူးတွေရယ် ကျွန်တော်ရယ် လေဆိပ်မှာ သေသေချာချာ briefing လုပ်လိုက်တယ်။ အဓိက.ကတော့ ညှိနှိုင်းပြီးပြန်ခေါ်မှ တပ်တွေက သံလွင်ကိုကူးကြမယ်။ ကျွန်တော်တို့စီစဉ်တဲ့အတိုင်း ဆက်ပြီးတော့လုပ်ပါဆိုတာ သူတို့ကိုလည်း နှုတ်မိန့်ပေးတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွှန့်။ ။ အဲဒီမှာ ကြားပေါက်ဗျ။ ကျွန်တော်နဲ့ ဒုချုပ်ဗိုလ်ချုပ်ကြီးမောင်အေးနဲ့က ရန်ကုန်ကနေ တပ်မတော် လေယာဉ်နဲ့ တပ်က စစ်ရေးချုပ်တို့၊ စစ်ထောက်ချုပ်တို့ပါ ပါတယ်။ ကျွန်တော်တို့အဖွဲ့က လေယာဉ်ပျံနဲ့ ဟဲဟိုး။ ဟဲဟိုးကနေ မိုင်းဆတ်ရောက်သွားတယ်။ မိုင်းဆတ်ကနေ ကျွန်တော်တို့က ကွပ်ကဲမယ်ပေါ့ဗျာ။ အခြေအနေက ပေးလိုက်တဲ့ briefing အတိုင်း အားလုံးအဆင်ပြေတယ်ဆိုရင်တော့ ဘာမှညွှန်ကြားစရာမရှိဘူး။ သူ့ကို အသေးစိတ်မှာပြီးသားပဲ။ အဲဒီကနေ အခြေအနေစောင့်ပြီးကြည့်နေမယ်။ တကယ်လို့များ ပြဿနာတစ်ခုခုဖြစ်ရင် အဲဒီကနေ ကွပ်ကဲရမှာပေါ့ဗျာ။ ကျွန်တော်တို့က မိုင်းဆတ်ရောက်တယ်။ မင်းတို့နဲ့ တစ်ရက်တည်း မိုင်းဆတ်ကိုကြိုသွားလိုက်တယ်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ ဟဲဟိုးမှာကျွန်တော့်ကို ထားခဲ့တယ်။ ဗိုလ်ချုပ်ကြီးတို့က မိုင်းဆတ်ကို ဆက်သွားတယ်။ နောက်တစ်နေ့ကျတော့ တောင်ကြီးကနေ လင်းခေးကို ရဟတ်ယာဉ်နဲ့ပို့တယ်။ လင်းခေကနေ သံလွင်ကမ်းခြေကို ဗျူဟာကနေ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းညွှန့်က ကားနဲ့လိုက်ပို့တယ်။

ဗိုလ်ချုပ်ကြီးခင်ညွှန့်။ ။ နောက်တော့ နေပြည်တော်ကောင်စီ ရောက်သွားတဲ့သူလေ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ သူက ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့ကို ကားနဲ့လိုက်ပို့ပေးတယ်။ သံလွင်ကမ်းခြေမှာ ကျွန်တော့်ကို ချတယ်။ အဲဒီကနေ ကျွန်တော် အဆက်အသွယ်ယူတာ။ ဒီမှာကြိုတင်ပြီး ဦးခွန်ဆာဆီကလာတဲ့အဖွဲ့နဲ့ စက်ဆက်သွယ်ကြည့်လိုက်တော့ အဆက်အသွယ်ရတယ်။ သံလွင်ကမ်းခြေမှာ တစ်ညအိပ်လိုက်တယ်။ အဲဒီတော့မှ ဦးခွန်ဆာဆီက စက်လေ့လှတ်လိုက်တယ်။ သံလွင်အတိုင်းတက်သွားတာ တဖြည်းဖြည်းနဲ့ ဘယ်ရောက်သွားသလဲဆိုတော့ သူ့စခန်းတစ်ခုမှာဝင်ပြီး ဦးခွန်ဆာရဲ့မိတ်ဆွေပါဆိုပြီး စက်လေ့မောင်းတဲ့သူကို ကျွန်တော်တို့ကုန်သည်ပဲလို့။ ကျွန်တော်တို့က ပအိုဝ်အဝတ်အစား၊ ဘောင်းဘီနဲ့သွားတော့ သူ့ရဲ့တပ်ဖွဲ့စခန်းလေးမှာ သံလွင်ကမ်းခြေမှာ တစ်ညအိပ်ရတယ်။ နောက်တစ်ရက်ကျမှ တစ်ခါထပ်ပြီးသွားတယ်။ နောက်တစ်ရက်ကျတော့ ခြေကျင်လျှောက်ရတယ်။ (၃၆) မိုင်ရှိတယ်။ သံလွင်ကမ်းခြေကနေ ဦးခွန်ဆာရဲ့ ဟိုမိန်းဌာနချုပ်အထိပေါ့။ ဟိုမိန်းနားနီးလို့ လေး၊ ငါး၊ ဆယ်မိုင်လောက်ကျမှ မော်တော်ကားနဲ့ လာကြိုတယ်။ လာကြိုပြီး ကျွန်တော်တို့တွေ့ကြတာပေါ့လေ။

တွေ့ကြတဲ့အချိန်မှာပဲ စစ်ဦးစီးချုပ်ဦးကျန်စုရှင်နဲ့ ဦးခွန်ဆာကိုယ်တိုင် ကျွန်တော့်ကို ကြိုဆိုပြီးတော့ သူတို့အဖွဲ့လေးထားမယ့် ရိပ်သာလေးမှာ လာတွေ့တယ်။ ကျွန်တော်ကလည်း ဗိုလ်ချုပ်ကြီးမှာလိုက်တဲ့ကိစ္စတွေကို အကုန်ပြောပြတယ်။ သူကလည်း တော်တော်လေးကို ကျေနပ်သွားပြီး သူက ကျန်းမာရေး သိပ်မကောင်းဘူး။ အဓိကက စစ်ဦးစီးချုပ်နဲ့ခင်ဗျားနဲ့ တိုင်ပင်ပြီးသာ လုပ်ကြပါ။ အားလုံး သူ သဘောတူတယ်။ အခက်အခဲရှိရင် သူ့ကိုပြောပါ။ သူက အချိန်တိုင်းလာပြီး ဒီကိစ္စတွေ မဆွေးနွေးနိုင်ဘူး။ စိတ်ချလက်ချသာလုပ်ပါတော့ဆိုပြီးတော့ ကျွန်တော် တို့နှစ်ယောက်ကို လွှဲသွားတယ်။ လွှဲပြီးတော့ ညှိကြရတယ်။ ညှိလိုက်တော့ ပထမဦးဆုံးအဓိက.ကတပ်တွေမရှိသေးဘူး။ သူ့လူတွေကိုလည်းကျွန်တော်တို့မေးကြည့်လိုက်တော့ သူ့လူတွေလည်းမသိသေးဘူး။ ဒါဖြင့်လက်နက်ချမယ့်အင်အားစုကဒီမှာလားဆိုတော့လည်းမရှိသေးဘူး။ လက်နက်စွန့်မယ့်ရဲဘော်တွေ...ဆိုကြပါစို့အခမ်းအနားလုပ်မယ်၊ လက်နက်တွေကောဆိုတော့လည်းအကုန်မရှိသေးဘူး။ ခေါ်ရမှာကဘေးပတ်ဝန်းကျင်က တပ်တွေကိုဆွဲယူရမှာ။ သူလည်းပဲ မင်းတပ်တွေ ဌာနချုပ်လာခဲ့၊ မင်းစစ်ကြောင်းလာခဲ့ဆိုပြီး သူကလည်း ဆွဲယူရမယ်။ ကျွန်တော်တို့ကလည်း တပ်တွေမပါဘူး။ ကြားထဲမှာ ဒီဟာလေးဖြစ်မြောက်ဖို့ရယ်။ ဘယ်လိုလုပ်မလဲ။ ဒီတပ်တွေ မသိတော့ လက်နက်အပ်မယ်ဆိုတာ ခေါင်းဆောင်တွေနဲ့ သေသေချာချာ ညှိနှိုင်းမှုမရှိသေးဘူးဆိုရင် ဖြစ်မြောက်မှာလား ကိစ္စမရှိဘူး . . . သူ စီစဉ်မယ်တဲ့။ ဘယ်လိုစီစဉ်မလဲဆိုရင် တပ်တွေကိုစုစည်းလိုက်မယ်။ စုစည်းပြီးရင် တို့ဆွေးနွေးစရာတွေ ရှိတယ်။ မင်းတို့ လက်နက်တွေအပ်ပါဆိုပြီး ပထမဆုံးလက်နက်တွေအပ်မယ်။ ပြီးရင်တို့ဆွေးနွေးစရာ ရှိတယ်။ ငြိမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်နဲ့ တို့ လုပ်ဖို့အခြေအနေတွေ ရှိတယ်။ တပ်တွေလည်း ဝင်လာလိမ့်မယ်။ ဘာတစ်ခုမှ မင်းတို့ တိုက်ခိုက်တာမလုပ်နဲ့ ဆိုပြီး ဒီလိုအကြမ်းဖျင်းလေး စီစဉ်တာပေါ့။

ပြီးတာနဲ့ အမိက.ကအဲဒီအချိန်မှာ ဟိုမိန်းဌာနချုပ်ဆိုတာ ထိုင်းနိုင်ငံနဲ့ မိနစ်လေးဆယ်ပဲ။ အင်မတန်မှနီးတာ။ နီးစပ်တော့ ပြဿနာတွေ ဖြစ်နိုင်တယ်။ နယ်စပ်မှာလည်း တပ်တွေက ရှုပ်ထွေးနေတယ်။ ဟိုဘက်က ထိုင်းက နယ်ခြားစောင့်တပ်တွေနဲ့ ဦးခွန်ဆာရဲ့ကာကွယ်ထားတဲ့ သူ့တပ်စခန်းတွေလည်း ရှိတယ်။ ဒီနေရာတွေကို သူတို့က ဝင်ယူရမှာ။ ဝင်မယူရင်လည်းပဲ နယ်နိမိတ်ပြဿနာတွေ နောင်မဖြစ်အောင် သူဦးထားတဲ့နယ်၊ သူယူထားတဲ့စခန်းတွေကို ကျွန်တော်တို့ ယူရမယ်။ အမိက.က လက်နက်အပ်တဲ့အခမ်းအနားတွေလည်း အောင်မြင်ရမယ်။ တစ်ဖက်ကနယ်စပ်မှာ ပြဿနာတွေ မဖြစ်ရဘူး။ ဒီလိုဟာတွေ ဖြစ်မြောက်ဖို့အတွက်ကို လိုက်ပြီးကြည့်ပါဆိုပြီး နယ်စပ်ကစခန်းတွေကို လိုက်ကြည့်တယ်။ တစ်ဖက်ကလည်း သူ့ရဲ့လက်နက် စက်ရုံတွေ။ လက်နက်စက်ရုံဆိုတာလည်း တကယ်အာရ်အိုင်တီက ကျောင်းဆင်းတစ်ယောက်နဲ့ တကယ်လက်နက်ထုတ်တာ။ ဘယ်လောက်ထုတ်နိုင်သလဲဆိုရင် ဟိုမိန်းလုပ်မိုင်းဆိုရင် ကျွန်တော်တို့ တပ်မတော်လည်း အကုန်သိတယ်။ ရှေ့တန်းမှာ ရင်ဆိုင်ဖူးတဲ့တပ်တွေဆိုရင် ဟိုမိန်း လုပ်မိုင်း၊ ဟိုမိန်းလုပ်လက်ပစ်ဗုံး၊ ဟိုမိန်းလုပ် ပစ္စတို၊ ဟိုမိန်းလုပ် လောင်ချာ။ လောင်ချာပါထုတ်တယ်။ တစ်ချက်တည်းနဲ့ မော်တော်ကားတွေဘာတွေပစ်တဲ့ လောင်ချာပေါ့ဗျာ။ အဲဒီလောက်ထုတ်နိုင်တယ်။ အဲဒါက တပ်ဖွဲ့ဝင် အင်အားနှစ်ရာလောက်နဲ့ တကယ့်ကိုလျှို့ဝှက်ပြီးတော့ လေယာဉ်ပျံနဲ့ဗုံးကြဲလို့ မရအောင် နှစ်မိုင်လောက်ရှည်တဲ့ တောင်ကြားထဲမှာလုပ်တာ။ ခင်ဗျား ဒါတွေကြည့်ပါဆိုတော့ ဒါ တော်တော်အရေးကြီးတယ်ဆိုပြီး ကျွန်တော် သွားကြည့်တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။တကယ်ကို ကာကွယ်ရေးစက်ရုံ။ ပန်းပဲဖို မဟုတ်ဘူး။

ဗိုလ်မှူးကြီးစန်းပွင့် ။ တီအင်န်တီယမ်းဆိုရင် နှစ်တန်ကျော်တယ်။ အဲဒီတုန်းကထုတ်လုပ်ထားတဲ့ ဆက်စပ်ီးယား ကတစ်သိန်းကျော်တယ်။လက်ပစ်ဗုံးတွေ၊နင်းမိုင်းတွေ၊လောင်ချာတွေအကုန်လုံးထုတ်လုပ်တာ။ထုတ်လုပ်နေဆဲ။ဒါတွေက အရှိန်က ချက်ချင်းရပ်ဆိုပြီး လုပ်ပစ်လို့မဖြစ်ဘူး။ မတော်တဆများ ဦးခွန်ဆာကိုမကျေနပ်လို့ ရှမ်းတပ်ဖွဲ့ဝင်တွေကလည်း ရှိသေးတယ်။ တခြားတပ်ဖွဲ့ဝင်တွေကောပေါ့လေ။ မျိုးစုံတော့ ပါ.ပါတယ်။ ဒါပေမဲ့ရှမ်းက တော်တော်လေးအင် အားများတယ်။ မကျေနပ်လို့များ ဒီအထဲတစ်ခုခုပြဿနာလုပ်လိုက်ရင် ဒီဟာကြီးစီးနင်းထားမယ် ဆိုရင်ကို လက်နက်စက်ရုံရသွားမယ်ဆိုရင် တော်တော်ပြဿနာ။ ဒါမှမဟုတ် ဖျက်ဆီးပစ်မယ်ဆိုရင်လည်း ပတ်ဝန်းကျင်လူတွေနဲ့ တော်တော်ပျက်စီးနိုင်တယ်။ စနစ်တကျ ဖျက်ဆီးတာ မဟုတ်ရင်ပေါ့။ အဲဒါတွေသိအောင်ဆိုပြီး ကျွန်တော်ကစပြီးမှ ကျွန်တော်တို့တပ်တွေမခေါ်ခင် ချက်ချင်း ရောက်တာနဲ့ သူကလည်း လိုက်ပြတယ်။ ကျွန်တော်ကလည်း လေ့လာတယ်။ ဒါတွေက ဘယ်လိုလုပ်ရမလဲဆိုပြီး ကျွန်တော် လည်း တော်တော်လေးစိုးရိမ်သွားတယ်။ ဗိုလ်ချုပ်ကြီးဆီလည်း ပြန်တင်ပြတယ်။ ခဲယမ်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့အထူး အဖွဲ့တစ်ဖွဲ့ လွှတ်ပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ စနစ်တကျဖောက်ခွဲဖျက်ဆီးပစ်မှ။ ကျွန်တော်တို့လည်း သုံးလို့ရတာ မဟုတ်ဘူး။ သူ့လက်နက်က တပ်မတော်မှာ ဘယ်လိုမှလည်း မသုံးနိုင်ဘူးဆိုတာ သိတယ်။ ဒါတွေက ဖျက်ကိုဖျက်ရမှာ။ မဖျက်ရင်လည်း ဒါတွေပြန့်သွားမယ်ဆိုရင် ပြဿနာ။ ဒါတွေကို ဖျက်ဆီးဖို့တင်ပြတယ်။ လက်နက်ခဲယမ်းကျွမ်းကျင်သူတွေ လွှတ်ပေးဖို့ ဆိုတာ ကျွန်တော်တင်ပြတယ်။

နောက်ပြီး လိုက်ကြည့်တယ်။ သူကလည်း သူ့တပ်တွေကို လိုက်ပြီးတော့ လွယ်လန်းဒေသတို့၊ နယ်တွေမှာရှိတဲ့ စစ်ဗျူဟာမှူးတွေကို သူတို့စစ်ဦးချုပ် ဦးကျန်စုရှင်ကလည်း ဆက်သွယ်တယ်။ ကျွန်တော်ကလည်း ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့တွေကို ဆက်သွယ်တယ်။ ဘယ်လိုလဲရောက်ပြီလား။ သူတို့ရော ဝင်ကြပြီလား။ ဗိုလ်ချုပ်ကြီးတို့ကလည်း မိုင်းဆတ်မှာ တပ်ဖွဲ့မှူး ဗိုလ်မှူးတွေကို briefing ပေးပြီးလွှတ်လိုက်ပြီ။ တိုက်ပွဲဖြစ်နေတဲ့ကြားထဲကို ဝင်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။လွယ်လန်းမှာတိုက်ပွဲဖြစ်နေတာ။ "ဝ"နဲ့ အမ်တီအေအဖွဲ့နဲ့ တိုက်ပွဲတွေဖြစ်နေတာ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အကြီးအကျယ်ချနေတာ။ အဲဒါကို ဟိုမှာ သူ့စစ်ဦးချုပ်ကို ခင်ဗျားတပ်တွေ မလုပ်နဲ့တော့။ ကျွန်တော်တို့ ဝင်ပြီ။ ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့ဝင်နေပြီ။ "ဝ"ကိုလည်း ကျွန်တော်တို့ ပြောမယ်။ မတိုက်နဲ့လို့ ပြောမယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ကျွန်တော်ကလည်း "ဝ"ဘက်က ဦးပေါက်ယူချမ်းဆီ ပြောရတယ်။ တို့ဒီမှာ ငြိမ်းချမ်းရေး ရအောင်လုပ်နေပြီ။ ဦးပေါက်ယူချမ်း...ခင်ဗျားပြောတာတော့ ကျွန်တော်က သဘောမတူလိုက်ဘူး။ အခုငြိမ်းချမ်းရေး လုပ်ပြီဗျာ။ ခင်ဗျားလည်း တိုက်ပွဲတွေမလုပ်နဲ့တော့။ နှစ်ဦးနှစ်ဖက် ငြိမ်းချမ်းရေးယူကြရအောင် မလုပ်ပါနဲ့ဆိုပြီး ကျွန်တော်က ဦးပေါက်ယူချမ်းဆီကို လှမ်းဆက်သွယ်ပြီး အကြောင်းကြားလိုက်တယ်။ ကျွန်တော့်ထောက်လှမ်းရေးအဖွဲ့တွေကနေ ဆက်သွယ်ပြီး ဆောင်ရွက်နေပါပြီ။ ခင်ဗျား အဲဒီမှာတိုက်နေတဲ့အဖွဲ့တွေလည်း ရပ်ခိုင်းပါ။ တစ်ဖက်က အဲဒီလိုလုပ်ရတယ်ဗျ။ သူကလည်းအဲဒီလွယ်လန်းမှာအကြိတ်အနယ်ချနေတာ။ ဟိုဘက်ဒီဘက် ဘယ်သူမှ အလျှော့မပေးဘူးဆိုပြီးချနေတာ။ အများကြီး သေတယ်နော်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ ဟုတ်တယ်ခင်ဗျ။ နောက်ဆုံးပိတ် ဘယ်လောက်အထိ အခြေအနေဆိုးသလဲဆိုရင် ကျွန်တော်က ရပ်ပါတော့လို့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တပ်က ခုနကဗိုလ်မှူးတွေအဖွဲ့က ဝင်နေပြီ။ သူတို့က ကြိုသွားနေပြီ။ နောက်ကတပ်တွေက တက်ဖို့စောင့်နေတာပေါ့လေ။ တပ်ကလိုက်လို့ မဖြစ်သေးဘူး။ ချက်ချင်းကြီး အင်အားနဲ့ ဝင်လိုက်ရင် ကြားထဲမှာ တပ်တွေက ညှပ်တော့မယ်။ ဟိုမှာလည်း တိုက်ပွဲက အကြီးအကျယ်ဖြစ်နေတယ်။ ဘယ်လိုလုပ်ရသလဲဆိုတော့ တစ်ဖက်နိုင်ငံ ထိုင်းဘက်ကနေ ကျွန်တော်တို့နဲ့ ဆက်သွယ်နေကျ လူယုံကိုလည်း တာချီလိတ်ဘက်ကနေ ထိုင်းနယ်စပ်ကနေ သူတို့စခန်းထဲကို ဝင်ခိုင်းတယ်။ အဲဒီလူနဲ့ ကျွန်တော်တို့နဲ့ ဆက်သွယ်တယ်။ ပိုပြီးစိတ်ချရအောင် လွယ်လန်းဒေသဆိုပြီး အဲဒီလိုဆက်သွယ်ပြီး ဝင်ရတယ်။ ကျွန်တော်တို့ထောက်လှမ်းရေးတပ်ဖွဲ့တွေ ဝင်နိုင်ဖို့ကိုက ဒီတိုက်ပွဲကဖြစ်နေတော့ လုပ်လို့က မရဘူး။ နှစ်ဖက်က အကြီးအကျယ်ပစ်နေတာ။

တစ်ဖက်က ကျွန်တော်က ဟိုမိန်းမှာ သူ့စစ်ဦးစီးချုပ်ကို ရပ်ဖို့ပြောတယ်။ ဟိုပုဂ္ဂိုလ်ကလည်းအမိန့်ပေးတယ်။ "ဝ"က မရပ်ဘူး။ သူတို့က အဲဒီစခန်းကိုရဖို့ ဝိုင်းထားတာ လေး၊ ငါးရက်လောက်ရှိတော့ မရပ်ဘူး။ ဗိုလ်ချုပ်ကြီးတို့ကို လှမ်းပြောတယ် ...မရပ်ဘူးလို့။ ကဲ ... ဒီလောက်တောင်ရှိတယ် ဖုံးကြဲမယ်လို့ပြောကွာဆိုပြီး အမြောက်နဲ့ပစ်မယ်၊ ဖုံးကြဲမယ်လို့ကို အဲဒီလိုကို ပြောယူရတယ်။ အဲဒီတောင်မှ မရပ်ဘူး။ ဒီလောက်စခန်းက နည်းနည်းလေးလည်း အချက်အချာကျတော့။ အင်အားလေးက (၂၇) ယောက်ပဲ ရှိတာ။ ကျွန်တော် နောက်ဆုံးပိတ်ပြောလိုက်တယ်။ သိမ်းတာခံလိုက်ပါ။ အဖမ်းခံရတောင် မသတ်အောင် ကျွန်တော် ပြောပေးမယ်။ အမ်တီအေကိုလေ။ ဘာကြောင့်လဲဆိုတော့ ရှည်နေမှာကြောက်လို့။ ကျွန်တော်တို့ တပ်တွေက ဝင်တော့မယ်။ တပ်တွေကသုံးဖွဲ့ဖြစ်ရင် ရှုပ်ယှက်ခတ်သွားမယ်။ ပြဿနာတွေ ဖြစ်နိုင်တယ်။ ထောက်လှမ်းရေးက ရှေ့သွား၊ နောက်က တပ်ကပါလာပြီ။ အဲဒီမှာ ဒီလောက်လုပ်နေတဲ့ကြားထဲမှာကိုပဲ အတင်းဝင်ပြီး သိမ်းပစ်လိုက်တယ်။

ကျွန်တော် အဲဒီအချိန်မှာ ဟိုမိန်းမှာ အဲဒီစခန်းလေးရဲ့ အရာရှိငယ်လေးရဲ့အဖေက ဟိုမိန်းမှာ တပ်ရင်းမှူး။ သူကိုယ်တိုင် သူ့သားကို ပြောယူရတယ်။ မလုပ်နဲ့တော့။ အဖမ်းသာခံလိုက်ပါတော့လို့။ နောက်ဆုံးပိတ် "ဝ"က သိမ်းလိုက်တယ်။ လက်ရဖမ်းလိုက်တယ်။ ဒါပေမဲ့ ကံအားလျော်စွာပဲ ကျွန်တော်တို့ဆီက ထောက်လှမ်းရေးကလည်း ရောက်သွားတော့ မသတ်ပါဘူး။ ပြန်လွှတ်ပေးပါဆိုပြီးတော့ပေါ့။ ဘယ်လောက် ရှုပ်ယှက်ခတ်သလဲဆိုတာ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။နှစ်ဖွဲ့စလုံးကလည်းယုံကြည်လို့ပေါ့ဗျာ။ အမ်တီအေကလည်းကျွန်တော်တို့ဆီကလွှတ်လိုက်တဲ့သူတွေကို ယုံကြည်တယ်။ ဟိုဘက်က "ဝ"ကလည်း ယုံကြည်တယ်။ မလုပ်ကြပါနဲ့တော့ဆိုပြီး လုပ်လိုက်တယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ "ဝ"က သိမ်းလိုက်ပြီလေ။ အဲဒီလူတွေကို ဘာမှမလုပ်ပါနဲ့။ ငြိမ်းချမ်းရေး လုပ်နေတာ။ အကုန်ပြန်လွှတ်ပေးလိုက်ပါ ဆိုပြီး "ဝ"က လွှတ်ပေးလိုက်တယ်။ အဲဒီလိုဗျ။ လုပ်ရကိုင်ရတော်တော်ခက်တယ်။ အဲဒါဘာလဲဆိုတော့ ယုံကြည်မှုဗျ။ confidence မရှိရင် ဘယ်လိုမှလုပ်လို့မရဘူး။ ကျွန်တော့်ကို ပိုယုံကြည်လို့။ ကျွန်တော် ပြောလိုက်တယ်၊ မှာလိုက်တယ်ဆိုတာ အဲဒီယုံကြည်ချက်နဲ့။ နှစ်ဖွဲ့စလုံးက ယုံကြည်တယ်။ "ဝ"ကလည်း ကျွန်တော်တို့ကို ယုံကြည်တယ်လေ။ ဒီဘက်ကလည်း အမ်တီအေကလည်း ယုံကြည်ပြီ။ ယုံကြည်တဲ့အတွက် နှစ်ဖက်စလုံးကို ညှိလို့ရတာ။ တစ်ခုတည်းယုံကြည်လို့ကတော့ မရဘူး လေဗျာ။ အဲဒါ သိပ်အရေးကြီးတယ်ဗျ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ ကျွန်တော်တို့ ခြေလျင်တပ်တောင်မှာ လေး၊ ငါး၊ ခြောက်ယောက် ထိခိုက်တာတွေ၊ ကျဆုံးတာတွေ ရှိခဲ့တယ်။ နှစ်ဖွဲ့ကြားထဲမှာ ဝင်ပြီးနေရာယူရတာကိုး။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ တပ်က ခုနစ်ယောက်လောက်ကျတယ်။ အဲဒီတုန်းက ဗိုလ်မှူးကြီးပြည့်စုံ။ အခုဗိုလ်ချုပ်ပြည့်စုံပေါ့။ အခုသမိုင်းမှာ သူတို့ရှိနေတုန်း၊ အသက်ရှင်နေတုန်း။ ဒါတွေက အမှန်တွေပဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အဲဒီလွယ်လန်းဒေသက အခက်ခဲဆုံး။ တိုက်ပွဲတွေကြားထဲမှာဝင်ပြီးလုပ်ရတာ။ ဟိုမိန်းကနေ အဲဒီလိုတွေ စီစဉ်ပြီးတော့မှ ဝင်ဖို့အဆင်သင့်ပြီဆိုမှ ဗိုလ်ချုပ်ကြီးတို့ ဆက်တယ်။ အဲဒီတုန်းက စက်က တော်တော်လျှို့ဝှက်နိုင်ဆုံး အဆင့်အတန်းအမြင့်ဆုံးစက်ပေါ့လေ။ အဲဒါနဲ့ လှမ်းတင်ပြပြီးတော့ တပ်ကိုပြန်ခေါ်မယ်ဆိုပြီး ဒီဘက်ကို သွင်းဖို့အတွက် ဗိုလ်မှူးဉာဏ်လင်းကို ပြန်လွှတ်လိုက်ရတယ်။ ဟိုမိန်းဌာနချုပ်ကနေ သံလွင်အရှေ့ခြမ်းမှာရှိတဲ့တပ်ကို ပြန်ခေါ်ရတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ကိုဉာဏ်လင်းကို သံလွင်ကမ်းက လွှတ်လိုက်ရတယ်။ လူနဲ့ သွားခေါ်ရတာ။ တပ်တွေကို တပ်မ (၅၅) ပေါ့။ တပ်မတစ်တပ်လုံး ဝင်လို့ရပါပြီ။ လာပါတော့ဆိုပြီး သွားခေါ်ရတယ်။ ခေါ်ပြီးဝင်ရတယ်။ အဓိက.ကတော့ ဟိုမိန်းပေါ့ဗျာ။ ဟိုမိန်းဌာနချုပ် ရပြီးပြီဆိုရင်တော့ ကျန်တာကတော့ အေးအေးဆေးဆေး ရသွားမှာပေါ့ဗျာ။ စောစောက ဆိုးတာ လွယ်လန်းတစ်ခုပဲ။ ကျန်တဲ့နေရာကတော့ ဦးကျန်စုရှင်က သူ့တပည့်၊ ယုံကြည်ရတဲ့သူတွေကို ပြောထားပြီးပြီ။ ထောက်လှမ်းရေးက လာလိမ့်မယ်။ သူနဲ့ ညှိ။ ညှိပြီးရင် မင်းတို့ဆက်လုပ်ကြတော့ဆိုပြီး ခိုင်းထားပြီးပြီ။ ကျွန်တော့်အဖွဲ့ရောက်ပြီဆိုတာနဲ့ ဒါ ဆက်လုပ်စရာရှိတာတောင် လုပ်တော့မယ်။ ဟိုမိန်းက အဓိကဆိုတော့ ဟိုမိန်းကျတော့ ခေါ်မှလာပါဆိုတော့ လူလွှတ်တော့ ဗိုလ်ဉာဏ်လင်းလွှတ်ပြီးတော့ သွားခေါ်။ ခေါ်ပြီး ဝင်လာတော့မှ တပ်ရောက်တော့မှ နေရာချရတယ်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ တပ်တွေကို ဘယ်လိုနေရာချရသလဲဆိုတော့ ဟိုမိန်းကြီးစီးပြီးတော့ . . . တစ်နည်းအားဖြင့် စစ်ရေးအမြင်နဲ့ပြောရင်တော့ အကုန်လုံးချုပ်ကိုင်ပြီးတဲ့ အနေအထားဖြစ်အောင် တပ်တွေကို နေရာချလိုက်တယ်။ ဟိုမိန်းမြို့ထဲတော့ မဟုတ်ဘူးပေါ့လေ။ အားလုံးတပ်တွေ နေသားကျပြီဆိုမှ သူ့တပ်တွေကိုလည်း သွင်းလာပြီ။ သူ့တပ်တွေကို ပြန်ခေါ်တယ်။ မင်းစစ်ကြောင်း လာသတင်းပို့၊ မင်းစစ်ကြောင်း လာသတင်းပို့ဆိုပြီး အင်အားတစ်ထောင်ကျော်လောက် ရောက်လာပြီဆိုမှ ကျွန်တော်တို့ ဘယ်နေ့ဘယ်ရက်လောက်လုပ်မယ်ဆိုပြီး အကြမ်းဖျင်းစီစဉ်လိုက်တဲ့အခါ (၁၉၉၆) ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်လုပ်မယ်ဆိုပြီး ပထမ စီစဉ်တယ်။ ကျွန်တော်လည်း လူကြီးတွေကို တင်ပြလိုက်တယ်။ လွတ်လပ်ရေးလက်ဆောင် ပေးပို့မယ်ဆိုပြီးတော့ အဲဒီတုန်းက စစ်ဦးစီးဗိုလ်မှူးကြီးမြင့်ဆွေပေါ့။ သူ့ဆီကို ကျွန်တော်ပြော။ လူကြီးတွေဆီ သတင်းပို့လိုက်တော့ လွတ်လပ်ရေးနေ့ရအောင် လုပ်မယ်ဆိုပြီးပေါ့။

သို့သော် မဖြစ်လိုက်ဘူး။ တော်တော်လေးကို ခုနက လာရတဲ့အခက်အခဲတွေ။ နောက်ပြီး သူ့မှာရောက်ပြီဆိုတာနဲ့ လက်နက်တွေအပ်ပြီးမှ ခေါင်းဆောင်တွေခေါ်ပြီး တို့ဒီလို အခမ်းအနားလုပ်တော့မယ်။ ဒီလိုစွန့်လွှတ်တော့မယ်။ ဥပဒေဘောင်ထဲ ဝင်တော့မယ်ဆိုပြီး တခြားအဖွဲ့တွေလိုပဲ တို့လုပ်မယ်။ အဲဒီကျမှ သူပြောတာ။ နဂိုက ကြိုတင်ပြီးစီစဉ်ထားတာ မရှိဘူး။ လွယ်လန်းက သူ့တပ်မဟာမှူးကတော့ စိတ်ချရတယ်။ နဂိုကတည်းက ကြိုတင်ပြီးစီစဉ်ပြီးသား။ တပ်ဆိုရင် ငါ ချုပ်ကိုင်နိုင်တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းမယ်ဆိုပြီး သူက စီစဉ်ပြီးသား။ အဲဒါတော့ ကြိုတင်ပြီးစီစဉ်ထားတော့ ပြဿနာမရှိဘူး။ ဟိုမိန်းမှာကျတော့ အဓိကကျတဲ့ နေရာမှာ မလုပ်လိုက်ဘူး။ အင်အားကလည်း အများဆုံး။ လက်နက်ခဲယမ်းကလည်း လက်နက်ဂိုဒေါင်တွေရော...ကျည်ဆန်နစ်သန်းကျော်က ဂိုဒေါင်နဲ့ထားတာ။ ဒုံးကျည်တွေစသည်အားဖြင့် တခြားဟာတွေရော။ ဆမ်တီးဆဲဗင်းတောင်မှ နစ်ဆယ်ကျော်လောက် ရှိတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ဆမ်တီးဆဲဗင်းတောင်ရှိတယ်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။လေယာဉ်ပစ်ဒုံးကျည်တွေ ရှိတယ်။ လက်နက်အကုန်လုံး ဒီမှာစုစည်းတာတော့ တော်တော်အရေးကြီးတဲ့နေရာ ဖြစ်တယ်။ အဲဒါကို အဓိကထားပြီး ခေါ်ရတာ။ ပြီးမှ အဲဒီလိုပြောလိုက်တဲ့အချိန်မှာ ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေးဖြစ်မှ အခမ်းအနားလုပ်မယ်ဆိုပြီး လူကြီးတွေကို တင်ပြတယ်။ လူကြီးတွေကို တင်ပြတော့ ဘယ်နေ့ ဘယ်ရက်လုပ်ပါ၊ တိုင်းမှူးလာမယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။အဲဒီအခါကျမှ တိုင်းမှူးက သိတာဗျား။ အဲဒီတုန်းက တိုင်းမှူးကတော့ ဗိုလ်ချုပ်တင်ထွန်းလေ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။အရှေ့ပိုင်းတိုင်းတိုင်းမှူးနဲ့ ဝန်ကြီးတွေနဲ့ လာကြတယ်။ ကျွန်တော်က ကြိုတင်ပြီးတော့ အခမ်းအနား အစီအစဉ်တွေ အကုန်လုပ်ထားတယ်။ မှတ်တမ်းရိုက်ထားတဲ့ပုံတွေထဲမှာ ပါ.ပါတယ်။ တကယ့်ကို လက်နက်ချတဲ့ပုံစံဖြစ်အောင်ကိုပဲ လက်နက်တွေအကုန်လုံး အစီအစဉ်တွေလုပ်လိုက်တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အမ်တီအေ ဘာကြောင့် လက်နက်နဲ့ငြိမ်းချမ်းရေးလဲခဲ့ရသလဲဆိုတာ သူ ရေးထားတာပဲ။ ဒီအထဲမှာ မှတ်တမ်းဓာတ်ပုံတွေ ပါတယ်။ ဒါပေမဲ့ ဒီစာအုပ်တွေကလည်း ကျွန်တော့်ဆီမှာ မရှိဘူးဗျာ။ ကျွန်တော်က ဟိုကနေ ငါးမိနစ်ပဲ နေလိုက်ရတော့ ကျွန်တော့်ဆီမှာ စာအုပ်စာတမ်း ဘာမှမရှိဘူးဗျာ။ အထောက်အထားတွေ။ သတင်းစာ ရှင်းလင်းပွဲမှတ်တမ်းလည်း ဘာမှမရှိဘူး။ ခင်ဗျားဆီမှာတော့ ရှိမှာပဲ။

မြတ်ခိုင်။ ။ရှိပါတယ်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အဲဒီတော့ အခမ်းအနားလုပ်တဲ့အခါမှာလည်း တိုင်းမှူးနဲ့အဖွဲ့က အဲဒီနေ့မနက်မှာပဲ အဲဒီကို ရောက်လာတယ်။ မနက် (၁၀) နာရီ၊ (၁၁) နာရီလောက်မှာပဲ အခမ်းအနားလုပ်တယ်။ ဦးခွန်ဆာကိုယ်တိုင် မိန့်ခွန်းပြောပြီးတော့ လက်နက်နဲ့ငြိမ်းချမ်းရေး အေးအေးဆေးဆေးလည်း ဖြစ်သွားတယ်။ အဲဒီကနေ ကျန်တဲ့နေရာတွေလည်း တောက်လျှောက်လုပ်သွားလိုက်တာ နစ်လခွဲလောက်အကြာမှာ ပြီးသွားတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။သူ တောက်လျှောက်နေလိုက်ရတယ်။ သုံးလ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ကျွန်တော်ကတော့ သုံးလပေါ့။ နစ်လလောက်ကျော်တော့မှ အားလုံးတည်ငြိမ်သွားပြီဆိုတဲ့အချိန်ကျမှ ဦးခွန်ဆာ့ကို ရန်ကုန်ကို သူများတွေမသိအောင်၊ ဒီလိုမျိုးစွန့်လွှတ်ပြီး ထွက်ပြေးသွားတဲ့ပုံစံမျိုးလည်း မပေါက်အောင်၊ တစ်ဖက်နိုင်ငံတို့ ဘာတို့လည်း ဒီကိစ္စကြီး ဟိုဟာဖြစ်ကတည်းက ဟိုဘက်ကလည်း တော်တော်လေးပေါ့။ ဘန်ကောက်ပို့စ်တို့တောင် ကျွန်တော်တို့ပုံကို ဘယ်လိုလုပ်ခိုးရိုက်သွားသလဲ မသိဘူး . . . ရအောင်လုပ်ပြီး ထည့်နေတာတွေ ရှိတယ်။ ဦးခွန်ဆာကိုတော့ မသိအောင်ဆိုပြီး ရဟတ်ယာဉ်တောင် သူနေတဲ့နေရာမှာ မဆင်းဘဲ ဟိုးတောထဲမှာ သွားဆင်းပြီးတော့မှ ရန်ကုန်ကို ခေါ်သွားတယ်။ ဒီမှာတော့ စီစဉ်တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ရန်ကုန်မှာတော့ ကျွန်တော်က လျှို့ဝှက်ထားရတာပေါ့ဗျာ။ သူ့အတွက် နေဖို့ထိုင်ဖို့ ကြိုပြီးလုပ်ထားပြီးပြီ။ အိမ်တွေဘာတွေ ပြင်ထားပြီးပြီ။ သူ့အတွက် အိမ်နစ်လုံးလုပ်ထားရတာပေါ့ဗျာ။ မိန်းမကလည်း များတယ်ပေါ့ဗျာ။ အိမ်နစ်လုံးလုပ်ထားပြီး ဘယ်သူမှ မသိအောင်ပေါ့။ လာပြီး ကစ်တ်နက်လုပ်သွားမှာစိုးလို့။ နိုင်ငံခြားမှာ လုပ်သလိုလာပြီး ကစ်တ်နက်လုပ်သွားမှာစိုးလို့။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုတောင်းနေတယ်လေဗျ။ အပ်ပါဆိုပြီး တောင်းနေတယ်။

www.burmeseclassic.com



ကျွန်တော်တို့က သူ့ကို အပ်ဖို့ treaty မရှိဘူး။ တရားခံအပ်ဖို့အတွက် စာချုပ်မရှိဘူး။ အဲဒီစာချုပ်မရှိတဲ့အတွက် ကျွန်တော်တို့အတွက် ကောင်းတာ။ စာချုပ်ရှိနေရင်တော့ ကျွန်တော်ပေးရမှာဗျ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အကြိမ်မနည်းဘူး...အမေရိကန်သံရုံးက တရားဝင်တောင်းတာတွေကို လုပ်ခဲ့တာ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ခဏခဏတောင်းတာ။ ကျွန်တော်ကလည်း ခင်ဗျားကို ဘယ်နိုင်ငံက တောင်းတောင်း မပေးဘူးဆိုတာ အာမခံထားတာကိုး။ သံရုံးကတစ်ဆင့်လာတောင်းတာပဲ။ No, No ပဲအကုန်လုပ်လိုက်တယ်။ သူတို့ဘာမှလည်း လုပ်လို့မရဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကသူတို့နဲ့ treaty မှမရှိဘဲကိုး။ တရားခံအပ်မယ်ဆိုတဲ့ treaty မရှိတော့ ကျွန်တော်တို့က ခပ်တည်တည်ပဲ၊ ဒီလိုပဲ ငြင်းလို့ရတယ်ဗျ။

စခန်းနေရာကတော့ ဟိုမိန်းကအဓိကပေါ့ဗျာ။ မုံးထော်မုံးထရယ်၊ လွယ်လန်း ကတော့ တိုက်ပွဲဖြစ်တဲ့နေရာပေါ့ဗျာ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အင်အားအကြီးမားဆုံးနေရာပဲ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ကျန်တဲ့နေရာတွေကတော့ မိုင်းယန်းတို့၊ မိုင်းဖြတ်တို့၊ တာချီလိတ်တို့ကတော့ အဲဒီနေရာမှာ ဖြန့်ထားတာတွေက ဒါတွေက စုစည်းလို့ရတာပေါ့ဗျာ။ အပေါ်မြောက်ဘက်ကျတော့ တန့်ယန်းမှာ စုစည်းတာပေါ့။ ဒါတွေ အကုန်လုံး တန့်ယန်းစခန်းတွေကနေ အပေါ်ပိုင်းကျတော့ နည်းနည်းလွယ်သွားပြီပေါ့ဗျာ။ ဆန့်ကျင်တဲ့သူလည်း မရှိဘူးလေ။ တစ်စိတ်တည်းတစ်ဝမ်းတည်း ဖြစ်သွားတာကိုးဗျ။ ဘိန်းဘုရင်ဆိုပေမဲ့ ဦးခွန်ဆာကြီးက သူ့တပ်ဖွဲ့အပေါ်တော့ ဩဇာညောင်းတယ်ဗျ။ သူ့တပ်ဖွဲ့တွေက သူ့ကို လေးစားတယ်။ ဩဇာညောင်းတယ်။ ဘာကြောင့် ကျွန်တော် သိသလဲဆိုတော့ သူ ဥပဒေဘောင်ထဲဝင်လာပြီးတော့ ကျွန်တော်ဒီမှာ တပ်စခန်းထဲ နေရာချထားပေးတယ်။ သူ့တပည့်တွေက လာလာတွေ့တာဗျ။ ပိုက်ဆံတွေ လာပေးသွားတာ။ ကျွန်တော်လည်း ပေးတော့ပေးတာပေါ့။ ဒါပေမဲ့ ကျွန်တော်ပေးတာနဲ့မလောက်ဘူးဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ဟိုမှာနေခဲ့၊ သုံးစွဲခဲ့တာတွေက အလျှံအပယ်သုံးစွဲခဲ့တာကိုးဗျ။ ကျွန်တော်ပေးတာလောက်နဲ့ မလောက်ဘူး။ မလောက်တော့ သူ့တပည့်တွေ လာလာပြီး ပိုက်ဆံပေးတယ်။ ပုံမှန်လာပေးနေတာ၊ အဲဒီလိုဗျ။

ဟိုမိန်းကိုလည်း ကျွန်တော် ရောက်တယ်။ သူယူထားတဲ့နေရာတွေက တကယ့်အချက်အချာ ကျတယ်။ ဟိုဘက်က ယိုးဒယားဝင်ချင်လို့ဝင်လို့မရဘူး။ နယ်စပ်တော့ နယ်စပ်မှာပဲ။ ယိုးဒယားကဝင်လာမယ်ဆိုရင် ဝင်ပေါက်ပဲ ရှိတယ်။ အဲဒီဝင်ပေါက်က ဝင်လည်း ဒါသတ်ကွင်းပဲ။ ယိုးဒယားတပ်လည်း ဝင်လို့မရဘူး။ ဝင်ရင်လည်း တောင်ကုန်းတွေပေါ် သူက အကုန်နေရာယူထားတာ။ ဟိုမိန်းရွာကတော့ ရွာတန်းရှည်ကြီးဗျ။ နယ်စပ်အထိလည်း ကျွန်တော်ရောက်ခဲ့တယ်။ ဟိုဘက်က ထိုင်းတပ်ကနေ နေရာယူထားတယ်။ ဒီဘက်က နောက်တော့ ကျွန်တော်တို့တပ်ပေါ့ဗျာ။ စောစောပိုင်းက ဦးခွန်ဆာတပ်ပေါ့ဗျာ။ သူ့ဆီမှာ နိုင်ငံခြားအဝင်အထွက်ကတော့ အများကြီးဗျ။ နိုင်ငံခြားသားသတင်းထောက်တွေ လာတယ်။ ထိုင်းဘက်က တာဝန်ရှိတဲ့သူတွေလည်းလာကြတာပဲ။ လာတွေ့ကြတာပဲ။ စောစောက ကျွန်တော်ပြောတဲ့ ဂျင်မီကာတာရဲ့ပီတာဘွန်းဆိုတာလည်း လာတယ်။ အမေရိကန်က ပုဂ္ဂိုလ်တွေလည်း ပါတယ်။ ဒီမှာ ကျွန်တော်တို့ ရိုက်ထားတဲ့ ဓာတ်ပုံတွေအများကြီး။ အဲဒီတုန်းက သူကတော်တော်အရှိန်အဝါကြီးတာဗျ။ ဒီလောက်အရှိန်အဝါကြီးတဲ့ပုဂ္ဂိုလ်ကစိတ်ပြောင်းသွားပြီးမှသူ့တပ်ဖွဲ့လည်းဖျက်လိုက်တယ်။ သူ့တပည့်တွေကိုလည်း စွန့်လွှတ်လိုက်တယ်။ မလွယ်ဘူးဗျ။ လူသားတစ်ယောက်အနေနဲ့ စဉ်းစားကြည့်ရင် တော်တော် ခဲရာခဲဆစ်ပဲ။ တော်တော်ခက်တယ်။ သာမန်မဟုတ်ဘဲ အရှိန်အဝါကြီးတဲ့သူဆိုတော့ သူ့ဆုံးဖြတ်ချက်ကလည်း ခိုင်ခိုင်မာမာဆုံးဖြတ်တာဗျ။ ဒါကြောင့် ကျွန်တော်က သူ့ကို ယုံကြည်တာ။ သူလည်း ကျွန်တော့်လေးစားပါတယ်။ ဒါပေမဲ့...သေသွားတော့ မသိလိုက်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီမှာအထိန်းသိမ်းခံနေရတာကိုးဗျ။ သူသေတာရော၊ ဦးကျန်စုရှင် သေတာရော ကျွန်တော် မသိလိုက်ဘူး။ သတင်းစာထဲလည်း ဘယ်ပါမလဲဗျာ။ သူတို့ မထည့်ဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးစန်းပွင့်။ ။ ဦးခွန်ဆာက (၂၀၀၇) ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့မှာ ကွယ်လွန်သွားတယ်၊ အသက် (၇၄) နှစ်။ သူ့စစ်ဦးချုပ် ဦးကျန်စုရှင်ကတော့ (၂၀၁၀) ပြည့်နှစ်၊ ဇွန်လ (၃) ရက်နေ့မှာ။ သူကလည်း (၈၃) နှစ်။ ထိုင်းဘန်ကောက်ဆေးရုံမှာ ကွယ်လွန်သွားတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ သူတို့ ဒီမှာနေတော့ ကျွန်တော် အကုန်လုံး လုပ်ပေးကိုင်ပေးခဲ့တယ်။ သူတို့ နေရေးထိုင်ရေး စားရေးသောက်ရေးကအစ အကုန်လုံး စီစဉ်ပေးရတယ်။ နောက်တစ်ခုက သူတို့ပြန်ချင်တဲ့သူတွေကိုလည်း တချို့ကလည်း အတင်းခေါ်ထားလို့ သူ့တပ်ဖွဲ့ဝင်ဖြစ်နေတာကိုး။ တော်တော်များများကလည်း အိမ်ပြန်ချင်တဲ့သူတွေ ကျွန်တော် ပြန်ပို့ပေးတယ်။ ရွာတွေ၊ မိဘတွေဆီရောက်အောင် ပြန်ပို့ပေးတယ်။ မပြန်ချင်ဘူးဆိုတဲ့ သူတွေအတွက်တော့ ရွာတည်ပေးတယ်၊ အဲဒီရွာမှာ စိုက်ပျိုးရေး၊ မွေးမြူရေးအားလုံး ကျွန်တော် စီမံခန့်ခွဲပေးတယ်။ ကျွန်တော်တို့ဆီက ဝန်ကြီးဌာနတွေကလည်း လိုအပ်တဲ့ပံ့ပိုးမှုတွေ လိုက်လုပ်ပေးတော့ အားလုံးအဆင်ပြေသွားပါတယ်။ ကျွန်တော်က အာမခံတယ်။ မင်းတို့စားဝတ်နေရေးအတွက် အားလုံးတာဝန်ယူတယ်လို့ဆိုတဲ့အတိုင်းပဲ ကျွန်တော်ဖြစ်အောင်လုပ်ပေးလိုက်တာ။ ဖြစ်အောင်လုပ်ပေးတော့ သူတို့အဆင်ပြေပါတယ်။ အထူးသဖြင့်တော့ စိုက်ပျိုးရေး၊ မွေးမြူရေးပေါ့ဗျာ။ စိုက်ပျိုးရေး၊ မွေးမြူရေးကို ဇောက်ချပြီးလုပ်တော့ ကျွန်တော်ပဲ လိုအပ်တဲ့ပံ့ပိုးမှုတွေ လုပ်ပေးလိုက်တာဆိုတော့သူတို့ ဘာမှအခက်အခဲ မရှိဘူး။ ဟိုတစ်လောကတောင် လာသေးတယ်လေ။

မောင်ဆွေသက်။ ။ ကိုစန်းပွင့် ... အင်အားလေး ဖြည့်ပြောပါဦး။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ အင်အားကတော့ တစ်သောင်းလေးထောင်။ စုစုပေါင်းပေါ့။

မြတ်ခိုင်။ ။ ခွဲထွက်သွားတဲ့ ရွက်ဆစ်တို့အဖွဲ့ကရော။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အဲဒါက နောက်မှ ဝင်ပြီးမှဗျ။ အဲဒါက အမှန်ပြောရင်တော့ ရွက်ဆစ်ဆိုတာလည်း မုံးထော်၊ မုံးထမှာ ကျွန်တော်တို့ဆီက အဲဒီတုန်းက ထောက်လှမ်းရေးတပ်မှူး ဗိုလ်မှူးသိန်းဟန်တို့နဲ့ အခမ်းအနားတွေလုပ်ပြီး အတူတူစားသောက်၊ အတူနေခဲ့ကြတယ်။ ရင်းရင်းနှီးနှီးရှိခဲ့တယ်။ ကိုသိန်းဟန်တို့လည်း တခြားတာဝန်တွေ ထမ်းဆောင်စရာရှိတော့ လွယ်လန်းဒေသက ထောက်လှမ်းရေးတပ်ဖွဲ့တွေအကုန်လုံး ကိုယ့်တာဝန်ကိုယ်ပြန်ကြတဲ့အချိန်မှာ နောက်ပိုင်းမှာ ရွက်ဆစ်က ... ကျွန်တော် ထင်တယ် ... ပြည်ပက အဖွဲ့အစည်းတွေနဲ့ အဆက်အသွယ်ရှိတော့ လူအင်အားနှစ်ဆယ်လောက်နဲ့စပြီး တစ်ဖက်နိုင်ငံထွက်သွားတယ်လို့ သိရတယ်။ နောက်ပိုင်းတော့ သူ့ဆီကို တဖြည်းဖြည်း တချို့နေရာတွေ ရောက်တယ်။ ကျွန်တော် ထင်တယ် ... လူဟောင်းတွေလည်း တချို့ပြန်သွားတာတို့၊ စုဆောင်းတာတို့နဲ့ ရွက်ဆစ်အဖွဲ့ဆိုတာ ဖြစ်လာတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ နောက်ပိုင်းမှာ အင်အား တော်တော်များတယ်နော်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ နောက်ပိုင်းမှာ လေး၊ ငါး၊ ခြောက်ထောင်လောက် ဖြစ်လာတယ်။ စောစောပိုင်းကတော့ သူကိုယ်တိုင် ဝင်လာခဲ့ပြီးသားပါ။ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲတဲ့အခမ်းအနားမှာ သူ့ဓာတ်ပုံကိုပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ နောက်ပြီးတော့ ကျွန်တော့်ဆီကို ထပ်ပြီးဆက်သေးတယ်ဗျ။ ဒါပေမဲ့ ... နောက်ပိုင်းကျတော့ သူကလည်း ဟိုဘက်မှာ မူးယစ်ဆေးဝါးလုပ်နေတယ် ဆိုတဲ့ သတင်းတွေလည်းရ၊ နိုင်ငံတကာနဲ့ ဆက်ဆံရေးတွေဘာတွေ၊ ထိုင်းဘက်နဲ့လည်း ဆက်သွယ်ရေး၊ ဆက်ဆံရေးတွေလုပ်နေတော့ ရှုပ်ထွေးမှုတွေဖြစ်မှာစိုးတာနဲ့ အဲဒါ သူ့ကိုတွေ့ဖို့အတွက်ကို မစီစဉ်နိုင်ဘူး။ သူကတော့ တွေ့ချင်တဲ့သဘော ရှိတယ်။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ (၂၀၀၄) ခုနှစ်မှာ နောက်ဆုံးပိတ် ဆက်သွယ်လာတယ်။ ဗိုလ်ချုပ်ကြီးနဲ့ ဟိုဟာမှာ တွေ့ဖို့ ပြောပြီးပြီ။ သူက ချင်းမိုင်ချိန်းတယ်။ ဗိုလ်ချုပ်ကြီးက မင်း ချင်းမိုင်တော့မသွားနဲ့၊ တာချီလိတ်ကို ချိန်းလို့၊ အမှန်ပြောရရင် (၂၀၀၅) ခုနှစ်၊ ဇန်နဝါရီလမှာ သူလည်းပဲ ပြန်လာဖို့ ဆုံးဖြတ်ပြီးပြီတဲ့။ နောက်ပိုင်း သူ့တပည့်တွေနဲ့ ကျွန်တော် ပြန်တွေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ အားလုံးမတိုက်ဖို့လည်း သူက ညွှန်ကြားပြီးပြီတဲ့။ ကျွန်တော်တို့နဲ့ ယုံကြည်မှုရှိတဲ့အတွက်ကြောင့် (၂၀၀၄)ခုနှစ်မှာကျွန်တော်တို့နဲ့ ဆက်သွယ်တယ်။ ဆက်သွယ်တဲ့အခါသူတွေ့မယ်။ တွေ့မယ်ဆိုတော့ ဗိုလ်ချုပ်ကြီးက ချင်းမိုင်သွားမတွေ့နဲ့ကွာ။ ချင်းမိုင်က နည်းနည်းလည်းရှုပ်တယ်ပေါ့။ ကိုယ့်နိုင်ငံထဲ ကိုယ်ခေါ်ဆိုတော့ တာချီလိတ်မှာ တွေ့မယ်ဆိုတော့ သူလည်း သဘောတူတယ်။ ဒါပေမဲ့ ကျွန်တော်တို့ပြဿနာဖြစ်သွားတော့ အဲဒါကပျက်သွားတယ်။ ဒါ သူဆုံးဖြတ်ပြီးသားလို့ ပြောတယ်။ သူက အောက်ကိုလည်း ညွှန်ကြားတယ်တဲ့။ မတိုက်ကြနဲ့တော့လို့။ တို့ကလူကြီးတွေနဲ့ အလုပ်လုပ်ဖို့ ရှိတယ်။ ငြိမ်းချမ်းရေးလုပ်ဖို့ ရှိတယ်လို့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။(၂၀၀၄) ခုနှစ်ကတည်းက သူက စိတ်ပြောင်းသွားပြီဗျ။ ဥပဒေဘောင်ထဲဝင်ဖို့ဆိုတာ အဲဒီကတည်းက သူ ဆုံးဖြတ်ထားပြီးပြီ။ သို့သော်ငြားလည်း ကျွန်တော်တို့ကပြဿနာဖြစ်သွားတော့ ဒါက ဆက်ပြီးမလုပ်နိုင်တော့ဘူး။ မလုပ်ဖြစ်တော့ဘူး။ အခုတော့လည်း သူတို့ လုပ်နေကြပြီ။

မြတ်နိုင်။ ။ဦးခွန်ဆာကို ဘာကြောင့် အပြတ်မရှင်းနိုင်ခဲ့တာလဲ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ သူက အင်အားတော်တော်များတယ်လေဗျာ။ ထိုင်းနဲ့ မြန်မာနိုင်ငံနယ်စပ်မှာဗျ။ အမ်တီအေ သူ့အင်အားက တစ်သောင်းနဲ့လေးထောင်ဗျ။ လက်နက်ကြီး၊ လက်နက်ငယ်စုစုပေါင်း (၈) ထောင်ကျော် လွှဲပြောင်းပေးတာ။ ကျည်ဆန်မျိုးစုံက သိန်းနှစ်ဆယ်ကျော်တယ်။ တီအင်န်တီယမ်းက နှစ်တန်ကျော်။ မိုင်းမျိုးစုံက လေးသောင်းနဲ့ခုနစ်ထောင်။ စောစောက ကျွန်တော်ပြောသလို သူ့ဆီမှာက ဆမ်-၇ ဆဲဗင်းတွေလည်း ရှိတယ်။ ဆမ်-၇ ဆဲဗင်းချည်းပဲ အလက် (၂၀) လောက် ရှိတယ်။ နောက်ပြီး သူက ထိုင်းနယ်စပ်မှာဆိုတော့ ဒီဘက်ကဖြစ်ရင် ဟိုဘက် ကူးသွားလို့ရတယ်။ သူယူထားတဲ့ နေရာတွေက border ဟိုဘက်ကိုစီးပြီး မြင်နေရတယ်။ ဒီတော့ ဒီဘက်က လေယာဉ်ပျံနဲ့သွားပြီး ဗုံးကြဲလို့လည်းမရဘူး။ ဟိုဘက်နိုင်ငံထဲ ကျသွားမှာပဲ။ အဲဒီတော့ ကန့်သတ်ချက်တွေက အများကြီးရှိတယ်။ စစ်ဆိုတာ တစ်ဖက်တည်း တိုက်လို့ မရဘူးလေဗျာ။ ဟိုမှာစစ်တိုက်ခဲ့တဲ့ပုဂ္ဂိုလ်ကြီး ရှိပါတယ်။ တစ်ဖက်ကတိုက်ရမယ်။ တစ်ဖက်ကပိတ်ရမယ် ဆို့ရမယ်ဆိုတဲ့ စစ်နည်းဗျူဟာတွေ ရှိတာပေါ့။ အခုကျတော့ သမားရိုးကျပဲ တစ်ဖက်တည်းတိုက်ရမှာ ရှိနေတယ်။ ခြေလျင်တပ်ပဲ တိုက်လို့ရမယ်။အမြောက်ပစ်ရင်လည်းဟိုဘက်ကျသွားမယ်။လေယာဉ်ပျံကလည်းဗုံးကြဲလို့မရဘူး။ဒီလိုကန့်သတ်ချက်တွေရှိတယ်။ သူ့မြောက်ဘက်က တန့်ယန်းတို့ ဘာတို့တိုက်ရင်တော့ ဒါတွေက တိုက်ပွဲတွေဖြစ်ဖြစ်နေတာပေါ့။ ဒါပေမဲ့ မပြတ်ဘူးပေါ့ဗျာ။ အပြတ်ချေမှုန်းနိုင်ဖို့တော့ မရှိဘူးပေါ့။ နောက်တစ်ခုက တစ်ဖက်ကလည်း ကျွန်တော်တို့ တာဝန်ယူတဲ့အချိန်တုန်းကတော့ ငြိမ်းချမ်းရေးတော့ ရသွားပြီ။ သို့သော်ငြားလည်း တစ်ဖက်ကလုပ်ရမယ့်လုပ်ငန်းတွေက အများကြီးဗျ။ ဒီဟာတစ်ခုတည်း အာရုံစိုက်ပြီးစစ်ရေးတစ်ခုတည်းလုပ်ဖို့ကအဲဒီအချိန်တုန်းကမစဉ်းစားတော့ဘူးလေဗျာ။ကျန်တဲ့နေရာတွေအများကြီးကိုးဗျ။ နိုင်ငံတော်ရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အများကြီးပဲ ကျန်နေသေးတာ။ မပြီးမြောက်သေးတဲ့ လုပ်ငန်းတွေအများကြီးပဲ။

မြတ်နိုင်။ ။ဦးခွန်ဆာတို့ လက်နက်ချလိုက်ပေမဲ့ မူးယစ်ဆေးဝါးကိစ္စက ပြတ်မသွားဘူးနော်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ဒီမှာမူးယစ်ဆေးဝါးက တော်တော်ပြတ်ဖို့ခက်တယ်။ မူးယစ်ဆေးဝါးလုပ်တယ်ဆိုတာ ကုန်သည်တွေ အများကြီးဗျ။ လက်နက်ကိုင်အဖွဲ့အစည်းတွေ သက်သက်လုပ်တာမဟုတ်ဘူး။ မူးယစ်ဆေးဝါးမှောင်ခိုလုပ်နေတဲ့ ဂိုဏ်းတွေကိုက ရှိတာ။ အဲဒီဂိုဏ်းတွေက တရုတ်နိုင်ငံဘက်ကလာတဲ့ ဂိုဏ်းတွေလည်း ရှိတယ်။ ထိုင်ဝမ်ဘက်ကလာတဲ့ ဂိုဏ်းတွေလည်း ရှိတယ်။ ထိုင်းဘက်ကလာတဲ့ဂိုဏ်းတွေလည်း ရှိတယ်။ အဲဒီဂိုဏ်းတွေလုပ်ပြီးတော့ မူးယစ်ဆေးဝါးစက်ရုံဆိုတာက စက်ရုံအကြီးကြီးတွေ မဟုတ်ဘူးဗျ။ မူးယစ်ဆေးဝါးချက်တာက တောထဲမှာချက်တာ။ အဲဒါက ဘာမှခဲရာခဲဆစ် မဟုတ်ဘူး။ လွယ်လွယ်လေး။ ရှမ်းပြည်မြောက်ပိုင်းမှာဆိုရင် မူးယစ်ဆေးဝါးစက်ရုံမိတယ်ဆိုပြီး ဖိတ်လိုက်သေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်းကသတင်းထောက်တွေ အဖွဲ့တွေနဲ့ဖိတ်လိုက်လို့ သတင်းထောက်တွေကို စက်ရုံသွားပြတာ။ စက်ရုံဆိုတာ ဘာမှ မဟုတ်ပါဘူး။ တောထဲမှာ တဲထိုးပြီး ပုလင်းတွေ၊ ခွက်တွေနဲ့ချက်တာဗျ။ စက်ရုံဆိုတာတော့ စက်ရုံလို့သာ နာမည်တပ်တာဗျ။ ရောက်တဲ့နေရာ ချက်လို့ရတယ်။ အခုလည်းချက်နေတာပဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ ဦးခွန်ဆာက လက်နက်ချတဲ့အချိန်မှာ သူ့ဘေးပတ်ဝန်းကျင်မှာ စက်ရုံတစ်ဆယ့်နှစ်ရုံ ကျွန်တော်တို့ကို အပ်တယ်။ ဒါပေမဲ့ သူပိုင်တာချည်း မဟုတ်ဘူး။ တချို့ကလည်း ဟိုဘက်က ကုန်သည်ပိုင်တာလည်း ပါတယ်။ သူက ကိုယ်ပိုင်ချက်နေတာ မဟုတ်ဘူး။ ဒီအပေါ်မှာ အခွန်ယူတာတို့၊ အရောင်းအဝယ်ထိန်းချုပ်ဖို့ အမြတ်ခွန်ကောက်တာတို့၊ ချက်လုပ်တဲ့ လုံခြုံရေးပေးထားတဲ့ စရိတ်တွေဘာတွေပေါ့။ နောက်ဘိန်းစက်ရုံဆိုတာလည်း အမိုးနဲ့လုပ်လို့ရတာ မဟုတ်ဘူး။ အမိုးခွံမပါတဲ့ ရိုးရိုးတာ လပတ်နဲ့။ ဘာဖြစ်လို့လဲဆိုတော့ အမိုးဆိုရင်သူက ပေါက် ကွဲသွားမှာ။ အမိုးမရှိဘဲသစ်ပင်အောက်မှာ open လုပ်ရတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ကျွန်တော်သိရသလောက်တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေသူတို့ဦးစီးပြီးလုပ်တာ မဟုတ်ဘူး။ သူတို့က အခွန်အခရတာပဲ။ တကယ်လုပ်တာက အရပ်သားတွေ၊ ကုန်သည်တွေဗျ။ မူးယစ်ဆေးဝါးလုပ်နေတဲ့ ကုန်သည်တွေ။အခုဖော်ထုတ်လို့ရသမျှကြည့်လိုက်ရင်ကျွန်တော်တို့လက်နက်ကိုင်အဖွဲ့အစည်းတွေလုပ်တာမဟုတ်ဘူးဗျ။ ဒါကြောင့်မို့ ဒါမပြတ်တာပေါ့ဗျာ။

မြတ်ခိုင်။ ။ အခုလည်း ရှက်ဆစ်တို့အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးနေကြတာဖေပါ့နော်။ ဦးအောင်မင်းတို့ အရင်တစ်ပတ်က ချင်းမိုင်မှာသွားဆွေးနွေးတော့ အပစ်အခတ်ရပ်ဖို့ကိစ္စ မဖြစ်နိုင်ဘူးလို့ပြောနေတာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပေါ့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ဒါတော့ ဘယ်လိုအခြေအနေလဲတော့ မသိဘူးပေါ့ဗျာ။ ဘာလို့မဖြစ်ရမှာလဲဗျ။

မြတ်ခိုင်။ ။သူတို့က ပြဿနာလေးတွေ နည်းနည်းရှိနေသေးတဲ့အတွက် အားလုံးမဖြစ်နိုင်ဘူးလို့ပြောတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အကြိမ်ကြိမ်ညှိပြီး ဆွေးနွေးရမှာပေါ့ဗျာ။ အပစ်အခတ်ရပ်စဲရေးဖြစ်မှ နောက်တစ်ဆင့်က ကူးလို့ရမှာ။ အပစ်အခတ် ရပ်စဲရေးမပြီးသမျှ နောက်တစ်ဆင့်ကူးလို့မရဘူးဗျ။ သူတို့လည်း ကြိုးစားမှာပေါ့ဗျာ။ လုပ်ကြမှာပေါ့။

မြတ်ခိုင်။ ။ အခုတစ်လော ဝန်ကြီးချုပ်ပြောနေတဲ့အထဲမှာ ဗိုလ်ချုပ်ကြီးကိုဖမ်းတာတို့၊ ဦးနေဝင်းတို့ကိုဖမ်းတာတို့ သူပါတာ မဟုတ်ဘူးလို့ ပြောနေတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ဒါတော့မသိဘူးပေါ့ဗျာ။ အင်းပေါ့... သူပဲ သိမှာပေါ့ဗျာ။

မြတ်ခိုင်။ ။ဗိုလ်ချုပ်ကြီးက ကာယကံရှင်ဖြစ်တဲ့ အတွက်သူပါတယ်၊ မပါဘူးဆိုတာပေါ့။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။အဲဒါတော့မသိဘူးဗျာ။ ကာယကံရှင်အသိဆုံးပဲ။

မြတ်ခိုင်။ ။လွှတ်တော်မှာဦးရွှေမန်းနဲ့တွေ့တော့ သူကအဲဒါလေးထည့် ပြောတယ်လို့ ဂျာနယ်ထဲမှာပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ သူတို့ကာယကံရှင် အသိဆုံးပေါ့ဗျာ။ ကျွန်တော်ကတော့ ဘယ်သူရယ်လို့ ဘာညာဘာမှ မရှိတော့ပါဘူးဗျာ။ သူ့အခြေအနေသူ့ အချိန်အခါနဲ့ ဖြစ်ခဲ့တာပေါ့ဗျာ။ ဒါတွေလည်း ကျွန်တော် ပြန်မစဉ်းစားတော့ဘူးလေ။ ဘာမှလည်းအာဃာတစိတ်လည်းမရှိဘူး။ အေးချမ်းတဲ့ဘဝလည်း ထူထောင်ထားတာကိုပဲ ဝမ်းသာနေတယ်။ ပီတိဖြစ်နေတယ်။ ဒါလေးနဲ့ပဲ ဟန်ကျနေတယ်။ အဆင်ပြေနေတယ်။ ဘုရားတရားအလုပ်လုပ်တယ်။ ဘာသာရေးလုပ်တယ်။ နောက် လူမှုရေးလေးတွေ လုပ်တယ်။ တချို့အိမ်တွေက ဘုရားမရှိဘူးဗျ။ ဘုရားကားလေးတွေ ချိတ်ထားတာလေးတွေအတွက် လှူဖို့ အတွက် အခုဘုရားတွေ ကျွန်တော် စုနေတယ်။ ဒါကအခု စိတ်အေးချမ်းတယ်ဗျာ။ ကိုမြတ်ခိုင် အခု ကျွန်တော်နေရထိုင်ရတာ သိပ်အေးချမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုင်။ ။ဗိုလ်မှူးကြီးကျတော့ ဘယ်လောက်ကြာလဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ဟိုမိန်းမှာလား။ သုံးလ။

မြတ်နိုင်။ ။အခုဗိုလ်ချုပ်ကြီးကတော့ အများရှေ့ထွက်တယ်။ ဗိုလ်မှူးကြီးကျတော့ အခုမှ ဘာလို့ထွက်တာလဲ။

ဗိုလ်မှူးကြီးစန်းပွင့်။ ။ကျွန်တော်လည်း ဘာမှ ပြောစရာလည်းမရှိပါဘူး။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။သူတို့လည်းစားဝတ်နေရေးက ဖန်တီးနေရတာဗျာ။ သူ့မိန်းမက ကျန်းမာရေးမကောင်းဘူးဗျ။ ကျောက်ကပ်ဆေးနေရတယ်။ တစ်ပတ်ကို နှစ်ကြိမ် အာရှတော်ဝင်မှာ ဆေးရတယ်။ ကျွန်တော့်တပည့်တွေကလည်း ချမ်းသာတဲ့သူ တစ်ယောက်မှ မရှိဘူးဗျ။ အခုဆိုရင် သူလည်း သောကများနေတာပေါ့။ မိန်းမက ကျန်းမာရေးမကောင်းရှာဘူး။ စီးပွားရေးက ဘာမှသိပ်မရှိဘူးလေ။ သမီးလေးက အလုပ်အကိုင်ရှိပြီး အခုအတူတူနေနေလို့သာ။ အဲဒါလေးပဲ ရှိတယ်။ ဉာဏ်လင်းဆိုရင် မေမြို့မှာ ပန်းစိုက်နေတယ်။ ကျွန်တော့်တပည့်တွေ စီးပွားရေး ဘာမှမရှိရှာဘူးဗျ။ ကျွန်တော်ပဲ အိမ်ကြီးကြီးမားမားနဲ့။ ခင်ဗျားတို့ကတော့ အိမ်ကိုအကြီးကြီးလို့ထင်မယ်။ ဒါလေးတစ်ခုပဲ ရှိတယ်ဗျ။ ကျန်တာကတော့အခွံပဲ။ ရရစားစား ပေါ့ဗျာ။ ဆိုင်လေးတွေဖွင့်ထားတာတောင်မှ မိုးတွင်းဆိုတာ တစ်ခါတလေ ဈေးဦးမပေါက်ဘူးဗျ။ ဒါပေမဲ့...ကိုယ်ဖြစ်တာလေး လုပ်ထားတော့ စိတ်ချမ်းသာတယ်၊ အေးချမ်းတယ်။ ကျန်တဲ့တပည့်တွေလည်း အဲဒီလိုဗျ။ စားဝတ်နေရေးအတွက် ဖန်တီးနေကြရတာပေါ့ဗျာ။ ရှေ့လည်းမထွက်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကို ထောက်လှမ်းရေး၊ ထောက်လှမ်းရေး ဆိုပြီး တချို့ကလည်း အပြစ်ဆိုနေတာကိုးဗျ။ အပြစ်ဆိုနေကြတော့ ရှေ့ကိုမထွက်ချင်ကြတော့ဘူး။ တကယ်ကျတော့လည်း တိုင်းပြည်အတွက် ကျွန်တော်တို့ လုပ်ခဲ့ကိုင်ခဲ့ရတာတွေအများကြီးပဲ။ အခုလုပ်ခဲ့တာ ဘယ်သူလုပ်မှာလဲဗျ။ ဒီလုပ်ငန်းကို ခဲရာခဲဆစ်ကြီး အသက်စွန့်ပြီးလုပ်ရတာ။ မညည်းမညူ လုပ်ခဲ့တာပဲ။ ဒါလေးကို သိစေချင်လို့ပေါ့။ ကျွန်တော်တို့လူတွေက ရိုးရိုးသားသားနဲ့ တိုင်းပြည်ရဲ့တာဝန်ကို လေးလေးစားစားနဲ့ အသက်ကိုမငဲ့ဘဲနဲ့ လုပ်ခဲ့ကိုင်ခဲ့တယ်ဆိုတာ ဒါ သာဓကတစ်ခုပါ။ သာဓကတစ်ခုအနေနဲ့ ရှင်းပြတာပါ။ ရှင်းပြတာလည်း သမိုင်းကြောင်းအမှန်လေးဖြစ်အောင်လေ။

ဘာဖြစ်လို့လဲဆိုတော့ သမိုင်းဆိုတာ ဟိုလူကပြော၊ ဒီလူကပြောနဲ့ သမိုင်းပျက် ဖြစ်နေမှာပေါ့ဗျာ။ ခင်ဗျားကတော့ ဟိုသင်းဆိုတော့ သမိုင်းတွေကို စုဆောင်းတာပေါ့ဗျာ။ စာနယ်ဇင်းသမားဆိုတော့ စုဆောင်းတော့ အဖြစ်မှန်လေးတွေရတော့ အများကြီးကောင်းတာပေါ့ဗျာ။ ဒါကြောင့်မို့ နောင်တစ်ချိန်ကျရင်တော့ ခင်ဗျား စာအုပ်တစ်အုပ်ထုတ်ရမယ်။ စုထားရမယ်။ ကောင်းတာလေးတွေ ကျွန်တော် ပေးမှာပေါ့ဗျာ။ ကောင်းတာဆိုတာ ကျွန်တော်တို့အတွက် မဟုတ်ပါဘူး။ တိုင်းပြည် အတွက်ပါ။ တိုင်းပြည်အတွက်ကို အထောက်အကူပြုမှာလေး ပေးမှာပါ။ အချိန်အခါအရပေါ့ဗျာ...ကြည့်ပြီးတော့ အခုတော့ ဒီတစ်ပွဲကို ခင်ဗျားကို ပေးလိုက်ဦးမယ်ပေါ့ဗျာ။

လျှပ်တစ်ပြက်

အတွဲ(၄)အမှတ်(၄၈)မှ - အတွဲ(၄)အမှတ်(၅၄)ထိပြီး

www.burmeseclassic.com

www.burmeseclassic.com

## ဥက္ကဋ္ဌဦးနေဝင်းထံမှ နိုင်ငံတကာဆက်ဆံရေးတွင် အတုယူခဲ့ရသည်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား

တကယ့်တကယ်ဆိုရင်ကျွန်တော်တို့ကလက်တွဲပြီးလုပ်တာဗျ။ထိုင်းမှာသံအမတ်လုပ်ခဲ့တဲ့အခါမှာကျွန်တော်တွေ့သမျှ သံအမတ်တွေထဲမှာ ဒီသံအမတ်က အထူးခြားဆုံးပဲ။ (သံအမတ်ကြီးဟောင်း ဦးညွန့်ဆွေကို ညွှန်းသည်) ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်ကိုယ်တွေ့လေ။ ဖြစ်စဉ်ဖြစ်ရပ်တွေမှာ ကိုယ်တိုင်တွဲလုပ်ခဲ့တာပဲ။ သံအမတ်ဆိုတာက နိုင်ငံတော်ရဲ့ကိုယ်စားပြု၊ နိုင်ငံတော်ရဲ့ရုံးခွဲပဲဗျ။ သူ့ကို အာဏာကုန်လွှဲပေးလိုက်တာ။ သံအမတ်ဆိုတာ အာဏာကုန်လုပ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်ဆိုပြီး ပေးလိုက်တာ။ ထက်ထက်မြက်မြက်လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ထူးခြားတာပေါ့ဗျာ။ အောင်မြင်တာပေါ့ဗျာ။ သံအမတ်မဖြစ်ခင်ကတည်းက သံအမတ်လုပ်ငန်းကိုစလုပ်ရတာပဲ။အဲဒါက ဘယ်အချိန်လဲဆိုတော့ထိုင်းဘုရင်ရဲ့သမီးတော်လာတဲ့အချိန်မှာသံအမတ် မဖြစ်သေးဘူး။ သံအမတ် လျာထားလိုက်ပြီ။ အဲဒါက ကျွန်တော်တို့လူကြီးတွေရဲ့အမြော်အမြင်ကြီးမှုပဲ။ ကျွန်တော်က နိုင်ငံတကာဆက်ဆံရေးမှာ ကျွန်တော့်ရဲ့ဥက္ကဋ္ဌကြီးဦးနေဝင်းဆီက အတုယူတယ်ဆိုတာ အဲဒါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းဘုရင့်သမီးတော်သီရိဒ္ဓုံ လာတော့မယ်ဆိုတော့ ဖိတ်တဲ့အခါမှာလည်း ပထမတော့ ဒုဝန်ကြီးကနေ ဖိတ်တာ။ အဲဒီမှာ ဥက္ကဋ္ဌကြီးက သိတဲ့အခါကျတော့ ဘုရင်နဲ့ကသိပ်ရင်းနှီးတာကို ဖိတ်တာ။ အဲဒီအချိန်တုန်းကဆိုရင် ကျွန်တော် သိရ သလောက်ပေါ့ဗျာ...ဥက္ကဋ္ဌကြီးဦးနေဝင်းရယ်၊ ထိုင်းဘုရင်မင်းမြတ်ရယ်၊ စင်ကာပူကဆိုရင် လီကွမ်ယူရယ်၊ အင်ဒိုနီးရှားကဆိုရင် ပထမတော့ ဒေါက်တာဆူကာနိုပေါ့...နောက်တော့ ဆူဟာတို။ ဆူဟာတိုနဲ့က ပိုပြီးနီးစပ်တယ်ပေါ့။ အနောက်ဘက်မှာဆိုရင် အိန္ဒိယက မစ္စက်အင်ဒီရာဂန္ဒီနဲ့က အကြာကြီး တော်တော်ရင်းနှီးတယ်။ တရုတ်ပြည်ကျတော့ ချူအင်လိုင်းက စပြီးတော့ ရင်းနှီးတာပေါ့။ အဲဒီတော့ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေဗျ။ အဲဒီမှာထိုင်းဘုရင့်သမီးတော်ဖိတ်ဖို့က ပထမက ဒုဝန်ကြီးနဲ့ဖိတ်တာ။

အစိုးရအဖွဲ့ နိုင်ငံခြားရေးရုံးက ဦးနှောက်ခြောက်ပြီပေါ့ဗျာ။ သူတို့က ဘုရင်မိသားစုကို ထိပ်မှာထားတာ။ အစိုးရအဖွဲ့ ထိပ်မှာ၊ တပ်မတော်ရဲ့ ထိပ်မှာထားတာ။ ဒီက ဒုဝန်ကြီးက ဖိတ်စာပို့လိုက်တယ်ဆိုတော့ ဟိုမှာ ဒုက္ခရောက်နေတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ကျွန်တော်တို့ဥက္ကဋ္ဌကြီး ဦးနေဝင်းကနေသိတော့ ဟာမဖြစ်ဘူးကွ။ ဝါ့မိတ်ဆွေပဲ။ ဝါ့မိတ်ဆွေရဲ့သမီးဆိုတော့ ဒါပဲ ဖိတ်လိုက်မယ် ဆိုပြီးပေါ့။ အမြော်အမြင်ရှိတာ ပြောတာပါ။ သူက အမှန်က ဥက္ကဋ္ဌကြီးဗျ။ ပါတီဥက္ကဋ္ဌကြီးဗျ။ သူကနေ သမီးတော်ကို ဖိတ်တာ။ ဒီကနိုင်ငံ့ခေါင်းဆောင်ကြီးက ဖိတ်လိုက်တာဆိုတော့ ကျေနပ်တာပေါ့ဗျာ။ အရမ်းဝမ်းသာတာပေါ့။ အဲဒါတစ်ချက် တွေ့တယ်။

ဖိတ်ပြီးတော့လည်း ဟိုကသံအမတ်က လဲတော့မယ်ဗျ။ ကျွန်တော်တို့သံအမတ်က ပြန်ခါနီးနေပြီ။ ရက်ပြည့်နေပြီ။ အဲဒီတော့ သံအမတ်အသစ် လွှတ်ရတော့မယ်။ သံအမတ်အသစ်လွှတ်ဖို့က လုပ်ထားပြီးပြီ။ နောက်လွှတ်မယ့်သံအမတ်ကို တော့ သူ့ကိုလည်း နေရာစပေးရမယ်။ ဟိုမှာရှိတဲ့ ဘုရင့်သမီးတော်နဲ့ ဆက်စပ်ပေးရမယ်၊ ဆက်သွယ်ပေးရမယ်ဆိုတာ ခေါင်းထဲမှာ ဦးနောက်ဗျ။ တွေ့လား ... ခေါင်းဆောင်ဆိုတာလေ နိုင်ငံတကာဆက်ဆံရေးမှာ အရှည်မြော်မြင်ပြီးတော့ ဒီဦးညွန့်ဆွေကို ... ဗိုလ်မှူးကြီးညွန့်ဆွေပေါ့လေ ... လွှဲလိုက်တော့ နိုင်ငံခြားရေးရုံးကတောင် အံ့သြနေတယ်လေ။ အဲဒီမှာ သီရိဒုံနဲ့တွဲပြီး လိုက်ပို့ လိုက်တော့ ရင်းနှီးသွားပြီဗျ။ သံအမတ်တောင် မဖြစ်သေးဘူး . . . ရင်းနှီးနေပြီ။ အဲဒီတော့ သံအမတ်ဖြစ်ရင် လွယ်အောင်ဆိုပြီး လုပ်ပေးလိုက်တာ။ ဒါက ခေါင်းဆောင်ရဲ့ နိုင်ငံတကာဆက်ဆံရေးမှာ ရှေ့ကို ဘယ်လောက်မြော်တွေးပြီး ကြည့်သလဲဆိုတာ အဲဒါကိုကျွန်တော်က အတုယူတာ၊ လေးစားတာ။ ဒါတစ်ချက်။ နောက်တော့ လွယ်သွားပြီလေ။ ဥပမာ သမီးတော်နဲ့ရင်းနှီးသွား ပြီဆိုတော့ နန်းတော်ထဲကို ဝင်လို့ထွက်လို့ ရပြီလေ။ နန်းတော်ထဲ ဝင်လို့ထွက်လို့ရပြီဆိုတော့ ကျန်တာပြီးသွားပြီပေါ့ဗျ။

နောက်တစ်ခါက ဘုရင့်နှစ် (၆၀) ပြည့်မွေးနေ့မှာ ဘာပေးရမလဲဆိုတာ သူ စဉ်းစားတယ်။ ရင်းနှီးနေတာကိုးဗျ။ ပုဂ္ဂိုလ်ရေး ရင်းနှီးနေတော့ ဘာပေးရမလဲ စဉ်းစားတော့၊ ငါကိုယ်တိုင်သွားပေးမယ်ကွာတဲ့။ Jade Buddha လေ ... ကျောက်စိမ်း ရုပ်ပွားတော်ကို ထုခိုင်းပြီးတော့ ငါကိုယ်တိုင်သွားပေးမယ်တဲ့။ နေ့ချင်းပြန်ပေါ့ . . . ရင်းနှီးမှုအနေနဲ့ သွားပေးမယ်လို့။ အဲဒါ ပေးတဲ့အခါမှာလည်း ကျွန်တော်က ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဖြစ်နေပြီဗျ။ အဲဒီရုပ်ပွားတော်က လေးတယ်။ လေး တော့ ကျွန်တော်တို့က ဝေါလေးလုပ်ရတယ်။ အဲဒီဝေါပေါ်မှာ တံကဲတင်လိုက်တယ်။ တံကဲတင်ပြီး ရုပ်ပွားတော်တင်ပြီး ကျွန် တော်နဲ့ ဦးဆက်ထွန်းက တစ်ယောက်တစ်ဖက်နဲ့ နှစ်ယောက်မ,ရတယ်ဗျ။ အဲဒီတော့ ဒါ မ,ဖို့အတွက် ကျွန်တော်တို့မသွားခင် မှာ ဒီမှာလေ့ကျင့်ရသေးတယ်။ လေ့ကျင့်ပြီးတော့ နေ့ချင်းပြန်သွားတာ။ မင်းတို့နှစ်ယောက်ကတော့ ဘုရင်ကို ငါအပ်မယ့် နေရာမှာ မင်းတို့နှစ်ယောက်က ပင့်ပြီးတော့ ယူပေးဆိုပြီး ကျွန်တော်တို့နှစ်ယောက်က ဒီမှာလေ့ကျင့်သွားရတယ်။ ဗုဒ္ဓရုပ်ပွား တော်ကို ကိုယ်တိုင်သွားပြီးအပ်တာဗျ။ လက်ဖက်ရည်တောင် မသောက်ဘူး ... ကိစ္စရှိလို့ဆိုပြီး။ အဲဒီအချိန်မှာ ဘုရင့်မွေးနေ့ ဆိုတော့ ဘုရင်ကိုလာပြီး ပူဇော်မယ့်သူက အများကြီးဗျ။ သူ့နန်းတော်ရှေ့မှာ အများကြီး။ အဲဒါကို သူက အားနာပြီးတော့ ငါ အချိန်ယူလိုက်ရင် ဘုရင်ကို ဂါရဝပြုမယ့်သူတွေ အကြာကြီးစောင့်နေရမယ်ဆိုပြီး အားနာပြီး သူက လက်ဖက်ရည်တောင် မသောက်ဘူးဗျ။ ပြန်ထွက်သွားရော။ ကိုယ်တိုင်ကိုယ်က ရင်းနှီးမှုနဲ့ပေါ့ဗျာ။ အဲဒီလိုသွားပြီး လက်ဆောင်သွားပေးလိုက်တယ် ဆိုတော့ ဘုရင်က ဘယ်လောက်ကျေနပ်မလဲဗျာ။ အဲဒီလိုကျေနပ်တဲ့အတွက်လည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုက ပိုပြီး ဖြစ်ထွန်းတာပေါ့။ ဒါတစ်ခု။

နောက်တစ်ခုက ဒီဘက်အပိုင်းမှာ။ မစ္စက်အင်ဒီရာဂန္ဒီ လုပ်ကြံခံရတော့ ပုဂ္ဂိုလ်ရေးရင်းနှီးမှုပဲဗျ။ ငါ သွားမယ်။ သူ့သား ကို သွားပြီး နှစ်သိမ့်မယ်ဆိုပြီးတော့ ရာဂျစ်ဂန္ဒီဆီ ကျွန်တော်တို့ တစ်ညအိပ်သွားတယ်။ ရာဂျစ်ဂန္ဒီက သူ့အမေ အိမ်မှာပေါ့ ဗျာ။ ရာဂျစ်ဂန္ဒီက ဧည့်ဝတ်ပြုတယ်။ ရာဂျစ်ကို သွားနှစ်သိမ့်တာ။ အဲဒါလည်း နိုင်ငံ့အတွက် အမြော်အမြင်ကြီးတာပေါ့ဗျာ။ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ရသွားတယ်။ အဲဒီလို အမြော်အမြင်ကြီးတာဗျ။ နောက်တစ်ခု ခင်ဗျားတို့ကို ပြောမယ်။ ခင်ဗျားတို့ မသိဘူး။ တရုတ်ပြည်ကို သူ သွားတယ်။ တိန့်ရှောင်ဖိန်ကြီးတက်ခါစ။ အဲဒီတုန်းက သူက state visit မဟုတ်ဘူးဗျ။ state visit ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ထုံးတမ်းစဉ်လာနဲ့ပေါ့ဗျာ။ ဘာ visitလည်းဆိုတော့ friendshipပေါ့နော်။ နိုင်ငံတကာအခေါ် နိုင်ငံခြားရေးရုံးအခေါ် friendship visit ဆိုတာ မိသားစုနဲ့သွားတာ။ မိသားစုနဲ့သွားတယ်ဆိုတော့ ဘာမှ ဟိတ်တွေ၊ ဟန်တွေ၊ အဆောင်အယောင်တွေ ဘာမှမရှိဘူး။ friendship visit ဆိုပြီး တိန့်ရှောင်ဖိန်တက်ခါစမှာ သွားနှုတ်ဆက်တဲ့အခါမှာ ဘာအရေးကြီးပါသွားသလဲ ဆိုတော့ ဗကပနဲ့ ကျွန်တော်တို့က အရှေ့မြောက်မှာ တိုက်ပွဲတွေဖြစ်နေတုန်းဗျ။ အဲဒါက (၁၉၈၅) ခုနှစ်လောက်က။ ဗကပကို တရုတ်နိုင်ငံကနေ အရင်တုန်းက ထောက်ပံ့ခဲ့တာကိုးဗျ။ နောက်ပိုင်းမှာတော့ ဆက်ပြီးကူညီသလား၊ မကူညီဘူးလား ဆိုတာ နည်းနည်းဒွိဟ ဖြစ်နေတယ်။ အဲဒါကိုသိချင်လို့ အဓိက.က အဲဒီအချက်ပဲ။ အဲဒါက friendship visit ဆိုပြီးသွားတာမှာ မိသားစုကို ခေါ်သွားပြီး ဟိုကျတော့ တိန့်ရှောင်ဖိန်နဲ့တွေ့တော့ အဲဒါကိုမေးတယ်။ ဗကပနဲ့ပတ်သက်ပြီးတော့ တရုတ်နိုင်ငံက သဘောထား ဘယ်လိုများရှိပါသလဲ။ သဘောထားပဲ။ ဘာဖြစ်တယ်၊ ညာဖြစ်တယ်...ဒီလိုမေးတာ မဟုတ်ဘူး။ သဘောထား ဘယ်လိုများရှိပါသလဲဆိုတော့ ဟိုက သိတယ်ဗျ။ ဟိုက အဲဒါတော့ ကျွန်တော်လည်း အားနာတယ်ဗျာတဲ့။ အဲဒီတုန်းက ကျွန်တော်က သူ့အနားမှာ ရှိတာကိုးဗျ။ ကျွန်တော်က လုံခြုံရေး ပါသွားတာကိုး။ ခင်ဗျားတို့ မြန်မာနိုင်ငံကို ကျွန်တော်လည်း အားနာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခင်တုန်းကလည်း ပြဿနာတွေ အများကြီးရှိခဲ့တာပေါ့ဗျာ။ ကျွန်တော်တို့က မြန်မာနိုင်ငံအပေါ်မှာ လုပ်ခဲ့ကိုင်ခဲ့တာမှာ (သူပြောတဲ့အသုံးအနှုန်းက) မကောင်းတဲ့လုပ်ဆောင်ချက်တွေ လုပ်မိပါတယ်တဲ့။ ဒါပေမဲ့ အခုတော့ ခင်ဗျားတို့ ဗကပကို ကျွန်တော်တို့ မကူညီတော့ပါဘူးတဲ့။

သူတို့ရဲ့ခေါင်းဆောင်တွေ ကျန်းမာရေးအရဆိုရင် စောင့်ရှောက်ပါတယ်တဲ့။ သူတို့ကို လက်နက်ခဲယမ်းတို့၊ ငွေကြေးတို့၊ ပစ္စည်းပစ္စယတို့ကူညီတာ၊ ပံ့ပိုးတာ အခုမလုပ်တော့ပါဘူးတဲ့။ ယခင်တုန်းက လုပ်ခဲ့တာမှန်တယ်တဲ့။ အခု မလုပ်တော့ပါဘူးတဲ့။ ကျွန်တော်တို့ရပ်လိုက်ပါပြီဆိုတော့ အဲဒါရလိုက်တယ်။ အဲဒါကို အဓိက သိချင်လို့ကို သွားတာ။ အဲဒါကို ဟိတ်နဲ့ဟန်နဲ့ သွားတဲ့သဘောမျိုး မဟုတ်ဘဲနဲ့ friendship visit ဆိုပြီး ဒီအဖြေလေးရအောင် သွားတယ်။ ဘယ်လောက်ပါးနပ်သလဲ ဆိုတာ။ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ အဲဒါတွေ ကျွန်တော်က အတုယူတာဗျ။ အဲဒီတော့ အဖြေရခဲ့တယ်။

အဲဒီလိုဆိုရင်တို့က ဗကပကို အပြုတ်တိုက်လို့ ရပြီဆိုပြီး အဲဒီမှာ ကျွန်တော်တို့ရဲ့ စစ်ရေးကိုမြှင့်တာဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်ကျောက ဘာမှမလာတော့ဘူးဆိုတာ သိနေပြီလေ။ သိနေပြီဆိုတော့ ကျွန်တော်တို့က စစ်ကစားလို့ ရတာပေါ့။ အဲဒါကြောင့် ကျွန်တော်က ဦးနေဝင်းကို လေးစားတယ်။ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ သူ့ဆီက ပညာတွေ ရတယ်ဆိုတာ အဲဒါပဲ။

ဦးခင်ညွန့်၏ပြောကြားချက်
လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၄၈)

www.burmeseclassic.com

www.burmeseclassic.com

## စွယ်တော်ပုံးကွဲမှု၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး နေအိမ် ပုံးကွဲမှုများနှင့်ပတ်သက်၍ ဦးခင်ညွန့်သဘောထား

စွယ်တော်ပုံးကွဲမှုနဲ့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနေအိမ် ပုံးကွဲမှုကို ပြန်စုံစမ်းရေး ဖွဲ့မယ်ဆိုတော့…။

ဖွဲ့တော့ ကောင်းတာပေါ့ဗျာ။ သူတို့ ဘယ်လိုလုပ်ရမလဲတော့ မသိဘူးပေါ့ဗျာ။ အစရှာနိုင်ရင်တော့ ကောင်းတာပေါ့ဗျာ။ ဘာမဆိုပြဿနာတစ်ခုပေါ်လို့ အစပျောက်နေတာကို ပြန်ဖော်နိုင်တော့ ကောင်းတာပေါ့ဗျာ။ အမှုအခင်းတွေပေါ့ဗျာ။အမှုအခင်းအားလုံးကအစပျောက်နေတယ်။မဖော်နိုင်ဘူးဆိုတာကိုပြန်ပြီးဖော်နိုင်ရင်တော့ကောင်းတာပေါ့ဗျာ။ သူတို့ကြိုးစားပြီး ဖော်ရမှာပေါ့ဗျာ။ ကောင်းတယ်။ ကျွန်တော်ကတော့ ကြိုက်တာပေါ့ဗျာ။ မဟုတ်ဘူးလား။ အဖြေကတော့ ထွက်ဖို့ကောင်းတာ ပေါ့ဗျာ။

အရင်က ဘာကြောင့် အဖြေမထွက်ခဲ့သလဲ။

ဒီမယ် အရင်တုန်းကလာတဲ့ ဖောက်ခွဲဖျက်ဆီးရေးလုပ်တာတွေက ပြည်တွင်းကို ဒိုင်ခံပြီးလုပ်တာမျိုးမှ မဟုတ်ဘဲကိုး။ များသောအားဖြင့်က နယ်စပ်ကနေ တစ်ဆင့်လာတာတွေပဲ ဖြစ်တာဆိုတော့။ အဲဒီအချိန်တုန်းကလည်း နယ်စပ်မှာက အေးချမ်း တည်ငြိမ်မှုမရှိဘူးလေ။ အခုတော့လည်း တစ်မျိုးဖြစ်သွားတာကိုးဗျ။

အခြေအနေတွေ ပြောင်းသွားတာပေါ့။ အေးချမ်းတည်ငြိမ်မှု မရှိဘူးဆိုတော့ လာသမျှက နယ်စပ်ကတစ်ဆင့်လာတာ ချည်းပဲဗျ။ ဘယ်သူလုပ်တယ်ဆိုတာသာ တိတိကျကျမပြောနိုင်ပေမဲ့ အဲဒီကလာတယ်ဆိုတာ လမ်းကြောင်းကတော့ ပေါ်နေပြီ။ လမ်းကြောင်းပေါ်တာတော့ ကျွန်တော်တို့ ရတယ်။ ဒါပေမဲ့ အဲဒီလမ်းကြောင်းကနေ ဘယ်အဖွဲ့လုပ်တတ်သလဲ၊ လုပ်နိုင်သလဲဆိုတာတော့ ကျွန်တော်တို့က ဖော်ထုတ်လို့ရတယ်။ ဒါပေမဲ့ တိတိကျကျကြီး သူ လုပ်ပါတယ်ဆိုတာမျိုးကျတော့ ပြောရခက်တာပေါ့ဗျာ။ မဟုတ်ဘူးလား။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့တိုက်ရိုက်တွေ့ပြီး တိုက်ရိုက်မေးလို့ရတာမှ မဟုတ်တာကိုဗျ။ အဲဒီလိုပြောတဲ့အခါကျတော့ တစ်ဖက်ကလည်း ငြင်းမှာပဲ။ ထုံးစံအတိုင်းငြင်းမှာပဲ။ မဟုတ်ဘူးလို့ ငြင်းမှာပဲ။ ဟုတ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



တရားခံအနေနဲ့ ဘယ်သူက ပြောမှာလည်းဗျ။ ကျုပ်တို့လုပ်ပါတယ်လို့ ဘယ်သူကပြောမှာလဲဗျ။ လာတဲ့လမ်းကြောင်းကတော့ ပေါ်နေတာပဲ။ ကျွန်တော်ကလိုက်တော့ အဲဒီလမ်းကြောင်းကနေ ပေါ်လာတာပဲ။ ဘာကြောင့်ပေါ်သလဲဆိုတော့ ကျွန်တော်တို့ အေးဂျင့်တွေကလည်း ရှိတာကိုးဗျ။ နေရာဒေသတိုင်းမှာ ကျွန်တော်တို့ အေးဂျင့်တွေ ရှိတယ်။ အဲဒီအေးဂျင့်တွေကတစ်ဆင့် ကျွန်တော်တို့ ပြောလို့ရတာပေါ့။ ဒါပေမဲ့ သတင်းစာရှင်းလင်းပွဲကြီးကျတော့ ဒီလူဟုတ်ပါတယ်…ဘာညာဆိုပြီး ကျွန်တော်တို့ တိတိကျကျကြီး ပြောဖို့ကျတော့ ခက်တာပေါ့ဗျာ။ အခြေအနေတွေက အဲဒီလိုပေါ့ဗျာ။ ဘယ်သူလုပ်ပါတယ်ဆိုတာမျိုး… ဒါက ပြည်တွင်းမှာလုပ်တာမှ မဟုတ်ဘဲကိုး။ ဟိုကနေလာပြီးတော့ ပြည်တွင်းမှာလုပ်သွားတာ။ ချက်ချင်းပြန်ထွက်သွားတာပဲ။ ပြည်တွင်းမှာ သူတို့ရှိနေရင်တော့ ဖမ်းလို့ရတာပေါ့။ ဖော်ထုတ်လို့ ရတာပေါ့။

အဲဒီတော့ ကျွန်တော်တို့ ယခင်တုန်းက (၈၈) ကာလမှာ ဗကပကနေ သူတို့ရဲ့ အေးဂျင့်တွေသွင်းပြီး လုပ်တယ်ဆိုတာ ကျွန်တော်တို့ဖော်ထုတ်လို့ရတာပဲဗျ။ (၈၈) ပြီးတော့မှ ရတာကိုးဗျ။ လူတွေလည်း မိတယ်။ ဒါတွေက ရှောင်လွှဲလို့မရဘူး။ တကယ်လည်းမိတာကိုး။ စာရွက်စာတမ်းတွေနဲ့မိတာ။ မုံကိုးမှာ သူတို့ အစည်းအဝေးလုပ်တယ်ဆိုတာကို "ဝ"၊ "ကိုးကန့်"နဲ့ ငြိမ်းချမ်းရေးယူတော့ အဲဒီအထောက်အထားတွေ ကျွန်တော်တို့ရတယ်။ အခွေတွေရတယ်။ မုံကိုးမှာ၊ သူတို့ ဘယ်လိုဝင်မယ်၊ နည်း ပရိယာယ်တွေ၊ လုပ်ပုံလုပ်နည်းတွေအကုန် ကျွန်တော်တို့ရတယ်။ ဒါ ငြင်းလို့မရဘူး။ အထောက်အထားနဲ့မိတာ။ ဒါ သတင်းစာရှင်းလင်းပွဲမှာတောင် ကျွန်တော် ပြောလိုက်ပြီ။

စွယ်တော်ပုံးကွဲတဲ့ကိစ္စနဲ့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးကိစ္စကို ပြန်စုံစမ်းမယ်ဆိုတော့ အဓိပ္ပာယ်က အမျိုးမျိုးဖြစ်နေတယ်လေ။

(၁) ဟာ … လုပ်။ ကောင်းတယ်။ ကျွန်တော်ပြောမယ်ဗျ။ ဗိုလ်ချုပ်တင်ဦးက ကျွန်တော့်ထက် အဆင့်နိမ့်တယ်လေဗျ။ ကျွန်တော်က အတွင်းရေးမှူး (၁)။ သူက အတွင်းရေးမှူး (၂)။ သူ့အကျိုးမဲ့ရာမဲ့ကြောင်း ကျွန်တော်က ဘာလုပ်မှာလဲဗျ။ မဟုတ်ဘူးလား။ သူကသာလျှင် နံပါတ် (၁) နေရာ လိုချင်လို့ လုပ်ချင်လုပ်မှာ။ ဒီသဘောပေါ့ဗျာ။ အဲဒါလေး ရိုးရိုးစဉ်းစားလိုက်လေ။ သူက ကျွန်တော့်ရဲ့ဒုတိယလူပဲဗျ။ ကျွန်တော်က ဘာဖြစ်လို့ သူ့ကိုအာဃာတစိတ်နဲ့ လုပ်မှာလဲဗျ။ နောက်တစ်ခုက ကျွန်တော်ဟာ ဘာသာရေးကိုင်းရှိုင်းနေတဲ့လူ။ ဒီလိုမျိုးမစဉ်းစားဘူးဗျ။ ရွှေတိဂုံဘုရားကြီးကို ထီးတော်တင်တာ ဘယ်သူ တင်နိုင်သလဲ။ ဘာသာရေးမကိုင်းရှိုင်းဘဲ တင်လို့မရဘူးဗျ။ မဟုတ်ဘူးလား။ နောက်ပြီး ကျွန်တော်ပြောပြီးပြီပဲ။ ကျွန်တော့် အစွမ်းအစနဲ့ တင်တာမဟုတ်ဘူး။ ပုဂ္ဂိုလ်တွေရဲ့ အားပေးမှုနဲ့ပံ့ပိုးဆောင်ရွက်မှုနဲ့ ကျွန်တော်လုပ်ခဲ့တာ။ ခင်ဗျားကို ကျွန်တော့် ဘုရားခန်းပြမယ်။ ကျွန်တော် အပရိကဘုရားကိုပူဇော်တာ ရုပ်ပြမဟုတ်ဘူး။ ကျွန်တော်က ဘာသာရေးကိုင်းရှိုင်းတယ်ဆိုတာ နက်နက်ရှိုင်းရှိုင်း ကိုင်းရှိုင်းတာ။ မိရိုးဖလာဗုဒ္ဓဘာသာ မဟုတ်ဘူး။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့အချိန်ကတည်းကိုက တရားထိုင်တယ်။ ကျွန်တော် ထီးတော်လိုက်တင်တဲ့ ဘုရားပေါင်း ရာနဲ့ချီပြီး ရှိတယ်။ ကျွန်တော့်ကိုခေါ်တာလည်း ဆရာတော်ကြီးတွေကနေခေါ်ပြီးတော့ ဘယ်ဘုရားတော့ ထီးတော်တင်ပေးပါ ဒါယကာကြီး။ လာပါဦး။ ဒါယကာကြီးလုပ်မှ ရမယ်ဆိုတာမျိုး ကျွန်တော်လုပ်ပေးတာ။ ပဲခူးမှာ စိန်သာလျောင်းဘုရားကြီးဆိုတာ တန်ဆောင်းကြီးက တည်လို့မရ၊ ဆောက်လို့မရဘူး။ တန်ဆောင်းလုပ်ရင်လည်း လုပ်တဲ့သူ ထိတာပဲတဲ့။ ကျွန်တော်သွားလုပ်လိုက်တယ်။ အောင်မြင်သွားတယ်။ စိန်သာလျောင်းဘုရားကြီးက ပဲခူးမြို့ သနပ္ပင်အထွက်မှာ။ အဲဒါနှစ်ပေါင်းမြောက်မြားစွာကြာပြီ။ လေထဲမိုးထဲက ဘုရားကြီး။ အဲဒါ ကျွန်တော် သွားလုပ်လိုက်တယ်။ ဆရာတော်ကြီးတွေဆီက ဩဝါဒခံယူပြီး ဆရာတော်ဘုရား…အဲဒီဘုရားကြီးက အခုလေထဲမိုးထဲမှာ။ အများပြည်သူပြောနေတာကတော့ ဒီဘုရားကြီး တန်ဆောင်းဆောက်လို့မရဘူး။ ဆောက်ရင်ဆောက်တဲ့သူတိုင်း ထိခိုက်တယ်ပေါ့လေ။ တန်ဆောင်းကြီးကလည်း ပျက်စီးသွားတယ်ပေါ့။ ဘယ်သူမှ မလုပ်ရဲဘူး။ တပည့်တော် လုပ်ချင်တယ်။ ဆရာတော်ဘုရား သဘောထားဘယ်လိုများ ရှိပါသလဲလို့ လျှောက်တယ်။ ဆရာတော်က ဖြစ်တာပေါ့ ဒါယကာကြီးတဲ့။ ကျုပ်

www.burmeseclassic.com



လုပ်ပေးမယ်တဲ့။ အဲဒီတော့ ဘုရားကြီးရဲ့ခြေဖဝါးတော်မှာ ဘီလူးရုပ်ကြီး ရှိတယ်ဗျ။ ဒါကြောင့်တဲ့။ အဲဒီဘီလူးခေါင်းကြီးကို ဘုန်းကြီးဖယ်ပေးမယ်ဆိုပြီး ဆရာတော်ကြီးက ဖယ်ထုတ်လိုက်တယ်။ အဲဒါလည်း ဖယ်ပြီးရော ဒါယကာကြီးလုပ်တော့တဲ့။ ပြီးသွားရော။

(၂) ရပ်နေတဲ့အမှုအခင်းတွေ ပေါ်တာတော့ကောင်းတယ်။ ဟုတ်တယ်နော်။ တရားခံမပေါ်ဘဲ ဒီအတိုင်းရှိနေတာလည်း အများကြီးပဲကိုးဗျ။

ငါးလောင်းပြိုင်ဆိုလည်း အခုထိ မပေါ်ဘူး။

အင်း...အဲဒါလည်း အခုကြားနေတာပဲ။

ငါးလောင်းပြိုင်အမှုကို ဘယ်လိုမြင်သလဲ။

ကျွန်တော်ကအဲထဲမှာဆိုတော့ သေချာမသိဘူးဗျာ။ အဲဒီအချိန်တုန်းက အထဲမှာပဲကိုးဗျ။ ဘယ်လိုအခြေအနေလဲတော့ မသိဘူးပေါ့ဗျာ။ ဒါတွေကတော့ တော်တော်ရှုပ်ထွေးတယ်ဗျ။ ဒီလိုလူသတ်မှုတွေ ဖြစ်တယ်၊ ပစ္စည်းတွေယူသွားတယ်ဆိုတာ တော်တော်ရှုပ်ထွေးမှု ရှိတယ်။ လက်ညှိုးထိုးပြီး ဒီလိုပြောဖို့တော့ခက်တယ်။ ဒါကတော့ သေသေချာချာဖော်ထုတ်နိုင်မှ အဖြစ်မှန်ရမယ်။ လက်ညှိုးထိုးပြီးပြောဖို့က အတော်ခက်တယ်။ အမှုအခင်းဆိုတာတော့ ဖော်ထုတ်ဖို့ကောင်းတာပေါ့။ အလကားနေရင်း ကောလာဟလတွေဖြစ်နေရင်လည်း မကောင်းဘူးပေါ့။ ကျွန်တော်တို့ကတော့ ဘုရားတရားနဲ့ နေ နေတာဆိုတော့ ဒါအကုသိုလ်ကိစ္စပဲဗျ။ တရားသဘောနဲ့ကြည့်ရင်တော့ ဘာမှမမြဲဘူးဆိုတာ မြင်တာပေါ့ဗျာ။ နေ့မြင်ညပျောက်ဗျ။

လျှပ်တစ်ပြက်

အတွဲ(၄)အမှတ်(၄၈)

www.burmeseclassic.com

www.burmeseclassic.com

## ထောက်လှမ်းရေးဆိုပြီး အကုန်ပုံချနေကြတယ်ဟု ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်းမှ ပြောကြား

ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွန့်၊ ထောက်လှမ်းရေးအရာရှိဟောင်း ဦးစန်းပွင့်တို့၏ ပြောကြားချက်

မြတ်နိုင်။ ။ အခု (၈၈) နှစ်ပတ်လည်လုပ်တဲ့အခါမှာ သန်လျင်ဗုံးခွဲမှုတို့ ဘာတို့မှာ တချို့က မဟုတ်ဘဲနဲ့ ထောက်လှမ်းရေးက ထောင်ချခဲ့တယ်ဆိုပြီး အပြင်မှာပြောဆိုနေ တာရှိတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ နိုင်ငံရေးဆိုတာ ဒီလိုပဲပြောမှာပေါ့ဗျာ။ ဗုံးခွဲတာက လူသတ်တာလေ။ ဘယ်သူက ကျွန်တော် ဗုံးခွဲပါတယ်လို့ ပြောမှာတုံး။ ဘယ်သူက အာမခံမှာတုံး။ ကျွန်တော်က ဗုံးခွဲပါတယ်လို့ ဘယ်သူက ပြောမှာတုံး။

ဗိုလ်မှူးကြီးစန်းပွင့်။ ။သန်လျင်ရေနံချက်စက်ရုံဗုံးခွဲတဲ့ကိစ္စကိုအမှန်ကကျွန်တော်တို့ထောက်လှမ်းရေးကကိုင်တာ မဟုတ်ဘူး။သတင်းတပ်ဖွဲ့ကဖော်ထုတ်သွားတာ။လွှဲချတာမဟုတ်ပါဘူး။အခုကအားလုံးကထောက်လှမ်းရေး၊ထောက်လှမ်းရေးနဲ့ချည်းပဲ တော်တော်များများကပြောနေကြတယ်။ တချို့ဟာတွေက အမှန်တရားအပေါ်မှာ လူတွေစိတ်ဝင်စားအောင် တော်တော်များများ ချဲ့ကားပြောနေကြတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘာမှမပြောတော့ပါဘူး။ အသာလေးပဲနေကြတာ။

မြတ်နိုင်။ ။မပြောတော့ဗိုလ်မှူးကြီးတို့က လက်ညှိုးထိုးစရာဖြစ်နေတယ်လေ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အေးပေါ့လေ။ အခုတော့ သူ ပြောလိုက်ပြီလေ။ ကျွန်တော်က လူကြီးတစ်ယောက်အနေနဲ့ မပြောတာကို သူပြောလိုက်ပြီ။ အမှန်ပဲဗျ။ အက်စ်ဘီက လုပ်သွားတာပဲ။ အဲဒီအချိန်က အက်စ်ဘီတပ်ဖွဲ့မှူးက ဗိုလ်မှူးဖုန်းမြင့်၊ ကျွန်တော် ခေါ်ပြီးမေးတယ်။ မင်းက ဘယ်ကအထောက်အထားတွေနဲ့ လာတာလည်းဆိုတော့ သေချာပါတယ် ဗိုလ်ချုပ်တဲ့။ ငါတို့ လူတော့ မသိဘူးနော်။ မင်းတို့လုပ်တာလို့။ ငါတော့ မသိဘူးကွလို့။ မင်းတို့သွားတင်ပြကွာဆိုတော့ သူတို့ပြည်ထဲရေး ဝန်ကြီးကို သွားတင်ပြတယ်။ အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီးက ဗိုလ်ချုပ်ဘုန်းမြင့်။ အဲဒီတော့ ကျွန်တော်တို့မလုပ်တာတွေ လည်း အများကြီးရှိတယ်ဗျ။ ဥပမာအားဖြင့်ဆိုရင် ကျွန်တော် ဖွင့်ပြောလိုက်မယ်။ အိမ်တစ်အိမ်မှာ သေနတ်တွေမိတယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မြသင်းလက်ထက်မှာ။ အဲဒီဖြစ်စဉ်မှာ ဘယ်သူနဲ့အမျိုးတော်သလဲဆိုရင် အခုလွှတ်တော်ထဲမှာ ရောက်နေတဲ့အင်ဒိုနီးရှားသံအမတ်ဦးညွန့်တင်ရဲ့အမျိုးဗျာ။နောက်ပြီးနိုင်ငံ့ဝန်ထမ်း။သစ်တောဌာနမှာလည်းသူကညွှန်ကြားရေးမှူးလား၊ ညွှန်ကြားရေးမှူးချုပ်လားဖြစ်နေပြီ။ အဲဒီတော့ သူ့အိမ်ကသေနတ်မိတယ်ဆိုပြီး ဖြစ်တယ်။ အဲဒါကို ကျွန်တော်တို့ ထောက်လှမ်းရေးက မသိဘူး။ ထောက်လှမ်းရေးက လုပ်တာမဟုတ်ဘူး။ အဲဒါနဲ့ဗိုလ်ချုပ်မြသင်းက အကြီးအကဲတွေကို တိုက်ရိုက်သွားတင်ပြီးတော့မှ ခေါ်စစ်၊ ဘာညာလုပ်လိုက်တာ။ လုပ်လိုက်တော့ ဟိုသစ်တောဌာနမှာ ရောက်နေတဲ့သူလည်း ဒုက္ခရောက်သွားတာပေါ့ဗျာ။သူလည်းကျွန်တော်တို့ထောက်လှမ်းရေးကလိုလိုဘာလိုလိုနဲ့ကျွန်တော်တို့အပေါ်အထင်အမြင်လွဲမှားမှုတွေ ရှိတယ်။အမှန်တော့ ကျွန်တော်တို့လုပ်တာ မဟုတ်ဘူး။ အမှန်က အဲဒီအချိန်က ကျွန်တော် သိတောင်မသိဘူး။ ခရီးသွားနေတုန်း။ ပြန်လာတော့မှ ဗိုလ်ချုပ်မြသင်းကနေ လူကြီးတွေကို တင်ပြပြီးတော့ အဲဒါကို ဖမ်းပြီးခေါ်စစ်နေတယ်တဲ့။ အက်စ်ဘီက ခေါ်စစ်တာပေါ့ဗျာ။ ကျွန်တော်တို့ ထောက်လှမ်းရေးက စစ်တာမဟုတ်ဘူး။ အဲဒီလိုမျိုးတွေလည်း ရှိတယ်ဗျ။ ဒါပေမဲ့ နာမည်ခံတော့ ထောက်လှမ်းရေးပဲ ဖြစ်သွားတာပေါ့ဗျာ။ တချို့က (၈၈) အရေးအခင်းတုန်းက ထောက်လှမ်းရေးက မသိဘဲ ဖမ်းလာတယ်ဗျ။ လက်နက်ကိုင်ဖမ်းလာတယ်ပေါ့ဗျာ။ ဒါ ဒီဟာမိတယ် ဘာညာဆိုပြီးတော့မှ သူတို့က အရင်စစ်နေတာ။ စစ်နေပြီးတော့မှ လာပြီးလွှဲပေးတယ်။ အဲဒါမျိုးတွေလည်း ရှိတယ်။ နောက်တော့မှမဟုတ်မှန်းသိတော့ ကျွန်တော်တို့က ပြန်လွှတ်ပေးလိုက်တာပေ့ါ။ အမှန်က ထောက်လှမ်းရေး . . . ထောက်လှမ်းရေးနဲ့ နာမည်ပေ့ါဗျာ။ ကျွန်တော်တို့ကလည်း ပျက်စီးသွားတော့ ထောက်လှမ်းရေးဆိုပြီး အကုန်ပုံချလိုက်တာပေ့ါဗျာ။ အဲဒီတော့ ဖြေရှင်းခွင့်မရတော့ဘူးပေ့ါ။ ဒါကြောင့် ကျွန်တော် မပြောတာပါ။ အခုသူပြောလိုက်လို့ ကျွန်တော် ပြောတာ။

မြတ်ခိုင်။ ။ အခုကတော့ ထောက်လှမ်းရေးက လုပ်ကြံပြီးထောင်ချတယ်လို့ ပြောနေကြတယ်လေ။ ဒီဘက်ကလည်း ဘာမှမဖြေရှင်းတော့ ဒါကြီးကအတည်ကြီးလိုဖြစ်နေတာပေ့ါ။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ အေးပေ့ါဗျာ။ ဖြေရှင်းတယ်ဆိုတာလည်း နေရာတကာတိုင်း လိုက်ဖြေရှင်းလို့ဖြစ်တာမှ မဟုတ်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဖြေရှင်းရင်လည်း ဒီအဖွဲ့က ဟိုအဖွဲ့ဖြစ်သွားတာပဲ။ အဖွဲ့က ဒီအထဲမှာပဲ ရှိနေတာကိုးဗျ။ အဲဒါမျိုးတွေလည်း အပြစ်လွှဲချသလိုဖြစ်တော့ မကောင်းဘူးပေ့ါဗျာ။ ကျွန်တော့်ရဲ့ပေါ်လစီပါ။ ဟိုလူ့ကို အပြစ်လွှဲချ၊ ဒီလူ့ကို အပြစ်လွှဲချဆိုတာ မလုပ်ကောင်းဘူး။ တကယ့်အဖြစ်မှန်တွေက အဲဒီလို။ (၈၈) ကာလ အဲဒီအချိန်တုန်းကတော့ သောကော ရောကောတွေက အများကြီးဗျာ။ သောကောရောကောတွေမှာမှ နောက်ဆုံး ထောက်လှမ်းရေးဆိုပြီး လက်ညှိုးထိုးတာပဲဗျ။ ဒီလောက်ပဲပြောချင်တယ်။ တချို့ဟာတွေက ရေငုံနှုတ်ပိတ်နေတာ။ ကျွန်တော်တို့မလုပ်ဘဲ လုပ်သလိုလို ဖြစ်တယ်။

မြတ်ခိုင်။ ။ အဲဒီတော့ ဗိုလ်ချုပ်ကြီးတို့ image ကို မထိခိုက်ဘူးလား။

ဗိုလ်ချုပ်ကြီးခင်ညွန့်။ ။ ကျွန်တော် နိုင်ငံရေးလုပ်မှာမှ မဟုတ်ဘဲ။ မထိခိုက်ပါဘူး။ ထိခိုက်တယ်လို့ ကျွန်တော် မခံယူဘူး။ နိုင်ငံရေးလုပ်မှာဆိုရင် ဘယ်သူလုပ်တယ်ဆိုတာ ကျွန်တော် ထဖော်မှာပေ့ါ။ အခု ကျွန်တော် နိုင်ငံရေးလုပ်မှ မလုပ်ဘဲ။ နောင်ကျရင်တော့ သူ့ဘာသာသူ ဇာတ်ရည်လည်သွားမှာပေ့ါဗျာ။ ကိုမြတ်ခိုင်ရယ် . . . အဲဒီလိုပဲ။

မော်နီတာ

အတွဲ(၂)အမှတ်(၇၂)

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရေးလုံးဝမလုပ်ဘူးဆိုတဲ့ ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်

အဘိုးအဘွားတို့က ကထိန်ခင်းသဖြင့် တပည့်များကို လွှတ်လိုက်ဖြစ်သည်။ အဘိုးနှင့်အဘွားက သတင်းယူခိုင်းရုံနှင့် ကျေနပ်မည့်သူများမဟုတ်ကြ။ "တွေ့ချင်တဲ့သူလည်း တွေ့ရပါမည်"ဟု မိမိရုံးမှာ အတိတ်စိမ်းရေးကာ စာကပ်သွားသဖြင့် ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် ရောက်လာမည်ဆိုခြင်းကို ကြိုတင်တွက်ဆလို့ ရခဲ့သည်။ ဒါကြောင့်လည်း လက်ဆွဲစင် တပည့်ကျော်များကို ကြိုတင်လွှတ်ထားလိုက်သည်။ သည့်နောက် အန်ကယ်ဦးအောင်ကြီး တစ်လပြည့်ဆွမ်းကျွေးမှ အဘိုးနှင့် အဘွား ကထိန်သို့ အပြေးအလွှားကူးလာကြသည်။ မိမိတို့ရောက်သွားချိန်တွင် အဘိုးနှင့် ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်၊ အစ်ကိုလေး ဆရာဗိုလ်ကလေးတင့်အောင်၊ ဆရာကိုအောင်ဇော်(ရေဝတီ)နှင့် အခြားဧည့်သည်များလည်း စကားကောင်းနေကြသည်။ အဘိုးကနေရာဖယ်ပေးသဖြင့်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်အနီးဝင်ထိုင်ဖြစ်ခဲ့သည်။ ဦးခင်ညွန့်သည် ကျန်းမာ ဖျတ်လတ်ကာကြည်ကြည်လင်လင် ရှိနေသည်။ ဦးခင်ညွန့်အား အမျိုးသားနိုင်ငံရေးကိစ္စဝယက်များနှင့်ပတ်သက်၍ အလွတ် သဘောမေးမြန်းရာ

ဦးခင်ညွန့်မှ "အမျိုးသားနိုင်ငံရေးလို့ မပြောဘူး။ အမျိုးသားရေးပဲ လုပ်မယ်၊ လူမှုရေးပဲ လုပ်မယ်၊ နိုင်ငံရေးကတော့ လုံးဝမလုပ်ဘူး။ ကျွန်တော်တို့က အသက်တွေလည်း ကြီးပြီလေ။ ငယ်ရွယ်တဲ့သူတွေ လုပ်ကြပါစေ။ ကျွန်တော်တို့ကတော့ အေးအေးဆေးဆေးပဲ နေတော့မယ်။ ပြီးတော့ နိုင်ငံရေးလုပ်ပြီဆိုရင် အတ္တတွေပါရတော့မှာ၊ အတ္တတွေပါပြီဆိုရင် အကုသိုလ် ဖြစ်တော့မယ်။ ဒါကြောင့် ကုသိုလ်ရတဲ့ လူမှုရေးအလုပ်တွေပဲ လုပ်တော့မယ်"ဟု ဆိုသည်။ ဦးခင်ညွန့်က သူ၏ ကျန်းမာရေး နှင့်ပတ်သက်၍ မကြာခင်က စစ်ဆေးခဲ့ရကြောင်း၊ အားလုံးကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။ ဦးခင်ညွန့်အား ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းခဲ့ရသည်များကို စာအုပ်အဖြစ် ရေးရန် ရှိ၊ မရှိ အလွတ်သဘောလေးမေးမြန်းရာ "ရေးရင် ခွင့်ပြုမှာမဟုတ်ဘူး။ ကျွန်တော် ငယ်စဉ်ဘဝအကြောင်း ဆရာတင့်ဆွေ(ဖျာပုံ)ရေးတာတောင် ခွင့်မပြုဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။ ဦးခင်ညွန့်အား ဧရာဝတီမှ ဆရာကိုအောင်ဇော်မှလည်း သီးခြားတွေ့ဆုံခွင့်တောင်းခံခဲ့သေးသည်။

အတွဲ(၂)အမှတ်(၃၁)

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ ငြင်းချက်ထုတ်ပြန် မြရိပ်ညိုပညာရေးဖောင်ဒေးရှင်းနာယကကိစ္စ ငြင်းဆို၊ ငြိမ်းချမ်းရေးဖြစ်ထွန်းရန် အာသီသရှိဟုပြောကြား

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့်အတူ နိုင်ငံရေး အကျဉ်းသားများအပါအဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်၊ နိုင်ငံတော်သမ္မတဟောင်း ဦးနေဝင်း၏ သမက်နှင့် မြေးဖြစ်သူတို့ ပြန်လည်လွတ်မြောက် လာခဲ့ရာ သတင်းမီဒီယာများမှ စိတ်ဝင်စားခြင်းခံခဲ့ရပြီး နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်၏ သတင်းများကို ဖော်ပြနိုင်ရေး အတွက် သတင်းမီဒီယာများမှ ကြိုးပမ်းအားထုတ်မှုများ တွေ့ရှိလာရသည်။ ထိုသို့ ကြိုးပမ်းအားထုတ်ကြရာတွင် အချက် အလက်များ လွဲချော်မှုများလည်း တွေ့လာရသည်။ ထိုသို့ အချက်အလက်လွဲချော်မှားယွင်းမှုများထဲတွင် အချို့သော သတင်း အချက်အလက်များထဲတွင် အွန်လိုင်းမီဒီယာများပေါ်တွင် ပျံ့နှံ့ခဲ့သည့် မြရိပ်ညို ပညာရေးဖောင်ဒေးရှင်း နာယကအဖြစ် တင် မြှောက်၍ နာယကချီးမြှင့်ငွေ ဒေါ်လာ (၅၀၀၀) ပေးသွားမည်ဆိုသော သတင်းအချက်အလက်များလည်း ပါဝင်ခဲ့သည်။

ထိုသို့ အွန်လိုင်းမီဒီယာများတွင် ပျံ့နှံ့လာခဲ့သော အဆိုပါအချက်အလက်များနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဟောင်း ဦးခင်ညွန့်မှ တရားဝင် ငြင်းဆိုလာခဲ့သည်။

"ကျွန်တော်တို့တိုင်းပြည်အတွက် ကောင်းရာကောင်းကြောင်း လုပ်သွားတယ်။ အဲသည်လိုလုပ်ရာမှာ ဘယ်သူ့ရဲ့လက် ကိုင်တုတ်ကြေးစားလုပ်ငန်းမျိုး အဖြစ်မျိုး ဘယ်တော့မှမလုပ်ပါဘူး"ဟုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ ဆက်လက်ပြောကြားရာတွင် "ကျွန်တော့်ကို အခု ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ တွေ၊ သင်္ဂဟတွေ၊ တပည့်တပန်းတွေက လာရောက်တွေ့ဆုံပြီး အားပေးကြတာ။ သူတို့တတ်နိုင်တာလေးတွေနဲ့ ကူညီကြ ထောက်ပံ့ကြတာလေးတွေ ရှိပါတယ်။ ဒါဟာ လူမှုရေး၊ စာနာမှုအရ၊ ခင်မင်ရင်းနှီးမှုအရ မိတ်ဆွေစစ် မိတ်ဆွေမှန် သဘောထားနဲ့ မေတ္တာထားပြီး လာရောက်ကြတာဖြစ်တဲ့အတွက် မလွှဲမကင်းသာလို့ ကျွန်တော် လက်ခံရတာတွေရှိပါတယ်" ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့...ကျွန်တော် သူများပေးစာကမ်းစာကို စောင့်ပြီးလုပ်စားမယ့်သူ မဟုတ်ပါဘူး။ ကြေးစားအလုပ်မျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး။ ကျွန်တော် တိုင်းပြည်ကောင်းရာကောင်းကြောင်း ဆောင်ရွက်နိုင်တဲ့အခန်းကဏ္ဍ တစ်ထောင့်တစ်နေရာကနေ ကြိုးစားပြီးတော့ ဆောင်ရွက်ပေးသွားဖို့ ခံယူချက်မျိုး ကျွန်တော့် ရင်ထဲမှာ အမြဲတမ်းရှိနေပါတယ်" ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း၊ ဗိုလ်ချုပ်ကြီးဟောင်း၊ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်ဟောင်း ဦးခင်ညွန့်သည် သူ၏လတ်တစ်လော လုပ်ဆောင်လိုသည့် အရေးကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် "ကျွန်တော် အခုလောလောဆယ်တော့ ပျက်စီးယိုယွင်းနေတဲ့ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးတွေ ပြုပြင်မွမ်းမံသွားဖို့ကို စိတ်ဝင်စားနေပါတယ်။ နောက်ပြီးတော့ နိုင်ငံတော်ရဲ့ လက်ရှိအနေအထားမှာ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုကဏ္ဍမျိုးကနေ ဆောင်ရွက်ပေးနိုင်မလဲဆိုတာကိုလည်း လေ့လာနေပါတယ်။ နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ တိုင်းပြည်မှာ ဆင်းရဲနွမ်းပါးမှု ပပျောက်ဖို့အတွက် ကျွန်တော့်အနေနဲ့ ဘယ်လိုပါဝင် ဆောင်ရွက်ပေးနိုင်မလဲဆိုတာကိုလည်း စိတ်ဝင်စားနေပါတယ်" ဟု ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း လက်တွေ့ကိုယ်တိုင် ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးဖြစ်သည့် ဦးခင်ညွန့်မှ ပြောကြားရာတွင် "တိုင်းပြည်မှာ ထာဝရ ငြိမ်းချမ်းရေးဖြစ်ထွန်းရေးအတွက်လည်း ကျွန်တော့်စိတ်ထဲမှာ အာသီသဖြစ်နေပါတယ်" ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆက်လက်ပြောဆိုရာတွင် "ရန်သူဆိုတာ မရှိစေရဘူး။ အားလုံးပဲ မိတ်ဆွေတွေပဲ ဖြစ်ရမယ်။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူတွေ၊ အဖွဲ့အစည်းတွေအားလုံးဟာ ထာဝရမိတ်ဆွေတွေပဲဖြစ်ရမယ်။ တကယ်လုပ်နိုင်တဲ့အချိန်မှာ အဲသည့်အတိုင်း ဖြစ်နေရမယ်" ဟုလည်း သူ၏ အယူအဆကို ထုတ်ဖော်ပြောဆိုခဲ့သည်။

တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ဟောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဗိုလ်ချုပ်ကြီးဟောင်း နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်သည် "ကျွန်တော့်မှာ အမျိုးသားရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်က နှလုံးသားထဲမှာ အမြဲရှိတယ်။ အဲသည့်စိတ်ဓာတ်ကို အခြေခံပြီး တိုင်းသူပြည်သားတွေအတွက် ပရဟိတလုပ်ငန်းတွေကို အမြဲလုပ်ပေးသွားချင်တယ်ဗျာ" ဟုလည်း သူ၏ သဘောထားကို ဖွင့်ဆိုခဲ့သည်။

သူနှင့်ပတ်သက်၍ အွန်လိုင်းပေါ်မှတစ်ဆင့် ပျံ့နှံ့နေသည့် ကောလာဟလ သတင်းများနှင့်ပတ်သက်၍လည်း "အဲသည့် သတင်းတွေအပေါ်မှာတော့ သိပ်ပြီးရှည်ရှည်ဝေးဝေး မပြောချင်တော့ပါဘူး။ စောစောက ရှင်းပြပြီးပါပြီ။ အဲသည်လောက်ပဲ ပြောချင်ပါတယ်" ဟု ဆိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် နေအိမ်တွင် အကျယ်ချုပ် အထိန်းသိမ်းခံထားရာမှ လွတ်မြောက်လာပြီးနောက် ပြောစရာရှိတာတွေကို သတင်းမီဒီယာများမှတစ်ဆင့် ပြောကြားသွားမည်ဟု တရားဝင်ပြောဆိုခဲ့ဖူးသူ ဖြစ်သည်။ ပြည်ပသတင်းဌာနများနှင့်မှ ယခု သတင်းရေးချိန်အထိ လက်ခံတွေ့ဆုံရန် ငြင်းဆန်ထားသူ ဖြစ်သည်။ ပြည်ပသတင်းဌာနများမှလည်း နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်အား တွေ့ဆုံနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

လျှပ်တစ်ပြက်

အတွဲ(၃)အမှတ်(၇၄)

www.burmeseclassic.com

www.burmeseclassic.com

## "စစ်အစိုးရက ဦးနေဝင်းကို အာဏာသိမ်းခဲ့တာလား" "ဦးနေဝင်းက စစ်တပ်ကို အာဏာသိမ်းခိုင်းတာလား" ၈၈၈၈ စစ်အစိုးရ အတွင်းရေး တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွန့် ပြောကြားချက်

ဒီလိုစာမျိုးတွေ အဲဒီအချိန်ကာလမှာ အများကြီးထွက်တယ်။ အများကြီးထွက်တယ်ဆိုတာက လေတပ်ကနေ ဗိုလ်ချုပ်ရွာကို ဗုံးကြဲမယ်ဆိုတာမျိုး။ ရေတပ်ကနေ သင်္ဘောက အမြောက်နဲ့ ဗိုလ်ချုပ်ရွာကို အမြောက်နဲ့ပစ်မယ်ဆိုတဲ့ဟာမျိုး။ တပ်ထဲမှာလည်း ဒီလိုမျိုးဖြစ်နေကြပြီဆိုပြီးတော့ ဒီလိုမျိုးတွေရေးတယ်။ နောက်တစ်ခုက ထောက်လှမ်းရေးကနေ အဆိပ်တွေ ခတ်နေတယ်ဆိုတဲ့သတင်းတွေလည်းထုတ်တယ်။ အဲဒီအချိန်တုန်းက အတုအယောင်လုပ်တာတွေက အများကြီးပဲ။ လိုချင်တာက ဘာလိုချင်တာလဲ။

မေး - လိုချင်တာက ဒီလို။ ဒါက ကျောင်းဆင်းမိန့်ခွန်းဆိုပြီး နှစ်ဆယ့်ငါးမျက်နှာ ထွက်တယ်။ ဗိုလ်ချုပ်ကြီး ပြောခဲ့တယ်ဆိုပြီး အဲဒါလေးတစ်ခု။ ဒါက နှစ်ဆယ့်ငါးမျက်နှာ ရှိတယ်။ သူက အဆုံးအထိမပါဘူး။ မပါဘဲရပ်သွားပြီးတော့ ဒါတောင် နှစ်ဆယ့်ငါးမျက်နှာ ရှိတယ်။ နောက်ပြီး ဒီစာလေးက အပြင်မှာ နည်းနည်းရောက်နေတယ်။ ရောက်နေတော့ ဗိုလ်ချုပ်ကြီး ပြောခဲ့တယ်။ မပြောခဲ့ဘူးဆိုတာက တစ်ခုဖြစ်နေတာပေါ့နော်။ နောက်တစ်ခုက ဒီရက်ပိုင်းမှာ ဘာတွေထွက်လာသလဲဆိုတော့ (၈၈) နှစ်ပတ်လည်မှာ ဗိုလ်ချုပ်ကြီးဖိတ်သင့်တယ်ဆိုတဲ့အသံက တစ်ခု ထွက်တယ်။ နောက်တစ်ခါ ဒီအချိန်မှာ ဗိုလ်ချုပ်ကြီးအနေနဲ့ ဗိုလ်ချုပ်ကြီးရယ်၊ ဗိုလ်မှူးစန်းပွင့်ရယ်၊ ဗိုလ်ချုပ်ကျော်ဝင်းရယ် သုံးယောက်ကသာလျှင် အားလုံး အသိဆုံးဖြစ်တယ်။ ဒီအချိန်မှာ ဒီသုံးယောက်ကပြောမယ်ဆိုရင် အမှန်တွေ ထွက်လာနိုင်တယ်။ တချို့ကတော့ ဒီသုံးယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကိုထုတ်ပြီးတော့ ပြောစေချင်တယ်ပေါ့။ အဲဒီလိုလည်း တချို့က နတ်ကြောင်းပေးတာပေါ့နော်။ ကျွန်တော်တို့ စိတ်ပူတာက ဒီစာက အပြင်ကို ထွက်သွားရင် နည်းနည်းဖယားရှုပ်သွားနိုင်တယ်။ ကျွန်တော် သွားစဉ်းစားမိတာက ဒီဟာက အတုလေ။

ဖြေ - ဒီဟာကတော့ အတုပဲ။

မေး - ဒီဟာနဲ့ပတ်သက်လို့ ဘယ်လိုလုပ်ကြမလဲ။ နောက်တစ်ခုကတော့ ဝိဝါဒကွဲနေတဲ့အထဲမှာ (၈၈) မှာ အာဏာသိမ်းသလား၊ မသိမ်းဘူးလားဆိုတဲ့ဟာလေးပေါ့။ ဦးအောင်ကျည်ထွဏ်းကို ကျွန်တော်မေးတဲ့အခါမှာ သူကတော့ နည်းနည်းအလုမ်းဝေးတယ်တဲ့။ ဒါ အာဏာသိမ်းတာမဟုတ်ဘူးလို့ သူပြောတာ ရှိတယ်။ ကျွန်တော်သိထားတာ အဲဒီလိုဖြစ်နေတယ်။ သူကတော့ အကောင်းတွေ အကုန်ပြောတယ်။ သူကတော့ ဘယ်လိုကောင်းတယ်ပေါ့။ အဓိက,ကတော့ ကျွန်တော် မေးတာက သတင်းထုတ်ပြန်ရေး ဘာကြောင့်ဖွဲ့သလဲ။ ဘယ်လိုစလုပ်ကြလဲ။ အဓိက,က သူ့ကို အဲဒါမေးတာ။

ကျွန်တော်ကတော့ NDC က တပ်ရင်းမှူးတွေကို ပြောတာတော့ ရှိတယ်။ သူတို့သင်တန်းလာတက်တုန်းက ပြောခဲ့တာ ရှိတယ်။ ဒီအထဲက အကြောင်းအရာတွေက အဲဒီအတိုင်းပဲလား၊ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာကိုတော့ ဖတ်ရဦးမယ်။ အဲဒါက အထူကြီးပဲ။

မေး - လောလောဆယ် ကျွန်တော် အဓိကသိချင်တာက (၈၈) မှာ ဗိုလ်ချုပ်ကြီးနဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်တို့ အပြင်သွားကြတယ်။ ကားတစ်စီးနဲ့ လိုက်ပတ်ကြည့်ကြတယ်။ ပြီးရင် ဦးနေဝင်းဆီသွားပြီး report လုပ်တယ်။ မနက်ကျ မင်းတို့ပြန်လာခဲ့ကြဆိုပြီး ဦးနေဝင်းက ခေါ်လိုက်တယ်။ မင်းတို့လုပ်စရာရှိတာ လုပ်လိုက်ကြဆိုပြီး ဦးနေဝင်းကပြောတယ်လို့ ဒီအထဲမှာ ပါတယ်။ ဖမ်းစရာရှိတာဖမ်းလို့ ပြောလိုက်တာလည်း ပါတယ်။ ဒီထဲမှာ အပြောအဆိုတွေက ဦးနေဝင်းက တာဝန်ပေးတဲ့အတွက် ဗိုလ်ချုပ်ကြီးက ဘယ်နေရာမှာနေ၊ ဗိုလ်ချုပ်မှူးကြီးစောမောင်က ဘယ်နေရာမှာနေဆိုလို့ လုပ်ခိုင်းလို့ လုပ်လိုက်ကြတယ်ဆိုတဲ့ဟာလေး ဒီအထဲမှာပါတယ်။ နောက်တစ်ခုကတော့ ကုန်သွယ်ရေးကိစ္စလေးပါတယ်။ ကုန်သွယ်ရေးမှာ ဗိုလ်မှူးခင်မောင်ချို့တို့ ပိတ်မိနေတဲ့အချိန်မျိုးမှာ ဗိုလ်ချုပ်ကြီးတို့ သရက်တောကျောင်းတိုက်က ဆရာတော်နဲ့ ညှိလိုက်ပြီးတော့ လက်နက်တွေ ပြန်သိမ်းလိုက်တယ်။ ဒီဆရာတော်လည်း အကူအညီပေးတဲ့အတွက် လက်နက်တွေပြန်ရလို့ အေးအေးချမ်းချမ်း ပြီးသွားတယ်ဆိုတာလေး ဒီအထဲမှာ ထည့်ပြောထားတာပါတယ်။ သဘောကတော့ အဲဒီအရေးအခင်းကာလမှာ သရက်တောကျောင်းတိုက်က ဆရာတော်တွေနဲ့ ညှိလိုက်ပြီးတော့ လက်နက်တွေ အန္တရာယ်မဖြစ်အောင် ပြန်သိမ်းတဲ့ သဘောလေးပါတယ်။ အဲဒီတော့ သတင်းထုတ်ပြန်ရေးမှာပြောတုန်းကဟာလေးနဲ့ နည်းနည်းလွဲနေတယ်ဆိုတာပါနေတယ်။ အဲဒီအချိန်က ကုန်သွယ်ရေးကိစ္စတွေ ဘယ်သူကိုင်တွယ်ခဲ့သလဲ။ သရက်တောကျောင်းတိုက်က ဆရာတော်နဲ့ပေါင်းပြီးတော့ ဖြေရှင်းတယ်ဆိုတာ ဟုတ်၊မဟုတ်။ အဓိက,က အဲဒီနှစ်ချက်ပဲ။ ကျန်တာတွေတော့ သိပ်အရေးမကြီးတဲ့ဟာတွေ။ အဓိက,က အာဏာသိမ်းတယ်၊ မသိမ်းဘူးဆိုတာလေး။ ဦးနေဝင်းက တာဝန်ပေးတယ်၊ မပေးဘူးဆိုတာလေး အဓိကပဲ။

ဖြေ - အာဏာသိမ်းတာတော့ မဟုတ်ဘူးဗျ။ အမှန်တော့ အဲဒီအချိန်တုန်းက အဲဒီမှာ တော်တော်ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေတယ်။ ပထမပိုင်းမှာတော့ ဟုတ်တယ်။ ဆန္ဒပြတာ၊ ဒီမိုကရေစီအရေးဆိုတာတွေက မှန်ပါတယ်။ ဒီမိုကရေစီရချင်တဲ့အုပ်စုတွေပေါ့ဗျာ။ လူငယ်တွေ၊ လူရွယ်တွေ။ နောက်ပိုင်း သောကောရောကော ပါလာတယ်။ သောကောရောကောတွေပါလာတော့ အဖျက်အမှောင့်တွေ အများကြီးပါတယ်။ ဥပမာအားဖြင့်ဆိုရင် ခေါင်းဖြတ်သတ်တာပေါ့ဗျာ။ ဒါတွေက ခင်ဗျားတို့လည်း သိတာပဲ။ မထင်မှတ်တဲ့လူတွေကို ဆွဲဆွဲပြီးတော့ ခေါင်းဖြတ်သတ်တာ။ အမှန်တော့ အဲဒီလူတွေက အပြစ်မဲ့တဲ့သူတွေ ဖြစ်နေတယ်။ ဥပမာအားဖြင့် ကျွန်တော် ပြောရမယ်ဆိုရင် အရင် ဗိုလ်ချုပ်စိန်ဝင်း(ဝန်ကြီးချုပ်ဟောင်း) လက်



www.burmeseclassic.com

www.burmeseclassic.com



ထက်တုန်းက သူက ဆောက်လုပ်ရေးဝန်ကြီး တာဝန်ယူခဲ့တာကိုး။ သူတာဝန်ယူခဲ့တဲ့ အချိန်မှာ ဆောက်လုပ်ရေး လုပ်ငန်းတွေမှာ လုပ်ဖို့ဆိုပြီး အလုပ်သမားတွေ အလုပ်သမားရပ်ကွက်ဆိုတာ ထူထောင်လိုက်တယ်။ ဥက္ကလာပမှာ။

မေး - မြင်သာမှာ။

ဖြေ - အဲ...မြင်သာမှာ။ရပ်ကွက်နာမည်တောင်ရှိသေးတယ်။မြင်သာမှာ။အဲဒီမှာရဲဘော်ဟောင်းတွေအောက်ခြေအဆင့်တန်းထွက်တယ်။ အလုပ်ကြမ်းသမားတွေ ခေါ်တယ်။ အဲဒီမှာ ပန်းရန်သမားရှိတယ်၊ ပန်းရန်ကျွမ်းကျင်တဲ့သူ ရှိတယ်။ လက်သမားကျွမ်းကျင်တဲ့သူ ရှိတယ်။ အဲဒါတွေ ရပ်ကွက်ကြီး အဲဒီမှာထားတယ်။ အဲဒီကလူတွေကို တစ်အိမ်ကို ဝင်ဝင်ပြီးတော့ တစ်အိမ်ကို ဘယ်သူရှိသလဲ လာထွက်ခဲ့။ မင်းဟာ အစိုးရရဲ့ထောက်တိုင်ဆိုပြီး ဆွဲခေါ်သွားပြီးတော့ ခေါင်းဖြတ်တာ။ အဲဒီလိုလုပ်တဲ့အဆင့် ရောက်တယ်။ ဒါတွေက ဟိုသင်းပေါ့ဗျာ . . . မင်းမဲ့စရိုက်တွေ ဖြစ်လာတယ်။ လူခေါင်းဖြတ်သတ်တာတွေကဆိုရင် စာရင်းအရ ခန့်မှန်းခြေ (၅၁) ယောက်တောင်ဗျ။ ရန်ကုန်မှာ အဲဒီလို လမ်းဆုံမှာပဲ။ အဲဒီအချိန်မှာ ဘယ်သူမှ ဆင်းပြီးမကယ်နိုင်ဘူး။ နိုင်ငံရေးသမားတွေဆိုတာလည်း အဲဒီအချိန်မှာ လူအုပ်ထဲကို မဝင်နိုင်တော့ဘူး။ ကိုယ့်အိမ်ထဲမှာ ကိုယ်နေကြတာ။ ကွပ်ကဲတဲ့သူ လုံးဝမရှိတော့ဘူး။ anarchism ဖြစ်နေပြီဗျ။ ရပ်ကွက်တွေမှာဆိုရင်လည်း ရန်ကုန်မြို့ထဲက down-town မှာဆိုရင် ကိုယ့်ရပ်ကွက်ကို ကိုယ်ထိန်းချုပ်ထားပြီးတော့မှ လူငယ်တွေက ထွက်ပြီးကင်းစောင့်ရတယ်။ ဆိုတော့မင်းမဲ့စရိုက်ဖြစ်နေပြီ။ အုပ်ချုပ်ရေးယန္တရားက မရှိတော့ဘူး။ ရုံးအဖွဲ့တွေဆိုလည်း ဘယ်ရောက်နေမှန်း မသိဘူး။ အဲဒီတော့အုပ်ချုပ်ရေးယန္တရားက ပျက်သွားပြီ။ တကယ်တိုင်းပြည်က တိုင်းပြည်ပျက်ကြီး ဖြစ်နေပြီ။ ဘယ်သူမှ မအုပ်ချုပ်နိုင်တော့ဘူးဖြစ်နေတဲ့အချိန်အခါမျိုး ရောက်နေပြီ။

ပထမပိုင်းကတော့ ဟုတ်တယ်ဗျ။ ပထမပိုင်းကတော့ အေးအေးဆေးဆေး။ မူလတန်းကလေးတွေတောင် တွေ့သေးတယ်။ အဲဒီတုန်းက ရေဘူးတွေမရှိသေးဘူးပေါ့ဗျာ။ ပလတ်စတစ်ကလေးတွေနဲ့ ရေလေးတွေထုပ်ပြီးတော့မှ လက်က ကိုင်လာပြီး သူတို့ဆန္ဒပြတဲ့အထဲမှာ ပါတယ်။ မူလတန်းကျောင်းသားများသမဂ္ဂဆိုပြီး ပါတယ်ဗျ။ နောက်တစ်ခါ အိမ်ရှင်မများသမဂ္ဂဆိုပြီး ပါသေးတယ်ဗျ။ အိုးတွေကိုင်၊ ဒယ်အိုးတွေကိုင်၊ ယောက်မတွေကိုင်ပြီး အိမ်ရှင်မများသမဂ္ဂဆိုပြီး ပါတယ်။ နောက်တစ်ခါ တစ်ခုပါသေးတယ်ဗျ။ နောက်အမျိုးသမီးတွေပေါ့ဗျာ . . . ဘာခေါ်မလဲ ကြက်ပေါ့ဗျာ။ ကြက်များသမဂ္ဂဆိုပြီး အဲဒါမျိုးလည်း ပါပါတယ်ဗျ။

မေး - အလှဖန်တီးရှင်လည်းပါတယ်လေ။

အင်း . . . အလှဖန်တီးရှင်ဆိုပြီး ပေါ်တယ်ဗျာ။ ရှုပ်နေပြီဗျ။ တော်တော်ရှုပ်နေပြီဗျ။ အတော်ရှုပ်နေတဲ့အခါကျတော့တပ်က အဲဒီတုန်းက . . . ကျွန်တော်သိရသလောက်က ကျွန်တော်က စစ်ရုံးထဲမှာ ရှိတာပေါ့။ တိုင်းမှူးလည်း ရှိတယ်။ ဗိုလ်ချုပ်မျိုးညွန့်ကြီး။ ကျွန်တော်သိရသလောက်က ပစ်မိန့်မပေးဘူးဗျ။ အခုက ပြည်သူနဲ့ ရောထွေးနေပြီလေဗျ။ သမဂ္ဂက ကလေးတွေကော၊ လူငယ်တွေကော ဆိုတော့။ ပစ်မိန့်မပေးဘူးဗျ။ တစ်နေ့က ခင်ဗျားဂျာနယ်ထဲမှာ သံချပ်ကာကား ဗိုလ်ကြီးတစ်ယောက်က ဖော်ထုတ်လိုက်တာ။ အဲဒါအမှန်ပဲ။ မြို့တော်ခန်းမရှေ့မှာ ဖြစ်စဉ်ဖြစ်ရပ်က။ သူက တကယ်ကြုံတွေ့တဲ့ဥစ္စာကိုး။ သူကိုယ်တိုင် ပါခဲ့တာကိုး။ အဲဒါရှင်းလိုက်တာမှ တော်တော်ကောင်းတယ်။ အဲဒီလိုမျိုးက အမှန်ဗျ။ တချို့က လူတွေ အများကြီးသေကုန်ပြီ၊ပစ်နေပြီ၊ခတ်နေပြီဆိုတာတွေကမဟုတ်ဘူးဗျ။တချို့ဟာတွေကလုည့်စားတာတွေပါတယ်။နောက်တစ်ခုကဆိုရင်လက်နက်တွေသိမ်းတယ်ဆိုတာမြေနီကုန်းလေ၊ရဲစခန်းကသေနတ်တွေအကုန်ယူသွားကြတယ်။သိမ်းသွားကြတယ်။ အဲဒါတွေကတော့ ပရမ်းပတာတွေဖြစ်နေပြီပေါ့ဗျာ။ နောက်တစ်ခါဆိုရင်၊ ဟိုဘက်မှာဆိုရင် ကျွန်တော်သိရသလောက်က ရောင်ကြီးပွဲဆိုတဲ့ကောင်၊ ငှက်ပျောသီးထမ်းရောင်းနေတဲ့ကောင်။



www.burmeseclassic.com

www.burmeseclassic.com



မေး - အင်းစိန်ထောင်မှာ။

ဖြေ - အခုတောင်ဒဂုံလား၊မြောက်ဒဂုံလားမသိဘူးဆေးရုံမှာ။အဲဒီတုန်းကရောင်ကြီးဖွေကသေနတ်ကဘယ်ကရတယ်မသိဘူး။

မေး - အဲဒါ မြောက်ဥက္ကလာပမှာလား မသိဘူး။

ဖြေ - အင်း... မြောက်ဥက္ကလာပမှာ။ ဆေးရုံမှာလေ။ သေနတ်ခါးထိုးပြီးတော့မှ သူက ခေါင်းဆောင်ဖြစ်နေတာဗျ။

မေး - သူက တက်ကရားဟောလိုက်သေးတယ်။

ဖြေ - အေး... အဲဒီလိုပဟာမျိုးတွေဖြစ်နေတော့ တဖြည်းဖြည်းနဲ့ အုပ်ချုပ်မယ့်သူ မရှိတော့ဘူး။ ခေါင်းဆောင်လည်း မရှိတော့ဘူး။ နိုင်ငံရေးသမားတွေလည်း ခေါင်းဆောင်တွေ မရှိတော့ဘူး။ အဲဒီအချိန်မှာ ဖြစ်တဲ့အခါကျတော့ ကျွန်တော်က သတင်းတွေအကုန်ရနေပါတယ်ဗျ။တကယ့်ဖြစ်ရပ်နော်။ဗိုလ်ချုပ်မှူးကြီးစောမောင်ကနေ့စဉ်ရှိနေတယ်။ဗိုလ်ချုပ်ကြီးသန်းရွှေကတော့ ကျွန်တော်နဲ့ အဆက်အကပ်ရှိနေတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင်က ကျွန်တော်တို့နဲ့ ရှိနေတယ်။ တစ်ခါတလေကျရင် သူ့အခန်းမှာ သွားနေတယ်။ ကျွန်တော်နဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေနဲ့ တိုင်ပင်ပြီးတော့ ဗိုလ်ချုပ် . . . အခြေအနေတော့ အတော်ဆိုးနေပြီ။ အဲဒါ ဦးစီးချုပ်ဆီ သွားလိုက်မယ်။ သွားပြီး အခြေအနေတင်ပြမယ်။ ဦးစီးချုပ်ကလည်း အခြေအနေ သိနေပြီးသား။ သိနေတော့ ကျွန်တော်တို့သဘောထားတွေ သွားတင်ပြတယ်။ ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစောမောင်အခန်းကို ကျွန်တော်တို့နှစ်ယောက်သွားတယ်။ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးသန်းရွှေက ဒုချုပ်လေ။ အခြေအနေတွေက တော်တော် ရှုပ်ထွေးနေပြီ။ လူတွေလည်း ခေါင်းဖြတ်သတ်ခံနေရတယ်။ အဖျက်အမှောင့်တွေကလည်း ပါနေပြီ။ ဒီမိုကရေစီ အရေးသက်သက်မဟုတ်တော့ဘူး။ အဖျက်အဆီးတွေက သိပ်များနေပြီ။ အုပ်ချုပ်ရေးယန္တရားလည်း မရှိတော့ဘူး။ ဘယ်သူ အုပ်ချုပ်နေမှန်းလည်းမသိတော့ဘူး။ စစ်တပ်ရှိရဲ့သားနဲ့ ဘယ်လိုမှမထိန်းနိုင်ဘူးဖြစ်နေပြီ။ တစ်ခုခုတော့ လုပ်မှကောင်းမယ် ထင်တယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုက သိပ်အရေးကြီးတယ်ဆိုပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်ကို သွားတင်ပြတယ်။

အေးပေါ့ကွာတဲ့။ ငါလည်း အဲဒီလိုပဲ စဉ်းစားနေတယ်တဲ့။ တိုင်းပြည်က ကမောက်ကမဖြစ်နေပြီကွတဲ့။ anarchism ဝင်နေပြီကွတဲ့။ တိုင်းပြည်ကြီး ဒီအတိုင်းဆိုရင်တော့ ပြည်သူတွေရဲ့ဘဝကလည်း တော်တော်ကို ဒုက္ခရောက်နေပြီကွတဲ့။ လမ်းပေါ် ဘယ်သူမှ မထွက်ရဲတော့ဘူးကွတဲ့။ လမ်းပေါ်ထွက်တာနဲ့ ထောက်တိုင်၊ စပိုင်ဆိုပြီးတော့မှ ဆွဲခေါ်ပြီးတော့မှ လူအုပ်ကြားထဲမှာ ခေါင်းဖြတ်သတ်နေတာဗျ။ အဲဒီလိုဖြစ်နေတဲ့အခါကျတော့ လူတွေလည်း အပြင်မထွက်ရဲတော့ဘူး။ ဒုက္ခရောက်နေပြီ။ ဒါကတော့ တိုင်းပြည်က တော်တော်ဆိုးဆိုးဝါးဝါးအခြေအနေကို ရောက်နေပြီ။ ခေါင်းဖြတ်သတ်တယ်ဆိုတာ ကျွန်တော်တို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာအစဉ်အလာမှာ ရှိမှမရှိဘဲဗျာ။ ကျွန်တော်တို့နှစ်ယောက် သွားတင်ပြတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်က အေးကွာတဲ့။ ဒါဖြင့်ရင်တဲ့ ကျွန်တော့်ကိုပဲ ကိုခင်ညွန့်တဲ့။ ဒါဆိုရင် တို့ အေဒီလမ်း သွားကြရအောင်တဲ့။ ဒါ အဖြစ်မှန်ပါ။ အဲဒါ မင်း ဆက်သွယ်လိုက်ကွာဆိုတော့ ကျွန်တော်က ဦးဆက်ထွန်းဆီကို ဆက်လိုက်တယ်။ အစ်ကိုကြီးလို့၊ အဖေကြီးနဲ့ ကျွန်တော်တို့ တွေ့ချင်တယ်ဗျာလို့။ သူကလည်း အခြေအနေက ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေတယ်ဆိုတာ သိနေတယ်လေ။ မင်းတို့ဘာလဲတဲ့။ ကျွန်တော်တို့အရေးကြီးလို့ဗျာလို့။ ဒီနေ့ပဲတွေ့ချင်တယ်လို့။ အဲဒီအချိန် ကျွန်တော်ဖုန်းဆက်တဲ့အချိန်က ညနေ (၃) နာရီနဲ့ (၄) နာရီကြားလောက်ပေါ့။ အေးကွာတဲ့၊ အဲဒီလိုဆိုရင် ငါ အခုသွားလိုက်မယ်တဲ့။ သွားပြီးတော့ သွားပြောမယ်တဲ့။ သူ သွားတယ်။ အဲဒီအချိန်မှာ အဘိုးကြီးက တချို့ကို သိတာတွေလည်းရှိသလို မသိတာတွေလည်း အများကြီး ရှိတယ်။ ကျွန်တော်တို့စောင့်နေတာ နာရီဝက်လောက်ကြာတယ်။ အေး... ရတယ်တဲ့။ စောင့်နေမယ် ပြောတယ်ကွတဲ့။ ဘယ်ကိုလာရမလဲဆိုတော့ အိမ်ကိုပဲ လာတဲ့ဆိုတော့ အေဒီလမ်းအိမ်ကိုပဲသွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ လာဆိုတဲ့အခါကျတော့ အဆင်သင့်ဖြစ်ရင်လာတဲ့။ သူကတော့ စောင့်နေမယ်လို့ပြောတယ်တဲ့။ အဲဒီတော့ ကျွန်တော်တို့က ခန့်မှန်းခြေပေါ့ဗျာ...ကျွန်တော်ကပြောလိုက်တယ်။ ညနေ (၆) နာရီနဲ့ (၇) နာရီကြားဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ပြောလိုက်တယ်။ မင်းတို့ လာနိုင်တဲ့အချိန်လာပေါ့ကွာတဲ့။ ငါကတော့ ပြောထားပြီးပြီ။ သူက စောင့်နေမယ်လို့ ပြောတယ်တဲ့။ ကျွန်တော်တို့က ဘာနဲ့သွားသလဲဆို တော့ ပါစင်နယ်ကယ်ရီယာနစ်စီး။ (အဲဒါ မော်ဘီမှာရှိတယ်ထင်တယ်။ အဲဒါ သိမ်းထား မသုံးပါနဲ့ဆိုပြီး ကျွန်တော်ပြောထားတယ်) အဲဒီ ပါစင်နယ်ကယ်ရီယာ နစ်စီးနဲ့။ လုံခြုံရေးက ဘယ်သူလိုက်သလဲဆိုတော့ အခုတော့ သေသွားရှာပြီ။ အရင်တုန်းကတော့ တပ်မ (၂၂) က နည်းဗျူဟာမှူး၊ ဟိုတယ်ဝန်ကြီး ဖြစ်ဖူးတဲ့ ဗိုလ်စောလွင်ကြီး။ ဗိုလ်မှူးချုပ်စောလွင်ပေါ့ဗျာ။ သူကတော့ အဲဒီတုန်းက ဗိုလ်မှူးကြီး။ သူနဲ့ ကျွန်တော်တို့ကို လိုက်ဖို့က တပ်ခွဲနှစ်ခွဲ။ အဲဒီ တုန်းကတော့ ရှုပ်ထွေးနေတာကိုးဗျ။ ကျွန်တော်တို့နှစ်ယောက်ကတော့ ပါစင်နယ်ကယ်ရီယာ နစ်စီးနဲ့ ကျွန်တော်နဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင်နဲ့က ပါစင်နယ်ကယ်ရီယာ။ ဗိုလ်ချုပ်ကြီးသန်းရွှေကိုတော့ ခင်ဗျား ရုံးမှာစောင့်နေ။ ကျန်ခဲ့ဆိုပြီး ကျွန်တော်တို့နှစ်ယောက် သွားတယ်။ ရုံးကနေ စထွက်တာတော့ ညနေ (၆) နာရီမှာဗျ။ ဒါပေမဲ့ လမ်းမှာ ပိတ်ဆို့ထားတာတွေ၊ လမ်းကြောင်းက သွားတဲ့အခါမှာ လမ်းမှာ သစ်ပင်တွေလှဲပိတ်ထားတွေက အဲဒါတွေကို ရှင်းပြီးသွားရတယ်။ ဘယ်လောက်ကြာသလဲဆိုတော့ အေဒီလမ်းရောက်တဲ့အချိန်မှာ ည (၁၀) နာရီလောက် ရောက်သွားပြီ။ ည (၁၀) နာရီမှ ရောက်သွားတာ။ လမ်းတွေ ဘယ်လောက်ပိတ်ဆို့ထားသလဲ ဆိုတာ။ သစ်ပင်တွေ လှဲထားတာဗျ။ လမ်းလယ်ခေါင်မှာ အတားအဆီးတွေ လုပ်ထားတယ်ပေါ့ဗျာ။ အသွားအလာတွေ မရှိအောင်လို့။ နောက်ပြီးတော့မှ မီးတိုင်အဟောင်းတွေ လမ်းပေါ်ပိတ်ဆို့ထားတာတွေ။ အတားအဆီး လုပ်ထားတာတွေက ည (၁၀) နာရီမှ ကျွန်တော် ရောက်တယ်။ ကျွန်တော်တို့လည်း ရောက်လည်းရောက်ရော အဘိုးကြီးက အိမ်ပေါ်က ဆင်းလာတယ်။ မင်းတို့ တော်တော်ကြာပါလားကွတဲ့။ ဟုတ်တယ်လို့။ လမ်းမှာ ဘလောက်တုံးတွေ တွေ့နေတာနဲ့ ဒီလောက်ကြာသွားတာပါလို့။ အေးကွာတဲ့။ ကဲ...ဘာပြောချင်သလဲ။ ပြောကြစမ်းတဲ့။ အဲဒီမှာ ဗိုလ်ချုပ်မှူးကြီးစောမောင်ကနေ ဗိုလ်ချုပ်...တိုင်းပြည်အခြေအနေကတော့ အတော်ဆိုးဆိုးဝါးဝါးဖြစ်နေပြီ။ ဘယ်သူမှ ကိုင်တွယ်နိုင်တဲ့ အနေအထားမျိုး မရှိဘူး။ အခုက မင်းမဲ့စရိုက်လည်းဖြစ်နေပြီ။ လူတွေလည်း ခေါင်းဖြတ်အသတ်ခံနေရပြီ။ ပြည်သူတွေလည်း အတော်ဒုက္ခရောက်နေပြီ။ ဘယ်သူမှ အပြင်လည်းမထွက်ရဲတော့ဘူး။ အပြင်ထွက်ရင်လည်း ကိုယ့်အသက်ကို ကိုယ်တောင်မှ ရှိမှရှိသေးရဲ့လား၊ ဘယ်အချိန်များခေါင်းဖြတ်အသတ်ခံရမလဲဆိုတာမျိုးဒီလိုသောကတွေရောက်နေကြပြီ။ အုပ်ချုပ်ရေး ယန္တရားဆိုတာ မရှိဘူး။ ဝန်ကြီးတွေ၊ ဒုဝန်ကြီးတွေဆိုတာ ရုံးတွေမှာမရှိတော့ဘူး။ အခြေအနေက တော်တော်ဆိုးပါပြီဆိုတော့အခါကျတော့ ဒအေးကွာတဲ့။ ဗိုလ်ခင်ညွန့် အသေးစိတ် ထပ်တင်ပြလိုက်ကွာတဲ့။ ကျွန်တော်က အသေးစိတ် တင်ပြတဲ့အခါကျတော့ သူက ငါလည်း ထင်တော့ထင်တယ်ကွတဲ့။ မင်းတို့လောက် ငါမသိဘူးတဲ့။ ဒီလောက်ကြီး ဆိုးဆိုးဝါးဝါး ဖြစ်နေတယ်ဆိုတာ ငါ မသိဘူးကွာတဲ့။ မင်းတို့ အခုလာမှပဲသိတယ်တဲ့။ အဲဒီတော့ ခင်ဗျားပြောတဲ့အတိုင်းမင်းတို့ အခု ငါ့ဆီလာတယ်။ ကျန်တဲ့လူကြီးတွေ သိလားတဲ့။ မသိပါဘူးလို့။ ကျွန်တော်တို့က တိုက်ရိုက်လာလိုက်တာ။ မြန်မြန်ရောက်ချင်လို့ လာတာလို့။ အေးအဲဒီလိုဆိုရင်ကွာတဲ့၊ မနက်ဖြန် မနက်ကျရင် အဲဒီလူကြီးတွေ သွားပြောလိုက်ဦးတဲ့။ နို့မို့ရင် မင်းတို့က သူတို့ကို ကျော်လွန်ပြီးတော့မှ ငါ့လာပြီး တိုက်ရိုက်တင်တယ်ဆိုရင် မင်းတို့လည်း မကောင်းဘူးကွာတဲ့။ တို့ အစဉ်အလာရှိတာပဲတဲ့။ တစ်ဆင့်ပြီးတစ်ဆင့် တင်ပြရတယ်ဆိုတာ အစဉ်အလာရှိတာပဲတဲ့။ လူကြီးတွေ တစ်မျိုးစိတ်ထဲထင်နေမယ်။ မနက်ဖြန် မိုးလင်းတဲ့အခါကျတော့ မင်းတို့သွားပြီး အကျိုးအကြောင်းတင်ပြလိုက်တဲ့ဆိုပြီး မှာလိုက်တယ်။

ဒါနဲ့ ကျွန်တော်တို့ အေဒီလမ်းအိမ်ကပြန်ထွက်လာတဲ့အခါမှာ (၁၂) နာရီ ကျော်သွားပြီဗျ။ အပြန်ကျတော့ လမ်းပြန်ရှင်းပြီးသားဆိုတော့ မြန်သွားတယ်။ ရုံးကို ပြန်ရောက်။ နောက်တစ်နေ့ ဗိုလ်ချုပ်မှူးကြီး စောမောင်ကတို့ မနက်(၆) နာရီခွဲလောက် လူကြီးတွေဆီ သွားတင်ပြရအောင်တဲ့။ အဲဒီတော့ လူကြီးတွေဆိုတာက နှစ်ယောက်ပါပဲ။ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကြီးအေးကိုရယ်။ ဒီနှစ်ယောက်ပဲ။ ဗိုလ်ချုပ်ကြီးအေးကိုအိမ်ကို (၇) နာရီလောက်မှာ ကျွန်တော်တို့ သွားလိုက်တယ်။ သွားလိုက်တော့ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကို လှမ်းခေါ်တယ်။ ဗိုလ်ချုပ်ကြီးအေးကို အိမ်မှာပဲတွေ့တယ်။ တွေ့ပြီးတော့မှ ညက အခြေအနေကို ကျွန်တော်တို့ ရှင်းပြလိုက်တယ်။ ညက ကျွန်တော်တို့ သွားတွေ့လိုက်တယ်ဆိုတဲ့အခါကျတော့ အေး ... အေး ကောင်းပြီတဲ့။ သူတို့ကလည်း အခြေအနေတွေ အသေးစိတ် မသိဘူး။ ထပ်ပြီးရှင်းပြရတယ်။ အခြေအနေတွေ ရှင်းပြနေတုန်းမှာပဲ ဦးဆက်ထွန်းဆီကနေ ဗိုလ်ချုပ်ကြီးအေးကိုဆီ ဖုန်းလာတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးကနေ ခေါ်နေပါတယ်။ (၉) နာရီအရောက်လာပါ။ လူကြီးတွေဆိုတာ တွေ့နေကျ လူကြီးတွေပေါ့။

(၆) ယောက်လို့ပြောတယ်။

အင်း ... (၆) ယောက်ရှိပါတယ်။ အဲဒီမှာ ဗိုလ်ချုပ်ကြီးစောနဲ့ ကိုခင်ညွန့်ရှိလားတဲ့။ ရှိတယ်လို့။ သူတို့နှစ်ယောက်ပါ ခေါ်ခဲ့ပါတဲ့။ (၉) နာရီအရောက်ဆိုတော့ သူခေါ်ပြီးတာနဲ့ ကျွန်တော်တို့ တန်းပြီးထွက်လိုက်တယ်။ လုံခြုံရေးက ကျွန်တော်တို့ လုံခြုံရေးပါတာပေါ့။ ဒါက (၁၈) ရက်နေ့ မနက်ဖြစ်သွားပြီ။ ကျွန်တော်တို့သွားတာ စက်တင်ဘာလ (၁၇) ရက်နေ့ညမှာ သွားလိုက်တာ။ (၁၈) ရက်နေ့၊ မနက် (၉) နာရီအရောက် ကျွန်တော်တို့ အေဒီလမ်းကိုသွားတယ်။ အဲဒီအခါကျတော့ အိမ်မှာ မဟုတ်တော့ဘူး။ ရုံးမှာ။ ဥက္ကဋ္ဌကြီးရဲ့ရုံးမှာ။ ရုံးကိုသွားတော့ လူကြီးတွေက ဘယ်သူပါသလဲဆိုရင် အဲဒီတုန်းက သမ္မတ ဒေါက်တာမောင်မောင်၊ ဝန်ကြီးချုပ်က သူရဦးထွန်းတင်၊ ဒုဝန်ကြီးချုပ်က ဗိုလ်ချုပ်သန်းတင်၊ ပါတီအထွေထွေအတွင်းရေးမှူးကတော့ ဗိုလ်ချုပ်ကြီးအေးကို၊ တွဲဖက်က ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ နိုင်ငံခြားရေးဝန်ကြီးက ဦးရဲခေါင်။ အဲဒီ (၆) ယောက်နဲ့ ကျွန်တော်တို့ (၂)ယောက်ပဲ။

ရုံးမှာ ကျွန်တော်တို့လည်းစုံရော ဗိုလ်မှူးဆက်ထွန်းကနေ ဥက္ကဋ္ဌကြီးဆီ လှမ်းဆက်တယ်။ အားလုံးစုံပါပြီဆိုတော့ ဥက္ကဋ္ဌကြီးက သူ့အိမ်ကနေ ရုံးကို ထွက်လာတယ်။ ရုံးရောက်တော့ ဥက္ကဋ္ဌကြီးကစပြီးတော့ ညကကွာ၊ ငါ့ဆီကို ဒီကောင်နှစ်ကောင် ရောက်လာကြတယ်။ အဲဒီတော့ တိုင်းပြည်ရဲ့အခြေအနေတွေ ငါက သူတို့ရောက်လာတော့မှပဲ သေသေချာချာ သဲသဲကွဲကွဲ သိရတော့တယ်။ စောစောကတော့ ဒီလောက်ဆိုးဆိုးဝါးဝါးကြီးဆိုတာ ငါ မသိဘူးပေါ့ကွာ။ မင်းတို့လည်း သိချင်မှ သိမှာပေါ့ကွာ။ အဲဒီတော့ အခြေအနေကတော့ တော်တော်ဆိုးနေပြီကွ။ မင်းတို့ကောနိုင်ရဲ့လား။ နိုင်နိုင်နင်းနင်း လုပ်နိုင်ကြရဲ့လား ဆိုတော့ မလုပ်နိုင်ပါဘူးတဲ့ ... ကျန်တဲ့လူကြီးတွေက ပြောတယ်။ အဲဒီတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်ကို ဗိုလ်စော၊ မင်းလည်း သူတို့ကို ထပ်ရှင်းလိုက်ဦးကွာတဲ့။ ဗိုလ်ချုပ်မှူးကြီးစောမောင်က ကိုခင်ညွန့်၊ ရှင်းပါတဲ့။ သူပဲ အသေးစိတ်သိတာဆိုတော့ ကျွန်တော်ရှင်းပြတယ်။ ဥက္ကဋ္ဌကြီးက မင်းတို့လုပ်နိုင်လား၊ ထိန်းနိုင်လားတဲ့။ ကျွန်တော်တို့ မထိန်းနိုင်ပါဘူးတဲ့။ မင်းတို့ ဘာပြောစရာရှိလဲတဲ့။ ဘာမှမရှိပါဘူး။ ဥက္ကဋ္ဌကြီး အစီအမံပါပဲတဲ့။ ငါပြောတဲ့အတိုင်း မင်းတို့လိုက်နာမလားတဲ့။ လိုက်နာပါ့မယ်ဆိုတော့ ကဲ ... ကိုစောမောင်၊ ငါတို့ ဘာမှမလုပ်နိုင်တော့ဘူး။ မင်းတို့စစ်တပ်ကပဲ၊ တပ်မတော်ကပဲ တိုင်းပြည်ကို တာဝန်ယူလိုက်ကွာတဲ့။ အဲဒါ တစ်ဆက်တည်းပြောတာ။ မင်းတို့လုပ်တဲ့အခါမှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဆက်ပြီးလုပ်ပါတဲ့။ ဥပဒေကြောင်းနဲ့ပတ်သက်ပြီး သမ္မတကြီးဒေါက်တာမောင်မောင် ရှိတယ်တဲ့။ ဒေါက်တာမောင်မောင်ကနေ ဘယ်လိုလုပ်ရမယ်ဆိုတာရှင်းပြပြီး လမ်းညွှန်သွားမယ်။ ဥပဒေနဲ့အညီ လုပ်ပါတဲ့။ ဗိုလ်စောမောင် ...ငါတို့ကိုလည်း အရင်အစိုးရအဟောင်းဆိုပြီး မင်း တပ်မတော်က တာဝန်ယူပြီးဆိုတဲ့အခါမှာ တို့ကို ဖမ်းသင့်ရင်ဖမ်းလိုက်ပါတဲ့။ တို့ကို မင်းထိန်းချင်ထိန်းပါတဲ့။ အဲဒီလိုကို ပြောတာ။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ မလုပ်နိုင်တော့ဘူးတဲ့။ မင်းတို့ တပ်မတော်ပဲရှိတယ်။ တပ်မတော်ပဲ ထိန်းရမှာပေါ့တဲ့ဆိုတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်က ပြန်ပြောသေးတယ်၊ ကျွန်တော် ဘာလုပ်ရမလဲတဲ့။ ကျွန်တော်လည်း မလုပ်တတ်ဘူးတဲ့။ တိုင်းပြည်ကြီးကို ကိုင်တွယ်ဖို့က ကျွန်တော်လည်း မလုပ်တတ်ဘူး။ ဘာလုပ်ရမှန်းလည်း မသိဘူးတဲ့။ အေး ... စောမောင်။ မင်းတို့တပ်မတော်ကလွဲလို့ ကျန်တဲ့သူကို တိုင်းပြည်က အားကိုးလို့မရဘူးတဲ့။ မင်းတို့ပဲထိန်းရမှာပဲတဲ့။ မင်းတို့

www.burmeseclassic.com



ထိန်းမှုဖြစ်မှာတဲ့။ မင်းတို့မသိတာတွေ ဥပဒေကြောင်းနဲ့ညီညွတ်အောင် ဒေါက်တာမောင်မောင် ရှိတယ်။ မောင်မ... မင်း သူတို့အားလုံးကို ရှင်းပြပါ။ ကဲ ... သွားကြတော့ကွာတဲ့။

ဦးနေဝင်းက ဘယ်သူက ဘာတာဝန်ဆိုပြီး လူစဉ်ပေးလိုက်သေးလား။ မစဉ်ပေးလိုက်ဘူး။ ကျွန်တော့်ကဲ့မေ... ဗိုလ် စောမောင်၊ မင်း ဦးဆောင်လုပ်ပါ။ အဲဒီတော့ ကိုခင်ညွန့်ကတော့ မင်းတို့နှစ်ယောက် အခုတွဲလုပ်နေတာပဲ ကိုခင်ညွန့်ကိုတော့ မင်းတို့ အတွင်းရေးမှူးတာဝန်ပေးရင် ရတာပေါ့ကွတဲ့ဆိုပြီး ပြောလိုက်တယ်။ ဒါပဲ ပြောလိုက်တယ်။ ကျန်တာဒတော့ ဘယ်သူ ဘာညာဆိုတာတော့ စဉ်မပေးလိုက်ဘူး။ အဲဒီတော့ ကျွန်တော်တို့ ဘယ်ကိုသွားသလဲဆိုတော့ ဝင်ဒါမီယာကို သွားတယ်။ သမ္မတရုံးပေါ့။ အဲဒီမှာက အဲဒီအချိန်တုန်းက သမ္မတရုံးမှာ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ်ကကိုကက်စိန်။ ကျန်းမာရေးဝန်ကြီး ဟောင်း ဗိုလ်ချုပ်ကက်စိန်ပေါ့။ သူက အဲဒီတုန်းက သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကက်စိန်။ ရှေ့မီနောက်မီ ဆိုတာ သူတစ်ယောက်ပဲ ရှိတော့တယ်။ အဲဒီရောက်တော့ လုပ်ရမယ့်ဥစ္စာတွေ ဒေါက်တာမောင်မောင်ကပဲ ဥပဒေနဲ့အညီ လုပ်ရမှာလေးတွေ ကဲ . . . ကိုခင်ညွန့်လေးရေ၊ လာကွာဆိုပြီး ကျွန်တော်က သူပြောတာ ရေးရတာပေါ့ဗျာ။ သူက ဥပဒေ ကြောင်းနဲ့အညီ အမိန့်တွေထုတ်ရတော့မယ်ဆိုတော့ အမိန့်နဲ့ ညွှန်ကြားချက် (၄) စောင် ကျွန်တော်က လိုက်ရေးတာပေါ့။ အဲဒါရေးပြီး ကျွန်တော်ပြန်ဖတ်ပြ။ သူက ဒါလေးထည့်လိုက်ဦး၊ ဒါလေး ထည့်လိုက်ဦး . . . အဲဒီလိုပြင်ပေးတာ။ အဲဒါနဲ့ အမိန့်နဲ့ ညွှန်ကြားချက် (၄) စောင် ဖြစ်လာတယ်။

ကဲ . . . အဲဒီအချိန်မှာ ဘယ်လောက်ရောက်သွားပြီလဲဆိုတော့ နေ့လယ် (၂) နာရီကျော်သွားပြီဗျ။ ထမင်းစားတာက ဘယ်ကထမင်းစားသလဲဆိုတော့ အဲဒီအချိန်တုန်းက ဆိုင်တွေကလည်း အကုန်လုံးမရှိတော့ဘူးလေ။ ခေါက်ဆွဲဆိုင် ရှိတယ်။ ရှစ်မိုင်လမ်းဆုံမှာ။ ခေါက်ဆွဲဆိုင်မှာ ကိုကက်စိန်ကို လူကြီးတွေစားဖို့ ခေါက်ဆွဲကြော်သွားဝယ်ဆိုပြီး သူ့အဖွဲ့လေးနဲ့ ရှစ်မိုင် ကနေ သွားဝယ်တာ။ ခေါက်ဆွဲနဲ့ မနက်စာပေါ့။ အဲဒီတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်ကနေ (အဲဒီတုန်းက ဗိုလ်ချုပ်ကြီး စောမောင်ပေါ့) ကိုခင်ညွန့် . . . စစ်ရုံးက ကိုသန်းရွှေဆီကို လှမ်းဆက်လိုက်ဦးနော်တဲ့။ ကျွန်တော်တို့ ဒီမှာရောက်နေတယ်။ ဒီမှာရှိနေပါတယ်။ ဘယ်အချိန်လောက် စစ်ရုံးကိုရောက်မယ်။ ကျန်တဲ့လူကြီးတွေ စုထားလိုက်ပါ။ ဒါပဲပြောလိုက်တယ်။

ကျွန်တော်တို့က အားလုံးအဆင်သင့်ဖြစ်ပြီဆိုတော့ ဗိုလ်ချုပ်ကြီးတွေအားလုံးက ကျွန်တော်တို့ကို ငေးကြည့်ပြီးတော့ ဗိုလ်ချုပ်ကြီးအေးကိုကရော၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကရော ကိုစော . . . ကျုပ်တို့ကို ထိန်းချင်ထိန်း။ ခင်ဗျားတို့ တာဝန်ယူ တော့ ခင်ဗျားတို့သဘောပဲတဲ့။ ကျွန်တော်တို့လည်း ဘယ်ပြောရက်မှာလဲ။ အဲဒီကနေ ကျွန်တော်တို့က နှစ်နာရီခွဲလောက်မှာ ဝင်ဒါမီယာက ထွက်လာတယ်။ စစ်ရုံးရောက်တော့ လမ်းမှာပဲ ဗိုလ်ချုပ်ကြီးစောမောင်က ကိုခင်ညွန့်၊ ခင်ဗျားတို့ ဒါတွေ ထုတ်ဖို့ အတွက်...ညနေလေးနာရီမှာမြန်မာ့အသံက သတင်းထုတ်ရမှာကိုးဗျ။ မြန်မာ့အသံကိုအဲဒီအချိန်တုန်းက ကွန်ထရိုးမရှိတော့ ဘူးဗျ။ ခင်ဗျားသိအောင်ပြောရရင် မြန်မာ့အသံက အသံလွှင့်တဲ့စက်၊ ဘာတို့ညာတို့ကို ဖျက်မယ့်သူတွေက ဆားနဲ့ ပက်မယ် ဆိုကာမျိုး လုပ်နေကြတယ်။ ရေတွေနဲ့ပက်မယ်။ ဆားတွေနဲ့ပက်မယ်ဆိုတာမျိုးတွေ ဖြစ်နေတယ်။ အဲဒီမှာ မြန်မာ့အသံမှာ ကွန်ထရိုး မရှိဘူးဗျ။ အကုန်လုံးက ဆန္ဒပြနေကြပြီကိုးဗျ။

ကျွန်တော်တို့ စစ်ရုံးလည်းရောက်တော့ ကဲ . . . ခင်ဗျား အဲဒီလေးစောင်ကို အချိန်မီသွားလုပ်။ ကိုယ်က ကျန်တဲ့လူကြီး တွေ ခေါ်ပြီး ပြောစရာရှိတာ ပြောနှင့်မယ်ဆိုပြီး သူက အစည်းအဝေးခန်းထဲ ကျန်ခဲ့တယ်။ ကျွန်တော်က သတ်သတ်အခန်းမှာ အရာရှိတစ်ယောက်ခေါ်ပြီးတော့မှ ပြန်ပြီးအချောပြန်ရိုက်ပေါ့ဗျာ။ လေးနာရီဆိုတော့ လေးနာရီအမီလုပ်ရမှာကိုးဗျ။ အဲဒီတော့ သုံးနာရီခွဲလောက်မှာ ကျွန်တော်ပြီးတယ်။ စာအိတ်လေးအိတ်ထဲကို တိုက်ရိုက်ထည့်။ စာအိတ်နံပါတ်တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ပဲ တပ်ထားတယ်။ အဲဒီမှာ ဘယ်သူ့ကိုခေါ်ပြီးတော့ ကျွန်တော် တာဝန်ပေးသလဲဆိုတော့ ဆက်သွယ်ရေးညွှန်ကြားရေး မှူးဗိုလ်ချုပ်မျိုးသန့်။ နောက်တစ်ယောက်စစ်ဥပဒေချုပ်ဗိုလ်မှူးကြီးသန်းဦး။ သူတို့နှစ်ယောက်ကိုခေါ်ပြီးဒီစာအိတ်လေးအိတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားတို့ မြန်မာ့အသံကိုယူသွား။ စာတွေကို ကျွန်တော်က ချိပ်ပိတ်ထားလိုက်ပြီ။ နံပါတ်စဉ်အတိုင်းပဲ တစ်၊ နှစ်၊ သုံး၊ လေး။ တစ်ပြီးတော့မှ နှစ်ကို ဖွင့်ကြေညာ။ ပြီးရင် သုံးဖွင့် ကြေညာ။ ပြီးရင် လေးဖွင့် ကြေညာ။ တစ်ခုပြီးမှတစ်ခု ဖွင့်ရမယ်လို့။ ခင်ဗျားတို့က သူတို့ကြေညာတာစောင့်ပြီးတော့ ကြည့်ပေါ့လို့ဆိုပြီး သူတို့နှစ်ယောက်ကို လွှတ်လိုက်တယ်။ လေးနာရီ ဒေါင်ခနဲ ကျွန်တော်တို့ ကြေညာလိုက်တာပဲ။အဲဒီဖြစ်စဉ်ဖြစ်ရပ်အမှန်ပဲ။

ကျန်တဲ့အဖွဲ့ကွေကျတော့ ဘယ်လိုဖွဲ့ခဲ့ကြသလဲ။ အစိုးရအဖွဲ့ဖွဲ့တော့ စီနီယာတွေ ဘယ်လိုထည့်သလဲ။

အဲဒါတော့ စစ်ရုံးမှာရှိတဲ့ လူကြီးတွေအားလုံး ထည့်ရတာပေါ့ဗျာ။ စစ်ရုံးမှာဆိုတော့ နဝတဖွဲ့တဲ့အခါမှာ ဥက္ကဋ္ဌကတော့ ဗိုလ်ချုပ်မှူးကြီးစောမောင်ပေါ့။ ကျွန်တော်က အဲဒီမှာဖွဲ့တဲ့အချိန်မှာ ဝင်ဒါမီယာမှာ တိုင်ပင်ပြီးဖွဲ့လိုက်တာဗျ။ စစ်ရုံးကျတော့မှ ဖွဲ့တာ မဟုတ်ဘူး။ဝင်ဒါမီယာမှာလူကြီးတွေနဲ့တိုင်ပင်ပြီးတော့လူကြီးတွေကတိုင်းမှူးတွေတော့ပါရမှာပေ့ါဗျာတဲ့။အဲဒီမှာတင် ကျွန်တော်တို့ စစ်ရုံးမှာရှိတဲ့ စစ်ရေးချုပ်တို့၊ စစ်ထောက်ချုပ်တို့၊ ကစထမှူးတို့ပေါ့ဗျာ။ အဲဒီတုန်းက ကစထမှူး ဗိုလ်ချုပ်စိန်အောင်နဲ့ ဗိုလ်ချုပ်ချစ်ဆွေ။ စစ်ထောက်ချုပ်ဗိုလ်ချုပ် ဘုန်းမြင့်တို့၊ စစ်ရေးချုပ် ဗိုလ်ချုပ်အောင်ရဲကျော်။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အောင်ရဲကျော်တောင် ခရီးသွားနေတယ်နဲ့ တူတယ်။ ကိုရီးယားမှာ အိုလံပစ်နဲ့။ ပြန်တောင်မရောက်သေးဘူး။ လေယာဉ်ပျံပေါ်မှာပဲရှိသေးတယ်။ဒီမှာကဖွဲ့လိုက်ပြီ။စစ်ရုံးမှာရှိတဲ့ဗိုလ်ချုပ်တွေအားလုံးပေါ့။စစ်ရေးချုပ်၊စစ်ထောက်ချုပ်။ပြီးတော့ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်ကို ပြန်ကြားရေးပေးလိုက်တာပေါ့။

ဟိုမှာကတော့ တိုင်းမှူးတွေထည့်ပါဆိုပြီးတော့ ပါတာပေါ့။ ကျန်တဲ့အသေးစိတ်က စစ်ရုံးကျမှ ပြန်လုပ်လိုက်တာ။ အဲဒီမှာ ကျွန်တော့်ကို ခင်ဗျားတို့လည်းသိအောင် ဟိုမှာတင် ကျွန်တော်ကပြောလိုက်တယ်။ အတွင်းရေးမှူး တစ်ယောက်တည်းနဲ့ မရဘူးလို့။ တစ်နိုင်ငံလုံးကို စီမံခန့်ခွဲရမှာ။ အတွင်းရေးမှူးက အဓိကအခရာ ဖြစ်နေပါတယ်လို့။ အသေးစိတ်လုပ်ရမှာ ကျွန်တော် တစ်ယောက်တည်း မရပါဘူးလို့။ ကျွန်တော်တစ်ယောက်တည်း လုပ်လို့မဖြစ်ဘူး။ ဒါဖြင့်ရင် အတွင်းရေးမှူး (၁)၊ (၂) နှစ်ယောက်ထားပေါ့တဲ့။ ဘယ်သူ့ထားချင်လဲတဲ့။ ကျွန်တော်က ပြောလိုက်တာပေါ့။ အဲဒီတုန်းက ဗိုလ်မှူးကြီးတင်ဦးပါပဲ။ အဲဒီမှာတင်ပဲ ဗိုလ်မှူးကြီးခင်ညွန့်ကို ဒီနေ့ကစပြီးတော့ ဗိုလ်မှူးချုပ် တာဝန်ပေးလိုက်ပါ။ ဒါမှ သူ တိုင်းပြည်အတွက်လုပ်ဖို့ အဆင်ပြေမယ်။ နို့မို့ရင်တော့ ဒီရာထူးငယ်လေးနဲ့တော့ သူမဖြစ်ဘူး။ ပရိုမိုးရှင်းပေးလိုက်ပါဆိုပြီး ချက်ချင်းရုံးရောက်တာနဲ့ ကျွန်တော် ဗိုလ်မှူးချုပ်ဆိုတဲ့ရာထူးထွက်လာတယ်။

အဲဒီတုန်းက ကုန်သွယ်ရေးကိစ္စလေးက ဘယ်လိုဖြေရှင်းခဲ့သလဲ။

ကုန်သွယ်ရေးက ဆရာတော်ကြီးတွေနဲ့ ကျွန်တော်တို့ အဆက်အသွယ်မရှိဘူးဗျ။ ဆရာတော်ကြီးတွေနဲ့ ကြိုတ်ပြီးစီမံတယ်ဆိုတာ မဟုတ်ပါဘူး။ ဆရာတော် ကြီးတွေက သူ့အစီအမံနဲ့သူ လုပ်လိုက်တာ။ ကုန်သွယ်ရေးကိစ္စက ဒီလိုဗျ။ အဲဒီမှာ ရဲဘော်တစ်ယောက်က စိတ်မထိန်းနိုင်ဘဲနဲ့ သေနတ်က တစ်ချက်ထွက် သွားတာ။ အဲဒါကို ဆန္ဒပြတဲ့သူတွေကိုပစ်တယ်ဆိုပြီး ဒီလိုယူဆပြီးတော့မှ လူတွေက နည်းနည်းသွေးဆူသွားတာပေါ့ဗျာ။ အမှန်တော့ အဲဒီကောင်က ခပ်ကြောင်ကြောင်ကောင်ကလေး။ သူလည်း ဟိုသင်းဖြစ်ပြီးတော့ သေနတ်တစ်ချက်ထွက်သွားတာ။ တစ်ယောက်ရှပ်ပြီး မှန်သွားလားမသိဘူးပေါ့ဗျာ။ အဲဒီအချိန်မှာ ပိုဆိုးသွားတာပေါ့ဗျာ။ အဲဒီအချိန်မှာ ကျွန်တော်က ဘယ်သူနဲ့ အဆက်အသွယ်ရနေသလဲဆိုတော့ အခုတော့ သေသွားပြီဖြစ်တဲ့ ဒုဝန်ကြီးမောင်အောင်။ မောင်အောင်က ကျွန်တော်နဲ့ တိုက်ရိုက်အဆက်အသွယ်ရနေတယ်။ သူ့အိမ်နဲ့က မျက်စောင်းထိုးမြင်နေရတယ်။ မောင်အောင်က ကျွန်တော့်ဆီကို ပရိုသတ်က ဘယ်လောက်များနေပြီ။ အောက်ထပ်မှာ ရဲဘော်တွေ ရှိတယ်။ နောက်ပြီးတော့မှ တစ်ခါ ရဲဘော်တွေက အပေါ်တက်သွားပြီ။ သူက ကျွန်တော့်ဆီ ပြောနေတယ်။

အဲဒီအချိန်မှာပဲ တိုင်းမှူးနဲ့က တပ်စုမှူးတွေနဲ့ အဆက်အသွယ်ရပြီး နောက်တော့ အဆက်အသွယ်ပြတ်သွားတယ်။ ကျွန်တော်နဲ့ မောင်အောင်နဲ့က တိုက်ရိုက်အဆက်အသွယ်ရနေတယ်။ အပေါ်ရောက်သွားပြီ။ လူထုက အောက်ထပ်ကို သိမ်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီ။ နောက်တစ်ခါ ဒုတိယထပ်တက်သွားပြီ။ တတိယထပ်တက်သွားပြီဆိုပြီး ပြောနေတယ်။ နောက်ဆုံးကျတော့ မောင်အောင်က ပြီးသွားပြီထင်တယ်တဲ့။ အပေါ်မှာ အကုန်လုံးကရှုပ်ထွေးပြီး လုံးထွေးနေကြပြီတဲ့။ နောက်တော့ ကျွန်တော် သိရသလောက်က အဲဒီမှာ သံဃာတော်တွေပါတယ်။ သံဃာတော်တွေက အဲဒီရဲဘော်တွေ ယူနီဖောင်းချွတ်လိုက်တယ်။ အဲဒီသံဃာတော်တွေကဆွဲခေါ်သွားတယ်။ နောက်လှေကားကနေ ဆွဲခေါ်သွားပြီး သေနတ်တွေကတော့ ဒီအတိုင်းကျန်ခဲ့တာပေါ့။ သေနတ်တွေကတော့ ဘယ်လိုအစီအစဉ်နဲ့ သရက်တောရောက်တယ်မသိဘူး။ အဲဒီရဲဘော်တွေကိုယူနီဖောင်းချွတ်ပြီးအရပ်သားတွေနဲ့ သရက်တောကျောင်းတိုက်ခေါ် သွားတယ်။ သရက်တောကျောင်းတိုက်က ဆရာတော်တွေခေါ်ပြီးတော့ ထိန်းထားလိုက်တယ်။ ကျွန်တော်တို့နဲ့ ဆရာတော်တွေနဲ့ အဆက်အသွယ်မရှိဘူး။ အဲဒီ ဆရာတော်သံဃာတော်တွေက ထိန်းသိမ်းပြီးမှ ဆရာတော်ကြီးဆီ အပ်လိုက်တာပဲ။ ကျွန်တော်သိရသလောက် နောက်ပိုင်းအဲဒီလိုပဲ။ အဲဒါသူတို့ကို အေးအေးချမ်းချမ်းလေးဖြစ်သွားအောင်လို့ လုပ်ပေးလိုက်တဲ့သဘောပဲ။

နောက်တစ်ခုက အဲဒီခေတ်က ထောက်လှမ်းရေးနဲ့ ဒေါ်စန္ဒာဝင်း နာမည်လေးပါတယ်။

ကျွန်တော့်ကို ဗီလိန်လုပ်တာပေါ့ဗျာ။ ဟုတ်တာတွေနဲ့ မဟုတ်တာတွေ လျှောက်ပြီးပြောတာပေါ့။

အဲဒီတော့ အာဏာသိမ်းပြီးတဲ့နောက်မှာ ပစ်တာခတ်တွေကျတော့ ဘယ်သူကတာဝန်ယူလဲ။

ပစ်တာခတ်တာတွေတော့ ကျွန်တော်လည်း အသေးစိတ်မသိဘူးဗျ။ အဲဒီတုန်းက စစ်ဒေသမှူးတွေ ရှိတာပေါ့ဗျာ။ တပ်မမှူးတွေနဲ့စစ်ဒေသမှူးတွေ တာဝန်ပေးတာတော့ ရှိတာပေါ့ဗျာ။ ပစ်တာခတ်တာ အသေးစိတ်ကတော့ ကျွန်တော် မသိဘူး။ ကျွန်တော့်အပိုင်းကတော့ လုံခြုံရေးပိုင်းနဲ့ထောက်လှမ်းရေးပိုင်းပေါ့ဗျာ။ ဒါတွေကတော့ လုပ်ပေးရတာ ရှိတာပေါ့။

အခု (၈၈) က နှစ်ဆယ့်ငါးနှစ်ပြည့်တယ်ပေါ့နော်။ ပြည့်တဲ့အပေါ်မှာ ဗိုလ်ချုပ်ကြီး အမြင်လေးပေါ့။ ပွင့်လင်းမြင်သာဆိုရင် မနှစ်ကဆိုရင် ဦးအောင်မင်းတို့ မန္တလေးမှာ အခမ်းအနားတက်ပြီး ငွေလှူတာ လုပ်တယ်။ officially ခွင့်ပြုထားတာပေါ့။

(၈၈) အရေးအခင်းကတော့ ပထမပိုင်းက ကောင်းပါတယ်။ စနစ်ကို မကြိုက်တော့ဘူးလေ။ မကြိုက်တဲ့အခါကျတော့ ဒီမိုကရေစီစနစ်ကိုသွားကြမယ်။ လိုလားတယ်ဆိုတာ ဆန္ဒပြတော့ သမဂ္ဂဖွဲ့ပြီးလုပ်ကြတော့ ပထမပိုင်းတော့ သန့်သန့်ရှင်းရှင်းပဲ။ နောက်ပိုင်းတော့ ရောရောနှောနှောတွေ အကုန်ပါလာပြီဗျ။ အပျက်အစီးတွေနဲ့ အဖျက်သမားတွေပါ ပါလာပြီဗျ။ ဒီမိုကရေစီ အရေးအခင်းကို အယောင်ပြပြီး နောက်ကျောကနေ အဖျက်သမားတွေက တော်တော်များများပါလာကြတယ်။ ရှေ့ကတော့ ဒါတော့ စောစောပိုင်းလုပ်တာတွေ၊ ပုဂ္ဂိုလ်ဦးဆောင်တာတွေတော့ ဘာမှ ကျွန်တော်ပြောစရာမရှိပါဘူး။ သူတို့ လုပ်သင့်လုပ်ထိုက်တာ သူတို့လုပ်သွားတာပဲ။ ဒါပေမဲ့ . . . နောက်ပိုင်းမှာမကောင်းတဲ့လူတွေ အများကြီးပါလာတယ်။ ဒါကြောင့်လည်း လူတွေကို ခေါင်းဖြတ်သတ်တာ anarchism ဝင်လာတာပေါ့ဗျာ။ anarchism နဲ့ နောက်ပိုင်းမှာ ရောသွားတယ်ဆိုတဲ့ အခါကျတော့ ဒါကတော့ စနစ်တစ်ခုပြောင်းတယ်ဆိုတာတော့ အေးအေးဆေးဆေး ပြောင်းနိုင်ရင်ကောင်းတာပေါ့ဗျာ။ အကောင်းဆုံးပဲဗျ။ အခု ကျွန်တော်တို့ ပြောင်းသလိုပေါ့ဗျာ။ မဟုတ်ဘူးလား။ ဘာမှအထစ်အငေါ့မရှိဘဲနဲ့၊ ဘာမှအန္တရာယ်မရှိဘဲနဲ့ ဒီလိုပြောင်းသွားတဲ့ဥစ္စာ ကောင်းတာပေါ့ဗျာ။ ကျွန်တော် ထင်တယ်လေ . . . သမ္မတကြီးဒေါက်တာမောင်မောင်က ပြောခဲ့တယ်။ သူပြောတာကို လက်မခံဘူးဗျ။

တစ်ပါတီကြိုက်သလား၊ ပါတီစုံကြိုက်သလား။

အေး . . . သူပြောတာ လက်မခံဘူးဗျ။ အဲဒီမှာက အခြေအနေတစ်မျိုး ဖြစ်သွားတာပေါ့ဗျာ။ သူပြောတုန်းက အဲဒါကို လက်ခံလိုက်ရင် ဒီလောက်ဆိုးဆိုးဝါးဝါးကြီး မဖြစ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



တချို့က တပ်ကအာဏာမသိမ်းဘဲ၊ ဝင်မထိန်းဘဲ ထားလိုက်လို့ ပိုဆိုးသွားတယ်လို့၊ အများကြီးသေတယ်လို့ တချို့က ပြောကြတယ်။

တပ်က အာဏာမသိမ်းဘူးဗျ။ ကျွန်တော်တို့က အာဏာသိမ်းတာမျိုး မလုပ်ချင်ဘူးလေဗျာ။ ဗိုလ်ချုပ်မှူးကြီးစောမောင်လည်း အဲဒီအချိန်တုန်းက အာဏာသိမ်းတာမျိုး သူကမလိုလားဘူး။ သူက သဘောထားနူးညံ့တယ်ဗျ။ ကျွန်တော်တို့ နောက်ဆုံး သုံးယောက်စဉ်းစားတာတောင်မှ ဒီဟာကြီးကို ဘယ်လိုလုပ်ဖြေရှင်းရမှန်းမသိဘူး။ ငါလည်း မဖြေရှင်းတတ်ဘူးကွတဲ့။ စစ်တပ်က သေနတ်က ပြည်သူကြားထဲ ဘယ်ပစ်လို့ဖြစ်မလဲကွတဲ့။ ငါတို့ကလည်း တဖြည်းဖြည်းဆိုးဝါးလာတဲ့ anarchism ဝင်လာတဲ့ဥစ္စာကို ထိန်းဖို့သိမ်းဖို့က တို့လည်း ခက်တယ်ကွတဲ့။ ဒါကြောင့် အေဒီလမ်းသွားမယ်ဆိုပြီး ဒီလိုကိုးဗျ။ ဗိုလ်ချုပ်မှူးကြီး စောမောင်က စိတ်ဓာတ်က သိမ်မွေ့တယ်ဗျ။ အကြမ်းပတမ်းကြီး မဟုတ်ဘူး။ နောက်ပြီးတော့မှ reasonable ဖြစ်တယ်။ စစ်တပ်က ပစ်တယ်၊ ခတ်တယ်ဆိုတာက အတင်းအဓမ္မအကြမ်းပတမ်းနဲ့ အဲဒီအချိန်အခါတုန်းက မလုပ်ဘူးဗျ။ တချို့လည်း အဲဒီမှာ ထင်ကြေးပေးတာလည်း ပါချင်ပါမှာပေါ့ဗျာ။ အသေးစိတ်တော့ ကျွန်တော်လည်းမသိဘူးပေါ့။

အဲဒီအချိန်က ပစ်ခတ်မှုတွေက ထောက်လှမ်းရေးကတာဝန်ရှိတယ်လို့ တချို့ကပြောတယ်။ ဖမ်းဆီးတာ၊ ထောင်ချတာ။ အဲဒီအပေါ်မှာ ဗိုလ်ချုပ်ကြီး အမြင်က။

ထောက်လှမ်းရေးက ဘယ်ရှိမလဲဗျာ။ ကျွန်တော်တို့က သတင်းနဲ့ အချက်အလက်ပဲလုပ်တာပဲ။ ထောက်လှမ်းရေးမှာ သေနတ်တောင်မှ မရှိဘူး။ အဲဒီအချိန်တုန်းက ထောက်လှမ်းရေးကတောင် အဖမ်းခံရသေးတယ်ဗျ။ သရက်တော ကျောင်းတိုက်က ဆရာတော်ကြီးတွေ ကယ်လိုက်လို့ လွတ်သွားတာ။

ဗိုလ်စည်သူတို့။

အင်း...ဗိုလ်စည်သူတို့လေ။ အဲဒါ ဆရာတော်ကြီးတွေကယ်လိုက်လို့၊ အဲဒါလွတ်သွားတာဗျ။ နောက်ပြီးတော့မှ ထောက်လှမ်းရေးက စစ်တွေမှာ သုံးယောက် အသတ်ခံရတယ်။ ကျွန်တော်တို့မှာ သေနတ်ဘယ်ရှိမလဲဗျ။ ဝေါ့ကီတော်ကီပဲ ရှိတာဗျ။ လူပရိသတ်ထဲမှာ ဝေါ့ကီတော်ကီနဲ့သွားပြီးတော့ သတင်းယူရတာ။ အန္တရာယ်လည်း ကြီးပါတယ်။ ကျွန်တော်တို့က ဘယ်လိုလုပ် အမိန့်ပေးလို့ရမလဲဗျာ။ ကျွန်တော်တို့က စစ်တပ်အကြီးအကဲမှ မဟုတ်ဘဲ။ ထောက်လှမ်းရေးဆိုတာ ခိုင်းတာလုပ်ရတာဗျ။ မဟုတ်ဘူးလား။ သူတို့က ထင်နေတာက ထောက်လှမ်းရေးက အကုန်လုံးလျှောက်ပြီးတော့မှ အကုန်လုံးအပေါ်မှာ စိုးမိုးလိမ့်မယ်လို့ ထင်တာ။ ဘယ်ဟုတ်မှာလဲဗျ။ ဘယ်စိုးမိုးလို့ရမလဲ။ စစ်တပ်က အစဉ်အလာနဲ့လာတာဗျ။ ကျွန်တော်က အဲဒီအချိန်မှာ ထောက်လှမ်းရေးအကြီးအကဲဆိုပေမဲ့ ကျွန်တော်က နံပါတ်သရီးအဆင့်ပဲ ရှိတယ်။ ကျွန်တော့်ကို နဝတ တာဝန်ပေးတဲ့ အချိန်မှာပေါ့။ စောစောပိုင်းကတော့ မဟုတ်ပါဘူး။ ထောက်လှမ်းရေးညွှန်ကြားရေးမှူးဆိုတာ ဟိုးအနောက်မှာ။ (၈၈) မှာ ကျွန်တော် အတွင်းရေးမှူး (၁) ဖြစ်တော့မှ ကျွန်တော်က နံပါတ်သရီးအဆင့်ရှိတာ။ နံပါတ်သရီးဆိုတာ နံပါတ်ဝမ်း၊ တူးကို ကျော်လွှားလို့မရဘူးဗျ။ တပ်မတော်မှာအစဉ်အလာ မရှိဘူး။ မေးကြည့်။ လေးစားရတယ်ဗျ။ ကြောက်ရတယ်ဗျ။ ကိုယ့်အကြီးအကဲကို။ ဥက္ကဋ္ဌကိုကြောက်ရတာပဲ၊ လေးစားရတာပဲ။ လေးစားတယ်။ လေးစားတာနဲ့အတူ ကြောက်တာပါ တွဲပါတယ်။ နံပါတ်တူးလည်း ထိုနည်းလည်းကောင်းပဲလေ။ လေးလည်း လေးစားတယ်။ ကြောက်လည်းကြောက်ရတယ်။ ဒီလိုဗျ။ ကျွန်တော်တို့တပ်မတော်မှာချစ်ကြောက်ရိုသေဆိုတာရှိတယ်ဗျ။ ချစ်ကြောက်ရိုသေနဲ့ကျွန်တော်တို့က လုပ်ငန်းတွေကိုအကောင်အထည်ဖော်ရတာဗျ။ ဘယ့်နယ်ထောက်လှမ်းရေးကသွားပြီး နံပါတ်ဝမ်းနဲ့တူးအပေါ်ကို ကျော်လွှားပြီး ဘယ်လုပ်လို့ရမလဲဗျာ။ မဟုတ်ဘူးလား။ ခင်ဗျားတို့ အပြင်မှာလည်း ထိုနည်းလည်းကောင်းပဲပေါ့ဗျာ။ အပြင်မှာတော့ လုပ်ချင်လုပ်မှာပေါ့ဗျာ။ တပ်မှာတော့ အစဉ်အလာမရှိဘူးဗျ။ နောက်ပြီးတော့ ကိုယ့်အကြီးအကဲ ပြန်ပြီးတော့မှ တုံ့ပြန်ရမယ်ဆိုတဲ့သဘောထား တပ်မှာ မရှိဘူး။ ကျွန်တော်တို့က လေ့ကျင့်ပေးလိုက်ကတည်းကိုက discipline နဲ့ လေ့ကျင့်ပေးလိုက်တာ။ တကယ့်



www.burmeseclassic.com

www.burmeseclassic.com



heavy training နဲ့ လေ့ကျင့်ပေးတာ။ commarade-ship ရဲဘော်ရဲဘက်စိတ်နဲ့။ အဲဒီဟာ အဓိကပဲဗျ။ discipline ရယ်၊ commarade-ship ရယ် very good training ပေါ့ဗျာ။ ဒီသုံးခုနဲ့ ကျွန်တော်တို့ကို training ပေးလိုက်တာဗျ။ ဟိုမှာ ကျွန်တော့်စီနီယာကြီးပါ။ မေးကြည့်ပါ။ အဲဒီ training နဲ့ အစဉ်အလာနဲ့လာတာ။ ကိုယ့်ထက်ကြီးတဲ့ အကြီးအကဲကို ကိုယ်က စီနီယာဖြစ်ပေမဲ့ ဂျူနီယာက ကိုယ့်ထက်မြင့်နေရင် လေးစားရတယ်ဗျ။ ကျွန်တော်က ဂျူနီယာဖြစ်တယ်။ သို့သော် ကျွန်တော်က အတွင်းရေးမှူး (၁) လုပ်တဲ့အချိန်မှာ သူက နိုင်ငံခြားရေးဒုဝန်ကြီး။ ကျွန်တော်ပြောတာကို လေးစားတယ်၊ လိုက်နာတယ်။ ကျွန်တော်ပြောတဲ့အတိုင်း လုပ်တယ်။ ဒါက တပ်မတော်က အစဉ်အလာပဲ။ ကျွန်တော့်ထက်အကြီးအကဲကို ကျွန်တော် သွားပြီးလွှမ်းမိုးလို့ဘယ်ရမလဲဗျာ။ လွှမ်းမိုးရင် ဒါ တပ်မတော်သား မဟုတ်တော့ဘူး။ အရပ်သားဖြစ်သွားပြီ။

အခုက ဒီလိုလေ၊ ဒီအရေးအခင်းနဲ့ပတ်သက်ပြီး ရေးကြတာ တော်တော်များများ စာအုပ်တွေ ထွက်လာတယ်။ အားလုံးရဲ့ ပစ်မှတ်က ထောက်လှမ်းရေး ဖြစ်နေတယ်။

ထောက်လှမ်းရေးဆိုပြီး ပစ်မှတ်ညွှန်နေတာကိုးဗျ။ ကျွန်တော်ကလည်း အဲဒါကို မတုံ့ပြန်ချင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ အရှုံးနဲ့လူကောင်းနဲ့ စကားပြောရင် လူကောင်းပဲ နစ်နာမှာပေါ့ဗျာ။ အရှုံးဘယ်နစ်နာမလဲဗျ။ မဟုတ်ဘူးလား။ အခု အရှုံးချီးပန်းလိုလုပ်နေကြတာတွေဗျ။ မဟုတ်ဘူးလား။ အဓိက.က ဒီလိုဆိုးဝါးသွားတာ နိုင်ငံရေးအကျဉ်းသားတွေ ပေါ်လာတာ၊ ထောင်ချတာ၊ ထောင်ထဲ မှာသတ်တာ ဖြတ်တာသေတာတွေအားလုံးက ထောက်လှမ်းရေးလက်ချက်လို့။

ခင်ဗျားကို ကျွန်တော်ပြောမယ်နော်။ အဲဒီအချိန်တုန်းက စစ်အုပ်ချုပ်ရေးဗျ။ အခုအုပ်ချုပ်ရေးနဲ့ မတူဘူးဗျ။ အခုက ဒီမိုကရေစီခေတ်မှာမို့လို့ ပြောပိုင်ခွင့် ရှိတာကိုးဗျ။ စစ်အုပ်ချုပ်ရေးခေတ်မှာ ဘယ်သူပြောရဲသလဲ။ ပြောပိုင်ခွင့်မရှိဘူးဗျ။ သူ့ဥပဒေနဲ့သူဗျ။ အဲဒီအချိန်တုန်းကထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေက ရှိတယ်ဗျ။ တည်ဆဲဥပဒေအနေနဲ့ လုပ်တာ။ အခု ဥပဒေက ဒီမိုကရေစီဥပဒေဗျ။ မတူဘူးဗျ။ စနစ်ချင်းမတူဘူး။ အချိန်အခါချင်းမတူဘူး။ အခုပြောလို့ရတာ ပြောနေတာကိုးဗျ။ ရေးလို့ရတာ ရေးနေတာကိုးဗျ။ ဟိုတစ်ချိန်တုန်းက တည်ဆဲဥပဒေကို ဖောက်ဖျက်ရင် ဖောက်ဖျက်တဲ့သူခံရတာပဲ။ ကျွန်တော်လည်း ခံခဲ့ရတာပဲဗျ။ ကျွန်တော့်ကို ထောင် (၄၄) နှစ်ချတာပဲ။ ကျွန်တော့်ကို တည်ဆဲ ဥပဒေကို ဖောက်ဖျက်တယ်ဆိုပြီးတော့ ထောင်(၄၄) နှစ်။ ကျွန်တော်ဘာမှ complaint လုပ်လို့မရဘူးလေ။ ကျွန်တော့်ကို စီရင်ချက်ချတဲ့အချိန်မှာ ကောင်းပါပြီ။ ဘာပြောစရာရှိလဲတဲ့။ မရှိပါဘူးလို့။ သူ့အမိန့်ချမှတ်တဲ့အတိုင်းပဲ ကျွန်တော်လိုက်နာရတာပဲဗျ။ အဲဒီတုန်းက စီရင်ချက်ချမှတ်တာကို ကျွန်တော် အခုအထိ မှားတယ်၊ မှန်တယ်လို့ ကျွန်တော်မပြောဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက တည်ဆဲဥပဒေနဲ့ ကျွန်တော့်ကို အရေးယူတာကိုးဗျ။ အဲဒီတုန်းက တည်ဆဲဥပဒေနဲ့ ကျွန်တော့်ကို အရေးယူတာလေ။ ကျွန်တော် မှားတယ်၊ မှန်တယ်ပြောလို့မရဘူးဗျ။ အခုဥပဒေမှာတော့ လွတ်လပ်ခွင့်ပေးထားတာကိုးဗျ။ ဒါပေမဲ့ လွတ်လပ်ခွင့်ဆိုတာ ethics တော့ ရှိတယ်ဗျ။ ထိန်းရမယ့် ethics တော့ ရှိတယ်။အခုတော့ ခင်ဗျားတို့ပြောကြ၊ ဆိုကြ၊ ရေးကြ၊ သားကြတော့ ဘာမှ ethics မရှိတော့ဘူး။ ကိုယ့်ကျင့်ဝတ်ပေါ့ဗျာ…ethics ရှိတယ်ဗျ။

အဲဒီတုန်းက ဗိုလ်ချုပ်ကြီးတို့ ထောက်လှမ်းရေးကိစ္စမှာ မူဆယ်က တပ်ကြပ်ကြီးတစ်ယောက်ကနေ ဇာတ်လမ်းစတယ်လို့ ကျွန်တော် ကြားဖူးတယ်။ မူဆယ်ကနေ တပ်ကြပ်ကြီးကိုဖမ်းရာကနေ ပိုပြီးရှုပ်ထွေးလာတယ်လို့ ကျွန်တော်တို့ အပြင်မှာ ကြားတာ ရှိတယ်။

ဟိုမှာ တိုင်းမှာဖြစ်နေတာတော့ ကျွန်တော်တို့က အသေးစိတ်တော့ မသိဘူးပေါ့။ သို့သော်ငြားလည်းပဲ ကျွန်တော်တို့ အရေးယူခံရတာတွေမှာ အဂတိလိုက်စားမှုပေါ့ဗျာ။ ဒါနဲ့ အရေးယူတယ်။ ကျွန်တော့်လည်း အဂတိလိုက်စားမှုနဲ့ အရေးယူတာပဲဗျ။ ကျွန်တော် ဘာမှ complaint လုပ်လို့မရဘူး။ ကျွန်တော် တကယ်တော့ အဂတိမလိုက်စားခဲ့ဘူးဗျ။ သို့သော်ငြားလည်းပဲ ကျွန်တော့်ကို အဂတိလိုက်စားမှုဆိုပြီး အရေးယူတာပဲ။ ဒါပေမဲ့ indirect ယူလိုက်တာပေါ့ဗျာ။ နောက်ပြီး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကို လုပ်တဲ့အခါကျတော့ အောက်ခြေက သူတို့လုပ်ခဲ့တာတွေ တာဝန်ရှိတယ်။ ဟုတ်တယ် ကျွန်တော် တာဝန်ရှိတယ်လို့ ခံယူတယ်။ လူကြီးတစ်ယောက်ပဲ တာဝန်ရှိတာပေါ့။ သူတို့မကောင်းတာလုပ်လည်း တာဝန်ရှိတာပဲ။ ကောင်းတာ လုပ်ရင်လည်း တာဝန်ရှိတာပဲ။ ဒါက ကျွန်တော်တာဝန်ခံတာ။ သူတို့ပေးတဲ့အတိုင်း ကျွန်တော် လက်ခံလိုက်တယ်။

အဲဒီတုန်းက တိုင်းမှူးတွေရဲ့ backing ကို လိုက်တဲ့အတွက် တိုင်းမှူးတွေက မကျေနပ်တာ့အတွက် ဗိုလ်ချုပ်မှူးကြီးကို ပြောတယ်ဆိုတဲ့အသံလည်း ရှိတယ်။

ဒါတော့ ရှိမှာပေါ့ဗျာ။ ထောက်လှမ်းရေးဆိုတာ ပါးကွက်အာဏာသားပဲဗျ။ နိုင်းတာလုပ်ရတာပဲလေ။ ပါးကွက်အာဏာသားဗျ။ အကုန်နိုင်းတာ လုပ်ရတာပဲ။

ဗိုလ်ချုပ်ကြီးကို (၄၄) နှစ်ချတော့ တရားဥပဒေစိုးမိုးမှုမရှိဘူးလို့ မထင်ဘူးလား။

ကျွန်တော်က မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့တည်ဆဲဥပဒေနဲ့။ ဥပဒေနဲ့ငြိအောင် ကျွန်တော်က လုပ်လိုက်တာကိုးဗျ။ ဆိုတော့ ကျွန်တော် မထင်ပါဘူး။ ကျွန်တော်က ဝမ်းမြောက်ဝမ်းသာပါပဲ။ ဝမ်းသာတယ်ဗျာလို့ပြောပြီး ကျွန်တော် ထွက်လာတာပဲ။

နောက်တစ်ခုက ဦးနေဝင်းရဲ့မြေးတွေကိစ္စမှာ သူတို့က ဗိုလ်ချုပ်မှူးကြီးကိုဖယ်ပြီးတော့ ဗိုလ်ချုပ်ကြီးကိုတင်ဖို့ ကြိုးစားတယ်ဆိုတဲ့အသံလည်း အပြင်မှာ ရှိတယ်။

ဒါတွေတော့ ပြောမှာပေါ့ဗျာ။ ကောလာဟလဆိုတာ ထွက်မှာပေါ့ဗျာ။ ကျွန်တော်က ဒါနဲ့ ဘယ်လိုမှ မပတ်သက်ဘူးလေဗျာ။ ကောလာဟလတွေဖြစ်မှာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော့်ကို မသင်္ကာဘူး ဖြစ်ချင်ဖြစ်မယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်နဲ့က နီးစပ်တာကိုးဗျ။ ပုဂ္ဂိုလ်ရေးအရ နီးစပ်တာကိုးဗျ။ မသင်္ကာတာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ . . . ကျွန်တော်နဲ့က ဘာမှပြဿနာမရှိပါဘူး။ ကျွန်တော် အဲဒီနေရာမှာလည်း ဘာမှခံစားချက် မရှိပါဘူး။

အခု လက်ရှိ (၈၈) က ဖိတ်မယ်ဆိုရင်ကော ဗိုလ်ချုပ်ကြီးတက်မှာလား။

အဲဒါတော့ အခြေအနေအချိန်အခါကို ကျွန်တော်ကြည့်ရမယ်၊ ငဲ့ရမယ်လေဗျ။ မဟုတ်ဘူးလား။ ကျွန်တော့်ဖိတ်မယ်ဆိုလည်း အားလုံးအခြေအနေအရပ်ရပ်ကို ကြည့်ရမှာပေါ့ဗျာ။ ကျွန်တော် ပြောလို့မရဘူး။

နောက်တစ်ခုက ဒီအချိန်မှာ အားလုံးလွတ်လပ်ပွင့်လင်းတဲ့အချိန်မှာ အရင်အစိုးရနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီး ဖွင့်ချမယ်လို့ တောင်းဆိုနေတာတွေ ရှိတယ်။

ကျွန်တော် လူကြီးတစ်ယောက်လုပ်ခဲ့တဲ့အချိန်မှာ ယခင်တုန်းက ကောင်းတာရော၊ မကောင်းတာရော ပြန်ပြီး ဖွင့်ချရမယ်ဆိုတာက လူကြီးရဲ့အင်္ဂါရပ်နဲ့ မညီဘူးဗျ။ အဲဒီလို ကျွန်တော် ခံယူတယ်။ အကုန်ဖွင့်ချမယ်ဆိုရင် ကျွန်တော်က ဖော်ကောင်မောင်ဘညွန့်လို့ ဖြစ်သွားမှာပေါ့ဗျ။ မဟုတ်ဘူးလား။ ကျွန်တော့်အဖေက ဦးဘညွန့်ဗျ။ အရေးအခင်းကာလတုန်းက ဖော်ကောင်မောင်ဘညွန့်ရဲ့သားဆိုပြီး ကျွန်တော့်ကို လုပ်သေးတယ်။ ဂျူနီဦးစောလက်ထက်တုန်းက ဖော်ကောင်မောင်ဘညွန့်ဟာ ဗိုလ်မှူးကြီးခင်ညွန့်ရဲ့အဖေဆိုပြီး လုပ်သေးတယ်လေဗျ။ ကျွန်တော်က အဲဒီလိုဟာမျိုးကို ကျွန်တော့်စရိုက်မှာ မရှိပါဘူး။ ဖော်ကောင်လုပ်မယ့်စရိုက်မျိုး ကျွန်တော့်မှာ မရှိဘူး။ ပြီးတာပြီးခဲ့ပြီ။ အတိတ်မှာ အတိတ်ကို ထားခဲ့မယ်။ ကောင်းတာ ဆိုးတာသည် အတိတ်မှာကျန်ခဲ့ပြီ။ ဘုရားဟောတာနဲ့ အတူတူပေါ့ဗျာ။ နောက်ပြီး အနာဂတ်ကိုလည်း ဘာကြီးဖြစ်ရမယ်၊ ညာကြီးဖြစ်ရမယ် မျှော်မှန်းချက်လည်း မရှိပါဘူး။ ပစ္စုပ္ပန်မှာ ဘာလုပ်သင့်သလဲ။ လောလောဆယ် ဘာဖြစ်သင့်သလဲ။ လုပ်သင့်တာ လုပ်မယ်။ ဖြစ်သင့်တာ ဖြစ်ရမယ်။ ဒါပဲ။ ကျန်တာ ဘာမှဆန္ဒလည်းမရှိဘူး။ လိုလားချက်လည်း မရှိဘူး။ မျှော်မှန်းချက်လည်း မရှိဘူး။ အခု ကျွန်တော့်ကို အတိတ်ကဖြစ်ခဲ့တာတွေ ဖော်ကောင်လုပ်ရမယ်ဆိုရင် ကျွန်တော် ဖော်ကောင်ဖြစ်သွားမှာပေါ့ဗျ။ ကျွန်တော့်စရိုက်က အဲဒီလိုစရိုက်မျိုး မဟုတ်ဘူး။ ပြီးခဲ့တာပြီးပြီဗျ။ အခု ကျွန်တော် ထင်တယ် ဖြစ်နေကြတာက တိုင်းပြည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်တဲ့အစိုးရဆိုတာတော့ ကောင်းရာကောင်းကျိုးလုပ်တာပဲဗျ။ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့တာဝန်ရှိတာကိုးဗျ။ တာဝန်ရှိတဲ့အစိုးရဆိုတာ တိုင်းပြည် ကောင်းရာကောင်းကျိုးလုပ်ရမယ်ဆိုတာကို ခံယူတာပဲ။ သူ ကြိုးစားလုပ်တာပဲဗျ။ ဒါပေမဲ့ အဲဒီမှာ လူတွေမညီညွတ်ရင်တော့ ဘယ်လိုမှမအောင်မြင်နိုင်ဘူး။ စည်းလုံးညီညွတ်မှုတော့ ရှိရမယ်။ ဦးကိုနင်းရင် ပုံကထောင်၊ ပုံနင်းဦးထောင်ဆိုရင်တော့ တိုင်းပြည်က ဘယ်လိုမှမတိုးတက်ဘူး။ အားလုံး စည်းလုံးညီညွတ်ရမယ်ဗျ။ အခုအချိန်မှာ အချိန်ကောင်းဗျာ။ ဒီအချိန်ကာလက တိုင်းပြည်တိုးတက်ရမယ့် အချိန်ကောင်းဗျ။ ဒီအချိန်မှာ လူတွေက ညီညွတ်နေရမယ်။ အခုက မဟုတ်ဘူးဗျ။ အပြစ်အနာအဆာတွေ လျှောက်ဖော်။ ဟီးရိုးလုပ်နေကြတာကိုးဗျ။ ဟီးရိုးလုပ်နေကြတော့ တိုင်းပြည်တိုးတက်ဖို့ တော်တော်ခက်တယ်ဗျ။ အစိုးရလည်း ခေါင်းနောက်။ သူလည်း ပြဿနာပေါင်းအများကြီးဗျ။ ပြဿနာတွေအများကြီး ရင်ဆိုင်နေရတာ။ တိုင်းပြည်တည်ငြိမ်အောင်၊ အေးချမ်းအောင် လုပ်ရမှာကိုလည်း ကြိုးစားနေတာလေ။ ဟိုဘက်မှာ လက်နက်ကိုင်အဖွဲ့အစည်းတွေပေါ့ဗျာ။ ဒါတွေနဲ့ ငြိမ်းချမ်းရေးရအောင် တစ်ဖက်ကလည်း ကြိုးစားနေရတယ်။ ဒီကြားထဲမှာ ရခိုင်ပြည်နယ်ကိစ္စတွေကလည်း ပြဿနာဗျ။ လက်ပံတောင်းတောင်ကိစ္စတွေဆိုတာလည်း ပြဿနာတွေဗျာ။ ပြဿနာပေါင်းစုံနေတာပဲ။ အဲဒါတွေကို မနည်းဖြေရှင်းနေရတာဆိုတဲ့အခါကျတော့ အဲဒီကြားထဲမှာမှ ဟိုလူက ဟိုဘက်ကနေ ထအော်လိုက်၊ ဒီလူကထအော်လိုက်။ ဟိုဘက်က အပုပ်ချလိုက်၊ ဒီဘက်က အပုပ်ချလိုက်ဆိုရင် ခင်ဗျား ဘယ်လိုလုပ်မလဲဗျ...အုပ်ချုပ်တဲ့သူကလည်း။ ဒါတွေလည်း ရှိတယ်နော်။

အဲဒီတော့ ဒီဟာတွေကို တစ်ယောက်နဲ့တစ်ယောက် အပုပ်ချမယ့်အစား အခုအချိန်မှာ ဒါအပုပ်ချရမယ့် အချိန်အခါမျိုး မဟုတ်ဘူး။ အားလုံးက ဝိုင်းလုပ်ရမယ်။ တက်ညီလက်ညီနဲ့လုပ်ရမယ်ဆိုတဲ့ စိတ်စေတနာရှိကြဖို့ လိုတယ်ဗျ။ အခုအချိန်က အချိန်ကောင်းပဲ။ အခုအချိန်မှာ စည်းစည်းလုံးလုံး တက်ညီလက်ညီနဲ့ ငါတို့တိုင်းပြည်ကောင်းအောင် လုပ်ကြမယ်ဟေ့လို့၊ ငါတို့ပြည်သူတွေရဲ့ လူနေမှုဘဝမြင့်မားအောင် လုပ်ကြမယ်ဟေ့ဆိုတဲ့ တစ်စိတ်တည်းတစ်ဝမ်းတည်းနဲ့ စေတနာလေးထားပြီး လုပ်ကြရင် တိုင်းပြည်တိုးတက်လာလိမ့်မယ်။ အခုတော့ မဟုတ်ဘူးဗျ။ ဟီးရိုးလုပ်ချင်တဲ့သူက များနေတာဗျ။ ခက်တယ်ဗျ။ ကျွန်တော်က အဲဒီအထဲမှာ မပါဘူး။ အခုလည်း အပုပ်ချရေးတာရေးပါလေ့စေ။ ကျွန်တော် စောစောကပြောသလိုပေါ့။ အရူးနဲ့ လူကောင်း ဖက်ပြီးရန်ဖြစ်ရင် လူကောင်းပဲ နစ်နာမှာပေါ့ဗျာ။ အရူးကတော့ ဘယ်သိမလဲဗျ။ အရူးပဲ။ မဟုတ်ဘူးလား။ အခုလည်း ကျွန်တော့်ကို ရေးနေတာပဲ။ Reporter ဂျာနယ်ကတော့ ကျွန်တော့်ကို တော်တော်ချတယ်ဗျ။ ခင်ဗျားတောင် တစ်ခါပြောဖူးပါတယ်။ ယူနီဗာဆယ်ဘက်မှာ ကျွန်တော့် account ဆိုတာ လုံးဝမှ မရှိဘူးဗျာ။ ဒါပေမဲ့ တစ်ယောက်ယောက်ကတော့ ရိုက်စားလုပ်ချင် လုပ်သွားမှာပေါ့ဗျာ။ ခင်ဗျား အခုစီးပွားရေးသမားတွေ မေးကြည့်ပါလား။ သူတို့ဆီက ကျွန်တော် ဘယ်လောက် ယူပြီးသုံးသလဲဆိုတာ မေးကြည့်ပါ။ ဒါကြောင့်မို့ ကျွန်တော် ပြောရဲတာပေါ့ဗျ။

ဗိုလ်ချုပ်ကြီးက ငါတော့ကင်းတယ်လို့ အမြဲကြွေးကြော်တယ်ဆိုတာ ကြားဖူးတယ်။

အင်းလေ။ အဲဒါက ကျွန်တော့်ကိုလိုက်ပြီးအပုပ်ချနေတာ။ အဲဒါလည်း ကင်းရဲ့လား။ မှန်ရဲ့လားဆိုပြီးတော့ပေါ့။ ကျွန်တော် ဂျာနယ်တွေ ဖတ်နေတာပဲ။ တွေ့နေတာပဲ။ ကျွန်တော့်ကို တွယ်နေတာကတော့ Reporter ရယ်၊ Messenger ရယ် တွယ်နေတယ်။ တွယ်ပါလေ့စေ။ အရူးနဲ့အကောင်းပဲဗျာ။ အရူးနဲ့ ဖက်ပြီးရန်ဖြစ်ရင်လည်း ကျွန်တော်ပါ အရူးဖြစ်သွားမှာပေါ့။ မလုပ်ပါဘူး။ သူ့ဘာသာသူ ပြောချင်တာပြော။ ရေးချင်တာရေး။ လက်ညှောင်းရင် ရပ်သွားလိမ့်မယ်။ ကျွန်တော့်ကို အပုပ်ချလည်း ကိစ္စမရှိဘူး။ ကျွန်တော်က တရားသဘောနဲ့နေနေတာ။ အဲဒီတော့ ကျွန်တော် အခုအချိန်မှာ ဘာသာရေးအလုပ်လုပ်မယ်။ လူမှုရေး အလုပ်လုပ်မယ်။ ဒါပဲ။ ကျွန်တော် နိုင်ငံရေးလုံးဝမလုပ်ဘူးဆိုတာ ခင်ဗျားကိုပြောပြီးပြီ။ ဘယ်သူလာဆွယ်ဆွယ်၊ ဘယ်သူက ကျွန်တော့်ကို လာပြီးတော့မှ ဆွဲဆောင်ဆွဲဆောင် ဘယ်တော့မှ နိုင်ငံရေးမလုပ်ဘူး။ ကျွန်တော် ယတိပြတ် တစ်ခါတည်း ဆုံးဖြတ်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ကုတ္တိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကားကို ချောင်းရိုက်တဲ့ကိစ္စ ဖြစ်ဖူးတယ်။

အဲဒါတွေ မဟုတ်တာလုပ်ပြန်ပြီ။ ကျွန်တော်တို့ကောင်တွေ အရိုက်ခံရသေးတယ်။

ကိုနေစိုးလား။

အဲဒါတွေ ကျွန်တော် ဘာမှမသိလိုက်ဘူးဗျ။

ကျွန်တော်တို့ သိသလောက်တော့ အဲဒီလိုလုပ်မယ်လို့ အစီအစဉ်ရှိတယ်လို့ ကြားဖူးတယ်။ ကြက်ဥတို့၊ ခရမ်းချဉ်သီးတို့ သုံးမယ်လို့ကြားတယ်။ တကယ်လက်တွေ့ကျတော့တုတ်တွေဘာတွေပါလာတယ်။

ဒါတော့ ခင်ဗျားတို့ကြားတာက ကြားတာပေါ့ဗျာ။ ကျွန်တော်တို့က လုံခြုံရေးလိုက်ရမယ်ဆိုရင် လုံခြုံရေးကို လိုက်ရတယ်။ ဒေါ်စုနဲ့ပတ်သက်လို့က ကျွန်တော့်စိတ်ထဲမှာ ညီမလေးလိုပဲ အမြဲတမ်းသဘောထားတယ်။ ဘယ်တော့မှ သူ့အပေါ် အပြိုးအတေးလိုမျိုး ရှိစရာလည်း အကြောင်းမဟုတ်ဘူးဗျာ။ မဟုတ်ဘူးလား။ နိုင်ငံရေးလုပ်တဲ့အခါမှာ အယူအဆချင်းက တစ်ယောက်နဲ့တစ်ယောက် တူချင်မှတူမှာပေါ့ဗျ။ သူလည်း သူ့အယူအဆနဲ့ သူ လုပ်တယ်ဆိုတဲ့နေရာမှာ အဲဒီအချိန်အခါ ကတည်းကိုက ကျွန်တော်က ဒေါ်စုကို ညီမလိုပဲ သဘောထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးလေ။ ကျွန်တော်တို့တိုင်းပြည်မှာ ရှာမှရှားပဲ။ နောက်ထပ်လည်း ပေါ်စရာအကြောင်း မရှိပါဘူး။ သူ့သမီးဗျ။ အဲဒါကိုတော့ အလေးထားတယ်။

အဲဒီတော့ ကုတ္တိုင်းမှာ ဝိုင်းအရိုက်ခံရတော့ ထောက်လှမ်းရေးက အရာရှိ ထိသွားတယ်။ အဲဒါ ဘယ်သူ့လက်ချက်လို့ ပြောလို့ရသလဲ။

အဲဒါတော့ မသိဘူးပေါ့ဗျာ။ အဲဒါတော့ ဘယ်သိမလဲဗျာ။ ကျွန်တော်မှ မျက်မြင်မှမဟုတ်ဘဲ။ ကျွန်တော့်မျက်စိနဲ့မှ မမြင်ဘဲ။

အဲဒီအချိန်မှာ အဖွဲ့တစ်ဖွဲ့ဖွဲ့နေပြီလို့လည်း ကျွန်တော်ကကြားနေရတယ်လေ။

ကျွန်တော်တို့က ရမ်းသမ်းပြောလည်း မှန်းခြေနဲ့ပြောသလို ဖြစ်နေမှာပေါ့ဗျာ။ ရမ်းသမ်းပြောတာမျိုးတော့ မလုပ်ချင်ဘူးဗျ။ ကျွန်တော်က စကားပြောရင် တိတိကျကျပဲ ပြောတာပေါ့လေ။ ရမ်းသမ်းပြီးမှန်းခြေတော့ မလုပ်ဘူးဗျ။

ဒီပဲယင်းကိစ္စလည်း ထောက်လှမ်းရေးက လုံးဝမပါခဲ့ဘူးလို့ သိရတယ်လေ။

ဒါလည်း ကျွန်တော်ဘာမှမပြောလိုဘူးဗျာ။ သူ့ဘာသာသိတာတော့ သိပါလေ့စေပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ဒါလေးတွေက delicate ဖြစ်တယ်ဗျ။ စောင့်စည်းရမှာကို စောင့်စည်းရတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ တာဝန်ယူခဲ့ကြတာဆိုတော့ စောင့်စည်းရမှာကို စောင့်စည်းရမယ်။ တာဝန်ယူရမှာကို တာဝန်ယူရမယ်။ လူကြီးဆိုတာလေ၊ တာဝန်ယူရမှာကို တာဝန်ယူရမယ်။ ရှောင်လွှဲမသွားရဘူး။ ရှောင်လွှဲပြီး ထွက်မသွားရဘူး။ စောင့်စည်းရမှာကိုလည်း စောင့်စည်းရမယ်။ လူကြီးဆိုတာ ဒီလို သိက္ခာမျိုး ရှိရမယ်ဗျ။ ကျွန်တော်က အဲဒီသိက္ခာထိန်းတယ်။ ခင်ဗျား ဘယ်လောက်ကြီးပဲမေးမေး၊ ပြီးခဲ့တဲ့တုန်းကတောင်မှ ဘယ်သူတွေ ဘာတွေလုပ်ခဲ့သလဲ ပြောပါလားဆိုရင် ဘယ်တော့မှမပြောဘူး။

ဗိုလ်ချုပ်ကြီး တပ်မတော်ထောက်လှမ်းရေးလက်ထက်မှာ လုပ်ခဲ့တာ ဗိုလ်ချုပ်ကြီးမှာ တာဝန်ရှိတယ်လို့ ပြောလို့ရသလား။

ဒီမယ် . . . အဲဒီအချိန်တုန်းက တည်ဆဲဥပဒေအရ ခိုင်းခဲ့တဲ့အချိန်မှာ အဲဒီအချိန်မှာတော့ တာဝန်မရှိဘူး။ အခုဒီမိုကရေစီခေတ်အခါမှာ အပြစ်တွေ ဖော်တယ် ဆိုရင်လည်း ကျွန်တော်က တာဝန်ပေးလို့ လုပ်ခဲ့ရတာလေဗျ။ ကျွန်တော့်သဘောနဲ့ ကျွန်တော် လုပ်ခဲ့တာ တစ်ခုမှမရှိပါဘူး။ တာဝန်အရလုပ်ခဲ့တာ။ ထောက်လှမ်းရေးဆိုတာ ခေါ်စစ်ရတယ်။ ထောင်ချရတယ် လေဗျာ။ သူက ခေါ်စစ်ပြီး ထောင်ချတာပဲလေဗျ။ ခေါ်စစ်ပြီးတော့ အပြစ်မရှိရင်တော့ ပြန်လွှတ်လိုက်တာပေါ့။ အပြစ်ရှိတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ထောင်ချရတာပေါ့ဗျာ။ ဒါကတာဝန်ဗျ။ ကိုယ့်စိတ်သဘောနဲ့ ကိုယ် လုပ်လို့မရဘူးဗျ။ နောက်စစ်ကြောတယ်ဆိုတာလည်း စစ်ကြောတဲ့သူတွေမှာ သူတို့ procedure ရှိတယ်ဗျ။ procedure အရ လုပ်တာဗျ။ ကျွန်တော်က ဘယ်သူ့ကို ဘယ်လိုစစ်လိုက်ပော့လို့ ကျွန်တော် ပြောပိုင်ခွင့်မရှိဘူး။ ပြောလည်းမပြောဘူး။ ပြောတဲ့အစဉ်အလာလည်း မရှိဘူး။ သူတို့ procedure အတိုင်း သူတို့လုပ်တာ။ စစ်ကြောရေးမှာလည်း စစ်ကြောရေး procedure ရှိတယ်။ စစ်ကြောခံရတဲ့ သူရဲ့ အနေအထားကို ကြည့်ပြီးတော့မှ အမျိုးမျိုးပြောင်းပေးသွားရတာ ရှိတယ်။ ဒါက procedure တွေဗျ။ ဒါပေမဲ့ တချို့ကတော့ မဟုတ်တာတွေ လျှောက်ပြောတာပေါ့ဗျာ။ မြေကြီးထဲ မြှုပ်တယ်၊ လည်ပင်းဖော်ထားတယ်၊ ဂျစ်ကားနဲ့ဖြတ်တယ်ဆိုတာ ဒါမဟုတ်တာတွေပေါ့ဗျာ။ အဲဒါတွေက ဟုတ်မှမဟုတ်ဘဲဗျ။ အဓိပ္ပာယ်မရှိတာတွေဗျ။

လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၄၃)

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်သမ္မတကြီးထံ တပည့်များနှင့်ပတ်သက်၍ စာရေးခဲ့ကြောင်း ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ တရားဝင်ထုတ်ဖော်ပြောကြား

"တပည့်များနှင့်ပတ်သက်၍ ဘာမှမဖြစ်စေရဘူးဆိုတာ တာဝန်ယူပါတယ်ဟုဆို"

ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ မိမိနှင့် ဆရာမောင်ဆွေသက်(နိုင်ငံခြားရေး ဝန်ကြီးဟောင်း ဦးညွန့်ဆွေ)တို့နှစ်ဦး တွေ့လိုသည်ဟု ဖုန်းမက်ဆေ့ချ် ရရှိခဲ့သဖြင့် ၂၀၁၃ ဇွန် (၅) ရက်နေ့ ညနေပိုင်းက သူ၏ နဝဒေးအနုပညာဥယျာဉ်သို့ သွားရောက်တွေ့ဆုံသည်။

ဆရာမောင်ဆွေသက်မှာ မိမိထက်အရင် စောစွာရောက်နှင့်နေပြီး ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်မှ မိမိအား ပန်းချီပြခန်းတွင် လက်ခံတွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်နှင့်အတူ ဆရာမောင်ဆွေသက်လည်း ရှိနေခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်မှ အချိန်များစွာပေး၍ မိမိသိရှိလိုသည့်အချက်အလက်အချို့အား ပြန်လည်ပြောကြားခဲ့သည်။

မိမိတို့မေးမြန်းကြချိန်တွင် အကျဉ်းကျနေဆဲ ထောက်လှမ်းရေးတပ်မှူးဟောင်းတစ်ဦး၏ ဇနီးဖြစ်သူလည်း ခေတ္တရောက်ရှိလာခဲ့သည်။ (ကာယကံရှင်၏ဆန္ဒအရ အမည်နှင့်ဓာတ်ပုံ ဖော်ပြနိုင်ခြင်းမရှိပါ)။

ခင်ဗျားဂျာနယ်ထဲက သတင်းဖတ်ရပြီးတော့ ဒီကိုလာပြီး ကြည့်တာတဲ့။ ကောင်းပါတယ်။ နောက်လည်း ကျွန်တော် အေးချမ်းတဲ့ဘဝလေးကို ရနေတဲ့အချိန်မှာပေါ့။ ကျွန်တော် ပြောခဲ့တယ်လေ၊ ဒီအထဲရောက်တဲ့သူက အေးချမ်းတဲ့ ဇီလင်လေး ရစေရမယ်ဆိုတာ တကယ်လည်း ရတယ်။ လာသမျှလူတွေကို မေးကြည့်တယ်။ အေးချမ်းရဲ့လားလို့။ အရမ်း အေးချမ်းတာပဲတဲ့။ သိပ်ကောင်းတာပဲတဲ့။ နိုင်ငံခြားသားတွေလည်း ကြိုကြားကြိုကြား လာကြတယ်။ သူတို့ကိုလည်း ကျွန်တော် မေးကြည့်ပါတယ်။ သိပ်ကောင်းတာပဲ very nice တဲ့။ ကျွန်တော့်ကို မေးတယ်။ ဘယ်တုံးက ဆောက်တာလဲတဲ့။ နောက် ဒီဥယျာဉ်လုပ်ထားတာကို ဘယ်တုံးက လုပ်တာလဲလို့ မေးတယ်။ အခု ကျွန်တော် ဒါစလုပ်တာနဲ့ ဆောက်တာလို့။ သူတို့ပြောတာက



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းတာပဲတဲ့။ အေးချမ်းတယ်တဲ့။ ကြားရတဲ့သတင်းတွေကတော့ ကောင်းပါတယ်။ ကျွန်တော်လည်း အေးချမ်းတယ်။ လာတဲ့သူတွေလည်း အေးချမ်းတာပေါ့။ တစ်ခုရှိတာက ကျွန်တော်အေးချမ်းတာတော့ အမှန်ပဲ။ သို့သော်ငြားလည်း ကျွန်တော့်တပည့်တွေမှာ မအေးချမ်းတဲ့သူတွေ ရှိသေးတယ်။

ကိုတင်ထွဋ်လည်း ကျန်နေသေးတယ်နော်။

ကျန်နေသေးတယ်။ ကျွန်တော်က အေးချမ်းတယ်။ ပီတိဖြစ်တယ်ဆိုပေမဲ့ တစ်ချိန်ချိန်မှာ တပည့်တွေကို သွားစဉ်းစားမိရင် နည်းနည်း စိတ်ထဲမှာ မကောင်းတာလေး ဝင်ဝင်လာတယ်။ ဒီနေ့ဆိုလည်း အဲဒီကလေးမလေးတွေ၊ သမီးတွေပါပဲ။ သူတို့လာလို့ ကျွန်တော့်ဆီရောက်ရင် ငိုတာပဲဗျ။ မျက်ရည်ကျကြတယ်။ အဲဒါတွေ တွေ့ရရင် စိတ်ထဲမှာ မကောင်းဘူးပေါ့ဗျာ။ သူတို့ မျက်ရည်ကျတော့ ကိုယ်လည်း ဝမ်းနည်းသလို ဖြစ်တာပေါ့။ ဒါ ကျွန်တော် လွတ်တော့မယ်ဆိုတာ အပြည့်အဝ ဝမ်းသာမှာ မဟုတ်သေးဘူး။ တပည့်တွေ ကျန်နေသေးတဲ့အတွက် တပည့်တွေအတွက်ကိုတော့ အမြဲတမ်း စိတ်ထဲမှာ ရှိနေတယ်။ အခုက ကျွန်တော် မတောင်းဆိုတာ မဟုတ်ဘူးဗျ။ တောင်းဆိုခဲ့တယ်။ ကျွန်တော် သမ္မတကြီးဆီကိုလည်း စာရေးခဲ့တယ်။ တပည့်တွေနဲ့ပတ်သက်လို့ စာရေးခဲ့တယ်။ နောက် သူရဦးရွှေမန်းနဲ့ ဓနုတ်ဘုရားမှာတွေ့တုန်းကလည်း ကျွန်တော် ပြောခဲ့တယ်။ ကျွန်တော့် တပည့်တွေလွှတ်ပေးဖို့ ပြန်ကြည့်ပေးပါလို့။ မလွတ်သေးတာက (၂၁) ယောက် ရှိတယ်။ နောက်တစ်ခါ ကျွန်တော့်ဆီကို သမ္မတကြီးရဲ့အကြံပေးပုဂ္ဂိုလ် ကိုနေဇင်လတ်လည်း ဒီဆိုင်ဖွင့်ပြီးနောက် နှစ်ရက်လောက်မှာ ရောက်လာတယ်။ ကျွန်တော်နဲ့တွေ့ပြီး စကားတွေပြောဖြစ်တယ်။ ဗိုလ်ချုပ်ကြီး ဘာများမှာချင်သလဲတဲ့။ သမ္မတကြီးကို ဘာများပြောချင်သလဲတဲ့။ ပြောချင်တာပေါ့ဗျာလို့။ ကျွန်တော့်တပည့်တွေ မလွတ်သေးဘူးဗျာလို့။ (၂၁) ယောက် ကျန်သေးတယ်လို့။ အဲဒါလေးတော့ ကျွန်တော် လွှတ်စေချင်တယ်ဗျာလို့။ သူတို့အတွက် တစ်ခါတစ်ခါ ကျွန်တော် စိတ်မချမ်းသာ ဖြစ်တာ၊ စိတ်မကောင်းဖြစ်တာလို့။ အဲဒါလေးတော့ ပြောချင်တယ်ဗျာလို့။ သူက ကျွန်တော်ပြောပါ့မယ်တဲ့။ တင်ပြပါ့မယ်တဲ့။ ဒါက တစ်ခုတော့ ရှိတာပေါ့ဗျာ။ ခဏခဏ အပူကပ်တာမျိုး ကျွန်တော်မလုပ်ဘူးပေါ့ဗျာ။ လူကြီးဆိုတော့ နိုင်ငံရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ၊ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို စဉ်းစားပြီးလုပ်နေရတဲ့အခါမှာ ကျွန်တော်က ခဏခဏ အပူကပ်တာမျိုး၊ မလုပ်ချင်ဘူးပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ချင်းစာတာပေါ့။ ဒါကြောင့် ကျွန်တော်က ခဏခဏ မတောင်းဆိုဘူးဆိုတာမျိုး ကျွန်တော်က ပြောတာပါ။ ဒါပေမဲ့ အခါအားလျော်စွာတော့ တောင်းဆိုတဲ့သဘောတော့ မဟုတ်ဘူးပေါ့ဗျာ။ တောင်းဆိုတယ်ဆိုတာ demand လုပ်တာပေါ့ဗျာ။ အဲဒီလိုမဟုတ်ဘူး။ demand လုပ်တာ မဟုတ်ဘူး။ ကျွန်တော့်တပည့်တွေနဲ့ ပတ်သက်ပြီးတော့ လူကြီးတွေ စဉ်းစားနိုင်အောင် အခါအားလျော်စွာပေါ့။ ဒီနေ့ ကျွန်တော့်စိတ်ထဲ တော်တော်ဟိုသင်း ဖြစ်တယ်။ ကလေးတွေက ကျွန်တော့်တွေ့တော့ ငိုတာပေါ့။ သူတို့ ငိုတော့ ကျွန်တော်စိတ်မကောင်းဘူး။ သူတို့လည်း လူသား၊ ကျွန်တော်လည်း လူသားပဲဆိုတော့ သားသမီးတွေလိုပဲ ဖြစ်နေတာ။

ကျွန်တော့်တပည့်တွေအနေနဲ့ကတော့ ကျွန်တော်က တပည့်တွေအပေါ်မှာ ချစ်တယ်။ သူတို့ကလည်း ကျွန်တော့်ကို လေးစားတယ်။ ကျွန်တော် အေးချမ်းတဲ့ဘဝကို ခံစားနေတယ်။ သူတို့လည်း ခံစားစေချင်တယ်။ ကျွန်တော် ပြောရဲပါတယ်။ ကျွန်တော့်လူတွေက အကယ်၍လွတ်မြောက်လာရင်တောင်မှ ဆိုးဆိုးဝါးဝါးလုပ်မယ့်လူတွေ မဟုတ်ပါဘူး။ ကျွန်တော့်တပည့်တွေအတွက် ကျွန်တော် အာမခံရဲတယ်။ ကျွန်တော်ပြောမှာက ကျွန်တော့်တပည့်တွေ သူတို့အေးချမ်းတဲ့ဘဝကို ထူထောင်ရမယ်၊ တည်ဆောက်ရမယ်။ မိသားစုတွေက တော်တော်ဆင်းဆင်းရဲရဲ နေခဲ့ရတယ်လေဗျာ။ မိသားစုဘဝကို ပြန်ပြီးထူထောင်ရမယ်ဆိုတော့ ကျွန်တော်ပြောရင် နားထောင်မှာပါ။ နားထောင်မယ့်သူတွေလည်း ဆိုးဆိုးဝါးဝါး တစ်ယောက်မှ မပါဘူး။ ကျွန်တော် အဲဒီအတိုင်း ခံယူတယ်။ သူတို့အတွက်လည်း ကျွန်တော် တာဝန်ယူပါတယ်။ ဘာမှမဖြစ်စေရဘူးဆိုတာ တာဝန်ယူပါတယ်။ အဲဒါပြောချင်တာပါ။ ဒါ ကျွန်တော့် ရင်ထဲက ပြောတာနော်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆန်းတစ်ရက်နေ့တုန်းက သူတို့လွှတ်မယ်လို့ပြောကြတယ်။ ကျွန်တော်က ထောင်ကို သွားတွေ့လိုက်တယ်။ ကို…နဲ့ တွေ့တယ်။ သူတို့ကလည်း ဗိုလ်ချုပ်ကြီးနဲ့ ဦးရွှေမန်းနဲ့တွေ့တာလေးကို ကျွန်တော်တို့ သတင်းထဲပါတော့ သူတို့ အရမ်း ကျေနပ်ကြတယ်။ သူလည်း နေရတာကြာလာတော့ ဘာပဲပြောပြော လွတ်ချင်လာပြီတဲ့။ အဲဒီတုန်းက အေးအေးဆေးဆေး တော့ ပြောရပါတယ်။ သူတို့လည်း စိတ်မကောင်းဖြစ်ကြတယ်။ ကျွန်တော့်ကို အရေအတွက်တော့ ပြောပြတယ်။ ဗိုလ်ချုပ်ကြီး နဲ့ တွေ့ရင်လည်း ကျွန်တော် ဒီဟာကို ပြောပြမယ်လို့။

နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီး သူတို့ကို နိုင်ငံရေးအကျဉ်းသားလို့ မသတ်မှတ်ဘူး။ မသတ်မှတ်တော့ သူတို့ က ကြားထဲမှာ လွတ်နေသလို ဖြစ်နေတယ်။

ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့ဗျာ။ လူသားတွေဗျ။ လူသားတွေဆိုတဲ့အခါကျတော့ အခု နိုင်ငံတကာကပြောပြောနေတဲ့ human right ဆိုတာ လူသားအားလုံးနဲ့ ဆိုင်တယ်။ ဟုတ်လား။ ကျွန်တော် ဒါပဲပြောချင်တယ်။ ဒါပေမဲ့ ကျွန်တော်က အဲဒါတွေ demand မလုပ်ချင်ပါဘူး။ demand လုပ်တဲ့သဘောလည်း မဟုတ်ပါဘူး။ ကျွန်တော့်တပည့်တွေနဲ့ ပတ်သက်လို့ ကျွန်တော် တာဝန်ယူတယ်။ ဒီတပည့်တွေဟာ ဟော့ဟော့ရမ်းရမ်းလုပ်မယ့်သူတွေ တစ်ယောက်မှ မပါဘူး။

ဗိုလ်ချုပ်ကြီးကိုတော့ လွှတ်ပေးလိုက်ပြီး သူတို့က ဘာကြောင့် ကျန်နေသလဲ။ သူတို့က အဖျားအနားပဲ။

မသိဘူးဗျ။ ဒါတော့။ (ရယ်လျက်) ဒါတော့ မသိဘူးပေါ့ဗျာ။ သူတို့အကြောင်းတော့ ရှိမှာပေါ့ဗျာ။ ကျွန်တော်ကလည်း ခံယူတာက ယခင်တုန်းက တည်ဆဲဥပဒေကို ကျွန်တော်တို့ဖောက်ခဲ့လို့၊ နိုင်ငံတော်ရဲ့ညွှန်ကြားချက်တွေ၊ အမိန့်၊ စည်းမျဉ်း စည်းကမ်းတွေ ဖောက်ခဲ့လို့ အရေးယူတယ်လို့ ဒီလိုပဲခံယူတယ်လေ။ အဲဒီတုန်းက တည်ဆဲဥပဒေနဲ့ အရေးယူတာနဲ့ ပတ်သက် ပြီး ကျွန်တော် ဘာမှ မဝေဖန်ပါဘူး။ တည်ဆဲဥပဒေနဲ့ ဒီလိုပဲ အရေးယူခံရတယ်လေ။

ကျွန်တော်သိသလောက် သူတို့ တောင်းဆိုမှုအရ အနီးဆုံးထောင်တွေကို ရွှေ့ပေးတယ်။ အေးအေးဆေးဆေးတော့ နေရပါတယ်။

သူတို့ သွားသွားပြီး တွေ့ကြပါတယ်။ သူတို့ဇနီးသည်တွေလည်း သွားတွေ့ကြတယ်။ မတွေ့ခင်လည်း ကျွန်တော့်ဆီ လာကြတယ်။ ဘယ်နေ့တော့ သွားမယ်လို့၊ သွားကြကွာလို့။ ငါကတော့ မြန်မြန်လွတ်မြောက်ပါစေလို့ ငါတော့ ဘုရားမှာ ဆု တောင်းမိတယ်ကွာလို့။ မင်းတို့လည်း ခင်ပွန်းသည်နဲ့ တွေ့တဲ့အခါကျတော့ ဘုရားပဲ ဆုတောင်းရတာပဲပေါ့ဗျာ။ ဒီအချိန်မှာ တော့ ဘုရားပဲ ဆုတောင်းရတယ်(ရယ်လျက်)။

ကျွန်တော့်ဆိုရင် ထောင်က ပေးမဝင်ဘူးလို့ကို ပြောတယ်။ ကျွန်တော့်ကို ပေးမဝင်ဘူး။ နောက်ဆုံး ကို…လည်းပြော၊ ကျွန်တော်လည်း ပြောပြီးတော့ ကျွန်တော်က ဒီထောင်ကို မရေးဘူး။ ဒီထောင်ကို လာတဲ့အကြောင်းလေး မရေးဘူး။ တွေ့ ခွင့်ပေးပါ၊ မရေးဘူးလို့ ကတိပေးမှ တွေ့ခွင့်ရတယ်။ ကျွန်တော် ပင်စင်ယူခါနီးပြီတဲ့။ အဲဒီလို ပေးတွေ့လို့ မဖြစ်ဘူးတဲ့။ ကျွန် တော် ပင်စင်ထိမှာတဲ့။ အဲဒီလိုမဟုတ်ပါဘူးလို့။ သူငယ်ချင်းနဲ့ လာတွေ့တာပါလို့။ မနည်းတောင်းပန်ပြီး ဝင်တွေ့ရတယ်။

ခင်ဗျားကို ကြောက်တယ်ထင်တယ် (ရယ်လျက်)။

ကျွန်တော်သွားတုန်းက နေ့ခင်း (၁၂) နာရီလောက်သွားတာ။ (၁၂) နာရီက ထောင်ပိတ်ချိန်တဲ့။ (၁၂) နာရီ ထောင်ပိတ် ချိန်ဆိုတော့ တစ်ခါမှ မကြားဖူးဘူးလို့။ (၂) နာရီမှတဲ့။ ကျွန်တော့်ရစ်နေတာနဲ့ ကျွန်တော် ဒုက္ခရောက်နေတယ်။ ဒီအတိုင်း ထိုင်စောင့်နေရတယ်။ နောက်ဆုံး ကျွန်တော်မရေးပါဘူး။ ကတိပေးမှ တွေ့ခွင့်ရတယ်။

ကျွန်တော်က စောစောပိုင်းက ဝမ်းသာနေတာဗျ။ ဝမ်းသာနေတယ်ဆိုတာက ကေအိုင်အေအဖွဲ့နဲ့ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတို့နဲ့ မြစ်ကြီးနားမှာ ဆုံကြတယ်၊ တွေ့ကြတယ်၊ စကားပြောကြတယ်။ အချက်ကြီး (၇) ချက် သဘောတူကြတယ် ဆိုတော့ အတော်ဝမ်းသာနေတာ။ ငြိမ်းချမ်းရေးကတော့ တိုးတက်လာပြီလို့၊ ဖြစ်ထွန်းလာပြီလို့ ဝမ်းသာနေတာ။



www.burmeseclassic.com

www.burmeseclassic.com



မတရားအသင်းပုဒ်မကိုဖျက်ပြီး အဲဒါနဲ့ ငြိတဲ့သူအားလုံး လွှတ်မယ်လို့ သူတို့ ကြေညာနေတယ်လေ။ အဲဒါနဲ့ ဖမ်းထားတဲ့ သူတွေလည်း ပြန်လွှတ်ပေးဖို့ ပြောနေတယ်။

ကောင်းပါတယ်ဗျာ။ တိုင်းပြည်မှာ ပြည်သူတွေကလည်း တော်တော့်ကို ဒုက္ခရောက်နေကြတာဗျ။ ငြိမ်းချမ်းရေး ရတယ် ဆိုရင်တော့ တစ်တိုင်းပြည်လုံးက ဝမ်းသာကြမှာ။

အကြွင်းမဲ့တော့ မဟုတ်သေးဘူးပေါ့။ ယာယီပေါ့။ အပစ်အခတ်ရပ်ဖို့က ...။

ဒါပေါ့။ အပစ်အခတ်ရပ်ဖို့က နံပါတ်တစ်ပဲ။

အပစ်အခတ်မရပ်မချင်းက စိတ်ပူနေရတယ်။

အောင်မြင်မှု တစ်ထစ်တက်လာတယ်ပေါ့ဗျာ။

ကိုတင်ထွဋ်တို့ကျတော့ ဘာနဲ့ငြိလို့ ကျတာလဲ။

ကျွန်တော်လည်းမသိဘူး။ ဘယ်သူ ဘာကြောင့် ဘယ်လောက်ကျသလဲဆိုတာ ကျွန်တော်လည်း မသိဘူး။ အခု ပဲခူး တော့ ရောက်နေပြီ။ သူ့ဇနီးကတော့ သွားသွားတွေ့တယ်။ ဒါပေမဲ့ ကျွန်တော့်သမီးကလည်း ကျွန်တော့်ကို ဘာမှမပြောဘူးဗျ။ ဘယ်နနှစ်ကျတယ်၊ ဘာကိစ္စကြောင့်ဆိုတာ ဘာမှမပြောဘူး။ အဖေကိုလည်း အပူမကပ်ဘူး။ ကျွန်တော့်သမီးက သူ့ဘာသာ သူ နေတတ်တယ်။ ကျွန်တော်ကတော့ ကြည့်နေတာပေါ့။ သူ့အခြေအနေ ဝေးဝိုင်နေလည်း သူက ကလေးတွေပါတော့ ကလေးတွေ ကျောင်းနေတာ၊ နောက်ပြီးတော့ အဖေမရှိတဲ့အခါကျတော့ လိုက်ပို့တာ။ တချို့ကျတော့ မသိတော့ အဖေ ဘယ်မှာလဲဆိုတာ မေးတယ်။ ကျွန်တော့်သမက် ထောင်ထဲမှာရှိနေတာ တော်တော်များများ မသိကြဘူး။

ဒီရက်ပိုင်းအတွင်း အင်တာနက်မှာ တော်တော်တက်ပါတယ်။

အဲဒါ နောက်ပိုင်းကျမှ။ စောစောပိုင်းက မသိကြဘူး။ အင်တာနက်မကြည့်တဲ့သူကတော့ မသိဘူး။ ဒါပေမဲ့ ကျွန်တော်က တော့ ကျွန်တော့်သမက် တစ်ယောက်တည်းတင် မဟုတ်ပါဘူး။ တပည့်တွေအားလုံးပေါ့။ သမက်အကြောင်း ကျွန်တော် တစ်ခါမှ မပြောဖူးဘူးဗျ။ သမက်လည်း တပည့်ပဲပေါ့ဗျာ။ အတူတူပဲပေါ့။ တပည့်ထဲမှာ အကျုံးဝင်တာပေါ့။ တပည့်တွေအတွက် ကျွန်တော်က အခါအားလျော်စွာ ဆုံတဲ့အခါမှာ လွှတ်စေချင်တာပေါ့ဗျာ။ ရည်ရွယ်ချက်ကတော့ လွှတ် စေချင်တယ်။

ကျွန်တော် သာယာဝတီမှာ ဗိုလ်ချုပ်မြင့်ဖော်ကို တွေ့ခဲ့သေးတယ်လေ။ သူက တရားထိုင်နေတယ်။ သူက လာနှုတ်ဆက် တယ်။ သူပြောတာက အမြတ်တစ်ခုကတော့တဲ့ တရားအားထုတ်ခွင့်ရတာ အမြတ်တစ်ခုပဲတဲ့။

သူတို့ဇနီးတွေ ပြန်လာတဲ့အခါကျရင် ပြောပါတယ်။ သူတို့ တရားအားထုတ်နေကြတယ်တဲ့။ အေးအေးချမ်းချမ်းပဲတဲ့။ အဘကိုလည်း ပြောပါတဲ့ သူတို့ တရားအားထုတ်နေတယ်တဲ့။ ကောင်းရာကောင်းကျိုး ကုသိုလ်ရေးကိစ္စတဲ့။ တခြား ဘာမှ မစဉ်းစားဘူးတဲ့။ တရားအားထုတ်တဲ့အတွက် သူတို့အတွက် အများကြီး အမြတ်ရပါတယ်။ အကျိုးရှိပါတယ်တဲ့။ ကျွန်တော် ကတော့ အဲဒါလေးကြားပြီး သူတို့ကတော့ ဘာမှမပြောပါနဲ့ဆိုပြီး ပြောပေမဲ့ ရင်ထဲကတော့ နည်းနည်းလေးတော့ ခံစားရ တာပေါ့။ ငါ လွှတ်မြောက်ပေမဲ့ တပည့်တွေ မလွှတ်မြောက်တာ သူတို့စိတ်ထဲမှာတော့ ဘယ်ရှိမလဲ။ သူတို့ ပါးစပ်ထုတ် မပြောပေမဲ့ နည်းနည်းတော့ ခံစားနေမှာပေါ့ဗျာ။ တိုတိုပြောရရင် လွှတ်စေချင်တာပေါ့ဗျာ။ ကျွန်တော်တောင် လွှတ်နေပြီပဲ။ တပည့်တွေ လွှတ်စေချင်တယ်။ အကယ်၍ လွှတ်ရင်တောင်မှ ဘာမှမဖြစ်စေရပါဘူး။

သူတို့နဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီး အာမခံတယ်ပေါ့။

ကျွန်တော် အာမခံတာပေါ့ဗျာ။ တပည့်တွေအတွက် အာမခံတယ်။ သူတို့ကလည်း ကျွန်တော့်ကို ယုံကြတယ်။ ကျွန် တော်ကလည်း သူတို့ကို ယုံကြည်တယ်။ အပြန်အလှန် ယုံကြည်မှု လေးစားမှုဆိုတာ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဆန်နီလွတ်တော့လည်း ဗိုလ်ချုပ်သိန်းဆွေ ပါမလားလို့ ထင်ကြတယ်။ ဒါပေမဲ့ ပါမလာဘူး။

ပါမလာဘူး။ သူလည်း အသက်ကြီးပြီဗျာ။ ကျန်းမာရေးလည်း သိပ်မကောင်းဘူး။ သူက အရေးမယူခင်ကတည်းက ကျန်းမာရေး သိပ်မကောင်းရှာဘူး။ အဲဒီကတည်းက သူက ပင်စင်ယူတော့မယ်တဲ့။ အဘတဲ့ . . . ကျွန်တော် ပင်စင်ယူတော့မယ်တဲ့။ ကျန်းမာရေးသိပ်မကောင်းဘူးတဲ့။ အေးကွာလို့။ ကျန်းမာရေးမကောင်းတော့ ကျန်းမာရေးအတွက် ပင်စင်ယူတာ ကောင်းတာပေါ့လို့။ အေးအေးချမ်းချမ်းနေရတာပေါ့လို့။ အဲဒီလိုပြောလိုက်တယ်။ အဲဒီလိုပြောပြီး မကြာဘူး။ အရေးယူခံလိုက်ရတာပဲ။ ကျွန်တော်တော့ အေးအေးချမ်းချမ်း နေစေချင်တယ်။ တပည့်တွေလည်း အလားတူ အေးအေးချမ်းချမ်းနေကြလို့။ ဒီလိုနေတဲ့ဘဝမျိုးမှာ အင်မတန်မှ ကိုယ့်အတွက် အေးချမ်းတဲ့ဘဝ တည်ဆောက်တာပဲဆိုတော့ ဖြစ်စေချင်တယ်။ တပည့်တွေလည်း နမူနာပြဖို့ ဒါလေးထောင်လိုက်တာ။ ဒါကြောင့် နိုင်ငံရေးမလုပ်ဘူးလို့ ကျွန်တော် သုံးကြိမ်ပြောလိုက်တာလေ။

ဗိုလ်ချုပ်ကြီးတပည့်တွေ အင်းစိန်မှာ စလွတ်တုန်းက တချို့သတင်းပါမှာကို ကြောက်တယ်။ သူတို့လွတ်တာကို သတင်းမပါစေချင်ဘူး။ သူတို့က အစောကြီးထွက်လာတာ ကျန်တဲ့သူတွေ အားနာလို့။ ငါးနှစ်သမားတွေပဲ။ ကျွန်တော်တို့ အားနာတယ်တဲ့။ ကျန်တဲ့လူတွေ အများကြီး ကျန်သေးတယ်တဲ့။

အချင်းချင်းပေါ့ဗျာ။ ရဲဘော်ရဲဘက်ချင်း။ လုပ်ဖော်ကိုင်ဖက်တွေဆိုတော့ အရင်လွတ်တဲ့သူက နောက်ကျန်ခဲ့တဲ့သူအတွက်ကို စိတ်မကောင်းဖြစ်တာပေါ့။

မှန်းခြေ ဘယ်လောက်ရှိသလဲ။

ဘေးမှဝင်ပြော - တစ်တပ်တည်းမှာတင် (၃၂) ယောက် ရှိတယ်။

တော်တော်များတယ်ဗျ။ ကြားပေါက် ကြားပေါက်ပေါ့။

ဘေးမှဝင်ပြော - သူ့တစ်တပ်တည်းတင် အခြားအဆင့်မှာ (၃၂) ယောက် ရှိတယ်။

ဘေးမှဝင်ပြော - (၁၀၅) မိုင်တင် အတော်များတယ်။

နစကလည်း အကုန်လုံးနီးပါးပဲ။ ထောင်ဂဏန်းရှိမယ်ထင်တယ်။ လားရှိုးက တော့ အကုန်ပဲ။ သူက စတာ။

သူတို့ကျတဲ့နှစ်တွေကော ရှိလား။

နှစ်တွေတော့ကျွန်တော်မသိဘူးဗျ။ သူတို့နဲ့လည်းအဆက်ပြတ်နေတယ်။ သူတို့ကလည်းဘယ်လောက်ကျတယ်ဆိုတာ ကျွန်တော့်ကို အသိမပေးဘူး။ ကျွန်တော် အင်းစိန်ရောက်တဲ့အချိန်တုန်းက ကျွန်တော်က သူတို့နဲ့တွေ့လိမ့်မယ်လို့ ထင်တာဗျ။ မတွေ့လိုက်ရဘူး။

ဗိုလ်ချုပ်ကြီးက ရဲမွန်ကနေ အင်းစိန်လား။

အင်းစိန်ကို တရားဆိုင်ဖို့ပဲ။

တရားရုံးမှာ ဖတ်ပြလား။

တရားရုံးမှာတော့ ပြောရရင်တော့ တရားခံပေါ့ဗျာ။ တရားခံ ဦးခင်ညွန့်ဆိုပြီးတော့မှ အပေါ်ကနေ တရားသူကြီးသုံးယောက်ထိုင်ပြီးတော့။ အဲဒီမှာ (၁၀) ရက် ကြာတယ်။ ဘာမှုစစ်ကြောတာတော့ မရှိဘူး။ ကျွန်တော့်တပည့်တွေကနေ ထွက်ဆိုချက်တွေအရ ကျွန်တော့်မှာ တာဝန်ရှိတယ်။ တာဝန်ရှိတာပဲ။ ကျွန်တော့်ကို တိုက်ရိုက်စွဲတင်တာနှစ်ခုပဲ ရှိတယ်။ တစ်ခုက ကျွန်တော့် ဒီအိမ်ကြီးဆောက်တော့ ထောက်လှမ်းရေးရန်ပုံငွေနဲ့ မီးဆိုင်းဝယ်ပေးတယ်ဆိုပြီးတော့ ဗိုလ်ချုပ်ကြီးအိမ်ကိုတဲ့ မီးဆိုင်းတွေ ပို့လိုက်မယ်ဆိုပြီး ပို့လိုက်တာ။ ကျွန်တော့်ရဲ့ထောက်လှမ်းရေးတပ်မှူးတွေလည်း မဟုတ်ဘူး။ အဲဒါတစ်ခုပေါ့ဗျာ။ အဂတိလိုက်စားမှုဆိုပြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်ကရော။

နောက်တစ်ချက်က မောင်တောမှာ ကျွန်တော်က တပ်ရင်းမှူးလုပ်ခဲ့တော့ အဲဒီတုန်းက နဂါးမင်းစစ်ဆင်ရေးတို့၊ ဟသ်ာစစ်ဆင်ရေးတို့ ခင်ဗျားသိလိမ့်မယ်။ နဂါးမင်းစစ်ဆင်ရေးလုပ်တဲ့အချိန်မှာ ကျွန်တော်က တပ်ရင်းမှူးနဲ့ ရောက်သွားတယ်။ အဲဒီတုန်းက တိုင်းမှူးက ဗိုလ်ချုပ်မင်းဂေါင်။ ရောက်ရောက်ချင်း . . . ရောက်တဲ့နေ့ နောက်တစ်နေ့မှာပဲ နဂါးမင်းစစ်ဆင်ရေးစတော့ အကုန်လုံး ပြဿနာတွေ စပေါ်တာပဲ။ အစ္စလာမ်ဘာသာဝင် ဖမ်းဆီးတယ်။ ဟိုကလည်း စစ်သားတွေ ပြနေတယ်။ အချင်းချင်း ရခိုင်ရွာတွေကို ဝင်ပြီး မီးရှို့တယ်။ ဟိုဘက်နဲ့ဒီဘက် အဲဒီလို ပဋိပက္ခတွေဖြစ်နေတော့ အကုန်ဖမ်းဟယ် ဆီးဟယ် လုပ်ရတဲ့အချိန်။ အဲဒီအချိန်မှာ ကျွန်တော်က ရောက်ခါစ တပ်ရင်းမှူးအသစ်။ ဗိုလ်ချုပ်မင်းဂေါင်က ဟေ့ကောင် လေး...လာခဲ့။ တပ်ရင်းမှူးလေး လာခဲ့။ ငါနဲ့အတူတူ လိုက်ခဲ့ဆိုပြီးတော့ တိုင်းမှူးနဲ့ စသိပြီးတော့မှ နဂါးမင်းစစ်ဆင်ရေး။

အဲဒီမှာ ကျွန်တော် တစ်ပတ်လောက် နေလိုက်ရတယ်။ တစ်ပတ်လောက်နေပြီး တပ်အကြောင်း ဘာညာသိပြီဆိုတော့မှ မင်း ရှေ့တန်းသွားတော့ဆိုပြီး မောင်တောကို ပို့လိုက်တယ်။ မောင်တောကနေ မင်းနေရမယ့်နေရာ မဟုတ်ဘူးကွဆိုပြီး တောင်ပြိုကို ရောက်သွားတယ်။ ဟိုဘက်ဒီဘက် ရင်ဆိုင်နေရတဲ့နေရာလေ။ မင်းရောက်တာနဲ့ ကတုတ်ကျင်းတွေ တူးတော့ အိုဟာဟက်၊ ဘန်ကာတွေနဲ့ စလုပ်တော့ဆိုတော့ ရောက်တာနဲ့ကို အဲဒီမှာ ကျင်းတွေတူး၊ ဘန်ကာတွေ တည်ဆောက်နဲ့ စစ်ရေးပြင်ရတာပေါ့ဗျာ။ ကျွန်တော့်တပ်က ရှေ့တန်းဗျ။ မင်းက အသစ်ကလေးဆိုတော့ ရှေ့ဆုံးထားရမယ်တဲ့။ ကျွန်တော့်တပ်ရင်းကို ရှေ့မှာဖြန့်ချထားတယ်။ ကျွန်တော့်နောက်မှာမှ မင်းနောက်မှာက တပ်ရင်းတစ်ရင်းရှိတယ်တဲ့။ မင်း မပူနဲ့တဲ့။ (၁၄) ရယ်၊ (၅၅) ရယ် ကျွန်တော့်နောက်မှာ တပ်ရင်းနှစ်ရင်း ရံထားတယ်။ ကျွန်တော် မှန်ပြောင်းကြည့်ရင် မြင်နေရတယ်။ ရွှေ့ပြောင်းနေတာတွေ တပ်တွေ ဝင်လာတာတွေ သူတို့လည်း ဘန်ကာတွေပြင်နေပြီ။ ကျွန်တော်က ဘာလုပ်ရသလဲဆိုတော့ အဲဒီမှာ ကျွန်တော်တို့မှာ လက်နက်ကြီး ဆိုလို့ (၃) လက်မ စိန်ပြောင်းနှစ်လက်ပဲ ရှိတယ်။ စက်လတ်က ကျွန်တော့်ဆီမှာ နှစ်လက်ပဲ ရှိတယ်။ ကျွန်တော်ရောက်ပြီးတော့ မကြာခင်မှာပဲ ဟေ့ကောင်လေး၊ မင်းရှေ့မှာလက်နက်ကြီးရှိမှဖြစ်မှာဆိုပြီးတော့ စိန်ပြောင်းကြီးတွေ သယ်သွားတဲ့။ နောက်တစ်နေ့ကျတော့ အဲဒီ စိန်ပြောင်းကြီးတွေနဲ့ ပြန်တက်လာတယ်။ အဲဒါ ဟိုကောင်တွေ မြင်တာပေါ့ဗျ။ ဟား . . . လက်နက်ကြီးတွေ ရောက်လာပြန်ပြီ၊ လက်နက်ကြီးတွေ ရောက်လာပြန်ပြီဆိုပြီး အဲဒီလို လှည့်စားရတယ်။ အဲဒီလိုလုပ်ရင်းနဲ့ ဟိုဘက်ဒီဘက် ပစ်ခတ်မှုတွေမရှိပါဘူး။ ဟိုဘက်ကလည်း ကျွန်တော့်လိုပဲ စစ်ရေးပြင်ဆင်မှုပဲ ရှိတယ်။

နောက်တော့ သံတမန်နည်းနဲ့ ဟသ်ာစီမံချက်လုပ်တော့မယ်ဆိုပြီး တိုင်းမှူးက ကျွန်တော့်ဆီ ရဟတ်ယာဉ်နဲ့ ရောက်လာပြီး ဟေ့ကောင်လေး၊ ဟသ်ာစီမံချက် လုပ်တော့မယ်ကွ။ ဟသ်ာစီမံချက်ဆိုတာ ဒီက လက်ခံရမယ်ကွ။ မင်းနယ်မြေထဲက ထွက်ပြေးတာတွေ မင်းပဲ ပြန်ခေါ်ရမယ်တဲ့။ မင်းပဲ ဆက်ပြီးတော့ မင်းပဲ ဆက်ပြီးချရမယ်ကွ။ မင်း စခန်းတွေ တည်ဆောက်ဆိုပြီးတော့ လက်ခံစခန်း (၁၁) ခု။ မင်း အမြန်ဆုံးတည်ဆောက်ကွာတဲ့။ မင်းကို ငါ ဘယ်နှစ်ရက် ပေးမလဲဆိုတော့ တစ်ပတ်ပေးမယ်တဲ့။ လက်ခံရေးစခန်းက ဝါးတဲတွေပေါ့။ အသုံးချရတာလည်း ဝါးတဲတွေပေါ့။ ရခိုင်က သိပ်မရှိဘူး။ အဲဒီအချိန်မှာ ကျွန်တော့်ကို တောက်လျှောက် ကူညီနေတဲ့သူ ရှိတယ်။ ဒီကုလားက ဟိုဘက်က ဝင်လာတဲ့ကုလား မဟုတ်ဘူး။ ဒီဘက်မှာ မွေးတဲ့ကုလား။ အဲဒီကုလားက ဗမာလို ကောင်းကောင်းတတ်တယ်။ ဟိုဘက်ဝင်လာတဲ့ ကုလားက ဗမာလို လုံးဝမတတ်ဘူး။ သူတို့ကလည်း တောင်းဆိုတယ်ပေါ့ဗျာ။ အဲဒီတုန်းက ဒုဝန်ကြီးက မောင်အောင်။ မောင်အောင်လို့ ငါ့တပည့်တွေ အရေးအခင်းကာလတုန်းကလို့။ မောင်အောင်က အဲဒီတုန်းက ဗျူဟာ ဂျီတူး။ ဘူးသီးတောင်ဘက်မှာ။ မင်းလည်း သိတာပဲလို့။ ငါ့သတင်းပေးတွေလို့။ ငါ့အမာခံတွေ။ အဲဒီကောင်တွေတော့ မှတ်ပုံတင်လေး ပေးလိုက်ပါဆိုတော့ သင့်တာကြည့်ပေးလိုက်လို့၊ ရပါတယ်တဲ့။ ကျွန်တော် လုပ်ပေးလိုက်မယ်တဲ့။ လုပ်ပေးလိုက်တာက မောင်အောင်လုပ်ပေးလိုက်တာဗျ။ လုပ်ပေးလိုက်တာမှာ ကျွန်တော့်စွဲချက်ထဲမှာ အဲဒါ ပါတယ်။ အဲဒီကုလားတွေကို ကျွန်တော်က မှတ်ပုံတင်လုပ်ပေးတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဲဒီလူတွေ ကျွန်တော်နဲ့အတူတူ အရေးယူခံရပြီးတော့ မကြာခင်မှာ မှတ်ပုံတင် ဒီအတိုင်းကျသွားတယ်တဲ့။ အဲဒီလိုကြားတယ်။ အဲဒီလိုဗျ။ အဲဒါက စွဲချက်တစ်ခု။ အဲဒီစွဲချက်က ထောင် (၇) နှစ်။ စောစောကဟာက ထောင် (၇)နှစ်။

တစ်မှုချင်းလား။

အေး...နောက်တစ်ခုကတော့ ဗီအိုအေက ဒေါ်မြင့်မြင့်ဇော်၊ ဒေါ်မြင့်မြင့်ဇော်က ဒီလာရင် ကျွန်တော်က ကျွန်တော်သွားတဲ့ နေရာတွေ ခေါ်သွားတာပေါ့။ အဲဒီမှာ ဗီအိုအေက အချိုးပြောင်းတယ်။ စောစောပိုင်းတုန်းကတော့ ဗီအိုအေကနေ pressure အများကြီးလုပ်တာပေါ့ဗျာ။ ဒါပေမဲ့ ဒေါ်မြင့်မြင့်ဇော် လာပြီးတဲ့နောက်ပိုင်းမှာ နည်းနည်းလေးပျော့သွားတယ်။ သူက ကျေးဇူး ရှိတယ်ဗျ။ ဒါ တိုင်းပြည်အတွက်ပါ။ သူ့မိသားစုနဲ့လည်း ကျွန်တော်က ရင်းနှီးတယ်။ သဘောကတော့ ဒေါ်မြင့်မြင့်ဇော်က ကျွန်တော့်မိန်းမရဲ့ ဆရာမ လုပ်ခဲ့ဖူးတယ်။ ကျောက်မြောင်းကျောင်းမှာ။ ဒါပေမဲ့ တစ်နှစ်လောက်ပဲ ကြာပါတယ်။ အဲဒီတော့ ဆရာတပည့်ရင်းနှီးမှု ရှိတာပေါ့။ ဒါပေမဲ့ သိတာက ကိုသောင်းက ဟိုမှာ သံအမတ်။ ကိုသောင်းမိန်းမနဲ့ ဒေါ်မြင့်မြင့်ဇော်နဲ့က သူငယ်ချင်းဆိုတဲ့အခါကျတော့ ကိုသောင်းနဲ့ပတ်သက်ပြီးတော့မှ သံရုံးမှာ အဝင်အထွက်တွေ ရှိတယ်။ အဲဒီကနေ ကျွန်တော် နဲ့ ဆက်မိတာ။ ဆက်မိတဲ့အခါကျတော့ ကျွန်တော် ခေါ်တယ်။ ဒေါ်မြင့်မြင့်ဇော် လာပါဆိုပြီး ကျွန်တော် တာဝန်ယူတယ်။ ဘာမှ မဖြစ်စေရဘူး။ သူ လာတယ်ဗျ။ သူလာပြီး ကျွန်တော်နဲ့ လျှောက်လည်တော့ ဗီအိုအေက တော်တော်လေး ပျော့ပျောင်းသွား တယ်။ ပျော့ပျောင်းသွားတော့ ဒေါ်မြင့်မြင့်ဇော်ကို နောက်ပိုင်း ဗီအိုအေတာဝန်ရှိတဲ့သူတွေက ဗမာဘက် ပင်းတယ်၊ ပါတယ် ဆိုပြီး သူ့ကို အလုပ်ဖြုတ်လိုက်ရော။ ဖြုတ်ပစ်လိုက်ပြီး စာထုတ်လိုက်တယ်။ အဲဒီတော့ သူကနေ ဗိုလ်ချုပ်ကြီးတဲ့၊ ကျွန်မ လည်း အလုပ်လက်မဲ့ဖြစ်သွားပြီတဲ့။ မြန်မာနိုင်ငံလည်း ကျွန်မ လာချင်တယ်တဲ့။ လာတဲ့အခါမှာ နားနားနေနေ နေဖို့အတွက် အိမ်လေးတစ်လုံးလောက်တော့ ရချင်ပါတယ်တဲ့။ လာတဲ့အခါ နေဖို့ဆိုပြီး ကျွန်တော်က အဲဒါလေး စီစဉ်ပေးလိုက်တယ်။ အဲဒီ စီစဉ်ပေးတာက အမှုဖြစ်တယ်။

အဲဒါက (၇) နှစ်လား။

အဲဒါက (၇) နှစ် မကဘူးဗျ။ (၁၀) လောက်။ အားလုံးပေါင်း (၄၄) နှစ်။ ကျန်တာက တပည့်တွေနဲ့။ ကျွန်တော့်ကို တိုက် ရိုက်စွဲတာက (၃) မှု။

အင်တာနက်မှာ ဗိုလ်ချုပ်ကြီးလာခေါ်သွားတဲ့ ဗီဒီယိုဖိုင်က ဒုတိယပိုင်းက အရင်တင်တယ်။ နောက်တော့ ပထမပိုင်း ပြန်တင်တယ်။ အဲဒါက အင်းစိန်ကို ခေါ်သွားတာလား။

အင်းစိန်ခေါ်သွားတာ။ အဲဒီတုန်းက အက်စ်ဘီက ကင်မရာမင်းကလည်း တစ်ယောက်တည်းပါတယ်။

တခြားက တင်စရာမရှိဘူး။ ပထမက အသံမပါဘူး။ နောက်ပြန်တင်တာမှာ အသံပါလာတယ်။ ဒါတော့ လှည့်ကွက်တစ်ခု ဖြစ်မှာပေါ့လို့။ အဲဒီမှာ လူတွေက သို့လောသို့လော ဖြစ်ကြတယ်။ တခြားလူ ရိုက်စရာအကြောင်းတော့ မရှိဘူး။

တခြားလူမှ မဝင်ရဘဲဗျာ။ ဆွေမျိုးတောင်မှ မဝင်ရဘူး။ ထမင်းချိုင့်လာပေးတာတောင် ပေးလို့မရဘူးဗျ။ နောက်ပိုင်းကျမှ ကျွန်တော်က အက်စ်ဘီကို ပြောရတယ်။ ကျွန်တော် စားဖို့သောက်ဖို့ ကျွန်တော့်ဇနီးရဲ့အမေက သုဝဏ္ဏမှာနေတော့ ဟင်း လေးတွေချက်ပြီးတော့ ချိုင့်လေးနဲ့ လာပို့တာ။ ဒါလေးမှ မသုံးဆောင်ရဘူးဆိုရင် ဘယ်ကောင်းမလဲဗျာလို့။ ဒီလောက်ကြီး မရက်စက်ပါနဲ့ဗျာဆိုပြီး ကျွန်တော် စကားနာထိုးလိုက်တာ။ ထိုးလိုက်တော့ အဲဒီဟင်းတွေ ရတယ်။ ဒါပေမဲ့ ဟင်းက အကုန် မွှေနှောက်လိုက်တာပေါ့ဗျာ။ ဘာတွေများပါသလဲဆိုပြီး မွှေနှောက်လိုက်တယ်။ ဟင်းတုံးတောင်မှ ရေသေးတယ်။ သူက ရီပို့ ရေးရတာကိုးဗျ။ ဘာဟင်းလာတယ်။ သူ မွှေနှောက်တယ်။ ဘာမှမပါပါဘူး။ ဟင်း ဘယ်နတုံး ပါ.ပါတယ်။ ဒါလည်း အဆိုး မဆိုပါဘူး။ သူကတော့ တာဝန်အရလုပ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ညီထွဋ်တို့အိမ်လာလို့ အပေါ်ကတက်ကြည့်ရင် ဗိုလ်ချုပ်ကြီးတို့အိမ်ကို မြင်ရတယ်လေ။

မြင်ရတယ်။

အဲဒီကနေ တက်တက်ချောင်းကြတာ။

အဲဒီတုန်းက ဒေါ်ထားလည်း ကောင်းတယ်ဗျ။ ကျွန်တော့်ကို ဟင်းလေးတွေ ချက်ချက်ပေးတယ်။ ဒေါ်ထားကလည်း ကောင်းတယ်။ ဟိုဘက်က ဗိုလ်ချုပ်မျိုးညွန့်မိန်းမကလည်း ကောင်းတယ်။ သူကလည်း ဟင်းလျာတွေ ပို့ပေးတတ်တယ်။ ပထမတော့ ပို့လို့မရဘူးဗျ။ နောက်တော့ သူကလည်း အလှည့်နဲ့ဆိုတော့ သူက အထုပ်သုံးထုပ်ပို့လိုက်တယ်။ ကျွန်တော်က ဝက်သားမစားတာတော့ သူသိတယ်။ ဝက်သား၊ ကြက်၊ ဘဲဥတို့ကို အထုပ်သုံးထုပ်ထုပ်တယ်။ တစ်ထုပ်ကို ကျွန်တော့် လုံခြုံရေးရဲကို ပေးတယ်။ တစ်ထုပ်ကို အက်စ်ဘီကို ပေးတယ်။ အက်စ်ဘီက ကျွန်တော့်အိမ်ဝင်းထဲမှာ။ တစ်ထုပ်ကိုတော့ ကျွန်တော့်ကို ပေးတယ်။ အဲဒီတော့ ကျွန်တော့်ဆီ တစ်ထုပ်ပေးပါဆိုတော့ ရောက်သွားရော။ ခွဲတမ်း ခွဲတမ်း ခွဲတမ်းနဲ့ဗျ။ (ရယ်လျက်) နောက် သစ်ခွပန်းဆိုတာ ကျွန်တော်က သစ်ခွပန်း ဘယ်တော့မှမဖြုတ်ဘူး။ ဒါလည်း ကျွန်တော့်ကျေးဇူးရှင်၊ ဒါလေးနဲ့ တော်တော်လေး အဆင်ပြေသွားတာပေါ့။

ဘေးမှဝင်ပြော - သစ်ခွနာမည်တစ်မျိုးတိုးတယ်။ ဈေးထဲမှာ ဗိုလ်ချုပ်သစ်ခွတဲ့။

ဟုတ်လား။ ကျွန်တော် သွားသွားပြီး ပို့နေရတာကိုး။ အခုထိ ပို့နေတုန်းပဲ။

အခု စရဖ ပြောင်းသွားတော့ လုမ်းက တချို့လူပေါင်းတွေ စရဖမှာ ပြန်ပါနေတယ်လို့ ကြားတယ်။

မပါပါဘူးဗျာ။ ယခင် လုမ်းအပေါင်းက လူဆိုရင် ဘယ်သူမှ မထားဘူး။ ထားတဲ့သူလည်း ကျွန်တော်မသိဘူး။ သတင်းလည်း မကြားပါဘူး။ ထားလည်းထားမှာ မဟုတ်ပါဘူး။ ဒါတော့ ထုံးတမ်းစဉ်လာပေါ့ဗျာ။ လုပ်ထုံးလုပ်နည်းအရ ကြည့်မယ်ဆိုရင်လည်း မထားပါဘူး။ အကယ်၍ ကျွန်တော်ရှိလည်း ထားမှာမဟုတ် ဘူး။

ကို . . . ပြောတဲ့စကားလေးတစ်ခုက တော်တော်လေး စိတ်မကောင်းစရာ ဖြစ်သွားတယ်။ ကျွန်တော်တို့ထောက်လှမ်းရေးဆိုတာဗျာတဲ့ ဘယ်ခေတ်ကမှ ဇာတ်သိမ်းမကောင်းပါဘူးတဲ့။ ခေတ်အဆက်ဆက်ပါပဲ။ အဲဒီစကားလေးတစ်ခွန်း ကျွန်တော့်ကို ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အင်တာနက်စာမျက်နှာပေါ်မှာ နာမည်ကြီးနေသော "ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် မိန့်ခွန်း"

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် အရာရှိကြီးများ အုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၃/၉၃)
အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဟောပြောပို့ချချက်များ
(၃၀-၁၁-၉၃)

အင်တာနက်စာမျက်နှာတွင် ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်၏ မိန့်ခွန်းဟုဆိုကာ ပျံ့နှံ့နေသည်။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်အရာရှိကြီးများ၊ အုပ်ချုပ်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၃/၉၃) အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဟောပြောပို့ချချက်များ (၃၀၊ ၁၁၊ ၉၃) ဟု ဆိုသည်။ အဆိုပါမိန့်ခွန်းနှင့်ပတ်သက်၍ လုပ်ကြံဖန်တီးထားသည့် မိန့်ခွန်းဖြစ်သည်ဟု သုံးသပ်သူတို့ကလည်း သုံးသပ်ကြ သည်။

အဆိုပါမိန့်ခွန်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်အား သွားရောက်တွေ့ဆုံ၍ အတည်ပြုချက် ရယူသော အခါတွင်လည်း ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ အတည်ပြုခြင်းမရှိခဲ့။

သို့သော် ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ "ပြောခဲ့တယ်ဆိုရင်လည်း ခိုင်းလို့ ပြောခဲ့တာပဲဖြစ်မယ်"ဟု ဆိုသည်။ မည်သို့ဖြစ်စေ . . .၊ စိတ်ဝင်စားဖွယ်ကောင်းသော ယခင် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဟောပြောပို့ချချက်များဟုဆိုသော မိန့်ခွန်းကို စာဖတ်သူများ လေ့လာသုံးသပ်နိုင်ရန် တင်ပြအပ်ပါသည်။

နည်းနည်းအချိန်လည်း နည်းနည်းနောက်ကျသွားတယ်။ ဒီတစ်ပတ်တော့ နည်းနည်း တိုတိုပဲပြောတော့မယ်ဗျာ။ နည်းနည်းလည်း သိပ်ပြီး နေမကောင်းချင်သလို ဖြစ်နေတယ်။ ဒီကနေ့ အရာရှိကြီးများသင်တန်းမှာ ကျွန်တော်တို့ ဒီငါးနှစ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကာလအတွင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တစ်နည်းအားဖြင့် တပ်မတော်ရဲ့ကြိုးပမ်းဆောင်ရွက်မှု မသိသေးတဲ့ အကြောင်းအရာအလေးတွေ ကျွန်တော် ဒီနေ့ရှင်းပြပါမယ်။

ကျွန်တော်တို့တပ်မတော်အနေနဲ့ နိုင်ငံရဲ့အရေးအခင်းတွေ ပေါ်တိုင်းပေါ်တိုင်း ခိုင်ခိုင်မာမာရပ်တည်ပြီးတော့ နိုင်ငံတော်ကို ကယ်တင်ခဲ့တာ အကြိမ်ပေါင်းမြောက်မြားစွာ ရှိခဲ့ပါတယ်။ နိုင်ငံတစ်ခု ချောက်ကမ်းပါးထဲကျတော့မယ်ဟော့ဆိုရင် ခိုင်မာတဲ့ တပ်မတော်ရှိမှ အဲဒီတိုင်းပြည်ကို ကယ်တင်နိုင်မှာ။ ခိုင်မာတဲ့ တပ်မတော်မရှိဘူးဆိုရင် အဲဒီတိုင်းပြည်ဟာ အလူးအလဲနဲ့ ချောက်ကမ်းပါးထဲကျပြီး ဖရိုဖရဲပြိုကွဲတယ်ဆိုတဲ့ သာဓကတွေဟာ အများကြီးပါပဲ။

တချို့ကျတော့လည်း ကိုယ့်တပ်မတော် ခိုင်မာတယ်ဆိုပြီးတော့ ဝင်ကြည့်တာ၊ လုပ်ကြည့်တဲ့အခါကျတော့ ရည်မှန်းချက်တွေ မအောင်မြင်ဘူးပေ့ါ။ ဥပမာအားဖြင့် ကြည့်မယ်ဆိုရင် မကြာသေးမီကာလ ထိုင်းနိုင်ငံ။ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ ဆူချင်ဒါ ခေါင်းဆောင်ဟာ တပ်မတော်အနေနဲ့ နိုင်ငံတော်ကို တပ်မတော်ကပဲ ဦးဆောင်မယ်ဆိုပြီးတော့ နိုင်ငံရေးသမားတွေနဲ့ ပဋိပက္ခ ဖြစ်တယ်။ ဖြစ်တဲ့အခါကျတော့ နိုင်ငံရေးသမားတွေကတော့ နည်းပညာအစုံတတ်တာပေ့ါဗျာ။ နိုင်ငံရေးနည်းပညာတွေ အစုံတတ်တယ်။ အဲဒီ ထိုင်းတပ်မတော်အနေနဲ့ အဲဒီအရေးအခင်းကာလမှာ သူ့တပ် တပ်တပ်ချည်း၊ တပ်ကြီးဟာ ခိုင်မာလိမ့်မယ်လို့ သူထင်တယ်။ သူ့နောက်မှာ ရပ်တည်ပေးမယ့်သူတွေ၊ ထောက်ခံမယ့်သူတွေ ရှိတယ်လို့ ပြီးတော့ သူ လုပ်လိုက်တာပဲ။

သို့သော်ငြားလည်း အဲဒီထိုင်းတပ်ကြီးဟာ သူတို့ရဲ့ကြိုးပမ်းမှု မအောင်မြင်တဲ့အတွက် ဒီကနေ့ ထိုင်းတပ်ဟာ နိုင်ငံရဲ့ ပြည်သူတွေကြားထဲမှာ မျက်နှာမပြရဲအောင်ကို ရောက်တယ်။ ဘယ်သူကမှ အခုထိ မလေးစားဘူး။ နိုင်ငံရေးသမားတွေက ထိုင်းတပ်မတော်ကို အခု နည်းမျိုးစုံနဲ့ ဖိနှိပ်ကိုင်တွယ်ထားတဲ့သဘော ရှိတယ်။ အဲဒီအခါမှာ ထိုင်းတပ်မတော်အနေနဲ့ ကျွန်တော်တို့ကို လာပြီးချဉ်းကပ်တာပေ့ါဗျာ။ ချဉ်းကပ်တာက မြန်မာနိုင်ငံသည် အစဉ်အလာအားဖြင့် ကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံကို ကျွန်တော်တို့က အမြဲတမ်းအသာစီးနဲ့ ကျွန်တော်တို့ နေခဲ့တာပါ။ အသာစီးနဲ့ ကျွန်တော်တို့က ဆက်ဆံခဲ့တာပါ။

ဘုရင့်နောင်လက်ထက်ကတည်းကစပြီး ထိုင်းနိုင်ငံကို ကျွန်တော်တို့ ဆက်ဆံခဲ့တယ်။ ဘုရင့်နောင်လက်ထက်မှာ မြန်မာနိုင်ငံဟာ၊ မြန်မာ့တပ်မတော်ဟာ အိမ်နီးချင်းနိုင်ငံတွေအပေါ်မှာ ဩဇာလွှမ်းမိုးဆုံးအချိန်၊ ဩဇာအလွှမ်းမိုးဆုံး၊ အင်အားအကြီးဆုံး။ ပတ်ဝန်းကျင်နိုင်ငံတွေက ခန့်ညားလေးစားမှုလည်း ခံရတယ်။ အခုထိ ထိုင်းနိုင်ငံက ဘုရင့်နောင်ဆို လေးစားတယ်။

အလောင်းဘုရားကျတော့ မလေးစားဘူး။ ဒါ အားလုံးအသိပဲ။ အဲဒီတော့ အဲဒီလို ခန့်ညားလေးစားဖို့၊ အိမ်နီးချင်းနိုင်ငံတွေကနေပြီး အိမ်နီးချင်းနိုင်ငံတွေ အပေါ်မှာ ဩဇာသက်ရောက်မှု အစဉ်အမြဲရှိနေဖို့ဆိုတာမှာ အဓိက စစ်ရေးအသာစီးရမှု၊ စစ်ရေးအသာစီးမှုရမှ၊ စစ်ရေးအသာစီးမှု ရတယ်ဆိုတဲ့နေရာမှာလည်း ခေါင်းဆောင်ကောင်းတွေ ဖြစ်ဖို့လိုတာပေ့ါ။ ခေါင်းဆောင်ကောင်းတွေဖြစ်မှ တပ်မတော်ကို ပိုပြီးခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်မယ်၊ တပ်မတော်ဟာ စည်းလုံးညီညွတ်မှု ရှိမယ်။ သိပ်သည်းကျစ်လျစ်မှု ရှိမယ်။

အဲဒီတော့ အဲဒီလိုခေါင်းဆောင်ကောင်းတွေ ပေါ်တိုင်းပေါ်တိုင်းဟာ တိုင်းပြည်ရဲ့ ဂုဏ်၊ အရှိန်အဝါဟာ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့ ခန့်ညားလေးစားမှုကို ခံရတယ်။ အခု ကျွန်တော်တို့ တပ်မတော်အနေနဲ့ကြည့်မယ်ဆိုရင် စောစောပိုင်းတုန်းက ကျွန်တော်တို့ (၁၉၈၈) ခုနှစ် အရေးအခင်းကာလမှာ ကျွန်တော်တို့ကို သိပ်ပြီးမလေးစားကြဘူး။ ပတ်ဝန်းကျင်အိမ်နီးနားချင်းနိုင်ငံတွေကပါ ကျွန်တော်တို့အပေါ်မှာ အထင်အမြင် လွဲမှားတယ်။ အထင်အမြင်သေးတယ်။ တပ်မတော်ဟာ အနိုင်ကျင့်တယ်လို့ အဲဒီလို ယူဆခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်ငြားလည်း ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေဟာ တဖြည်းဖြည်းနဲ့ ဦးတည်ချက်ရှိတယ်။ နိုင်ငံရေးလမ်းကြောင်း အမှန်အတိုင်း ကြိုးပမ်းဆောင်ရွက်တယ်။ တပ်မတော်ကြီးအနေနဲ့လည်း စည်းလုံးညီညွတ်မှုရှိတယ်။ ခေါင်းဆောင်တွေအနေနဲ့လည်းတပ်မတော်ကိုဦးဆောင်မှုပေးနိုင်တယ်။ ခေါင်းဆောင်ကောင်းတွေဖြစ်တယ်ဆိုတဲ့အခါကျတော့တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေပေါ့။ နိုင်ငံရေးရည်မှန်းချက်၊ စီးပွားရေးရည်မှန်းချက်၊ အုပ်ချုပ်ရေး ရည်မှန်းချက်၊ အဲဒီရည်မှန်းချက်တွေဟာပိုပြီးတော့အောင်မြင်မှုတွေရရ၊ရရလာတဲ့အခါကျတော့တဖြည်းဖြည်းနဲ့ပတ်ဝန်းကျင်နိုင်ငံတွေက လေးစားလာတဲ့အနေအထားမျိုး၊ ဟိုအဝေးကြီးကနိုင်ငံတွေက ဘယ်လိုပဲပြောကြပြောကြ၊ အဝေးကြီးက နိုင်ငံတွေဆိုတာက မြန်မာနိုင်ငံအပေါ်မှာ ဩဇာလွှမ်းမိုးချင်တဲ့နိုင်ငံကြီးတွေ၊ မြန်မာနိုင်ငံကို သူတို့လိုသလို ကြိုးဆွဲချင်တဲ့ နိုင်ငံကြီးတွေကတော့ မြန်မာနိုင်ငံအပေါ်မှာစွပ်စွဲမှုတွေအမျိုးမျိုးနဲ့ဘယ်လိုပဲလုပ်လုပ်၊ကျွန်တော်တို့အိမ်နီးနားချင်းနိုင်ငံတွေကကျွန်တော်တို့မြန်မာနိုင်ငံအပေါ်မှာ တဖြည်းဖြည်းနဲ့ လေးစားခန့်ညားလာတဲ့ အခြေအနေမျိုးတွေ ရှိတယ်။

ထိုင်းနိုင်ငံအနေနဲ့ထိုင်းတပ်မတော်အနေနဲ့လည်းကျွန်တော်တို့အပေါ်လေးစားလာတယ်။ထိုင်းကနိုင်ငံရေးအဖွဲ့အစည်းတွေလည်း အခု ကျွန်တော်တို့အပေါ်မှာ လေးစားခန့်ညားမှုတွေ ဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံက ထွက်ပြေးတဲ့ မွတ်ဆလင်ဘာသာဝင်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့အပေါ်မှာ စောစောပိုင်းက တစ်မျိုးမြင်တယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ရပ်တည်ချက်၊ ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်ဟာ မှန်ကန်မှု ရှိတယ်ဆိုတာကို သိလာတဲ့အခါကျတော့၊ သဘောပေါက်လာတဲ့အခါကျတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ ကျွန်တော်တို့နိုင်ငံကို အင်မတန်မှ လေးစားလာတဲ့အနေအထားမျိုး ရောက်လာတယ်။

ထိုနည်းငှင်းပဲ အိန္ဒိယနိုင်ငံဟာ ကျွန်တော်တို့ရဲ့နိုင်ငံကို ဒီမိုကရေစီဆိုပြီးတော့မှ မမှန်ကန်တဲ့စွပ်စွဲချက်တွေနဲ့ စောစောပိုင်းက ကျွန်တော်တို့ကို တော်တော်ကို သူတို့က အထင်အမြင်လွဲမှားတယ်။ ကျွန်တော်တို့နိုင်ငံက ထွက်ပြေးတဲ့ လူငယ်လူရွယ်တွေကို အိန္ဒိယနိုင်ငံထဲမှာ စခန်းကြီးနစ်ခုဖွင့်ပြီးတော့ လက်ခံတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဆောင်ရွက်ချက်၊ ကြိုးပမ်းချက်အတွက် မှန်ကန်တယ်ဆိုတာ တဖြည်းဖြည်းသိလာတဲ့အခါကျတော့ အိန္ဒိယဟာ ကျွန်တော်တို့ကို အရေးတယူဖြစ်လာတယ်၊ ကျွန်တော်တို့ရဲ့လုပ်ရှားဆောင်ရွက်ချက်တွေကို အသိအမှတ်ပြုလာပြီးတော့မှ နှစ်နိုင်ငံဆက်ဆံမှုဟာ ပိုကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းလာတဲ့အနေအထားမျိုး ရှိတယ်။

တရုတ်နိုင်ငံ၊ တရုတ်နိုင်ငံကတော့ အားလုံးသိတဲ့အတိုင်းပဲ၊ ဟိုးစောစောပိုင်းတုန်းက သမိုင်းကြောင်းပြန်ကြည့်မယ်ဆိုရင်တော့ ဗကပတွေ သိပ်ပြီးတော့ အခြေအနေကောင်းတဲ့ အချိန်တုန်းကတော့ တရုတ်နိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံ ဆက်ဆံမှုဟာ နည်းနည်းလေး တစ်မျိုးတစ်မည်ဖြစ်နေမှာပေါ့။ ဒါအားလုံးအသိပဲ။ အဲဒီတော့ ဗကပကို နောက်ကနေပြီးတော့ ကျောထောက် နောက်ခံပြုတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့တိုက်ပွဲတွေ အကြီးအကျယ် ဖြစ်တာပဲ။ အဲဒီတော့ အလူးအလဲ ကျွန်တော်တို့ ဖြစ်ခဲ့တာပဲ။ သို့သော်ငြားလည်း ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ရပ်တည်ချက်၊ ကျွန်တော်တို့တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို တဖြည်းဖြည်း နားလည်သဘောပေါက်လာတဲ့အခါကျတော့ ဗကပကို နောက်ပိုင်းမှာ ကျောထောက်နောက်ခံပြု ပံ့ပိုးဆောင်ရွက်မှုတွေကို တဖြည်းဖြည်း လျှော့လျှော့လာပြီးတော့ နောက်ဆုံးကျတော့ ဖြတ်လိုက်တဲ့ အဆင့်ထိ ရောက်သွားတယ်။

အဲဒါက ဘယ်အချိန်က စဖြတ်လဲဆိုရင် (၁၉၈၅) ခုနှစ်လောက်က ဖြစ်တယ်။ (၁၉၈၀) ခုလောက်အထိကတော့ (၈၀) ခုလောက်ကနေစပြီးတော့နည်းနည်းနည်းနည်းတော့ပေးနေတယ်။(၁၉၈၅) ခုနှစ်ကျတော့လုံးဝဖြတ်လိုက်တဲ့အနေအထား။ ဖြတ်လိုက်တဲ့အခါကျတော့ ဗကပအတွင်းမှာ အကြပ်အတည်းတွေ ဖြစ်တယ်။ ဖြစ်လာတဲ့အခါကျတော့ ဗကပအတွင်းမှာ အကြပ်အတည်းတွေ ဖြစ်တယ်။ ကျွန်တော်တို့ (၁၉၈၈) ခုနှစ် အရေးအခင်းပေါ်တဲ့အခါမှာ သူတို့အာဏာရရှိရေးအတွက်ကို



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ နောက်ဆုံးအကြိမ် ကြိုးပမ်းမှု လုပ်တယ်။ ဒါ ခင်ဗျားတို့အသိပဲ။ မိုင်းယန်းတိုက်ပွဲ ဟုတ်လား။ မြေပေါ်မှာက နိုင်ငံရေးသမားတွေက တစ်ဖက်က လှုပ်ရှားတယ်။ ဗကပရဲ့ မြေပေါ် (ဝ.၁၁) တွေဆိုပြီးတော့မှ တစ်ဖက်ကနေပြီးတော့ အရေးအခင်းကို ပိုပြီးကြီးသထက်ကြီးအောင် မြေပေါ်ကနေ လှုပ်ရှားတယ်။

မြေအောက်ကနေပြီးတော့မှ ဗကပရဲ့ကြံရွယ်ချက်ဟာ မြို့တစ်မြို့ကို ရအောင် သိမ်းမယ်။ အဲဒီမြို့တစ်မြို့ကနေ ဆက်ပြီးတော့ နယ်မြေချဲ့ပြီးတော့မှ နောက်ဆုံး ဘယ်အထိရောက်အောင် ချီတက်မလဲဆိုရင် မန္တလေးကို ချီတက်မယ်။ မန္တလေးကို သိမ်းမယ်ဆိုပြီး သူတို့အစီအမံတွေ ရှိခဲ့တယ်။ ဒါ အရင်ဆုံး သတင်းစာရှင်းလင်းပွဲတွေမှာလည်း ကျွန်တော်ပြောခဲ့ပြီး ဖြစ်ပါတယ်။ ဗကပ ပေါ်လစ်ဗျူရိုအစည်းအဝေးမှာလည်း ဒါ သူတို့ဆွေးနွေးညှိနှိုင်းတဲ့ ဗီဒီယိုတိပ်ခွေကြီးကို ခင်ဗျားတို့ တီဗီကနေပြီးတော့မှ တွေ့ရမှာပါ။ ဒါ သူတို့ရဲ့မဟာဗျူဟာစီမံကိန်းပေါ့။ ဒါ နောက်ဆုံးကြိုးပမ်းခဲ့တာ။ ကြိုးပမ်းချက်ပဲ။

သို့သော်ငြားလည်း မအောင်မြင်ခဲ့ဘူး။ မိုင်းယန်းတိုက်ပွဲ သူတို့ ဖရိုဖရဲနဲ့ ပြိုကွဲသွားတယ်။ မြေပေါ်က လှုပ်ရှားမှုတွေကလည်း သူတို့ရဲ့မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မလာဘူး။ ဖြစ်မလာတဲ့အခါကျတော့ အဲဒီမှာတင် တဖြည်းဖြည်း နဲ့ ဗကပဟာ ဝါးအစည်းပြေသလို ပြေပြေပြီးတော့မှ နောက်ဆုံး (၁၉၈၉) ခုနှစ် မှာ သူတို့ရဲ့လက်အောက်ခံ တိုင်းရင်းသားအဖွဲ့အစည်းတွေကနေပြီး သူတို့ ပြန်ပြီးတော်လှန်ပြီးတော့မှ ဒါ ကျွန်တော်တို့နဲ့ တရားဥပဒေဘောင်ထဲကို ဝင်လာပြီးတော့ လက်တွဲပြီးတော့မှ အခုထိ ဆောင်ရွက်နေတာ ဒါ အားလုံး အသိပဲ။

ဒါ ဘာလဲဆိုရင် တပ်မတော်ရဲ့နိုင်မာမှု၊ စည်းလုံးညီညွတ်မှု၊ ဒါကြောင့် (၁၉၈၈) ခုနှစ် အရေးအခင်းကာလမှာ ကျွန်တော်တို့ လက်ရှိ ကျွန်တော်တို့တပ်မတော်ရဲ့ကြိုးပမ်းဆောင်ရွက်မှုဟာ သမိုင်းတင်လောက်အောင် ကျွန်တော်တို့ အောင်မြင်မှုတွေ ရခဲ့တယ်။ အဲဒီအောင်မြင်မှုရတဲ့ဟာမှာ မသိတဲ့၊ မသိသေးတဲ့ အကြောင်းအရာလေးတွေ ခင်ဗျားတို့မသိတဲ့ အကြောင်းလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ လျှို့ဝှက်ထားတာလေးတွေ ရှိပါတယ်။ အဲဒီလျှို့ဝှက်ထားတာလေးတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အားလုံးသိအောင် ဒီနေ့ ကျွန်တော် ရှင်းပြပါ့မယ်။

(၁၉၈၈) ခုနှစ်ဒီအရေးအခင်းကာလဟာ သိပ်ပြီးပြင်းထန်ပါတယ်။ ကျွန်တော်တို့စတာကတော့ ဟိုဘက်ကကျောင်းသားကိစ္စနဲ့ စတာပေါ့ဗျာ။ (RIT) ကျောင်းသားကိစ္စနဲ့ စတာပဲ။ သို့သော်ငြားလည်း အဲဒီနေရာမှာ ဗကပ (cell)တွေကနေ ဝင်ပြီးတော့မှ ဒါ အုံကြွမှုတွေဖြစ်အောင် (Agitate) လုပ်တာပေါ့။ အဲဒီအချိန်မှာ အုံကြွမှုတွေ ပိုပြီးတော့ဖြစ်အောင် ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ ဘာဖြစ်သလဲဆိုရင် စီးပွားရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ခိုင်ခိုင်မာမာပါ ကျွန်တော်တို့မလုပ်နိုင်ဘူး။ နိုင်ငံတော်မှာ စီးပွားရေးကျဆင်းတယ်။ စီးပွားရေးကျဆင်းတဲ့အခါကျတော့ ပြည်သူတွေမှာ စားဝတ်နေရေး ကြပ်တည်းလာတယ်။

စားဝတ်နေရေး ကြပ်တည်းလာတဲ့အခါကျတော့ ပြည်သူအတွင်းမှာ စားဝတ်နေရေး ကြပ်တည်းလာတဲ့အခါကျတော့ ပြည်သူတွေထဲမှာရော၊ ဝန်ထမ်းတွေထဲမှာရော တဖြည်းဖြည်းနဲ့ မကျေမနပ်စိတ်တွေက ကိန်းအောင်းလာတယ်။ အဲဒီ မကျေမနပ်စိတ်တွေ ကိန်းအောင်းလာတဲ့အချိန်မှာ အဲဒီကျောင်းသား အရေးအခင်းလေးက ပေါ်လာတဲ့အခါကျတော့ ဗကပက ဝင်ပြီးတော့မှ ဆူပူမှုတွေဖြစ်အောင်လို့ လှုံ့ဆော်မှုလုပ်တယ်။

လုပ်တဲ့အခါကျတော့ အဲဒီမှာ အရေးအခင်းဟာ တဖြည်းဖြည်းနဲ့ ပြင်းထန်လာတာ အားလုံးသိတဲ့အတိုင်းပဲ။ ဒါဟာ မြို့လယ်ကောင်မှာ လူသတ်တာတွေ၊ ခေါင်းဖြတ်တာတွေ၊ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာ တစ်ခါမှမရှိဘူးတာတွေ၊ မြန်မာလူမျိုးတွေရဲ့ဓလေ့စရိုက်မှာ ဒီလိုခေါင်းဖြတ်သတ်မယ့်ဥစ္စာမျိုး မရှိဖူးဘူး။ ဗကပတောင်မှ သူတို့အချင်းချင်း သတ်တဲ့နေရာမှာ၊ ခေါင်းဖြတ်သတ်တာ မရှိဘူး။ တုတ်နဲ့ရိုက်ပြီးတော့ သတ်တာပဲ ရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့အရေးအခင်းကာလမှာတော့ မြို့လယ်ကောင်မှာတင် ခေါင်းဖြတ်သတ်တာတွေ၊ လူအုပ်ကြီးအလယ်မှာ ခေါင်းဖြတ်သတ်တာတွေက ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုအခွေထဲမှာ မြင်တဲ့အတိုင်းပဲ။ ရက်ရက်စက်စက်သတ်တာ။

အဲဒါမြို့လယ်ကောင်မှာ ဖရိုဖရဲတွေဖြစ်တယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ကလည်း နိုင်ငံတော်အစိုးရရဲ့ညွှန်ကြားချက်အတိုင်း၊ အမိန့်အတိုင်း ဆောင်ရွက်ရတာကိုး။ အဲဒီအချိန်မှာ တပ်မတော်ကို ပစ်ခတ်ဖို့အတွက် လုံးဝအမိန့်မပေးဘူး။ မပစ်ရဘူးဆိုပြီး တားဆီးခဲ့တဲ့အမိန့်ပဲ ကျွန်တော်တို့ရတယ်။ ရတဲ့အခါကျတော့ အခြေအနေတွေက ဘယ်လောက်အထိ ဆိုးရွားလည်းဆိုတဲ့အခါကျတော့ ဒါ ရန်ကုန်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးပါမှာပါ။ တစ်ဗိုလ် တစ်မင်းတွေ ဖြစ်တယ်။ ကျေးရွာမှာ တစ်ဗိုလ်ပဲ။ လမ်းတစ်လမ်းမှာဆိုရင် တစ်ဗိုလ်မကဘူး။ လေးငါးဗိုလ်လောက် ဖြစ်နေတယ်။ လမ်းတစ်လမ်းမှာ တစ်ဗိုလ်ပဲ။ အဲဒီတော့ လမ်းမှာ ခြံစည်းရိုးတွေခတ်။ အဲဒီအိမ်တွေ ပိတ်။ အပြင်လူပဲ ဒီလမ်းထဲကို မဝင်ရဘူး။ ကျွန်တော်တို့ စစ်ကားဝင်လို့မရဘူး။ စစ်ကားဝင်ရင် စစ်ကားကို မီးရှို့မယ်။ ဂျင်ကလိနဲ့ ပစ်မယ်ဆိုပြီးတော့ သေနတ်ကိုင်ထားတဲ့လူကို ခြိမ်းခြောက်တာ။

အဲဒီတော့ သေနတ်ကိုင်ထားတဲ့ ကျွန်တော်တို့တပ်မတော်ကားက အဲဒီထဲကို မဝင်ရဘူး။ ဝင်ရင်ပစ်ခတ်မှု ဖြစ်မယ်။ သွေးထွက်သံယိုဖြစ်မယ်။ သွေးထွက်သံယိုဖြစ်ရင်တပ်မတော်မှာတရားခံဖြစ်မယ်ဆိုတဲ့အခါကျတော့အဲဒီထဲကိုမသွားရဲဘူး။ ကျွန်တော်တို့ အဲဒီမှာ ဘယ်လောက်အကြပ်အတည်း၊ အခက်အခဲဖြစ်လဲဆိုရင် ကျွန်တော်တို့ပြောမယ်။ နိုင်ငံရေးသမားတွေ။ ဒီဆူပူမှုကို ဖန်တီးတယ်လို့ ယူဆဖွယ်ရှိတဲ့ နိုင်ငံရေးသမားတွေ တစ်ညမှာ ဖမ်းဖို့ ကျွန်တော်တို့ အမိန့်ရတယ်။ ကျွန်တော့်ကို မင်း ဖမ်းပေးရမယ်။ စာရင်းပေးထားရတာပေ့ါ။ အားလုံးပေါင်း (၁၀) ယောက်။ သာမန်အားဖြင့်ဆိုရင် လူ (၁၀) ယောက် ဖမ်းတာ တစ်ညနဲ့ ခဏလေးနဲ့ ဖမ်းလို့ရတာပေ့ါ။

အခုလိုအချိန်မျိုးဖမ်းရင် (၁၀) ယောက်ဟာ တစ်နာရီအတွင်း ကျွန်တော် လိုက်ဖမ်းလို့ရတယ်။ အဲဒီအချိန်တုန်းက လူ (၁၀) ယောက်ဖမ်းဖို့ နေနေသာသာ လူနှစ်ယောက်ပဲ ဖမ်းလို့ရတယ်။ သခင်တင်မြနဲ့ ဗိုလ်ရဲထွဋ် နှစ်ယောက်ပဲ ဖမ်းလို့ရတယ်။ တစ်ညလုံး ကျွန်တော့်ကို တပ်ဘယ်လောက်ပေးသလဲ။ တပ်ရင်းသုံးရင်း ပေးတယ်။ တပ်ရင်းသုံးရင်းကို အဲဒီမှာ တစ်ညလုံး လမ်းတွေထဲမှာ တုတ်တွေ၊ ဓားတွေကိုင်လို့ အဲဒီမှာ။ အဲဒီဆန္ဒပြတဲ့အကောင်တွေက မီးပုံတွေနဲ့ ထိန်ထိန်ညီးနေတာ။ အဲဒီအိမ်တွေ နားမှာ။ ဘယ်လိုမှ တပ်ကဝင်လို့ မရဘူး။

တပ်ဝင်ရင် တပ်ကိုတားသေးတယ်။ တားပြီးတော့မှ အဲဒီ(Convoy)ကို သူက လိုက်စစ်ဆေးတယ်။ ဘယ်သွားမှာလဲ။ ဒါဟာ တို့ လုံခြုံမှုစောင့်ရှောက်နေရတာ။ မင်းတို့ကို အန္တရာယ်ပြုမှာမဟုတ်ဘူး။ တို့လုံခြုံရေးအရ သွားမှာ။ အဲဒီလိုပြောပြီး သွားရတယ်။ ဘယ်လောက်ဆိုးသလဲဆိုရင်၊ ဒါ ရန်ကုန်မြို့ထဲမှာ နေတဲ့လူဆိုရင် သိမယ်။ နယ်မှာဆိုရင်တော့ မသိဘူး။ အဲဒီတော့ ကျွန်တော်တို့တပ်က ဘာမှလုပ်လို့မရဘူး။ လူလေးနှစ်ယောက်လောက် ဖမ်းတာတောင် တပ်ရင်းသုံးရင်းနဲ့ ဖမ်းရတယ်။ ဘယ်လောက်အခြေအနေဆိုးသလဲ။

(၁၉၈၈) ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့၊ ဟုတ်လား။ ခင်ဗျားတို့ ကုန်သွယ်ရေး၊ ကုန်သွယ်ရေးရုံးပေါ်မှာ ကျွန်တော်တို့တပ်စုတစ်စု ရှိတယ်။ အမှန်တော့ ထားတာ တပ်ခွဲတစ်ခွဲပေ့ါ။ တပ်ခွဲတစ်ခွဲကနေပြီးတော့မှ အပြင်ကို တာဝန်နဲ့ တပ်စုတစ်စုက ရောက်နေတယ်။ အခြားတာဝန်ကလေးတွေလည်း လုပ်တဲ့အခါကျတော့ တကယ်ကျန်တာက တစ်စုတစ်စုပဲကျန်တာ။ ကုန်သွယ်ရေးရုံးပေါ်မှာရှိတဲ့တပ်စုကို အဲဒီတပ်စုကလည်း ကျည်ဆန်တစ်တောင့်က ထွက်သွားတယ်။ ထွက်သွားတာ ရဲဘော်တစ်ယောက်က မခံမရပ်ဖြစ်လွန်းအားကြီးလို့ အောက်မှာ ဆဲဆိုနေတဲ့အခါကျတော့ မခံမရပ်နိုင်ဖြစ်လွန်းအားကြီးလို့ ရဲဘော်ကနေပြီးတော့ သေနတ်မောင်းကို ကုတ်တာပဲ။ ကုတ်တော့ အဲဒီကျည်ဆန်တစ်တောင့်က ဓာတ်တိုင်ကိုသွားထိပြီးတော့ ဆန္ဒပြတဲ့ လူတစ်ယောက်ရဲ့ခေါင်းကို သွားပြီးတော့ ရှပ်ပြီးတော့ ထိတာ။ ဆံပင်လေးဖြတ်သွားတာပါ။ အသား ဘာမှမပေါက်ဘူး။ အရေမပေါက်ဘူး။ ဆံပင်ဖြတ်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကုန်သွယ်ရေးရုံးပေါ်ကတပ်က သေနတ်နဲ့ပစ်တယ်ဆိုပြီးတော့ အဲဒီတပ်ကို ဝိုင်းတာပဲ။ ဝိုင်းတဲ့အခါကျတော့ ကျွန်တော်တို့နဲ့ တယ်လီဖုန်းရပါတယ်။ အဲဒီတပ်စုမှူးနဲ့ တယ်လီဖုန်းရတယ်။ နောက်ပြီးတော့ တစ်ဖက်ကလည်း သတင်းကပေးနေပြီ၊ သတင်းက ဘယ်သူကပေးတာလဲဆိုတော့ အခု လဝက ညွှန်ချုပ်လုပ်နေတဲ့ ကိုအောင်။ သူက ကုန်သွယ်ရေးရုံးနဲ့ မျက်စောင်းထိုးမှာ။ ကုန်သွယ်ရေးရုံးနဲ့။ သူက သူ့နေရာက လှမ်းပြီးတော့မှ အဲဒီရဲ့လူတွေရဲ့လှုပ်ရှားမှုကို မြင်နေတယ်။ သူကလည်း လူတွေရဲ့လှုပ်ရှားမှုကို မျက်မြင်၊ အဲဒီကနေ တယ်လီဖုန်းနဲ့ (Report) လုပ်နေတယ်။

ကျွန်တော်တို့က အဲဒီအချိန်မှာ စစ်ရုံးက (GI) အခန်းထဲမှာ အားလုံးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်၊ ကျွန်တော်တို့ပေါ့လေ။ တစ်ဖက်ကလည်း အဲဒီအရာရှိလေးကနေပြီးတော့ တဖြည်းဖြည်းနဲ့ ဆန္ဒပြတဲ့လူတွေ အောက်ထပ်ဝင်လာပြီ။ ဗကပက အောက်ထပ်မှာ ကျွန်တော်တို့ တပ်စုကနေပြီး တပ်စိတ်တစ်စိတ်က အောက်ထပ်မှာ ထားတာ။ တပ်စုမှူးနဲ့ တပ်စိတ်တစ်စိတ်က အောက်ထပ်မှာ၊ ဒါပေမဲ့ တံခါးကိုဖျက်ပြီးတော့မှ ဆန္ဒပြတဲ့လူတွေက အောက်ထပ်ကို ဝင်လာတဲ့အခါကျတော့လည်း၊ အဲဒါဆိုရင် မင်းတို့အပေါ်ထပ်ကို တက်လိုက်။ အပေါ်ထပ်ကိုတက်တယ်၊ သူတို့က အပေါ်ထပ်ကို တက်လိုက်လာတယ်။ နောက်ဆုံးထပ် ထပ်ပြီး ထပ်ထပ် တက်တက် တက်တက်လာတဲ့အခါကျတော့ နောက်ဆုံးအဆင့်ကျတော့ ကျွန်တော်ဘာလုပ်ရမလဲတဲ့။

ပစ်မိန့်လည်း ပေးလို့မရဘူး။ မပစ်ရဘူးဆိုပြီးတော့ တားဆီးတဲ့အတွက် ပစ်မိန့်ပေးလို့မရဘူး။ နောက်ဆုံးဆန္ဒပြတဲ့ လူတွေကနေပြီးတော့ တယ်လီဖုန်းနဲ့ သတင်းပို့နေမှန်းသိတဲ့အခါကျတော့ တယ်လီဖုန်းကြိုး ဖြတ်ပစ်လိုက်တယ်။ တယ်လီဖုန်းအဆက်အသွယ် ပြတ်သွားတယ်။ ပြတ်သွားပြီးတဲ့နောက်မှာ နောက်ဆုံးပြောရရင် ဆန္ဒပြတဲ့လူတွေက အဲဒီတပ်စုကို ဘုန်းကြီးတွေကဦးဆောင်ပြီးတော့ပေါ့။ ကဲ...ဒကာတို့ဘာမှစဉ်းစားမနေနဲ့တော့။ ဘုန်းကြီးတို့ကြည့်ပြီးစီမံပေးမယ်။ ဒကာတို့ဘာမှ အန္တရာယ်မဖြစ်စေရဘူးဆိုပြီးတော့ ဘုန်းကြီးတွေက သိမ်းသွင်းပြီးတော့မှ၊ ကဲ ... သေနတ်တွေ ကျုပ်တို့သိမ်းမယ်ဆိုပြီး ဘုန်းကြီးတွေကနေ ယူလိုက်ပြီးတော့မှ၊ ကဲ ... သေနတ်တွေသိမ်းပြီးပြီဆိုပြီးတော့ ဆန္ဒပြနေတဲ့လူတွေကို ပြတယ်။ ပြပြီးတော့မှ စောစောက ကျန်တဲ့ရဲဘော်တွေကို ဘုန်းကြီးတွေကပဲ နောက်ဖေးပေါက်ကနေပြီးတော့မှ သင်္ကန်းတွေကြားထဲ၊ သင်္ကန်းတွေခြုံပြီး ခေါ်ထုတ်သွားပြီးတော့မှ စံပြရုံ၊ စံပြရုံကနေ သရက်တောကျောင်းတိုက် အဲဒီကိုခေါ်သွားတယ်။

ဆိုတော့ အဲဒီမှာလည်း တချို့ဘုန်းကြီးတွေ၊ ကောင်းတဲ့ဘုန်းကြီးတွေ အများကြီးပါ။ ဥပမာ – အခု သရက်တော ကျောင်းတိုက်က မှန်ကျောင်းဆရာတော်၊ သူ ဦးဆောင်ပြီးတော့ ခေါ်ထုတ်သွားရတယ်။ ခေါ်ထုတ်သွားပြီး သူ့ကျောင်းထဲမှာပဲ ကျောင်းမှာ ဝှက်ထားပေးတဲ့ဟာမျိုး လုပ်တယ်။ ဒါ တချို့ဘုန်းကြီးတွေ ကောင်းတာပေါ့လေ။ အဲဒီတော့ အဲဒီလို အရေးအခင်း ဖြစ်နေတဲ့ အခါကျတော့ ကျွန်တော်တို့က ဒီအတိုင်းဆိုရင်တော့ မဖြစ်ဘူး။ တပ်စုတစ်စုတောင်မှ ဒီလိုလုပ်လာပြီဆိုတော့၊ နောက်တစ်ဆင့်ဟာ တဖြည်းဖြည်းနဲ့ အတင့်ရဲလာတော့မယ်။ ဦးကျိုးသွားတဲ့ဟာမျိုး ဖြစ်ရင်တော့ မဖြစ်ဘူးဆိုပြီးတော့မှ ကျွန်တော်တို့ တိုင်ပင်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တပ်မတော်ဦးစီးချုပ်ရယ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရယ်၊ ကျွန်တော်ရယ်၊ နောက်ပြီးတော့ အဲဒီတုန်းက လမ်းစဉ်ပါတီက ဗိုလ်ချုပ်ကြီးထွန်းရီရယ်၊ ကျွန်တော်တို့လေးယောက် အဲဒီဦးစီးချုပ်အခန်းမှာပဲ၊ တံခါးပိတ်ပြီးတော့ပေါ့။ ဘာလုပ်မလဲ။ ဒီလိုတော့ဖြစ်နေပြီ။ ဆိုတော့ အဲဒီမှာ ကျွန်တော်တို့ခေါင်းဆောင်ကြီးရှိတာကိုး။ ဟုတ်လား။ အစိုးရအဖွဲ့ခေါင်းဆောင်တွေ ရှိတယ်။ ပါတီက ခေါင်းဆောင်ကြီးတွေ ရှိတယ်။ သူတို့ဆီကိုလည်း (Information) အမှန်တွေက မရောက်ဘူး။ မရောက်တဲ့အခါကျတော့ ဆုံးဖြတ်ချက်တွေက ပီပီပြင်ပြင် ကျွန်တော်တို့မရဘူး။

အဲဒီတော့ ကျွန်တော်တို့က နောက်ဆုံး ဒီဟာတော့ ဒီအခြေအနေ၊ ကုန်သွယ်ရေးရုံးမှာ ဖြစ်တဲ့အခြေအနေကတော့ သိပ်ဆိုးနေပြီ။ ကျွန်တော်တို့ ဒီအတိုင်းဆိုရင်တော့ ကျွန်တော်တို့ တပ်မတော်လည်း ပျက်တော့မယ်။ တပ်မတော် ကွဲသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဇရိုဖရဲဖြစ်သွားရင် တိုင်းပြည်ပါပျက်လိမ့်မယ်။ တစ်ခုခုတော့ ကျွန်တော်တို့ ဆုံးဖြတ်မယ်။ ရဲရဲတင်းတင်း ဆုံးဖြတ်မှဖြစ်မယ်။ အဲဒီမှာ ကျွန်တော်တို့ ဆွေးနွေး၊ ဆွေးနွေးပြီးတော့မှ ဘာလုပ်လဲဆိုရင် အဲဒီအချိန်တုန်းက နိုင်ငံ့ခေါင်းဆောင်အဖြစ်နဲ့ ရှိနေသေးတဲ့ ဥက္ကဋ္ဌကြီးဦးနေဝင်းဆီ ဒီသတင်းအမှန်ကိုတော့ သွားပြီးတော့ တင်ပြမယ်။

အဲဒီတော့ ကျန်တဲ့လူကြီးတွေ ဆင့်ကဲဆင့်ကဲ တင်ပြရင် အချိန်က သိပ်ကြန့်ကြာသွားမယ်။ သတင်းကလည်း ပြည့်ပြည့်စုံစုံရောက်ချင်မှရောက်မယ်။ အဲဒီတော့ ကျန်တဲ့လူကြီးတွေ မသိအောင်ဘဲ ကျွန်တော်တို့ စွန့်ပြီးသွားမယ်။ ကျွန်တော်တို့ ဆုံးဖြတ်လိုက်တယ်။ ကဲ အဲဒါဆိုရင် ဘယ်သူသွားမလဲဆိုတဲ့အခါကျတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရယ်၊ ကျွန်တော်ရယ်၊ ကဲ ... နှစ်ယောက် ခင်ဗျားတို့ သွားမယ်။ ကြိုပြီးတော့ အသိပေးပါဆိုတဲ့အခါကျတော့ ကျွန်တော်က ကြိုပြီး တယ်လီဖုန်းနဲ့ပဲ၊ ဗိုလ်မှူးဆက်ထွန်းဆီကို ဗိုလ်မှူးဆက်ထွန်း ကျွန်တော်တို့ လာမယ်။ သိပ်အရေးကြီးတယ်။ ကျန်တဲ့လူကြီးတွေကိုလည်း ဘယ်သူ့မှမပြောရသေးဘူး။ ဒါကို လျှို့ဝှက်ထားပါ။ လူကြီးကို သွားပြီးတော့ တင်ပြထားပေးပါ။ ကျွန်တော်တို့နှစ်ယောက် လာပါမယ်။ ဘယ်သူ့ကိုမှလည်း မပြောပါနဲ့။ သိပ်အရေးကြီးလို့ပါ။ တိုင်းပြည်အတွက် သေရေးရှင်ရေးဖြစ်တဲ့အတွက် ကျွန်တော်တို့ လာမှာပါဆိုပြီးတော့ သွားပြီးတင်ပြနိုင်းတော့၊ ဟိုက အိုကေ လာပါ စောင့်နေမယ်။

ကျွန်တော် တယ်လီဖုန်းဆက်တဲ့အချိန်က ဘယ်အချိန်လောက်ရှိမလဲဆိုတော့ ညနေ (၆) နာရီ။ (၆) နာရီလောက်။ ကျွန်တော်တို့ တစ်နာရီအတွင်း ထွက်လာမယ်ဆိုပြီးတော့ (၇) နာရီ တကယ်ထွက်တဲ့အခါကျတော့ (၇) နာရီခွဲလောက်မှ ကျွန်တော်တို့ ထွက်နိုင်ပါတယ်။ စစ်ရုံးကနေပြီးတော့ ဘာနဲ့ဆက်သွယ်သလဲဆိုရင် ခင်ဗျားတို့ တွေ့ပြီးပြီလားတော့ မသိဘူး။ ကျွန်တော်တို့စီးတဲ့ (Armour Personal Carrier) တွေ့ပြီးပြီလား၊ မသိဘူးနော်။ (Armour Personal Carrier) အဲဒါလည်း သိပ်မကြာသေးဘူး။ လုပ်ပြီးကာစ နှစ်စီး။

ကဲ အဲဒီနှစ်စီး၊ တီအီး - ၁၁ ယာဉ်ကြီးတွေကို ကျွန်တော်တို့ပြန်ပြီး (Convert) လုပ်ထားတာပေါ့ဗျာ။ (Armour Personal Carrier) နှစ်စီးနဲ့၊ စစ်ရုံးကနေပြီးတော့ ကျွန်တော်တို့ စထွက်တယ်။ အဲဒီတော့ ကျွန်တော်တို့နဲ့အတူတူ လုံခြုံရေးက ဘယ်လောက်ပါသလဲဆိုရင် လုံခြုံရေးက တပ်ခွဲသုံးခွဲလောက် ပါတယ်။ ရှေ့က တပ်ခွဲတစ်ခွဲ၊ နောက်က တပ်ခွဲနှစ်ခွဲလောက် လိုက်တယ်။ ဘာကြောင့် လုံခြုံရေးတွေ ဒီလောက်ပါသလဲဆိုတော့ လမ်းမှာ သစ်ပင်တွေဖြတ်ပြီးလှဲထားတယ်။ လမ်းတွေ (Block) လုပ်ထားတယ်။ သစ်ပင်တွေ ဖြတ်ပြီးလှဲထားတယ်။ လမ်းဘေးက အဲဒီ ကွန်ကရစ်ပိုက်ကြီးတွေ တင်ထားတယ်။ အတားအဆီးတွေ လုပ်ထားတယ်။

ဆိုတဲ့အခါကျတော့ ပြည်လမ်းမကြီးမှာလည်း လူတွေက ပြည့်နေတာပဲ၊ ပိတ်ထားတာ။ ကျွန်တော်တို့ ဒီလမ်းကြောင်းကြီး ပိတ်ဆို့ထားတာပေါ့။ တပ်တွေ လှုပ်ရှားမှု မလုပ်နိုင်အောင်လို့။ တပ်တွေ (Move) မလုပ်နိုင်အောင်။ တပ်တွေ တစ်နေရာက တစ်နေရာ(Move) မလုပ်နိုင်အောင်ဆိုပြီး၊ ဒီဟာ (Block) လုပ်ထားတာ။ အဲဒါ ဗကပရဲ့ ဟိုဒင်းတွေပဲ။ ဗကပ နည်းလမ်းတွေ။

(၇) နာရီခွဲလောက်မှာ ကျွန်တော်တို့ ထွက်ပါတယ်။ တပ်မတော်ဦးစီးချုပ်နဲ့ ကျွန်တော်က တစ်စီး ကျွန်တော်တို့က။ နောက်ကျန်တဲ့တစ်စီးကတော့ ကျွန်တော်တို့ရဲ့ အနီးကပ် (Escort) ရှေ့က တပ်ခွဲတစ်ခွဲက ရှင်း၊ နောက် တပ်ခွဲနှစ်ခွဲက အရံလိုက်တာ၊ ဘယ်ကနေသွားသလဲဆို စစ်ရုံးကနေ စထွက်တယ်။ စစ်ရုံးကနေ ရွှေတိဂုံဘုရားလမ်း၊ ရွှေတိဂုံဘုရားလမ်းကနေပြီးတော့ ကျွန်တော်တို့ ဘယ်ကိုလိုက်ဝင်သလဲဆိုရင် ဟိုဒင်းအတိုင်းကို သွားတယ်။ ရွှေတိဂုံဘုရားလမ်းကနေပြီးတော့မှ ဦးဝိစာရလမ်းကိုပဲထွက်လိုက်တယ်။ ဦးဝိစာရလမ်းကနေပြီးတော့မှရုပ်ရှင်ရုံ၊ ဝိဇယရုံ၊ ဝိဇယရုံထောင့်ရောက်တဲ့အခါကျတော့ အဲဒီကနေ ညာဘက်ချိုးပြီးတော့ အခုတော့ ဘာလမ်းလဲ မသိဘူး၊ ဓမ္မစေတီလမ်း ထင်တယ်။ အဲဒီလမ်းကနေပြီးတော့ တစ်ခါ စက်မှုသက်မွေးပညာကျောင်း ဘေးကနေပြီးတော့ အခု ကျွန်တော်တို့ ဟိုဒင်းလမ်းပေါ့။ ဘာလမ်းခေါ်သလဲ။ အင်းလျားလမ်း



www.burmeseclassic.com

www.burmeseclassic.com



အေဒီလမ်းကို ဘယ်အချိန်မှ ရောက်သလဲ။ ည (၁၁) နာရီခွဲလောက်မှ ရောက်တယ်။ တွက်ကြည့်တော့ ဘယ်လောက်ကျွန်တော်တို့ ကြာသလဲဆိုတာ။ အဲဒီတော့ အေဒီလမ်းရောက်တဲ့အခါကျတော့ အေဒီလမ်းမှာ ဥက္ကဋ္ဌကြီးက သူစောင့်နေမယ်။ အောက်ထပ်မှာဆင်းပြီး၊ ဆင်းစောင့်နေတယ်။ ကျွန်တော်တို့က ရောက်ရောက်ချင်းပဲ အလေးပြုပြီးတော့ ကျွန်တော်တို့ အရေးတကြီး တိုင်းပြည်အတွက် တင်ပြစရာရှိလို့ လာခဲ့ခြင်းဖြစ်ပါတယ်။

ဆိုတဲ့အခါကျတော့ အေး အဲဒါဆိုရင် မင်းတို့ ကျန်တဲ့လူကြီးတွေကို တင်ပြပြီးပြီလား။ အသိပေးပြီးပြီလားတဲ့။ ကျွန်တော်တို့ကို မေးတယ်။ ဒါ တပ်မတော် အစဉ်အလာပေါ့ဗျာ။ ဆင့်ကဲဆင့်ကဲ သတင်းပို့ပြီးမှသာ လာရမယ်ဆိုတဲ့ဟာ ဒါ လူကြီးတွေ၊ ကျွန်တော်တို့ရဲ့ တပ်မတော်အကြီးအကဲတွေရဲ့ လိုက်နာတဲ့အစဉ်အလာပေါ့။ လူကြီးတွေကို မင်းတို့ သတင်းပို့ထားပြီးပြီလားတဲ့။ ဟာ ကျွန်တော်တို့က မသိဘူးလေ။ ကျွန်တော်တို့က ဘယ်သူ့မှ အသိမပေးဘဲလာတာ။ အဲဒီမှာ ကျွန်တော်တို့ တော်တော်ကို (shock) ဖြစ်သွားတယ်။ ဟာ ... ငါတို့တော့ ဒုက္ခပဲ။ မေးတဲ့(Question)က ကျွန်တော်တို့ကို ချောက်ချားစေတာပေါ့ဗျာ။

အဲဒီတော့ ကျွန်တော်တို့က ကျွန်တော်တို့ ဘယ်သူ့မှ အသိမပေးခဲ့ပါဘူး။ လျှို့ဝှက်ပြီးတော့မှ ဒါဗိုလ်ချုပ်ကြီးဆီလာတာပါ။ ဆိုတော့မှ သူက ဘာပြန်ပြောသလဲဆိုရင်၊ အေး ... ဒီတစ်ခါတော့လုပ်။ နောက်တစ်ခါတော့ အဲဒီလို မလုပ်ကြနဲ့တဲ့။ ကဲ ... မင်းတို့ပြောချင်တာပြော၊ ဘာလဲ၊ ဘာတင်ပြမှာလဲ။ တင်ပြဆိုတဲ့အခါကျတော့ ကျွန်တော်တို့က ဒီအရေးအခင်းကာလနဲ့ပတ်သက်တဲ့ ဇာတ်ကြောင်းတွေပေါ့လေ၊ ပြန်လှန်ပြီးတော့မှ နောက်ဆုံး ဒီကုန်သွယ်ရေးရုံးမှာ ဖြစ်ပျက်ခဲ့တဲ့အခြေအနေ၊ နောက်ဆုံး အခြေအနေအထိ ကျွန်တော်တို့က အမှန်အတိုင်း တကယ့်ဖြစ်ရပ်အတိုင်း ရှင်းပြတယ်။

အဲဒီတော့မှ သူ ဂယနဏ အကုန်သိတယ်။ အခြေအနေမှန်တွေ သိတယ်။ စောစောတုန်းကတော့ မသိဘူး။ ဒီလို အခြေအနေမှန် အသေးစိတ်တွေကို သေချာ ဂယနဏ တင်ပြတဲ့လူလည်း မရှိဘူး။ အဲဒီတော့မှ သူ အခြေအနေမှန်တွေကို သိပြီးတော့မှ၊ အေး ... အဲဒီလိုဆိုရင် ငါ စဉ်းစားမယ်ကွာတဲ့၊ ငါ ဒီည ငါ စဉ်းစားဦး မယ်တဲ့။ အေး၊ မင်းတို့ပြန်ကြတော့။

အဲဒီတော့ ကျွန်တော်တို့ကို ပြန်ခိုင်းတဲ့အချိန်က ည တစ်နာရီခွဲသွားပြီ။ ဒါပေမဲ့ ပြန်သွားပြီးရင်တဲ့ မနက်ဖြန်မနက် မိုးလင်းတဲ့အချိန်ကျရင် ကျန်တဲ့ လူကြီးတွေကို ငါ့ကို ဒါလာပြောတယ်။ ဒါ လာတင်ပြတယ်ဆိုတာ မင်းတို့ သွားပြီးတော့ သတင်းပို့တဲ့။ ဒုတိယအကြိမ် ကျွန်တော်တို့ ချောက်ချားသွားတယ်။ လူကြီးတွေမသိအောင် ကျွန်တော်တို့လျှို့ဝှက်ပြီးသွားတာ အခု နောက်တစ်နေ့မနက်ကျတော့ မင်းတို့လူကြီးတွေကို သွားအသိပေးဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ပိုပြီးချောက်ချားသွားတာပေါ့လေ။

အဲဒီတော့ သွားရင်တော့ လူကြီးတွေဆီရောက်ရင်တော့ သေချာပေါက်ပဲ။ အဆူခံရမှာပဲ။ တွက်ပြီးသား ကျွန်တော်တို့၊ ဘာလို့တုံး၊ ကျွန်တော်တို့က တပ်မတော်အစဉ်အလာကို ဖောက်ပြီပဲ။ တပ်မတော်အစဉ်အလာကို ကျွန်တော်တို့ ဖျက်တာကိုး။ ဖျက်ပြီးတော့ ကျော်ပြီးတော့မှ ကျွန်တော်တို့ သွားသတင်းပို့တာ။ ဒါ ကျွန်တော်တို့ရဲ့ ကျွန်တော်တို့ မှားသွားပြီဆိုတာတော့ ကျွန်တော်တို့ ခံယူတယ်။ သို့သော်ငြားလည်း ဒီလိုမှားခြင်းသည် တိုင်းပြည်အတွက် မှားခြင်းဖြစ်သည်။ ကိစ္စမရှိဘူး။ တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်တာကို ဆုံးဖြတ်ပြီးလုပ်လိုက်တာပဲလေ ဆိုပြီးတော့ ဒါနဲ့ ကျွန်တော်တို့ဖြေရတာ။

ကျွန်တော်တို့ပြန်လာရော၊ တစ်နာရီခွဲလောက်မှာ ပြန်လာတယ်။ ပြန်လာပြီး အပြန်ကျတော့ ကျွန်တော်တို့က လမ်းမှာ (Block) လုပ်ထားတဲ့ဟာတွေက မရှိတော့ဘူးဆိုတော့ အပြန်ကျတော့ ကျွန်တော်တို့မြန်ပါတယ်။ စစ်ရုံးကို ကျွန်တော်တို့က ဒါ နှစ်နာရီကျော်ကျော်လောက် ပြန်ရောက်တာပေါ့လေ။ နှစ်နာရီကျော်ကျော်လောက် ပြန်ရောက်တယ်။ ပြန်ရောက်ပြီးတော့ တစ်ညလုံး ကျွန်တော်တို့ အိပ်လို့မရပါဘူး။ ရင်ဆိုင်ရမယ့်ဟာကြီးကို ကျွန်တော်တို့က ဒါ တစ်ညလုံးစဉ်းစားနေတယ်။ စဉ်းစားရင်းနဲ့ အိပ်လို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ နောက်တစ်နေ့မနက်ကျတော့ ကျွန်တော်တို့ ကဲ (၇) နာရီလောက် သွားတွေ့မယ်ဆိုပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ကျွန်တော်နဲ့ပဲ နှစ်ယောက် မနက် (၇) နာရီမှာ ကျွန်တော်တို့ လူကြီးတွေ သွားတွေ့တယ်။ ဗိုလ်ချုပ်ကြီးအေးကိုရယ်၊ ဗိုလ်ချုပ်ကြီးကျော်ထင်ရယ် အိမ်နှစ်အိမ်ပေ့ါဗျာ။ ကျွန်တော်တို့။ ပထမ ဗိုလ်ချုပ်ကြီးအေးကိုဆီ ကျွန်တော်တို့ သွားတယ်။ သွားတဲ့အခါကျတော့ အဲဒီမှာ သူ့အခြေအနေ တင်ပြလိုက်တယ်။ တင်ပြလိုက်တော့ ကျွန်တော်တို့ကို ဘာမှတော့ မပြောဘူးပေ့ါ။ ဒါပေမဲ့ မျက်နှာတော့ မကောင်းဘူး။ မျက်နှာတော့ မကောင်းဘူးဆိုတော့ ကျွန်တော်တို့က ကျော်လွန်ပြီးတော့ သွားတင်ပြလိုက်တာ ဖြစ်နေတာကိုး။ မျက်နှာတော့ မကောင်းရှာဘူး။

အဲဒါ ကျွန်တော်တို့ကတော့ သိတယ်။ ကျွန်တော်တို့ ဒါအမှားပဲ။ သို့သော်ငြားလည်း တိုင်းပြည်နဲ့ချီပြီး လုပ်ရတဲ့ကိစ္စဖြစ်တဲ့အတွက် လူကြီးတွေ ဘယ်လိုပဲ ကျွန်တော်တို့အပေါ်မှာ အပြစ်တင်တင်၊ အပြစ်ဖို့ဖို့ ကျွန်တော်တို့ ခံယူမယ်ဆိုတဲ့ဟာမျိုး ခံယူထားပြီးသားပါ။ ပြီးတဲ့နောက်မှာ ကျွန်တော်တို့ ဗိုလ်ချုပ်ကြီးကျော်ထင်ဆီ ကျွန်တော်တို့ သွားတယ်။ ထပ်ပြီး ကျွန်တော်တို့ တင်ပြတယ်။ အဲဒီအချိန်က ဘယ်အချိန်လောက်ရှိပြီလဲဆိုရင် (၈) နာရီခွဲလောက် ရှိသွားပြီ။ (၇) နာရီလောက်က စပြီး တင်ပြတယ်။ (၈) နာရီခွဲလောက်ရှိတဲ့အခါကျတော့ တယ်လီဖုန်းလာတယ်။ ဒါ စက်တင်ဘာလ (၁၈) ရက် ဖြစ်သွားပြီနော်။ (၁၈) ရက်နေ့။ ဘယ်ကလာသလဲဆိုတော့ ဗိုလ်မှူးဆက်ထွန်းဆီက၊ လူကြီးတွေအားလုံးပေ့ါ။ အေဒီလမ်းကို အခုလာခဲ့ပါ။ (၉) နာရီအရောက်လာခဲ့ပါ။ လူကြီးအားလုံးဆိုတဲ့နေရာမှာ လူကြီးအားလုံးပေါင်း ခြောက်ယောက်ပဲ။ ဝန်ကြီးချုပ်ရယ်၊ ဒုဝန်ကြီးချုပ် နှစ်ယောက်ရယ်၊ ပါတီအထွေထွေ အတွင်းရေးမှူးရယ်နော်၊ နောက် နိုင်ငံတော်သမ္မတရယ် အားလုံးပေါင်း ခြောက်ယောက်ပေ့ါ။

အဲဒီတော့ ဒုတိယဝန်ကြီးချုပ်က နှစ်ယောက်က ဗိုလ်ချုပ်သန်းတင်နဲ့ ဦးရဲခေါင်။ ဝန်ကြီးချုပ်က သူရဦးထွန်းတင်၊ နိုင်ငံတော် သမ္မတက ဒေါက်တာမောင်မောင်။ အဲဒီမှာ ကျွန်တော်တို့က (၉) နာရီအရောက် ခြောက်ယောက်၊ လူကြီးတွေ လာခဲ့လို့ခေါ်တယ်။ ခေါ်ပြီးတော့မှ တစ်ယောက်တည်းပဲ မင်းတို့ဆီကို ဟိုနှစ်ယောက် ရောက်နေသလားဆိုပြီးတော့ မေးတယ်။ နှစ်ယောက်ဆိုတာ ကျွန်တော်တို့နှစ်ယောက်ပေ့ါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ကျွန်တော်နဲ့။ အဲဒီနှစ်ယောက် ရောက်နေသလား။ ရောက်နေရင် အဲဒီနှစ်ယောက်ကိုပါ တစ်ခါတည်းခေါ်ခဲ့။ ခေါ်လာ ခိုင်းတယ်။

အဲဒီတော့ ကျွန်တော်တို့လည်း အဲဒီလူကြီးတွေနဲ့ အတူတူတွဲပြီး လိုက်သွားတာပေ့ါလေ။ ခေါ်တဲ့အတိုင်းပဲ (၉) နာရီမှာ ကျွန်တော်တို့ အေဒီလမ်းရောက်တယ်။ ကျွန်တော်တို့တွေ့တဲ့အခါကျတော့ ဒီဘက် အေဒီလမ်းအတွင်းက ဒီဘက်ရုံး၊ ဥက္ကဋ္ဌကြီးရဲ့ရုံး။ ရုံးမှာ ကျွန်တော်တို့ စောင့်နေတယ်ပေ့ါလေ။ (၉) နာရီထိုးမှာ ကျွန်တော်တို့ (၉) နာရီမထိုးခင် ရောက်ပါတယ်။ (၉) နာရီထိုး၊ (၉) နာရီလည်း တိတိယိုးရော ဥက္ကဋ္ဌကြီး ရောက်လာတယ်။ ရောက် လာပြီးတော့မှ ကဲ . . . ထိုင်ကြ၊ ထိုင်ကြဆိုပြီး ထိုင်ခိုင်းပြီးတော့မှညကငါ့ဆီကိုဒီကောင်နှစ်ကောင်လာပြီးငါ့ကိုရှင်းလင်းပြီးတင်ပြတယ်။တိုင်းပြည်ရဲ့အခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြတယ်။ အဲဒါနဲ့ပတ်သက်ပြီး မင်းတို့ကို ဒီကနေ့ တို့တစ်ခုခုတော့ လုပ်ရမယ်။ ကဲ . . . မင်းတို့ ပြန်ရှင်းပြစမ်းကွာဆိုပြီး တော့ ပြန်ရှင်းပြခိုင်းတယ်။ အားလုံး၊ လူကြီးတွေအားလုံးသိအောင် ရှင်းပြခိုင်းပြီးတော့မှ၊ ကဲ . . . တစ်ခုခုတော့ တို့ဆုံးဖြတ်ရလိမ့်မယ်။ အဲဒီတော့ မင်းတို့ သဘောထားတွေ တင်ပြကြကွာဆိုပြီးတော့မှ တင်ပြခိုင်းတယ်။ လူကြီးတွေကို။

တင်ပြတဲ့အခါကျတော့ တင်ပြချက်တွေက အမျိုးမျိုးပေ့ါ။ စစ်အုပ်ချုပ်ရေး လုပ်မှာလည်း ပါတယ်။ အဲဒီတော့ နောက်တစ်ခုက ရန်ကုန်နဲ့မန္တလေးကို ဒီမြို့ကြီးတွေကို ကွက်ပြီး တပ်ကိုအပ်မယ်ဆိုတာလည်း ပါတာပေ့ါလေ။ နောက်ပြီးတော့မှ တပ်ကို လွှဲလိုက်မယ်ဆိုတဲ့ဟာမျိုးလည်း ပါတာပေ့ါလေ။ လူကြီးတွေ ဒါတင်ပြကြတာပေ့ါ။ တင်ပြပြီးတော့မှ နောက်ဆုံးကျတဲ့အခါကျတော့မှ၊ ကဲ...အဲဒီလိုဆိုရင်ငါဆုံးဖြတ်ပေးမယ်ဆိုပြီးတော့မှဒီကနေ့စပြီးတော့ကိုစောမောင်၊ မင်းတိုင်းပြည်ကိုတာဝန်ယူ၊ မင်း ဆက်သာလုပ်တော့။ ငါတို့ အားလုံးကနေပြီးတော့ မင်းကိုလွှဲပေးတယ်။ အေး . . . အဲဒီလိုလုပ်တဲ့အခါမှာ တစ်ခုတော့ ရှိတယ်။ ဒါဟာ အာဏာသိမ်းတာပဲ။ အာဏာသိမ်းတဲ့သဘောပဲ။ အာဏာသိမ်းရတော့ လက်ရှိခေါင်းဆောင်တွေကို ဖမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နောက်တစ်ခုက မင်းတို့ဆန့်ကျင်နေတဲ့လူတွေကိုလည်း ဖမ်းရတယ်။ မင်းတို့သဘောပဲ။ အဲဒီတော့ မင်းတို့ သေချာစဉ်းစားဆုံးဖြတ်ပြီးတော့လုပ် ဆိုပြီးတော့ ကျွန်တော်တို့ကို အမိန့်ပေးလိုက်တယ်။

ကျွန်တော်တို့ဘာလုပ်ရမလဲစဉ်းစားကြည့်။ ကျွန်တော်တို့ကျန်တဲ့လူကြီးတွေကိုဘာမှမလုပ်နဲ့လို့ပြောပြီးပြီလေ။ တာဝန်လွှဲပေးလိုက်တော့လို့ ပြောပြီးပြီ။ အဲဒီတော့ ကျွန်တော်တို့ဘာလုပ်ရမလဲ၊ ဘာဆုံးဖြတ်ရမလဲ၊ ဘာအတွေ့အကြုံမှလည်းမရှိဘူး။ အဲဒီတော့ ဦးစီးချုပ်ကတော့ပြောတယ်။ ကျွန်တော် ဒါမျိုး တစ်ခါမှလည်းမလုပ်ဖူးဘူး။ ကျွန်တော် ဘာလုပ်ရမှန်းလည်း မသိဘူးဆို တဲ့အခါကျတော့ အေး မင်းကတော့ သိမှာမဟုတ်ဘူး။ ကိစ္စမရှိဘူး။ ဒီကောင်တွေ ဒီကောင်တွေ ကနေ ဘာလုပ်ဘာလုပ်ဆိုတာ သူတို့ဆီကနေ နည်းယူ၊ သူတို့ဆီကနေ အကြံဉာဏ်တွေ ယူ။ ယူပြီးတော့မှ မင်း ဆက်လုပ်၊ ဒီလိုခိုင်းတာပါ။

အဲဒီတော့ ကျွန်တော်တို့က အဲဒီအချိန်မှာ နောက် ကျွန်တော်တို့ ဆွေးနွေးတယ်။ ဘယ်အချိန်လောက်ရောက်သွားလဲဆိုတော့ (၁၂) နာရီထိုးလောက်အထိ ရောက်သွားတယ်။ အဲဒီမှာ ပြောရင်းဆိုရင်းနဲ့ (၁၂) နာရီထိုးလောက် ဖြစ်သွားတဲ့အခါကျတော့ မင်း ဒီကနေပြီးတော့ ကဲ မင်းတို့အချိန်လည်းမရှိဘူး။ ဒီနေ့လုပ်ရမယ်ဆိုတဲ့အခါကျတော့ အချိန်ကမရှိဘူး။ ကဲ အဲဒါနဲ့ အေဒီလမ်းကနေ ပြီးတော့ ကျွန်တော်တို့ ကမန်းကတမ်းနဲ့ ထွက်လာတယ်။ ဘယ်ကိုသွားသလဲဆိုရင် သမ္မတရုံး၊ ဝင်ဒါမီယာထဲက သမ္မတရုံးကို သွားတယ်။ သမ္မတရုံးရောက်တဲ့အခါကျတော့ အဲဒီမှာ၊ အဲဒီတုန်းက သမ္မတရုံးညွှန်ကြားရေးမှူးချုပ်က အခု တိုင်းမှူး။ ဗိုလ်ချုပ်ကက်စိန်က ညွှန်ကြားရေးမှူးချုပ်၊ သမ္မတရုံးမှာ။

ကျွန်တော်တို့က မနက်စာလည်း မစားရသေးဘူး။ အဲဒီတော့ ကိုကာကို၊ လုပ်ပါဦး၊ မနက်စာလေးဘာလေး လုပ်ပါဦး ဆိုတော့ ဘယ်မှာမှလည်း ဝယ်လို့မရဘူး။ အဲဒီအချိန်က ခင်ဗျားတို့သိတဲ့အတိုင်းပဲ။ ဆိုင်တွေလည်း အကုန်ပိတ်ထားတာ။ အဲဒီတော့ ကျွန်တော်တို့တပ်က ဝယ်ခိုင်းတယ်ဆိုရင်လည်း အဆိပ်တွေ ထည့်ပေးလိုက်မှာ။ အဲဒီတော့ ဘယ်မှာသွားဝယ်လဲဆိုတော့ ခေါက်ဆွဲ၊ ခေါက်ဆွဲကြော်ရယ်၊ ဟင်းချိုရယ်၊ အခု မရမ်းကုန်းက။ ပေါဒီ မရမ်းကုန်းက လမ်းဆုံမှာ အရင်တုန်းက တရုတ်ဆိုင်လေးရှိတယ်။ ဘာလဲ တိုင်းချစ်လား၊ ဘာလားမသိဘူး။ တရုတ်ခေါက်ဆွဲဆိုင်လေး ရှိတယ်။ ဒီဘက်မှာ မရမ်းကုန်းလမ်းဆုံမှာ အခု တိုက်ကြီးတွေဆောက်ထားတဲ့နေရာက အဲဒီမှာ တရုတ်ဆိုင်လေး၊ ခေါက်ဆွဲဆိုင်လေး၊ နှစ်ဆိုင်တွဲလျက်ရှိတယ်။ အဲဒီနေရာကို အရပ်ဝတ်နဲ့သွားပြီး ခေါက်ဆွဲသွားဝယ်လာတယ်။ ကျွန်တော်တို့ ဖြစ်တဲ့ဘဝကို ကြည့်ပါဦး။ ခိုးကြောင်ခိုးဝှက်နဲ့ သွားဝယ်ရတာ။ အဲဒီခေါက်ဆွဲရယ်၊ ဟင်းချိုရယ် ဝယ်လာပြီးတော့မှ အဲဒီသမ္မတရုံးမှာ နေ့လယ်စာ ကမန်းကတန်းစားရတယ်။ ကျွန်တော်ကတော့ စားလို့မရပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီမှာ ကျွန်တော်က အငယ်ဆုံးဖြစ်နေတာကို။ အငယ်ဆုံးဆိုတော့ ကျွန်တော်တို့က ရေးရတာပေါ့။

စပြီးတော့မှ ဒေါက်တာမောင်မောင်ကနေပြီးတော့မှ၊ ကဲ...ပထမဦးဆုံး ရေးရမယ့်ဥစ္စာက ကျွန်တော်တို့ အမည်နာမပေါ့။ ဘာခေါ်မလဲဆိုတာကို။ အဲဒါကို အေဒီလမ်းကနေပြီးတော့ ကျွန်တော့်ကို ရွေးလိုက်တယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဆိုတာကို၊ နာမည်ကို။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဆိုတာ ညင်လည်းညင်သာတယ်။ ဒါ...တို့အာဏာသိမ်းတာ။ သို့သော်လည်း အာဏာသိမ်းမယ့်ရက်လို့ သဘောမသက်ရောက်ဘူး။ ဒီနာမည်လေးကို သုံးရင်ကောင်းမယ်ဆိုပြီး အေဒီလမ်းမှာပဲ ကျွန်မတော်တို့ ဆုံးဖြတ်ပေးလိုက်တယ်။ ဆုံးဖြတ်ချက်ပေးလိုက်တော့မှ ကျွန်တော်တို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့၁/၈၈၊ အဲဒီအမိန့်ကို စပြီးရေးတာ။

ရေးတော့ ဒေါက်တာမောင်မောင်ကနေပြီးတော့ ဒီလိုဒီလိုရေးဆိုတဲ့အခါကျတော့ သူက နှုတ်တိုက်ပြောတာပေါ့ဗျာ။ ကျွန်တော်က လိုက်ရေးရတာပေါ့။ ၁/၈၈ ရယ်၊ ၂/၈၈ ရယ်၊ ၃/၈၈ အဲဒီမှာ သုံးစောင်ကို၊ ပထမဦးဆုံးက ကျွန်တော်တို့ အာဏာသိမ်း၊ ကျွန်တော်တို့နိုင်ငံတော်ကို တာဝန်ယူတယ်ဆိုတဲ့ဟာကို ၁/၈၈ ကို ကျွန်တော်တို့က ပထမဦးဆုံး အဲဒါကိုရေးတယ်။ ရေးပြီးတော့မှ နောက်တစ်ခုက အဲဒီမှာ ကျွန်တော်တို့လူပေမဲ့ လုပ်ငန်းတာဝန်တွေ၊ နောက်တစ်စောင်၊ နောက်တစ်စောင်က



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားရေးဝါဒ၊ ဒါ ကမ္ဘာကို ကြေညာရမှာကိုး။ ကြေညာရမှာဆိုတော့ နိုင်ငံခြားရေးဝါဒဟာ၊ ဒါ နိုင်ငံတကာကနေပြီးတော့မှ ဒါမပါရင် ကျွန်တော်တို့ ဘယ်လိုမှ လုပ်လို့မရဘူး။ အလုပ်လုပ်လို့မရဘူး။ ဒါကြောင့် နိုင်ငံခြားရေးမူဝါဒဆိုတာ သုံးတယ်။

သုံးစောင် အဲဒီမှာ အကြမ်းပေါ့လေ။ ရေးပြီးတော့ အပြန်အလှန်ပြန်ဖတ်။ ဖတ်ပြပြီးတော့မှ အေး . . . အဲဒါကောင်းတယ် ဆိုပြီးတော့မှ အဲဒီလိုအကြမ်းရေးပြီး၊ ရေးပြီးမှ တစ်ခါ ကျွန်တော်က စစ်ရုံးကို လှမ်းပြီး သတင်းပို့ရသေးတယ်။ တယ်လီဖုန်း ဆက်ပြီးတော့ ကျွန်တော်တို့ ဘယ်ရောက်နေပါတယ်။ ကျွန်တော်တို့ ပျောက်နေတယ်ဆိုတာလည်းဖြစ်မှာစိုးလို့၊ ဘယ်ရောက် နေတယ်။ အဲဒီတော့ ကျွန်တော် စစ်ရုံးကို ဘယ်အချိန်လောက်ရောက်မယ်။ ညနေသုံးနာရီလောက်မှာ ကျွန်တော်တို့ ရောက် မယ်။ အဲဒီရောက်တဲ့အခါကျရင် ကျွန်တော်တို့တပ်မတော်က အရာရှိကြီးတွေ၊ အဲဒီမှာ စစ်ရုံးမှာရှိနေတဲ့ အရာရှိကြီးတွေ အားလုံးစုစည်းထားပါ။ ဦးစီးချုပ်ကနေ တွေ့ပြီးတော့ ပြောစရာရှိပါတယ်။ ကျန်တဲ့တပ်တွေ ရှိတဲ့ဟာတွေ၊ အင်အားစုတွေ ကလည်း အားလုံး (Stand By) လုပ်ထားပါ။ ဒါပဲ ပြောလို့ရတယ်။ သုံးနာရီထိုးလောက် ကျွန်တော်တို့ အရောက်လာပါမယ် ဆိုပြီးတော့ ပြောထားတယ်။

ပြောထားပြီးတော့ အဲဒီမှာ လူကြီးတွေကနေပြီး အေး...ငါလည်းပြီးပြီ၊ အားလုံး ရေးလို့ပြီးပြီ၊ စောစောကပြောတဲ့အတိုင်း ခင်ဗျားတို့ ကျုပ်တို့ကို ဖမ်းလေ၊ ခင်ဗျားတို့ ဖမ်းမယ်ဆိုဖမ်း၊ အဲဒီတော့ ကျွန်တော်တို့က ဘယ်လိုလုပ်မလဲဗျ။ ကျွန်တော်တို့ စိတ်ထဲမှာပေါ့ဗျာ၊ တစ်မျိုးဖြစ်တာပေါ့။ စိတ်ထဲမှာမကောင်းဘူး။ ဟာ...ဘယ်ဟုတ်မလဲ။ ကျွန်တော်တို့လူကြီးတွေ၊ ကျွန်တော် တို့အကြီးအကဲတွေ ဘယ်ဖမ်းလို့ဖြစ်မလဲ။ ကျွန်တော်တို့ မဖမ်းပါဘူး။ ဆန့်ကျင်ဘက်လူတွေလည်း ကျွန်တော်တို့ မဖမ်းပါဘူး။ ဖမ်းသင့်တဲ့လူမှပဲ ဖမ်းမှာပါ။ အဲဒီတော့ ကျွန်တော်တို့က ငြိမ်ငြိမ်သာသာနဲ့ပဲ လုပ်သွားမယ်ဆိုပြီး အဲဒီမှာ လူကြီးတွေကို တစ်ခါ တည်းတောင်းပန်ပြီးတော့ အလေးပြုပြီးတော့ အဲဒီကပြန်ထွက်လာတယ်။ အဲဒီကစပြီး ကျွန်တော်တို့ လူကြီးတွေနဲ့ လမ်းခွဲတာ ပဲ။ အဲဒီ ဝင်ဒါမီယာ သမ္မတရုံး၊ အဲဒီကစပြီး ကျွန်တောတို့လမ်းခွဲတာပဲ။ အဲဒီက အလေးပြုပြီးတော့ ကျွန်တော်တို့လည်း အဲဒီက ထွက်လာခဲ့တာပဲ။

စစ်ရုံးရောက်တဲ့အခါကျတော့ (၃) နာရီထိုးပဲ။ ကျွန်တော်တို့ အရောက်လာတယ်။ ညနေ (၄) နာရီမှာ ရေဒီယိုက စလာ တော့မှာရေဒီယိုက (၄) နာရီလာတော့မှာကိုး။ လေးနာရီမှာလည်းကျွန်တော်တို့ကဒီဟာကို (Declare) လုပ်ချင်တယ်။ ဆိုတဲ့ အခါကျတော့ စစ်ရုံးရောက်တဲ့အခါကျတော့ စစ်ဆင်ရေးအခန်းမှာပဲ။ ကဲ . . . လက်နိပ်စက်သမားတစ်ယောက်ရယ်၊ နောက် စာအိတ်ပိတ်ဖို့ ဘာဖို့၊ တစ်ယောက်၊ နှစ်ယောက်ပဲ၊ နှစ်ယောက်ပဲဝင်။ အဲဒီနှစ်ယောက်ရယ်၊ ကျွန်တော်ရယ် အဲဒီမှာ၊ နောက် ပြီးတော့မှမြန်မာ့အသံသွားဖို့အတွက်ကို အဆင်သင့်လုပ်ခိုင်းထားတယ်။ ဗိုလ်ချုပ်မျိုးသန့်က (Signal Director)၊ ဗိုလ်ချုပ် မျိုးသန့်ရယ်၊ နောက်ပြီးတော့မှ အဲဒီမှာပါတာက MMZM ကိုသန်းဦး သူက (Escort) ပေါ့လေ။

အဲဒီတော့ အဆင်သင့်လုပ်ထားဆိုပြီးတော့ ကျွန်တော်နဲ့ အဲဒီစာရေးနဲ့ လက်နိပ်စက်စာရေးနဲ့ ကမန်းကတန်းပြန်ရိုက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဟိုစစ်ဆင်ရေးအခန်းထဲမှာ ကျန်တဲ့တပ်မှူးကြီးတွေကို အဲဒီမှာရှိနေတဲ့ လူတွေကို အခြေအနေတွေကို သူက ရှင်းပြနေတယ်။ ကျွန်တော်က ဟိုမှာ ရိုက်နေတယ်။ ပြီးပြီဆိုတာနဲ့ ကျွန်တော်ရိုက်ပြီးပြီဆိုတာနဲ့ လေးနာရီကလည်း ထိုးခါနီးနေပြီ။ မြန်မာ့အသံကလည်း ဟိုမှာက ဘယ်သူရှိသလဲဆိုရင် ဗိုလ်ချုပ်လှရွှေ၊ တပ်မမှူး၊ အဲဒီ တုန်းက တပ်မ (၃၃) တပ်မမှူးက မြန်မာ့အသံမှာ၊ အဲဒီတော့ မြန်မာ့အသံက အားလုံးကိုထိန်းထား။ မြန်မာ့အသံကို ဒီက ဗိုလ်ချုပ်မျိုးသန့်တို့ လာမယ်။ အဲဒီတုန်းက ဗိုလ်မှူးကြီးမျိုးသန့်ပေါ့လေ။ သူတို့လာလိမ့်မယ်။ အဲဒီတော့ မြန်မာ့အသံမှာ အားလုံးရှိထားတဲ့လူတွေကို ဘယ်မှမထွက်စေနဲ့။ အားလုံးထိန်းထားဆိုပြီးတော့ ဟိုကိုလည်း ထောက်လှမ်းပြီးအကြောင်း ကြားထားရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စောစောက ကြေညာချက်လေးခုဆို ပြီးတဲ့အခါကျတော့ ပိတ်၊ ပိတ်ပြီးတော့မှ ကဲ . . . ခင်ဗျားတို့သွား။ ဒါ လုံးဝ မဖွင့်ရဘူး။ တစ်က ဘာ၊ နှစ်က ဘာ၊ နောက် သုံး။ နောက်တစ်ခုက ကျွန်တော်တို့က လေးတစ်ခု ထည့်ရသေးတယ်။ နောက် ကျွန်တော်တို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းသည်ဆိုတာ၊ အဲဒီမှာထည့်ရတယ်။ အားလုံးပေါင်း လေးခုပေါ့။ ကြေညာချက်လေးခု။ တစ်ကဘာ၊ နှစ်ကဘာ၊ သုံးဘာဆိုတာအိတ်မှာတစ်၊ နှစ်ဂဏန်းတွေထည့်ပေးလိုက်ရတယ်၊ လုံးဝ မဖွင့်နဲ့။ ဟိုရောက်တာနဲ့ ကြေညာမယ့် သတင်း ကြေညာမယ့်အခန်းထဲကိုဝင်၊ ဝင်ပြီးတာနဲ့ တံခါးပိတ်။ ပိတ်ပြီးတော့မှ အဲဒီမှာဖွင့်၊ ဖွင့်ပြီးတော့မှ တစ်အိတ်ပြီး တစ်အိတ်ဖွင့်။ နံပတ်တစ်ဖွင့်၊ ကြေညာ။ သူတို့ဘာမှန်းမသိဘူးလေ၊ ယူသွားတာလည်း ကိုမျိုးသန့်တို့က ဘာမှန်းမသိဘူး။ ဟိုကလည်း ဘာကြေညာရမှန်းမသိဘူး။ ဖွင့်လိုက်တဲ့အခါကျမှ မျက်လုံးပြူးနေတယ်၊ သူတို့၊ အဲဒီမှာ ခင်ဗျားတို့ သိမှာပေါ့။ ကြေညာတဲ့လူက အသံတုန်နေတာ။ အဲဒီမှာ လေးနာရီတိတိမှာ ကျွန်တော်တို့ စကြေညာတာ။ အဲဒီကြေညာတဲ့အခါကျတော့မှ ဒါအားလုံး တချို့လည်း ရပ်ကွက်တွေထဲက စပြီးတော့မှ လက်ခုပ်လက်ဝါးတီး ဩဘာသံတွေ ပေးတာပေါ့ဗျာ။

အဲဒီတော့ အဲဒီ စက်တင်ဘာလ (၁၇) ရက်နေ့ရဲ့ ဖြစ်စဉ်ဖြစ်ရပ်ကလေးတွေ၊ ဘယ်သူမှမသိတဲ့ အလှည့်အပြောင်း ကနေ့မြန်မာနိုင်ငံရဲ့ ဒီကနေ့ ဒီအခြေအနေမျိုးရောက်အောင် အလှည့်အပြောင်းသည် အဲဒီကာလလေးပဲ။ ဘယ်လောက် အရေးကြီးတဲ့ကာလလဲ။ အဲဒီကာလက (၁၇) ရက်နေ့၊ ကျွန်တော်တို့ဆုံးဖြတ်ချက် သာမှားရင်၊ ကျွန်တော်တို့ကဇဝေဇဝါဖြစ်ပြီး ဘာမှဆုံးဖြတ်ချက်မချဘဲနဲ့ ဒီအတိုင်းသာကြည့်နေရင် ဒီနေ့ တိုင်းပြည်ကြီး ဒီအခြေအနေမျိုးမှာ မရှိဘူး။ တိုင်းပြည်ကြီး ပျက်ပြီ။

တိုင်းပြည်ရဲ့ကုသိုလ်ပေါ့၊ တိုင်းပြည်ရဲ့ကံပေါ့။ စက်တင်ဘာ (၁၇) ရက်နေ့ဟာ တိုင်းပြည်ရဲ့ကံ၊ တိုင်းပြည်ရဲ့ကုသိုလ်ကို အဲဒီ (၁၇) ရက်နေ့မှာ ကျွန်တော်တို့ အလှည့်အပြောင်းလေး လုပ်လိုက်တာ။ (၁၈) ရက်နေ့ကျတော့ ကျွန်တော်တို့ အကောင် အထည် ဖော်လိုက်တာ။ ဒီနှစ်ရက်ဟာမြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာ ကျွန်တော်တို့ နဝတရဲ့သမိုင်းကြောင်းမှာ ဒီနှစ်ရက်ဟာ အဓိကပဲ။ တကယ်နေ့တွေ။ ဒီအလှည့်အပြောင်းကာလမှာ ကျွန်တော်တို့ အဆုံးအဖြတ်သာမှားရင် ဒီကနေ့ တိုင်းပြည်ကြီး ဟာ ပျက်ပြီ။ လူကြီးတွေ အနေနဲ့လည်း အဲဒီမှန်ကန်တဲ့ဆုံးဖြတ်ချက်ကို မပေးဘူးဆိုရင် တိုင်းပြည်ကြီး ပျက်ပြီ။

ကျွန်တော်တို့ဆုံးဖြတ်တာလည်း မှန်တယ်။ လူကြီးတွေဆုံးဖြတ်တာလည်း မှန်တဲ့အတွက် ဒီကနေ့ မြန်မာနိုင်ငံရဲ့ အခြေ အနေဟာ ဒီအခြေအနေမျိုး ရောက်တာ။ ဒါကြောင့် ခင်ဗျားတို့ အခုတွေ့တဲ့ (Armour) ကားကြီးနှစ်ခုဆိုတာ ပြနေတယ်၊ ဟိုက၊ ဒါ သမိုင်းမှာ။ နောင်ဆိုရင် သမိုင်းမှာ သမိုင်းတင်မယ့် ကားကြီးနှစ်စီးပဲ။

အဲဒီတော့ ကျွန်တော်တို့သတ်မှတ်ထားတဲ့ သမိုင်းမှတ်တမ်းလေးတစ်ခု၊ ဒီကနေ့ အရာရှိကြီးများကို ကျွန်တော့်အနေနဲ့ သိသင့်သိအပ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် နောက်တစ်နေ့မှာ တိုင်းပြည်ရဲ့ခေါင်းဆောင်တွေ၊ တပ်မတော်ရဲ့ ခေါင်းဆောင် တွေ၊ ထိပ်တန်းခေါင်းဆောင်တွေပေါ့ဗျာ။ ဟုတ်ဘူးလား။ ခေါင်းဆောင်တွေပဲ။ ဒါ ခင်ဗျားတို့ဆိုရင် ဒုတိယလိုင်းပေါ့ဗျာ။ ဟုတ် ဘူးလား။ ဒုတိယလိုင်း။ (Second Line Leader) တွေပဲ။ နောင်တစ်ချိန်ကျရင် တိုင်းပြည်ရဲ့ (First Line Leader) တွေ ဖြစ်မယ့်ပုဂ္ဂိုလ်တွေ၊ တပ်မတော်ရဲ့ (First Line Leader) တွေ ဖြစ်မယ့်ပုဂ္ဂိုလ်တွေကို သိသင့်သိအပ်တယ်ဆိုပြီး ကျွန်တော့် အနေနဲ့ ဒီကနေ့ ရှင်းပြခြင်းဖြစ်ပါတယ်။ ခဏနားရအောင်။

ကျွန်တော်တို့နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (၈၈) ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့ နိုင်ငံရဲ့တာဝန် ယူပြီးတဲ့နောက်မှာ ကျွန်တော်တို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ကျွန်တော်တို့ တစ်ဆင့် ပြီးတစ်ဆင့် လုပ်ခဲ့တာပေါ့လေ။ အဲဒီတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေနဲ့ ပထမဦးဆုံး ဒီမိုကရေစီနိုင်ငံအဖြစ် သွားမယ် တောင်းဆိုနေတာကိုး။ တောင်းဆိုနေတဲ့အခါကျတော့ နိုင်ငံရေးလုပ်ချင်တဲ့လူတွေက အများကြီး။ မှိုလိုပေါက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေတဲ့အခါကျတော့ကဲ...ဒါကျွန်တော်တို့ကြေညာချက်ထဲမှာလည်းပါ.ပါတယ်။ ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲ လုပ်ပြီးတော့ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ပေးမယ်ဆိုပြီးတော့ ဒါ ကျွန်တော်တို့ရွေးကောက်ပွဲ (၉၀) ခုနှစ်မှာ ရွေးကောက်ပွဲ လုပ်ပေးတာပဲ။

အဲဒီတော့ရွေးကောက်ပွဲမလုပ်ခင်မှာကျွန်တော်တို့ကနိုင်ငံရေးပါတီတွေဖွဲ့စည်းခွင့်ပေးတယ်ဆိုတဲ့အခါကျတော့ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ တစ်ခါတည်း နိုင်ငံရေးပါတီတွေက မှိုလိုပေါက်ပြီးတော့ ပါတီပေါင်း နှစ်ရာကျော်တယ်။ ဘယ်နိုင်ငံမှာမှ မရှိဘူး။ မိသားစုတစ်ခုကလည်းပါတီတစ်ခု။ လူနှစ်ယောက်နဲ့ တစ်ပိုင်းကလည်းပါတီတစ်ခု။ ဟိုအရှောင်သမားတွေကလည်း ပါတီတစ်ခု၊ ဘိန်းဖြူသမားကလည်းပါတီတစ်ခု၊ နောင်မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းမှာတော်တော်ရှုပ်ထွေးတာ။ အဲဒီနိုင်ငံရေးပါတီတွေက နှစ်ရာကျော်ဆိုတာ ရက်ဖို့ကောင်းသေးတယ်။ ခင်ဗျားတို့ စဉ်းစားကြည့်။

ဒါပေမဲ့ ကျွန်တော်တို့ကတော့ ရွေးကောက်ပွဲလုပ်ပေးမယ်ဆိုပြီးတော့ ဒါ ရွေးကောက်ပွဲကို မှန်ကန်တဲ့နည်းလမ်းနဲ့ပေါ့လေ လုပ်ကိုင်ပေးတာပဲ။ သို့သော်ငြားလည်း အဲဒီနိုင်ငံရေးသမားတွေက ညစ်တယ်။ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ မြွေလိမ် မြွေကောက်နဲ့ ညစ်တဲ့အခါကျတော့ အဲဒီ (NLD) အများစုအနိုင်ရတယ်ဆိုတာမျိုး ဖြစ်တယ်။ ဘယ်လိုမှ မယုံနိုင်စရာတွေ ဖြစ်တယ်။ အဲဒီတော့ နိုင်ငံရေးဦးတည်ချက်အနေနဲ့က ကျွန်တော်တို့ ရွေးကောက်ပွဲလုပ်ပေးမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲမယ်လို့၊ ပြီးရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်ပေါ်လာတဲ့ အစိုးရအာဏာလွှဲပြောင်းပေးမယ်ဆိုပြီး၊ ဒါ ဒီအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာပဲ။ သို့သော်ငြားလည်း အဲဒီနိုင်ငံရေးသမားတွေက ဘယ်လောက်ညစ်သလဲဆိုရင် ရွေးကောက်ပွဲနိုင်ပြီဆိုတာနဲ့ချက်ချင်းအာဏာလွှဲပေးဆိုပြီးလုပ်နေတယ်။ကဲ...ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ချက်ချင်းအာဏာလွှဲပေးဆိုတော့ ဘယ်လိုလုပ် လွှဲပေးမလဲ။ အဲဒါ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေမှ ဒီခေတ်ဒီစနစ်နဲ့ လျော်ညီတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ မရှိဘူး။ ယခင်တုန်းကဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ခုရှိခဲ့တယ်။ (၄၇) ခုနှစ်တုန်းကဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၊ (၇၄) ခုနှစ်တုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခု၊ နှစ်ခု။

အဲဒီနှစ်ခုလုံးဟာ ကျွန်တော်တို့က လက်ရှိစနစ်နဲ့ ဘယ်လိုမှသုံးလို့မရဘူး။ (၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပြည်နယ်ငါးခုနဲ့၊ တစ်ခုက ပြည်နယ်ခုနစ်ခုနဲ့၊ ဘယ်လိုလုပ်ပြီး သူ့ကို ကျင့်သုံးလို့ရမလဲ။ ဒါ့ထက် တစ်ခုက (၁၀) နှစ် ကြာရင် ခွဲထွက်ပိုင်ခွင့် ရှိတယ်ဆိုတာ အဲဒီထဲမှာပါတယ်။ အဲဒါ ဘာမှ ကျွန်တော်တို့ ကျင့်သုံးလို့မရဘူး။ အဲဒါ ဆက်ကျင့်သုံးရင် အကုန် ခွဲထွက်ကုန်မှာပေါ့။

တစ်ခါ (၇၄) ခုနှစ် ဖွဲ့စည်းပုံ၊ (၇၄) ခုနှစ် ဖွဲ့စည်းပုံကျတော့ ဘယ်လိုဖြစ်နေသလဲ၊ ကျန်တဲ့ဟာတွေအားလုံးကောင်းတယ်။ သူက ဘာသွားအခြေခံထားသလဲဆိုတော့ တစ်ပါတီစနစ် ဖြစ်နေတယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးတယ်။ အခု ကျွန်တော်တို့လုပ်ရမယ့်ဥစ္စာက ပါတီစုံဒီမိုကရေစီစနစ်ကို သွားရမယ်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးလို့မရဘူး။ ပါတီစုံစနစ်သွားတယ်ဆိုတော့ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ကျင့်သုံးလို့မရဘူး။ ဆိုတော့ ဘယ်လိုမှ သုံးလို့မရဘူး။ နှစ်ခုစလုံး၊ ဖွဲ့စည်းပုံတွေက။

အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေက အသစ်ကို ကျွန်တော်တို့ ဆွဲရမယ်။ အသစ် ရှိကိုရှိရမယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ရေးဆွဲရမယ်ဆိုပြီးတော့၊ ဒါ ကျွန်တော်တို့ နိုင်ငံရေးဦးတည်ချက်အတိုင်း ဒီအတိုင်းချပေးတယ်။ သို့သော်လည်း နိုင်ငံရေးသမားတွေကနေပြီး နိုင်ငံရေးအရှုပ်တွေပေါ့ဗျာ။ ခင်ဗျားတို့လည်း သိတာပဲ။ အဲဒီ (NLD) ထဲမှာ ပါတာ ခင်ဗျားတို့သိတာပဲ။ ခေါင်းဆောင်ဆိုတဲ့ကောင် ဘာကောင်တွေလဲဆိုတာ ခင်ဗျားတို့ သိတာပဲ။ တပ်မတော်ထဲမှာ ဘာတွေ လုပ်ခဲ့သလဲ။ ဘာပြစ်ဒဏ်တွေ ကျူးလွန်ခဲ့သလဲဆိုတာ ခင်ဗျားတို့ကလည်း ဒါတွေအားလုံး သိတယ်။ ဟုတ်လား။ တပ်မတော် ထဲမှာ ပြစ်မှုကျူးလွန်ပြီးတော့မှ ပြစ်ဒဏ်တွေကျ၊ ထောင်တွေကျ၊ တချို့ကျတော့လည်း ထောင်မကျပေမဲ့ သူ့သက်သက်



www.burmeseclassic.com

www.burmeseclassic.com



ညှာညှာ စဉ်းစားပြီးတော့မှ တပ်ကနေ အငြိမ်းစားယူ၊ တပ်က ထုတ်ပစ်လိုက်တာတို့၊ အဲဒီပုဂ္ဂိုလ်တွေက (NLD) ထဲမှာ သွားပြီး (NLD) အမတ်ဆိုပြီး ဖြစ်နေပြန်ရော။

အမျိုးသမီးက ဘာလဲဆိုရင် မြန်မာနိုင်ငံရောက်လာတာ သူ့သဘောနဲ့ သူ ရောက်လာတာမဟုတ်ပါဘူး။ ခင်ဗျားတို့ သိအောင် ဇူလိုင်လမှာ သူ့ဖခင်၊ (၁၉) ဇူလိုင်မှာ သူ့ဖခင်ဆုံးတဲ့နေ့တိုင်း နှစ်စဉ်မှာလာတယ်။ တစ်နှစ်တစ်ခါပဲ လာတယ်၊ ပြန်သွားတယ်။ ဒီတစ်ခါကျတော့ သူ့မိခင်ကြီး နေမကောင်းဘူး။ နေမကောင်းတဲ့အခါကျတော့ သူက လာတာမဟုတ်ပါဘူး၊ ပြီးခဲ့တဲ့ အစိုးရလက်ထက်တုန်းကပေါ့လေ။ အဲဒီတုန်းက ပြည်ထဲရေးဝန်ကြီးက ဗိုလ်ချုပ်မင်းဂေါင်၊ သူ့ကို။ သူက လူဝင်မှုကြီး ကြပ်ရေး။ ဗီဇာတို့၊ ပတ်စ်ပို့တို့ သူကကိုင်တာကိုး။ ပြည်ထဲရေးဝန်ကြီးကကိုင်တာဆိုတော့ ပြည်ထဲရေးဝန်ကြီးကို။ ကဲ...ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး၊ လာခိုင်းလိုက်ပါ။ ခေါ်လိုက်ပါ။ သူ့မိခင်ကြီးက သိပ်ပြီးတော့ မကျန်းမမာ ဖြစ်နေတယ်။ မိခင်ကြီးကို ပြုစုစောင့်ရှောက်ဖို့။ ရှာပြီးတော့ မြန်မာနိုင်ငံကို လေယာဉ်လက်မှတ်တွေ၊ လေယာဉ်ပျံ လက်မှတ်ပါ ဝယ် ပေးပြီးတော့ မြန်မာနိုင်ငံကို နှစ်ယောက်စလုံးပို့ပေးလိုက်ပါ။ ဆိုပြီးတော့ လှမ်းအကြောင်းကြားတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရက စေတနာအပြည့်နဲ့ အဲဒီလို လုပ်ပေးတာ။ အဲဒီလိုလုပ်လို့ မြန်မာနိုင်ငံကိုရောက်လာတာ။ ရောက်လာပြီးတော့ မိခင်ကြီးကို ပြုစုဖို့ထားတာပေါ့လေ။ ထားရင်းနဲ့မှ အဲဒီမှာ အရေးအခင်းကာလနဲ့ ကြုံကြိုက်တဲ့အခါကျတော့ ဘေးကပယောဂတွေနဲ့ပေါ့ဗျာ။ ဘေးကပယောဂတွေဆိုတာ ဘေးကနိုင်ငံရေးသမားတွေရယ်၊ စောစောက လက်ဝဲသမားတွေရယ်။ သူ့ကို ဘေးက အကြံဉာဏ်ပေးတဲ့ပုဂ္ဂိုလ်တွေ မျိုးကောင်းတွေပဲ အကြံဉာဏ်ပေးတာက။ ဘယ်သူတွေအကြံပေးသလဲ။ စောစောကပြောတဲ့ သခင်တင်မြတို့ပေါ့ဗျာ။ ကွန်မြူနစ်တွေပေါ့၊ သခင်တင်မြတို့အုပ်စု။ နောက်ပြီးတော့မှ ဘယ်သူလဲဆိုတော့ သူနဲ့အနီးကပ် ပြည်ပြေးဟောင်း ထွေးမြင့်၊ အကြံဉာဏ်ပေးတယ်။ အဲဒီတော့ သူမလုပ်ခင်မှာ အဲဒီအမျိုးသမီးကနေပြီးတော့မှ ဆူဆူပူပူဖြစ်နေတဲ့အချိန်ပေါ့ဗျာ။

ဒီအမျိုးသမီးက စာတွေရေးတယ်။ ဘယ်သူ့ဆီရေးသလဲဆိုရင် ပါတီအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအေးကိုဆီကို တစ်စောင်၊ နောက်ပြီးတော့မှ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးကျော်ထင်ဆီကိုတစ်စောင်၊ နောက်ပြီးတော့မှ ဒေါက်တာမောင်မောင်ဆီကို တစ်စောင်၊ ဒေါက်တာမောင်မောင်က သမ္မတ၊ သုံးစောင်ရေးပြီးတော့။ အဲဒီသုံးစောင်ကို ပို့ချင်တယ်ပေါ့လေ။ ဘယ်ကို ပို့ရမလဲဆိုတော့ ကျွန်တော်တို့နဲ့ (Contact) ရတယ်။ ရပြီးတော့ ကျွန်တော်တို့က လူကြီးတွေကို တင်ပြတယ်။

ဒီလိုအမျိုးသမီးကနေပြီးတော့ ဒီစာတွေပေးချင်တယ် ပြောပါတယ်။ ဆိုတဲ့အခါကျတော့ ဗိုလ်ချုပ်ကြီးကျော်ထင်ကပဲ၊ အေး...မင်းဆီကနေပြီးတော့ မင်းတပည့်တွေ လွှတ်လိုက်ကွာ။ အဲဒီစာ သွားယူခိုင်းလိုက်။ ယူခိုင်းပြီးတော့မှ တို့ဆီပေး။ ဆိုတဲ့အခါကျတော့ ဘယ်သူ့အယူခိုင်းလိုက်သလဲဆိုရင် ဒီစာကို ဗိုလ်မှူးခင်အောင်၊ အခုဒုဗိုလ်မှူးကြီးခင်အောင်၊ ကဲ...မင်းဒီစာတွေ သွားယူကွာဆိုပြီးတော့ သွားယူခိုင်းလိုက်တယ်။ ယူခိုင်းပြီးတော့ အဲဒီစာတွေ လူကြီးတွေလက်ထဲကို ထည့်လိုက်တယ်။ ထည့်လိုက်တော့ သူ နိုင်ငံရေးလုပ်တော့မယ်။ အဲဒီတော့ သူနိုင်ငံရေးလုပ်တဲ့အခါမှာ သူက ဒီလိုလုပ်ပါမယ်။ ဒါလူကြီးတွေကို အသိပေးတာပါ။ ဆိုတော့၊ လူကြီးတွေကို အသိပေးတာပါဆိုပြီးတော့ သူက ဒီလိုလုပ်ရမလားဆိုပြီး မေးတာမဟုတ်ဘူး။ လူကြီးတွေကို အသိပေးတာပေါ့။ သူလုပ်တော့မယ်၊ သူဆုံးဖြတ်ပြီးပါပြီလို့ ရေးတယ်။ ရေးတော့ ဒေါက်တာမောင်မောင်က ဘာပြောသလဲဆိုရင်၊ ကျွန်တော်ဗျာတဲ့၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတဲ့။ တွေ့ချင်တယ်ဆိုလို့ ခွင့်တောင်းလို့တဲ့၊ လာတွေ့ဖူးတယ်တဲ့။ လာတွေ့တော့ ရိုးရိုးသားသားပဲဆိုပြီး လက်ခံတွေ့တဲ့အခါကျတော့ သူက ဘာပြောသလဲဆိုရင် အဲဒီလိုပဲ သူက နိုင်ငံရေးလုပ်တော့မယ်ဆိုပြီး ပြောတယ်တဲ့။

ပြောတော့ ကျွန်တော်က ဗျာတဲ့။ သမီး၊ နိုင်ငံရေးဟာ တော်တော်ကို ရှုပ်ထွေးတယ်။ ဒီအချိန်မျိုးမှာ မလုပ်ပါနဲ့။ သမီးဟာ နိုင်ငံရေးနဲ့ပတ်သက်လို့ မြန်မာ့နိုင်ငံရေးနဲ့ပတ်သက်လို့ ဘာမှနားလည်တာလည်း မဟုတ်ဘူး။ အခုလာတာလည်း နိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့လာတာလည်း မဟုတ်ဘူး။ အမေနေမကောင်းလို့ ပြုစုဖို့လာတဲ့အချိန်မှာ ဒီလိုအရေးအခင်းကာလ ပေါ်နေတဲ့အချိန်မှာ သမီးလုပ်ဖို့မကောင်းဘူး။ မလုပ်ပါနဲ့ဆိုပြီးတော့ တားလိုက်တယ်တဲ့။ တားလိုက်တော့ သူက ကျွန်မကတော့ ဆုံးဖြတ်ပြီးပြီ၊ ကျွန်မလုပ်မှာပဲဆိုပြီးတော့ ဒီအတိုင်းပြန်သွားတယ်တဲ့။

အဲဒီတော့ အဲဒီလိုစာတွေပေးပြီးတော့မှ ဒီမိန်းကလေးက နိုင်ငံရေးလုပ်တော့မယ်ဆိုပြီးတော့မှ ထွေးမြင့်က သူ့အနီးကပ် ပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်တို့က ဒီသတင်းကြားရတဲ့အခါကျတော့ ကျွန်တော်တို့က ထွေးမြင့်ကိုဖမ်းလိုက်ရော။ ဖမ်းလိုက်တဲ့ အခါကျတော့ အနီးကပ်သူနဲ့တွဲလုပ်မယ့်သူက မရှိဘူး။ မရှိတဲ့အခါကျတော့ အဲဒီမှာ ဘယ်သူပဲကျန်တော့သလဲဆိုရင် လက်ဝဲစုတွေပဲပေါ့။ သခင်တင်မြတို့အုပ်စု။ လက်ဝဲအုပ်စုတွေ သူ့အနီးကပ် ကျန်ခဲ့တယ်။ ကျန်ခဲ့ပြီးတော့မှ အဲဒီမှာစပြီး သူဘာလုပ်သလဲဆိုရင် ပထမဦးဆုံး ပြည်သူ့ဆေးရုံကြီးမှာ တရားဟောတယ်။ ပြီးတော့ ဒုတိယအကြိမ် ရွှေတိဂုံအနောက်မုခ်မှာ တရားဟောတယ်။

အဲဒီအချိန်မှာ ရွှေတိဂုံအနောက်မုခ်နဲ့၊ နောက်မုခ်မှာတရားဟောတဲ့အချိန် ကျွန်တော်တို့က ဦးအောင်ကြီးတို့၊ ဘာတို့ကို ကျွန်တော်တို့က ထိန်းထားတယ်။ စောစောပိုင်းက ထိန်းထားတာ။ ဦးအောင်ကြီးရယ်။ အခု ကျွန်တော်တို့က သတင်းစာဆရာ ဦးစိန်ဝင်းရယ်၊ နောက်ပြီးတော့မှ နုတ်ခမ်းပဲ့ထွန်းရွှေကြီးရယ်၊ နောက်ပြီးတော့ ကျွန်တော်တို့ ဦးကြည်မောင်ရယ်၊ အဲဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့က စောစောပိုင်းတည်းကိုက ထိန်းထားတာ။ နောက်တော့ ကျွန်တော်တို့လူကြီးတွေကပဲ သူတို့ကို ပြန်လွှတ်လိုက်ပါတော့ဆိုတာနဲ့၊ အဲဒီအရေးအခင်းကာလထဲမှာပဲ ပြန်လွှတ် လိုက်တာ။

ပြန်လွှတ်လိုက်တော့ . . . က အနောက်ဘက်မုခ်မှာ တရားဟောမယ်ဆိုတဲ့ အချိန်မှာ အဲဒီဦးအောင်ကြီးကလည်း လွှတ်ပြီးတာနဲ့ သူစခန်းထတာပဲ။ ကျည်ကာအကျီဝတ်ပြီးတော့ သူလည်း အဲဒီမှာတရားဟောမယ်ဆိုပြီးတော့ ဖြစ်ရော။ အဲဒီမှာ တော်တော်ရှုပ်ထွေးတယ်။ အရေးအခင်းကာလမှာ ရှုပ်ထွေးပြီးတော့ နောက်ဆုံး ဆေးရုံကြီးမှာ အမျိုးသမီးတရားဟောတယ်။ နောက်ပြီးတော့မှ ဦးတင်ဦးက ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦးက တစ်ခါ တက်ပြီးတရားဟောတယ်။ တရားဟောရင်းနဲ့မှ ဦးတင်ဦးနဲ့သူနဲ့ နည်းနည်းပေါင်းဖက်မိသွားတယ်။

ဦးအောင်ကြီးနဲ့က မပေါင်းမိသေးဘူး။ နောက်မှ သူတို့ဆွေးနွေးပြီးတဲ့အခါကျတော့မှ အားလုံးပေါင်းမိသွားပြီးတော့မှ ဦးအောင်ကြီးရယ်၊ ဦးတင်ဦးရယ်၊ အမျိုးသမီးရယ်၊ သုံးဦးပေါင်းပြီးတော့မှ (NLD) ဆိုတာ ပေါ်လာတာကိုး။ နောက်ပြီးတော့မှ ဦးနုတို့က တစ်ခါ တစ်ပါတီ၊ ဒီ/ငြိမ်းဆိုပြီးတော့မှ ပေါ်လာပြန်ရော။ အဲဒီလို နိုင်ငံရေးပါတီတွေကပေါ်လာပြီးတော့မှ အကုန်လုံး အာဏာရရှိရေးဆိုပြီး အကုန်သွားကြတာပဲ။ ဦးတည်ချက်က သူတို့အာဏာရရှိရေးပဲ။ အာဏာရရင်၊ ဒီအချိန်မှာ အာဏာရရင် လုပ်ချင်တာ၊ လုပ်ချင်သလို လုပ်လို့ရတယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်နေတာကိုး။ ဘာလို့တုံး။ ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိဘူးလေ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိဘူးလေ။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိတဲ့အတွက် လုပ်ချင်တိုင်းလုပ်လို့ ရတယ်။ ဘယ်သူမှ အာမခံချက် မရှိဘူး။

အဲဒီအစိုးရက လုပ်ချင်တိုင်းလုပ်လို့ရတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလို့ရှိရင်၊ ဒါကြောင့် ကျွန်တော်တို့က အစိုးရသည် လုပ်ချင်တိုင်းလုပ်လို့မရအောင် ဖွဲ့စည်းပုံ အခြေခံဥပဒေလိုအပ်တယ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ကျွန်တော်တို့က ဆွဲဖို့ ကျွန်တော်တို့က (Drive) လုပ်တာ။

ဆိုတော့ အမျိုးသမီးက အဲဒီရန်ကုန်ဆေးရုံကြီးမှာ တရားဟောတဲ့အခါကျတော့ ပရိသတ်က တော်တော်များများ တက်လာတဲ့အခါကျတော့ အဲဒီမှာ အားတက်ပြီးတော့မှ ငါ နိုင်ငံရေးလုပ်တာအောင်မြင်ပြီဆိုပြီးတော့ ထွက်ပြီးတော့မှ အရှိန်မြှင့်ပြီး လုပ်လာတာပါပဲဗျာ။ အဲဒီကစပြီး ကျွန်တော်တို့ကို ဆန့်ကျင်လာတာပဲ။ ဆန့်ကျင်တယ်ဆိုတာ တပ်မတော်ကို ဆန့်ကျင်လာတာ။ အဲဒီမှာ တစ်ဆက်တည်းပေါ့ဗျာ။ ပြောချင်တာက ကျွန်တော်တို့ အဲဒီအချိန်ကစပြီး ကျွန်တော်တို့က စစ်ရုံးမှာပဲ၊ အကုန်လုံး



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ အကုန်အိပ်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့မိသားစုတွေ ဘာတွေဆိုရင်လည်း ခြိမ်းခြောက်ခံနေရပြီလေ။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ။ အဲဒီမှာ ကျွန်တော်တို့ လက်ရေးတွေဘာတွေနဲ့ မဟုတ်ခဲ့တာတွေ အတုတွေဘာတွေနဲ့ ရေးပြီးတော့မှ ထုတ်နေပြီလေ။ ဟုတ်လား၊ ကျွန်တော်တို့ဆိုရင် ဒါအဆိပ်ခတ်သတ်တယ် ဆိုပြီးတော့မှဟုတ်လား၊ နောက် ဗိုလ်မှူးကြီးခင်ညွန့်အမိန့်နဲ့ အဆိပ်တွေခပ်ထားတယ်။ ဆန္ဒပြမယ့်လူတွေ စားမယ့်အစားအသောက်တွေ၊ အသီးအနှံတွေ၊ ရေတွေကို အဆိပ်တွေခပ်ထားတယ်ဆိုပြီးတော့ လုပ်နေတာလေ။ အဲဒီတော့ အဲဒီမှာ အကုန်လုံးက နိုင်ငံရေးသမားတွေက ဖြတ်လမ်းက အာဏာရရှိရေးဆိုပြီးတော့ ကြိုးပမ်းလှုပ်ရှားနေတဲ့အချိန်မှာ ဒီအမျိုးသမီးက ဆန့်ကျင်မှုတွေ တဖြည်းဖြည်း၊ သူ့နောက်က ကျောထောက်နောက်ခံတွေ အများကြီးရှိလာပြီး နိုင်ငံရေးလုပ်ဖို့ အောင်မြင်ပြီဆိုပြီးတော့ သူ ထင်လာတယ်။ အမှန်တော့ ဗကပအဖွဲ့အစည်းက သူ့ကိုမြှောက်ပေးလိုက်တာ။ ပထမ ဗကပက သူ့မိခင်ကိုလျာထားတာ၊ မိခင်က နေမကောင်းတဲ့ အခါကျတော့ မိခင်နေရာမှာ ဒီအမျိုးသမီးကို အစားထိုးလိုက်ရင်တော့ အသင့်တော်ဆုံးပဲဆိုပြီးတော့ မိခင်နေရာမှာဒီအမျိုးသမီးကို အစားထိုးတာ၊ ဒါ...ဗကပရဲ့လက်ချက်တွေပဲ။ အဲဒီတော့ ဒါတွေက အသေးစိတ် ကျွန်တော့်ဆီမှာ ရှိပါတယ်။ အဲဒီအချက်အလက်တွေက အဲဒီတော့ နိုင်ငံရေးသမားဟောင်းကြီးတွေပေါ့ဗျာ။ လက်ဝဲသမားဟောင်းကြီးတွေက ဒီဟာတွေအကုန်လုံး ဖန်တီးတာပဲ။ အဲဒီတော့ဗကပရဲ့ပေါ်လစ်ဗျူရိုအစည်းအဝေးမှာလည်း တချို့ဟာတွေ ပါလာတယ်။ ရန်ကုန်မှာ ဘယ်လိုလုပ်နေတယ်ဆိုတဲ့ဟာမျိုး သူတို့အချိတ်အဆက်တွေနဲ့ တချို့ဟာတွေက ပါလာတယ်။

ပြီးတော့ အဲဒီအမျိုးသမီးအနေနဲ့ တဖြည်းဖြည်း၊ တစ်ဆင့်တစ်ဆင့် တက်တက်ပြီးတော့ လှုပ်ရှားလာတဲ့အခါကျတော့ နောက်ဆုံးတပ်မတော်ကို ဆန့်ကျင်တဲ့အခါကျတော့ အမျိုးသမီးရဲ့အိမ်မှာ အဲဒီသောင်းကျန်းသူထဲရောက်နေတဲ့ ကောင်လေးတစ်ကောင် ကျွန်တော်တို့ မိတယ်။ စာရွက်စာတမ်းတွေနဲ့ မိတယ်။ မိပြီးတဲ့နောက်ပိုင်းမှာ အမျိုးသမီးကို ကျွန်တော်တို့က ဒါ (၁၀)(ခ) နဲ့ အရေးယူထားရတာပေါ့ဗျာ။ အဲဒီတော့ သဘောကတော့ ဒီအမျိုးသမီးသည် မြန်မာနိုင်ငံကို ရောက်လာတာ သူ့သဘောနဲ့သူ ရောက်လာတာ မဟုတ်ဘူး။ ပြီးခဲ့တဲ့အစိုးရကနေပြီးတော့မှ အမေ နေမကောင်းလို့ စေတနာအပြည့်နဲ့ လေယာဉ်ပျံ လက်မှတ်ဝယ်ပေးပြီးတော့မှ ခေါ်ယူပြီးတော့မှ အမေကို ပြုစုဖို့ခေါ်လာတာ။ ဒီရောက်တဲ့အခါကျမှ နိုင်ငံရေးသမားတွေ၊ ဗကပတွေ၊ လက်ဝဲသမားတွေကနေ မြှောက်ပင့်ပေးလို့ ဒီနိုင်ငံရေးဝင်လုပ်တဲ့သဘော ဖြစ်တယ်။ သို့သော် သူသည် နိုင်ငံရေးလုပ်သော်ငြားလည်း နိုင်ငံခေါင်းဆောင် မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူ့အဖေ ရေးဆွဲထားတဲ့ (၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥဒေထဲမှာ နိုင်ငံခြားအထောက်အပံ့ရရှိသူ၊ နိုင်ငံခြားအဖွဲ့အစည်းတစ်ခုကနေပြီးတော့ ထောက်ပံ့မှုရသူ၊ နိုင်ငံခြားကနေပြီးတော့ ထောက်ပံ့မှုရနိုင်သူ၊ ဆိုတဲ့ ဒီ(Clause)တွေနဲ့ အဲဒီလိုပုဂ္ဂိုလ်ဆိုရင် ရွေးကောက်ပွဲမှာ ရွေးချယ်ပိုင်ခွင့်မရှိဘူးဆိုတာ သူ့အဖေကိုယ်တိုင် ရေးဆွဲထားတဲ့အထဲမှာ ဒီဟာကြီးက ပါနေတယ်။ ပါနေတော့ သမီးက ငြိစွန်းနေတာကို ကျွန်တော်တို့က ဘယ်လိုလုပ်ပေးနိုင်မလဲ။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ရွေးကောက်ပွဲဥပဒေထဲမှာလည်း ထည့်တာပဲ။ ဒီအတိုင်းပဲ သူ့အဖေရေးထားတဲ့ (Wording) အတိုင်းပဲ၊ တစ်လုံးမှ မလွဲဘူး။ ထည့်ထားတော့ အလိုအလျောက်ကို အမျိုးသမီးက ရွေးကောက်ပွဲမှာ ရွေးချယ်ပိုင်ခွင့် မရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ ရွေးကောက်ပွဲမှာ သူဟာ (Candidalire List) ထဲမှာ ကျွန်တော်တို့ ထည့်လို့မရဘူး။ ပယ်ပစ်လိုက်တယ်။ ကျွန်တော်တို့။

ဒါကြောင့် ဒီအမျိုးသမီးအနေနဲ့ ကျွန်တော်တို့က နိုင်ငံခေါင်းဆောင်ဆိုတာ ဘယ်လိုမှ လက်ခံနိုင်စရာအကြောင်း မရှိဘူး။ နောက်တစ်ခုကဗျာ။ ခင်ဗျားတို့ စဉ်းစားကြည့်၊ နိုင်ငံခေါင်းဆောင်ဆိုရင် ထားပါတော့ဗျာ။ အဲဒီမိန်းမဟာ ခေါင်းဆောင်ဖြစ်ပြီထားပါဦး။ သူက (Eligible) ဖြစ်လို့ပေါ့ဗျာ။ ခေါင်းဆောင်ဖြစ်ပြီထား နော်။ ဟာ သူ့နောက်က ယောကျ်ားကြီးကဗျာ၊ အင်္ဂလိပ်ကြီးဗျ၊ အင်္ဂလိပ်ကြီးက ခေါင်းပေါင်းကြီးဆောင်းလို့၊ ဟုတ်ဘူးလား။ သူ့ကလေးတွေကလည်း ကပြားတွေဗျာ။ အဲဒီကပြားလေးတွေကလည်း အခမ်းအနားနေ့မှာ ဥပမာ - ဒီမှာ...ကျွန်တော်တို့ အခမ်းအနားနေ့ကြီးတွေမှာ လွတ်လပ်ရေးနေ့လိုဟာမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ တပ်မတော်နေ့လိုဟာ ပြည်ထောင်စုနေ့လိုဟာမျိုး ဒီလိုနေ့ အခမ်းအနားကြီးတွေမှာဗျာ။ အမျိုးသားဝတ်စုံ ဝတ်ရတယ်။ မဟုတ်လား။ ဟုတ်လား။ သူ့ယောကျ်ားကလည်း အမျိုးသားဝတ်စုံဝတ်ပြီး သူက တောင်ရှည်ပုဆိုးကြီးနဲ့ ခေါင်းပေါင်းကြီးနဲ့ ခင်ဗျား တင့်တယ်မလား။ နိုင်ငံခြားသားကြီးက အင်္ဂလိပ်ကြီးက သားနစ်ယောက်ကလည်း ခင်ဗျား အဲဒီမှာ ခေါင်းပေါင်းလေးတွေနဲ့ တောင်ရှည်ပုဆိုလေးတွေနဲ့ ဖြစ်မလားဗျာ။ တင့်တယ်မလား။ ကျွန်တော်တို့ တကယ့်နိုင်ငံတော်ရဲ့ (State Dinner) ကြီးတွေမှာ ဟုတ်ဘူးလား။

ကဲ . . . နောက်တစ်ခုကဗျာ။ ဒီအမျိုးသမီးက ကဲ . . . ဝန်ကြီးချုပ်ဖြစ်ပြီ ထားပါဦးနော်၊ သို့မဟုတ် သမ္မတပေါ့ဗျာ။ ထားပါဦး . . . ဖြစ်ပြီထား။

အဲဒီတော့ နိုင်ငံတော်ရဲ့လျှို့ဝှက်ချက်တွေ အကုန်ပေါက်ကြားတော့မှာပေါ့ဗျာ။ ဘယ်လိုလုပ်ပြီးတော့ တိုင်းပြည်ရဲ့ခေါင်းဆောင် ကျွန်တော်တို့ ပေးမလဲ။ ဒါကြောင့် ဒါက ကျွန်တော်တို့က ဘယ်လိုမှ တိုင်းပြည်ရဲ့ခေါင်းဆောင်ဆိုတာ ဒီအမျိုးသမီး ပေးလို့ မဖြစ်ဘူး။ ဒါကြောင့် ကျွန်တော်တို့က ဒီအမျိုးသမီးနဲ့ပတ်သက်ပြီး ပြင်းပြင်းထန်ထန် ကျွန်တော်တို့က တပ်မတော်ကပဲ ရပ်တည်ပြီးတော့ လုပ်နေတာပဲ။

နောက်တစ်ခုက ကျနတဲ့နိုင်ငံရေးခေါင်းဆောင်ဆိုတာ ခင်ဗျားတို့သိကယ်။ ဘယ်သူတွေရှိသလဲ။ တကယ် တိုင်းပြည်ကို ဦးဆောင်နိုင်မယ့် ပုဂ္ဂိုလ်တွေ ဘယ်သူတွေလဲ၊ ဦးအောင်ကြီး။ ဟာ . . . အခု ဦးအောင်ကြီးကနေပြီး ကျွန်တော့်ဆီ စာရေးပြီလေ၊ ထောင်ကနေထွက်လာပြီ၊ ဘဲဥအမှုနဲ့ ထောင်ကျသွားပြီး အခု ထောင်ကထွက်လာပြီ၊ လွတ်လာတဲ့အခါကျတော့ သူ ဘာ ရေးသလဲဆိုတော့ သူ့အသက် (၈၀) ကျော်ပါပြီ။ သူ နောင်တရပါပြီတဲ့။ သူ နိုင်ငံရေးကို လုပ်ကြည့်တာပေါ့လေ။ မအောင် မြင်ပါဘူးတဲ့။ သူ့ကိုနောက်ကနေပြီးတော့ ထောက်ပံ့မယ့်လူလည်း မရှိပါဘူးတဲ့။ အဲဒီတော့ သူအခုဆက်ပြီး နိုင်ငံရေးလုပ်မယ် ဆိုရင်လည်း ဘယ်လိုမှ အောင်မြင်စရာအကြောင်း မရှိပါဘူးတဲ့။ ဒါကြောင့် နိုင်ငံရေးကို သူစိတ်ကုန်ပါပြီတဲ့။ နိုင်ငံရေးလုပ်တဲ့ အတွက် သူ့စီးပွားတွေလည်း အကုန်လုံးကျဆင်းကုန်ပြီတဲ့။ လူမှုရေးအရလည်းအားလုံးက ထိခိုက်နစ်နာမှုတွေ ဖြစ်ကုန်ပါပြီ တဲ့။ ဒါကြောင့် သူ နိုင်ငံရေးကို လုံးဝမလုပ်တော့ပါဘူးတဲ့။ အဲဒီတော့ ဗိုလ်ချုပ်ခင်ညွန့်တို့ သူ့ကို တတ်နိုင်သမျှကူညီပါ။ စိတ်ချ ပါ။ သူ ဘာမှမလုပ်တော့ပါဘူးတဲ့။ အခုမှ စာရေးတယ်။ စာရေးတော့ ဟိုနေ့က ကျွန်တော် ကက်ဘိနက်မှာ ဖတ်ပြတယ်။ သူ ရေးတဲ့စာကို။ အဲဒါဖတ်ပြတော့ အားလုံး လူကြီးတွေက ဝိုင်းပြီးဟားနေကြတယ်။ နော်၊ အဲဒါ ဦးအောင်ကြီးကပြောတာ။

ကဲ . . . နောက် . . . ဦးတင်ဦး။ ကာကွယ်ရေးဦးစီးချုပ်ဟောင်းပဲ၊ သူလည်း သူ့ကဏ္ဍနဲ့ သူပေါ့ဗျာ။ တပ်မတော်မှာ တာဝန် ယူခဲ့တာပေါ့လေ။ တစ်ချိန်တုန်းက သို့သော်ငြားလည်း ဘယ်သူမပြုမိမိမှုပေါ့။ ကိုယ်ကိုယ်တိုင်လုပ်ခဲ့ကိုင်ခဲ့တဲ့အတွက် တပ်မ တော်ကနေပြီးတော့မှ အငြိမ်းစားပေးလိုက်တာပါ။ ဟုတ်ဘူးလား၊ အစိုးရအဖွဲ့ဝင်ကနေပြီးတော့မှ အနားပေးလိုက်တာပဲ။ အဲဒီတော့ သို့သော်ငြားလည်း နောက်တစ်ခါကျတော့ ဘယ်မှာသွားပြီး ပါဝင်ပတ်သက်နေသလဲဆိုရင် အုန်းကျော်မြင့်တို့ အမှုမှာ သွားပြီးပါဝင်ပတ်သက်နေတဲ့အခါကျတော့ တစ်ခါအရေးယူလိုက်ရပြန်ရော၊ စောစောက အေးအေးဆေးဆေးသူ့ဟာ သူနေရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အုန်းကျော်မြင့်တို့အမှုနဲ့ တစ်ခါသွားပြီး ပါဝင်ပတ်သက်နေတဲ့အခါကျတော့ အရေးယူလိုက် ရပြန်ရော။

အဲဒါဖြစ်ပြီးတဲ့နောက်တစ်ခါ အခု အရေးအခင်းပေါ်လာတဲ့အခါ ကျွန်တော့်ဉာဉ်ကလေးက သူက သူ့ရဲ့ (Intention) က ဘယ်လောက်ကြီးသလဲဆိုတော့ ဒီလိုအရေးအခင်းလေး၊ အခွင့်အရေးလေး ကြုံလာတဲ့အခါကျတော့ ထပ်ပြီးတော့ တစ်စခန်း ထပြန်ရော၊ ခေါင်းဆောင်သိပ်လုပ်ချင်တာကိုး။ ခေါင်းဆောင်သိပ်လုပ်ချင်တဲ့အခါကျတော့ (Intention) က ကြီးတဲ့အခါ ကျတော့၊ (Ambitious) ဖြစ်တာပေါ့ဗျာ၊ အဲဒီတော့ အခွင့်အရေးကြုံရင်၊ တစ်ခုခု အခွင့်အရေးပေါ်လာရင် ဒီလူတွေမနေနိုင် ဘူး။ အလားတူပဲ။ ဒီပုဂ္ဂိုလ် . . . သူလည်း နိုင်ငံတော်ကိုပုန်ကန်ဖို့ဆိုပြီး ကြိုးစားခဲ့တာပဲ။ အဲဒီတော့ အဲဒီတုန်းကလည်း သူ့အရေး



www.burmeseclassic.com

www.burmeseclassic.com



ယူခံရလို့ ပြစ်ဒဏ်တွေကျပြီးတော့မှ နိုင်ငံရေးဝင်လုပ်တယ်။ နောက်ပြီးတော့ ဦးနုကြီး၊ ဒါလည်း ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ ပြည်ပြေးဆိုပြီးတော့ ဝင်လုပ်တာပဲ ပြည်ပြေး၊ ပြည်ပြေးတောင် နှစ်ခါပြည်ပြေး လုပ်သေးတယ်။ ဟုတ်လား၊ နှစ်ကြိမ်ပေါ့ဗျာ၊ နှစ်ကြိမ် လုပ်ခဲ့သေးတယ်။ အဲဒီခေါင်းဆောင်တွေဆိုတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဆိုတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဆိုတာ တကယ့်တိုင်းပြည်ကိုခေါင်းဆောင်နိုင်သလား၊ခင်ဗျားတို့ပြန်ကြည့်တစ်ယောက်မှခေါင်းဆောင်နိုင်တာမရှိဘူး။ကဲ…လူငယ် လူရွယ်တွေကြည့်၊ အဲဒီထဲမှာ (NLD) ထဲမှာ လူငယ်လူရွယ်တွေ၊ လူလတ်ပိုင်း၊ ပြန်ကြည့်ရင် အဲဒီ မပခ တိုင်းမှူးဟောင်း ဦးလှဖေတို့ ပါတယ်။ နောက်ပြီးတော့မှ ဝင်းထိန်တို့ ခင်ဗျားတို့ သိတဲ့အတိုင်းပဲ။ ဝင်းထိန်တို့ အဲဒီလိုခေါင်းဆောင်ဖြစ်မလား။ သူတို့ တိုင်းပြည်ခေါင်းဆောင်၊ အဲဒီတော့ အဲဒီနိုင်ငံရေးသမားတွေဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုလုပ်ပြီးတော့ ခေါင်းဆောင် ဖြစ်နိုင်မလဲ။ ကျွန်တော်တို့က ခေါင်းဆောင်အနေနဲ့ ဘယ်လိုမှ ကျွန်တော်တို့က အသိအမှတ်မပြုနိုင်ဘူး။ ဒါကြောင့် ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းရေးအတွက်ကို ကျွန်တော်တို့က ဆက်ပြီးကြိုးစားရမယ်ဆိုတဲ့ အခါကျတော့ (NLD)က ဟာ သူတို့ရွေးကောက်ပွဲမှာ အနိုင်ရထားတယ်။ အမြန်အာဏာလွှဲပေးဆိုပြီး ဆန့်ကျင်မှုတွေ လုပ်လာတယ်။ ဆန့်ကျင်မှုတွေ လုပ်လာတဲ့ အခါကျတော့ နည်းလမ်းသုံးသွယ်နဲ့ လုပ်လာတယ်။ ဒါ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲမှာ အားလုံးရှင်းပြပြီးပြီ။ အဲဒီတော့ ကျွန်တော်တို့ကို ဆန့်ကျင်မယ်၊ ဆန့်ကျင်ပြီးတော့မှ စင်ပြိုင်အစိုးရ ကြေညာမယ်။ ကြေညာပြီးရင် ဒါ မန္တလေး မှာပေါ့ သွားပြီးတော့ စင်ပြိုင်အစိုးရကြေညာမယ်။ ပြီးတော့မှ ကျွန်တော်တို့ဆီက အာဏာကိုတစ်ခါတည်း အဲဒါရအောင် ယူမယ်ဆိုတဲ့ဟာမျိုး လုပ်တယ်။

အဲဒီတော့ ကုလသမဂ္ဂကနေ အသိအမှတ်ပြုအောင် လုပ်မယ်ဆိုတဲ့ဟာမျိုးတွေ ဒီလိုလုပ်တဲ့အတွက် အဲဒီပုဂ္ဂိုလ်တွေ ကျွန်တော်တို့ အရေးယူလိုက်ရတာပဲ။ အရေးယူလိုက်ပြီးတဲ့နောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဆိုတာ၊ အဲဒီ ပြဿနာ ရှုပ်ထွေးမှုတွေရှိလာတဲ့အတွက် တဖြည်းဖြည်းနဲ့ နောက်ကျလာတာပေါ့ဗျာ။ အဲဒီတော့ ဒီ (Process) က ပေါ်မလာဘူး။ ပေါ်မလာဘဲနဲ့ အခုနောက်ပိုင်းကျမှ ကျွန်တော်တို့က ဒီ(Process)ကို စပြီး ပြန်ကိုင်ပြီးတော့မှ ဒီ(National Convention) ဆိုတာကို လုပ်တာပဲ။ ဒီ(National Convention)ပြီးရင် ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း) ဆက်ပြီးတော့ကျွန်တော်တို့ကရေးမှာပဲ။အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပြီးရင်၊အဲဒါကိုကျွန်တော်တို့ကအတည်ပြုတယ်။ အတည်ပြုပြီးရင် အဲဒီဥပဒေအရပေါ်ပေါက်လာတဲ့ အစိုးရသည် နိုင်ငံတော်ကို ဦးဆောင်သွားမှာပဲ။ အဲဒီအစိုးရသည် ဒါ အရပ်သား အစိုးရပေါ့ဗျာ။ သဘောကတော့ တပ်မတော်အစိုးရတော့ မဟုတ်ဘူး။ အရပ်သားအစိုးရပဲ။ သို့သော်ငြားလည်း အဲဒီ အစိုးရအဖွဲ့ထဲမှာ တပ်မတော်ကတော့ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်ရမယ်။

တပ်မတော်ကဝင်ပြီး တက်ပြီးတော့ ချုပ်ကိုင်မှာမဟုတ်ဘူး။ သူတို့ လုပ်ချင်တိုင်းလုပ်လို့မရအောင်လို့ တပ်မတော်က အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်မယ်ဆိုပြီးတော့ အခု ကျွန်တော်တို့ (National Convention) ကျွန်တော်တို့ လုပ်နေတာ ပေါ့။ လုပ်နေတဲ့အခါကျတော့ အခုပထမပိုင်းမှာ အဲဒီ (National Convention) ပေါ့ဗျာ။ ကျွန်တော်တို့ ရတဲ့အချက်တွေ၊ ဘာတွေလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်ကို ဘယ်လိုသွားမလဲဆိုတဲ့ဟာကို ကျွန်တော်တို့ အခြေခံမှုတွေပေါ့၊ အခြေခံမှု တွေကို ကျွန်တော်တို့က ရတယ်။

အဲဒီအခြေအနေတွေဟာ ဘာတွေလဲဆိုရင် ပြည်ထောင်စုစနစ်ကို ကျင့်သုံးရန်၊ ကျွန်တော်တို့ ပြည်ထောင်စုစနစ်ပဲ ကျင့်သုံးမယ်။ လက်ရှိ တိုင်းနဲ့ပြည်နယ် (၁၄) ခု အတိုင်း ဒေသကြီးများကို ဆက်လက်ထားရှိမည်။ အမည်တွေကို လက်ရှိ အတိုင်း ခေါ်ဝေါ်သုံးစွဲရန်၊ စောစောတုန်းက ကျွန်တော်တို့က အမည်နာမတွေကိုပြောင်းဖို့၊ နာမည်ပြောင်းဖို့ ကျွန်တော်တို့က စဉ်းစားပေးတယ်။ ဆွေးနွေးကြည့်တယ်။ အများစုက လက်မခံနိုင်တာနဲ့ လက်ရှိအခေါ်အဝေါ်အတိုင်းပဲ ခေါ်ဝေါ်သုံးစွဲမယ်ဆိုပြီး ကျွန်တော်တို့က ဒီမှာဆုံးဖြတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နိုင်ငံတော်အကြီးအကဲဟာ နိုင်ငံတော်သမ္မတ ဖြစ်ရမယ်။ ဝန်ကြီးချုပ်စနစ် မဟုတ်ဘူး။ သမ္မတစနစ်နဲ့ သွားမယ်။ သမ္မတဆိုတာကို မြန်မာနိုင်ငံ၊ စောစောပိုင်းတုန်းက သမ္မတမဟုတ်ဘူး။ မြန်မာနိုင်ငံစောစောက သမ္မတက ရုပ်ပြသမ္မတ၊ ခင်ဗျားတို့သိတဲ့အတိုင်းပဲ။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ။ သမ္မတဆိုတာ ပုဆိုးဝတ်တတ်ရမယ်။ မြင်းစီးတတ်ရမယ်ဆိုတဲ့ဟာမျိုး၊ ဟုတ်တယ်မဟုတ်လား။ အဲဒီလိုမျိုးမဟုတ်ဘူး။ တကယ့်အာဏာအပြည့်အဝရှိတဲ့ သမ္မတ၊ သမ္မတက တိုင်းပြည်အုပ်ချုပ်သွားရမယ်။ ဦးဆောင်သွားရမယ်။

နောက် နိုင်ငံတော်အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းဖြစ်စေရန်။ နောင် တစ်ချက် ပြည်ထောင်စုလွှတ်တော်မှာ လူဦးရေကို အခြေခံရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ ပေါင်း လွှတ်တော် နှစ်ရပ် ထားရှိရမည်။ တိုင်းဒေသကြီးဆိုတာ အခု ကျွန်တော်တို့တိုင်းတွေကိုပဲ တိုင်းဒေသကြီးလို့ နာမည် ကျွန်တော်တို့ အခေါ်အဝေါ်လေးကို နည်းနည်းပြောင်းလိုက်တာပေါ့လေ။ တိုင်းအနေနဲ့ထားရင် ပြည်နယ်အောက် နိမ့်နေမှာစိုးလို့။ ပြည်နယ်နှင့် တိုင်းဒေသကြီးနဲ့ အဆင့်အတန်း တန်းတူဆိုတဲ့ဟာမျိုးဖြစ်အောင်လို့၊ တိုင်းကို တိုင်းအစား တိုင်းဒေသကြီးလို့ ကျွန်တော်တို့ ခေါ်လိုက်တာ။

အဲဒီတော့ ပြည်ထောင်စုလွှတ်တော်မှာ လူဦးရေကို အခြေခံ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်။ ပေါင်း နှစ်ရပ် ထားရှိရန်။ တိုင်းနဲ့ပြည်နယ်အလိုက် လွှတ်တော် (၁၄) ခုထားရှိရန်၊ နော်၊ တိုင်းနဲ့တိုင်းဒေသကြီးတွေမှာလည်း လွှတ်တော်တွေ ရှိမယ်။ အဲဒီမှာ တိုင်းနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပေါင်း (၁၄) ခု ရှိတာကိုး။ အဲဒီမှာ လွှတ်တော်အနေနဲ့ (၁၄) ခုရှိမယ်။ အဲဒီလွှတ်တော် (၁၄) ခုမှာ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအာဏာတွေ ခွဲဝေပေးထားမယ်။

နောက် ပြည်ထောင်စုလွှတ်တော်၊ တိုင်းနဲ့ပြည်နယ်လွှတ်တော်များမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်တဲ့ဦးရေအတိုင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ကိုယ်စားလှယ်များ ပါဝင်သည်ဟု သတ်မှတ်ရန်။ တပ်မတော်သားကိုယ်စားလှယ်တွေက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းတဲ့လူတွေ ထည့်ပေးရမယ်။ ရွေးချယ်ပြီးတော့ ပေးစရာမလိုဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေပြီးတော့မှ အမည်စာရင်းနဲ့သတ်မှတ်ပြီးပေးတဲ့လူကို အဲဒီထဲမှာထည့်ပေးရမယ်။

နောက် ပြည်ထောင်စု၊ တိုင်းနဲ့ပြည်နယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနဲ့ ခရိုင်အုပ်ချုပ်ရေးတို့တွင် ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်အုပ်ချုပ်ရေးစတဲ့ တာဝန်များ ထမ်းဆောင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားများပါဝင်သည်ဟု သတ်မှတ်ရန်၊ စောစောကပြောတဲ့ တိုင်းနဲ့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာလည်း တပ်မတော်သားအရာရှိ အမည်စာရင်းပေးထားတဲ့ လူတွေပါရမယ်။ နောက်တစ်ဆင့် အုပ်ချုပ်ရေးဌာနတွေမှာလည်း တပ်မတော်ကအရာရှိတွေ ပါရမယ်။ အဲဒါတွေကတော့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း သတ်မှတ်ပေးတဲ့လူကို ထည့်ပေးရမယ်။

တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့် ရှိစေရန်။ တပ်မတော်ရဲ့လုပ်ပိုင်ခွင့်ကို ကျွန်တော်တို့ ထည့်ပေးထားတာ။ နောက် ဒီ့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်။ တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဟုမှုချမှတ်ရန်။ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲစီရင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရန်။ တပ်ပိုင်းဆိုင်ရာကိစ္စတွေဆိုတဲ့အခါကျတော့ ဘေးကနေ စွက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လာမှာစိုးလို့။ ဥပမာအားဖြင့်ပေါ့ဗျာ။ ရာထူးခန့်ထားရေးကိစ္စ ဘေးကစွက်ဖက်လို့မရဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ အစီအမံနဲ့ပဲ ရာထူးခန့်ထားရေး၊ ရာထူးတိုးမြှင့်ရေးကိစ္စကို လုပ်ပိုင်ခွင့်ရှိတယ်။ ဘေးကနေပြီး၊ သမ္မတကနေပြီး ဟာ . . . ဒါလုပ်ပေးပါ။ မရဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့အစီအမံနဲ့ပဲ လုပ်ပိုင်ခွင့်ရှိရမယ်။ အဲဒါ ထည့်ထားတယ်။

နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်ရမယ်။ တချို့အစိုးရအဖွဲ့တွေမှာဆိုရင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို သူက လက်နက်ကိုင်တပ်ဖွဲ့အားလုံးရဲ့ အကြီးအကဲလို့ မထားဘူး။ ဝန်ကြီးချုပ်ဟာ လက်နက်ကိုင်တပ်ဖွဲ့များရဲ့ အကြီးအကဲဆိုပြီး တချို့အစိုးရတွေမှာ ဒီလိုပေးထားတယ်။ ဝန်ကြီးချုပ်က ကိုင်ထားတယ်။ တချို့က သမ္မတက ကိုင်ထားတယ်။ အခု ဒီမှာတော့ မဟုတ်ဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကြီးအကဲပဲ။ နောက် ပြည်ထောင်စုပြိုကွဲစေမည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို အခြေခံဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များနဲ့အညီ ရယူသုံးစွဲခွင့် ရှိရမည်။ နိုင်ငံရေးသမားတွေ လုပ်ချင်တိုင်း လုပ်လို့မရဘူး။ တိုင်းပြည်ကြီး ဖရိုဖရဲဖြစ်တော့မယ့်ဟာမျိုး။ တိုင်းပြည်ပြိုကွဲမယ့် အခြေအနေမျိုးရောက်ရင်တော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနေ ဝင်ပြီးတော့မှ ဒါတိုင်းပြည်၊ နိုင်ငံတော်ရဲ့အာဏာကို ရယူပိုင်ခွင့် ရှိတယ်ဆိုတာကို ထည့် ထားတာ။

နောက် အာဏာသုံးရပ်ကို ဗဟိုနဲ့တိုင်းဒေသကြီးများတွင် ခွဲဝေကျင့်သုံးရန်၊ ထူးခြားသည့်လူမျိုးရရှိသည့် ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇရိယာများ အဖြစ်ဖွဲ့စည်းပေးရန်။ ထူးခြားသည့်လူမျိုးစုဒေသဆိုတာ ခင်ဗျားတို့ သိတာပဲ။ "ဝ" ကလည်း ပြည်နယ်တောင်းနေတာပဲ။ ပေးလို့မရဘူးလေ။ "ဝ" ပြည်နယ်ပေးလိုက်ရင် ရှမ်းကဘယ်နေမလဲ။ ရှမ်းထဲက ခွဲပေးလိုက်ရမှာကိုး၊ ဟုတ်ဘူးလား။ အဲဒီတော့ "ဝ" ပေးလိုက်ရင် ကျန်တဲ့လူတွေလည်း တစ်ခါ ထပ်ပြီးတောင်းဦးမှာပဲ၊ ကိုးကန့်ကလည်း နေမှာမဟုတ်ဘူး။ ကိုးကန့်ကလည်းတောင်းမှာပဲ။ အဲဒီတော့ ဘယ်သူမှ မပေးဘူးလေ။ ပြည်နယ်တော့ခွဲမပေးဘူး။ သို့သော်ငြားလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဇရိယာအဖြစ်တော့ သတ်မှတ်ပေးမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဇရိယာအဖြစ် သတ်မှတ်ပေးတယ်ဆိုတဲ့ နေရာမှာ၊ လူဦးရေအချိုးအစားနဲ့ပဲ တွက်ရမယ်။ သတ်မှတ်တဲ့လူဦးရေထက် ပြည့်ဝရင်တော့ သူ့ကိုယ်သူ အဆင့်အတန်းနဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ သို့မဟုတ် ကိုယ်ပိုင်ချုပ်ခွင့်ရခရိုင်၊ ဒီလိုကျွန်တော်တို့က သတ်မှတ်ပေးနိုင်တယ်ဆိုတဲ့ဟာမျိုး ထည့်ထားတယ်။

စီးပွားရေးနဲ့ ပတ်သက်ပြီး ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးရန်၊ စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်မသိမ်းရန်၊ ငွေစက္ကူများကို တရားမဝင်ကြေညာခြင်း မပြုလုပ်ရန်ဆိုပြီးတော့ အဲဒီလိုအရေးကြီးတဲ့ဟာတွေ ကျွန်တော်တို့က ထည့်ထားတယ်၊ သဘောကတော့ တပ်မတော်ရဲ့ လုပ်ပိုင်ခွင့်တွေ တော်တော်များများ ကျွန်တော်တို့ ထည့်ထားတယ်။ ဒါကြောင့်မို့လို့ ခင်ဗျားတို့အခန်းကဏ္ဍသည် နောင်မှာ သိပ်ပြီးတော့ အရေးပါလာလိမ့်မယ်။ ကျွန်တော်တို့ကတော့ ကြီးပြီ။ ကျွန်တော်တို့က သွားတော့မှာ၊ ခင်ဗျားတို့ပဲ ကျန်မယ်။

အဲဒီတော့ ဘရန်ဆိုင်းမရှိလည်း ဇော်မိုင်က ဆက်လုပ်မှာပဲ။ ကျွန်တော်တို့က အသေးစိတ်လုပ်ထားတာက ဇော်မိုင်နဲ့လုပ်ထားတာကိုး။ ဆိုတော့ပြဿနာမရှိဘူး။ ဘာမှမရှိဘူး။ အဲဒီတော့ အခုဆက်ပြီးလုပ်ဖို့ကို ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းမှုတွေ အခုလုပ်နေပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကချင်ပြည်နယ်အနေနဲ့ကတော့ အခြေအနေကောင်းသွားမယ်။ တစ်ဖက်ကလည်းကယားပြည်နယ်အနေနဲ့လည်းအခြေအနေကောင်းသွားမှာပါ။ ကျွန်တော်သွားပြီးတဲ့နောက်ပိုင်းမှာကျွန်တော်ပြောတဲ့ဟာတွေကို တိပ်ခွေနဲ့ယူသွားပြီးတော့မှ အဲဒီကောင်တွေဆီကိုသွားပြီး အဲဒီမြို့ပေါ်က လူတွေက နေပြီးတော့မှ အဲဒီ (Deck) နဲ့ပေါ့ဗျာ။ တီဗီနဲ့မော်နီတာနဲ့တီဗီစက်တွေနဲ့ယူသွားပြီးတော့တိပ်ခွေတွေနဲ့ဘက်ထရီအိုးတွေရောဘာတွေပါယူသွားပြီးတော့မှ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာသွားပြီး သူတို့ပြတယ်။ ဆိုတော့ ကယားပြည်နယ်ဟာလည်း အခြေအနေကောင်းလာမယ့်သဘော ရှိတယ်။ မွန်ပြည်နယ်အနေနဲ့လည်း အခြေအနေကောင်းလာမယ့်သဘော ရှိတယ်။

ကရင်ပြည်နယ်အနေနဲ့ကတော့ သဲသဲကွဲကွဲတော့ မသိသေးဘူး။ သို့သော်ငြားလည်း တစ်ဖက်က ကျွန်တော်တို့အပိုင်းက ဒီဘက်ကနေပြီးတော့ တရားဝင် ဖိတ်ခေါ်တာတွေ လုပ်တယ်။ တစ်ဖက်ကလည်း ဟိုမှာ၊ ကျွန်တော့်ဆီက စစ်သံမှူးက၊ ဟိုမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ အားလုံးနဲ့တွေ့တယ်။ စောဗိုလ်မြကြီးနဲ့လည်း တွေ့တယ်။ အောင်သန်းလေးနဲ့လည်း တွေ့တယ်။ မွန်က နိုင်ရွှေကျင်နဲ့လည်း တွေ့တယ်။ အဲဒီတော့ တွေ့ပြီးပြီဆိုတော့ ဆက်တွေ့ဖို့ပဲ ရှိတော့တယ်။ အဲဒီတော့ ဟိုဘက်ကနေပြီးတော့ တွေ့တဲ့ဥစ္စာ ပြီးပြတ်သွားရင် ကျွန်တော်တို့ပြည်တွင်းကိုလာပြီးရင် တရားဝင် ကျွန်တော်တို့နဲ့ တွေ့လိုက်တော့မယ်။

အဲဒီတော့ သူတို့အဖွဲ့တွေကတော့ တစ်ခုပြီးတစ်ခု လာမှာပဲ။ ဒါ ခင်ဗျားတို့ သိအောင်ဆိုပြီး ရှင်းပြခြင်း ဖြစ်ပါတယ်။ ဒါက တစ်ဖက်က ကျွန်တော်တို့က ကျွန်တော်တို့ရဲ့တပ်မတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုပေါ့ဗျာ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်မှုပေါ့။ အဲဒီတော့ ဒါဖွဲ့စည်းပုံ အခြေခံဥပဒေ အောင်အောင်မြင်မြင် ရေးဆွဲနိုင်ရေးအတွက်ကို ဒါတွေကို ကျွန်တော်တို့ လုပ်နေတယ်။ အဲဒီတော့ တစ်ဖက်ကလည်း တောတွင်းရောက်နေတဲ့ ဒီအဖွဲ့အစည်းတွေက တရားဥပဒေဘောင်ထဲကို ဝင်လာမယ်။ သူတို့ကတော့ မြေပေါ်ကနေပြီးတော့ပဲ တရားဥအဒေနဲ့အညီ ဒါနိုင်ငံရေး လုပ်ခွင့်ရသွားတယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးဟာ ပိုပြီးတော့ လွယ်ကူသွားမယ်။ အခက်အခဲ မရှိနိုင်ဘူး။

နိုင်ငံတကာရဲ့အနေအထားကလည်းကောင်းသွားမယ်။ နိုင်ငံတကာရဲ့ဖိအားပေးမှုလည်းဒီသောင်းကျန်းသူအဖွဲ့အစည်းတွေ တရားဥပဒေထဲ ရောက်လာပြီဆိုကတည်းကိုက နိုင်ငံတကာက ဘာမှစွပ်စွဲစရာအကြောင်း မရှိပါဘူး။ တစ်ခုပဲ ရှိတယ်။ အမျိုးသမီးကိစ္စတစ်ခုပဲ ကျန်တော့မယ်။ ကျန်တဲ့ဟာတွေ ကျွန်တော်တို့မှာ စွပ်စွဲစရာ ဘာမှမကျန်တော့ဘူး။ ဒါကြောင့် ဒါမှ ကျွန်တော်တို့က အမျိုးသားနိုင်ငံရေးပေါ့လေ။ ကျွန်တော်တို့အတွက်က အမျိုးသားနိုင်ငံရေးလုပ်နေတာ ဖြစ်ပါတယ်။

နောက်တစ်ခုက စီးပွားရေးနဲ့ပတ်သက်ပြီးတော့ပေါ့လေ။ စီးပွားရေးနဲ့ ပတ်သတ်လို့ ခင်ဗျားတို့ လုပ်နေကိုင်နေတာတွေကို အားလုံးသိပါတယ်။

ကျွန်တော်တို့က ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေတယ်။ စီးပွားရေးဆိုင်ရာ ပုဂ္ဂိုလ်တွေလည်း လာပြီးဆွေးနွေးသွားပြီးပြီနဲ့ တူပါတယ်။ ဟုတ်လား၊ ကျွန်တော်က အကြမ်းပဲ ကျွန်တော်ပြောသွားမှာပါ။ အဲဒီတော့ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးတဲ့အခါကျတော့ ပုဂ္ဂလိကကဏ္ဍကို ကျွန်တော်တို့က လုပ်ပိုင်ခွင့်တွေပေးတယ်။ သမဝါယမကဏ္ဍပိုပြီးတော့ ကျွန်တော်တို့ ဒီထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးလာအောင်လို့ ကျွန်တော်က အားပေးတယ်။ နောက်ပြီးတော့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ရှိလာအောင်လို့ နိုင်ငံခြားအဖွဲ့အစည်းတွေ၊ နိုင်ငံခြားက လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီးတော့မှ နှစ်နိုင်ငံအကျိုးတူပေါ့။ နှစ်ဦးနှစ်ဘက် အကျိုးတူလုပ်ငန်း လုပ်မယ်ဆိုပြီးတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျွန်တော်တို့ ကျင့်သုံးနေတာပဲ။ ပေးတဲ့အခါကျတော့ အခုဆိုရင် ခင်ဗျားတို့ သိတဲ့အတိုင်း၊ ဟိုတယ်လုပ်ငန်းတွေ အခုဆိုစပြီး ဟိုတယ်တည်ဆောက်ရေးတွေ စလုပ်နေပြီ။ အဲဒီတော့ စင်ကာပူနိုင်ငံနဲ့ ဆိုရင် ဟိုတယ်နှစ်ခု၊ အခု (Ground Bricking) လုပ်ပြီ၊ (Signing Ceremony)တွေ လုပ်ပြီးပြီ။ တစ်ခါ မနေ့ကဆိုရင် ဟောင်ကောင်က ကုမ္ပဏီတစ်ခုနဲ့ (Ground Bricking)နဲ့ (Signing Ceremony) ဒါ လုပ်ပြီးပြီ။ ဟိုတယ်ကြီးသုံးခုကတော့ သူတို့ကစပြီး အကောင်အထည်ဖော်ပြီပေါ့ဗျာ။ နောက်တစ်ခါ နောက်နှစ်ခုလောက်က ဆက်လာဦးမယ်။ ဟောင်ကောင်ကပဲ။ ဟောင်ကောင်ကတစ်ခု နောက် မလေးရှားက တစ်ခု။ ဒီနေ့ပဲ တစ်ခါ မလေးရှားကပဲ တစ်ခါထပ်ပြီးလာလို့ ဗိုလ်ချုပ်ကြီးကျော်ဘကနေပြီး ပြောလာပြီး ဟာ ... မလေးရှားက ဒါလုပ်ချင်တယ်။ ဒီနေရာမှာ ဘယ်မှန်



www.burmeseclassic.com

www.burmeseclassic.com



ရာမှာလဲ ဆိုတဲ့အခါကျတော့ မေးတဲ့အခါကျတော့ အခု လေဟာပြင် ဟုတ်လား၊ ညဈေးတန်းလုပ်တဲ့ လေဟာပြင်၊ ဆေးရုံကြီးရဲ့ဒီဘက်က အဲဒီနေရာမှာ သူတို့လုပ်ချင်တယ်ဆိုလို့၊ ကဲ . . . အဲဒါ စကားပြောကောင်းတယ်လို့၊ အဲဒါ စကားပြောနေတယ်။ အဲဒါလည်းဟိုတယ်ကြီးပဲ၊ တက်လာမှာပဲ။ အဲဒီတော့ဟိုတယ်လုပ်ငန်းကတော့တွင်တွင်ကျယ်ကျယ်တော့ဖြစ်လာလိမ့်မယ်။ နောက်တစ်ခုက အဲဒီဟိုတယ်ကြီးတွေ ဆောက်တဲ့နေရာက အချိန်က အနည်းဆုံး တစ်နှစ်ခွဲတော့ကြာမယ်။ အမြန်ဆုံးပြီးမယ့်ဟာသည် တစ်နှစ်ခွဲလောက်ကြာမယ်။ ကဲ . . . မြန်မြန်ဆန်ဆန် ဟိုတယ်အခန်းတွေလည်း ရှိလာအောင် တစ်ဖက်က ဘာလုပ်တာလဲဆိုရင် (Floating Hotel) အခုလာနေပြီ (Floating Hotel) ထိုင်းနဲ့လုပ်တာ၊ ထိုင်းကနေပြီးတော့ကာ သွားပြီးတော့ကာ (Floating Hotel) ကြီး၊ အခန်း (၂၀၀) တည်ဆောက်တယ်။ နယ်သာလန်နိုင်ငံမှာ တည်ဆောက်လို့ပြီးသွားလို့ အခု အဲဒီသင်္ဘောကြီးက ဆွဲလာပြီ။ ဆွဲလာတုန်း စူးအက်ဘက်ကို ကျော်လာပြီ။ ကျော်လာပြီးတော့မှ အခုဒီဘက်ထဲကို တက်လာပြီ။ ရောက်လာပြီဆိုတော့ အခု . . . ဒီဇင်ဘာလထဲမှာ ရန်ကုန်ရောက်မယ်။ ရန်ကုန်ရောက်ရင် ကျွန်တော်တို့က ပထမ ဗိုလ်တထောင်ဆိပ်ကမ်းမှာ ခဏရပ်ထားမယ်။ ခဏ အဲဒီမှာ ပြင်ဆင်မှုတွေ လုပ်မယ်။ လုပ်ပြီးရင် ပြီးတာနဲ့ ဟိုဘက် ကီလီဘက်ကို ရွှေ့မယ်။ ကီလီမှာ အဲဒီဟာကြီးကို (Anchor) လုပ်ထားမယ်။ လုပ်ထားပြီးတော့မှ (Floating Hotel) အခန်း (၂၀၀) မှာ ချက်ချင်းလာပြီး (Tourist) တွေ တည်းခိုနိုင်အောင်၊ ဒါကပထမအဆင့် ကြားဖြတ်ပေါ့။ ဟိုတယ်တွေ မပြီးခင်မှာ၊ နောက်တစ်ခါ (Floating Hotel) ကြီး နောက်တစ်စီးလာဦးမယ်။ ဒီလိုပဲ အခန်း (၂၀၀) လောက်ပါတဲ့ ဟိုတယ်ကြီး၊ ဒါဟာ ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်ရဲ့အကောင်အထည်ဖော်လာတာတွေ။

နောက်ပြီးတော့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဒါတွေဟာလည်း ကျွန်တော်တို့က ထုတ်လုပ်တဲ့အဆင့်ကို ကူးပြောင်းနေပြီ။ ရှာဖွေတဲ့အဆင့်က ထုတ်လုပ်တဲ့အဆင့် ကူးပြောင်းနေပြီ။ အဲဒီတော့ (Gas) သဘာဝဓာတ်ငွေ့ကို ထိုင်းကနေပြီး ကျွန်တော်တို့ဆီ ဝယ်ဖို့ ကမ်းလှမ်းနေပြီး ဈေးစကားပြောနေပြီ၊ ဈေးစကားပြောနေပြီ၊ သူက ဈေးနှုန်းကို သူကနည်းနည်းလေး ဟို ဈေးနှိမ်ပြီးတော့မှ ပေးချင်တာပေါ့။ ဟာ ကျွန်တော်တို့က မရဘူး။ ကမ္ဘာ့ဈေးကွက်အတိုင်းပဲ။ ဈေးစကားပြောနေပြီ။ ဒါပေမဲ့ သူတို့ မဝယ်လို့မရဘူး။ သူတို့ဆီမှာမရှိဘူး။ ကျွန်တော်တို့ဆီကပဲ သူ ဝယ်လို့ရမယ်။ ကျန်တဲ့နေရာက ဝယ်ရင်ဒီထက် ပိုဈေးများတယ်။ ကျွန်တော်တို့ဆီကဝယ်ရင် ပိုက်လိုင်းနဲ့ တောက်လျှောက် သူ့ဆီကိုသွယ်လို့ရတယ်။ (Gas) တင် မဟုတ်ဘူး။ ရေပါ ကျွန်တော်တို့ဆီက ဝယ်ရမယ့်သဘော ဖြစ်တယ်။

ထိုင်းမှာ သောက်စရာ၊ ရေသုံးစရာကို မရှိတော့ဘူး။ သူတို့ဆီမှာရှိတာ ဘူမိဗေဟာ(Dam)ဆိုတာ အကြီးကြီးပဲ။ ဘုရင်ရဲ့နာမည်နဲ့ ဘူမိဗေဟာ(Dam)ဆိုတာ ကျွန်တော်တို့ရဲ့ ဖာပွန်အရှေ့ဘက်တည့်တည့်မှာ (Dam)ကြီးကြီး လုပ်ထားတယ်။ အဲဒီ (Dam)ကြီးက ရေမရှိတော့ဘူး။ ခန်းပြီ။ အဲဒီ(Dam)ထဲကို ရေဖြည့်ဖို့ကို ရေ မရှိဘူး။ ရေမရှိဘူးဆိုရင် ကြာရင် ဒီ(Dam)ပျက်သွားမှာပေါ့။ ဘန်ကောက်မှာ ရေငတ်နေပြီ။ ရေမရှိဘူး။ ရေကို (Ration)နဲ့ သူတို့သုံးရတော့မယ်။ အဲဒီတော့ ကျွန်တော်တို့ဆီက သံလွင်မြစ်ကရေ သုံးဖို့ကို ဝယ်ဖို့ သူတို့ကမ်းလှမ်းနေပြီ။

အဲဒီတော့ ကျွန်တော်တို့က နောင်တစ်ချိန်မှာ နောင်တစ်ချိန်ဆိုတာက နောင် (၂) နှစ် (၃) နှစ်ဆိုရင် (Gas) တွေကလည်း အလျှံပယ်ထွက်လာမယ်။ ရေနံတွေကလည်း ထွက်လာမယ်။ ဟိုတယ်လုပ်ငန်းတွေကလည်း ဒီထက်ပိုပြီးတော့ တိုးတက်အောင်မြင်ဖြစ်ထွန်းလာမယ်ဆိုရင် နောင် (၃) နှစ်ဆိုရင် ခင်ဗျားတို့ ဘာမှမပူနဲ့တော့။ တိုင်းပြည်ရဲ့စီးပွားရေးက တစ်ရှိန်ထိုးတက်လာမယ်။ (၃) နှစ်ပဲ။ (၃) နှစ်ဆိုတာကတော့ ခင်ဗျားတို့အချိန်ပဲ။ ခင်ဗျားတို့ကာလထဲ ရောက်နေပြီ။ ဟုတ်လား၊ ကျွန်တော်ကတော့ အခြေခံတွေ တည်ဆောက်ပြီးသွားပြီ။ အဲဒီတော့ ခင်ဗျားတို့ကာလမှာ တစ်ခါတည်း ဆက်ပြီးတော့ ရှူးခပ်ပြီး စားရုံပဲ။ ဟုတ်လား၊ အဲဒီတော့ ဒါက ကျွန်တော်တို့ ဈေးကွက်စီးပွားရေးစနစ်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာပေါ့။

လုပ်တဲ့နေရာမှာ စောစောက ခင်ဗျားတို့တွေ့ခဲ့တဲ့ လက်နက်ခဲယမ်းတွေ တစ်ခါတုန်းက အိပ်မက်မက်ခဲ့ကြတဲ့ ဟာကြီး



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ တကယ်ဖြစ်လာပါလား။ ခင်ဗျားတို့ တွေ့ပြီ။ မျက်မြင်ကိုယ်တွေ့ ဒါက ကျွန်တော်တို့ (Might) ပေါ့ဗျာ။ (Three Might) ပေါ့ဗျာ။ (Military Might) နော်၊ (Military Might) ရယ်၊ (Organzational Might) ရယ်၊ နောက်ပြီးတော့မှ စီးပွားရေးပေါ့။ ဟုတ်လား။ အဲဒီတော့ ဒီ (Might) (၃) ခုကို ပြည့်စုံမှသာလျှင် တိုင်းပြည်ဟာခိုင်ခန့်တယ်။ ခိုင်မြဲမယ်။ အဲဒီ (Might) (၃)ခု မပြည့်စုံရင် အဲဒီတိုင်းပြည်မခိုင်ခန့်ဘူး။ မခိုင်မြဲဘူး။ ဖရိုဖရဲ ဖြစ်တတ်တယ်။ ဒါကြောင့် အခုက ခင်ဗျားတို့ တွေ့တယ်မဟုတ်လား (Military Might) ကို တည်ထောင်ပေးထားတာ။ လေယာဉ်ပျံတွေက ပိုက်ဆံတွေအများကြီး ကုန်တယ်။ နောက် (Navy Base) တွေလည်း ရောက်ပြီ။ သင်္ဘောတွေ၊ သင်္ဘောက ပိုပြီးတော့တောင်မှ တန်ဖိုးကြီးသေးတယ်။ သင်္ဘောတစ်စင်း နည်းတာမဟုတ်ဘူး။ ခင်ဗျားတို့ တန်ဖိုးတွေ ပြောလိုက်မယ်။ ဟုတ်လား။ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ အမြောက်တွေ တွေ့တယ်မဟုတ်လား။ အမြောက်ကြီးတွေ၊ တင့်ကားကြီးတွေ တွေ့တယ် မဟုတ်လား။ ဒါတွေက ပိုက်ဆံပေးပြီးဝယ်ရတာ၊ အဲဒီပိုက်ဆံတွေ ဘယ်ကရမလဲ။ ကျွန်တော်တို့ စတက်လာစက ဒေါ်လာတစ်ပြားမှ မရှိဘူး။ နည်းနည်းလောက်ပဲ ရှိတယ်။ ကျပ်လည်း ထိုနည်းလည်းကောင်းပဲ ဘယ်လောက်မှ မရှိဘူး။

ဒါကြောင့် ဦးအောင်ကြီးက ပြောတာဟာ ဒီကောင်တွေ နိုင်ငံခြားငွေလည်း မရှိဘူး။ ကျပ်ငွေလည်းမရှိဘူး။ ဒီကောင်တွေ ခုနစ်ရက်ပဲ ခံမယ်ဆိုပြီး ပြောတာ။ သူပြောတာ တကယ်ဆိုရင် မှန်တယ်။ ဒါဟာ နိုင်ငံရေးသဘောတရားအရ သူပြောတာမှန်တယ်။ သို့သော်ငြားလည်း ကျွန်တော်တို့က ဘယ်လိုလုပ်ဖန်တီးသလဲ။ ဒါ . . . ခင်ဗျားတို့ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်ပြောမယ်။

ဒါအရင်တုန်းက ကျွန်တော်တို့လူကြီးတွေရဲ့ လုပ်ကိုင်ပေးထားတာရဲ့ အကျိုးပေါ့ဗျာ။ ဂျပန်နိုင်ငံမှာ ကျွန်တော်တို့ မြေတစ်ကွက် ရှိတယ်။ မြေတစ်ကွက် ရှိတယ်။ မြေအလွတ်၊ ဂျပန်နိုင်ငံမှာ ပြီးခဲ့တဲ့အစိုးရ လက်ထက်တုန်းက ဒီမြေကိုရောင်းဖို့ကမ်းလှမ်းထားတယ်။ ကမ်းလှမ်းထားတော့ ဒေါ်လာဘယ်လောက်ရမလဲဆိုတော့ ကမ်းလှမ်းထားတာ၊ ဒေါ်လာ (၁၃၅) သန်းရမယ်ဆိုပြီးတော့ ကမ်းလှမ်းထားတော့ (၁၃၅) သန်းနဲ့ ရောင်းဖို့ပြင်ဆင်နေပြီ။ အဲဒီအချိန်တုန်းကတော့ (၁၃၅) သန်းဆိုတာနည်းတာမဟုတ်ဘူးလေဗျ။ ဒေါ်လာ (၁၃၅) သန်းဆိုတာ။

ကျွန်တော်တို့နိုင်ငံမှာ အဲဒီပြီးခဲ့တဲ့ အစိုးရလက်ထက်တုန်းက တစ်နှစ် တစ်နှစ်ကို ဒေါ်လာ (၁၀) သန်းရဖို့ဆိုတာ မလွယ်ဘူး။ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေ ထုတ်ရောင်းတာ။ ဒေါ်လာ (၁၀) သန်းရဖို့ဆိုတာ မလွယ်ဘူး။ အဲဒီတော့ (၁၃၅) သန်းရမယ်ဆိုတော့ အလျှံပယ်ပေါ့ဗျာ။ အများကြီးဖြစ်နေပြီ။ အဲဒီတော့ ကျွန်တော်တို့က ဒီ (Process)တွေ လုပ်ထားတဲ့ဟာ ကျွန်တော်တို့က သိတယ်။ အကောင်အထည် မပေါ်သေးဘူး။ သိတဲ့အခါကျတော့ ကျွန်တော်တို့လက်ထက်မှာ ဂျပန်က နေပြီးတော့မှ ဒီလိုကမ်းလှမ်းထားတယ်ဆိုတာကို ကုမ္ပဏီတစ်ခုက ပေါက်ချလာတယ်။ ကျွန်တော့်ဆီပဲ အရင်လာတာပါ။ လာတဲ့အခါကျတော့ သူက ကျွန်တော်တို့ ညှိပါမယ်။ ဈေးညှိမယ်လို့၊ ဘယ်လောက်ပေးမလဲ။ ဘယ်လောက်ရနိုင်မလဲဆိုတော့ သူကမ်းလှမ်းတာ ဒေါ်လာသန်း (၂၅၀) ဖြစ်တယ်။ ဟုတ်လား၊ ဟိုလောက် (၂၅၀) ဟာ သန်းတစ်ရာပိုနေပြီ၊ ဟုတ်လား၊ အရင်အစိုးရလက်ထက်တုန်းကစကားပြောထားတာ (၁၃၅) သန်း၊ ကျွန်တော်တို့သန်း (၂၅၀) ရမယ်ဆိုတော့အများကြီးတိုးတယ်။ သို့သော် ကျွန်တော်တို့က လက်မခံသေးဘူးတဲ့။ ကဲ . . . တော့တော့ဆိုင်ဆိုင် အဖွဲ့နဲ့ဖွဲ့ပြီးတော့ ဆွေးနွေးမယ်။ ဈေးစကားပြောမယ်ဆိုပြီးတော့မှ ကျွန်တော်တို့က အဖွဲ့ဖွဲ့လိုက်တယ်။ အဲဒီတုန်းက ဘဏ္ဍာရေးဝန်ကြီးက ဗိုလ်ချုပ်အေဘယ်လ်ပေါ့ဗျာ။ ဗိုလ်ချုပ်အေဘယ်လ်ရယ်၊ တရားသူကြီးချုပ်ရယ်၊ ရှေ့နေချုပ်ရယ်၊ စာရင်းစစ်ချုပ်ရယ် ပါဝင်ပြီးတော့ အဖွဲ့ဖွဲ့၊ အဲဒီအဖွဲ့နဲ့ အဲဒီကော်မတီနဲ့ ပုဂ္ဂိုလ်နဲ့ဆွေးနွေး ကျွန်တော်တို့က အများဆုံးရချင်တယ်။ သူပြောတာ သန်း (၂၅၀) ဟာ မလုံလောက်သေးဘူး။ အများဆုံးရအောင်လုပ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူတို့ကလည်းဘာလုပ်မလဲဆိုရင် အဲဒီနေရာမှာ အထပ် (၅၀) လောက်ရှိတဲ့ ဟိုတယ်ကြီးဆောက်မယ်။ အထပ်(၅၀)လောက်၊ဆောက်ရင်ကျေတယ်လေ။အများကြီးရမှာကိုး။ရမှာဆိုတော့အဲဒီစကားပြောရင်းဆိုရင်းနဲ့နောက်ဆုံး သန်းဘယ်လောက်၊ ရတယ်ထင်သလဲ။ သန်း (၁၀၀) နဲ့ (၁၂၀) ထင်တယ်။ နောက်ဟုတ်လား၊ ကိုလှမောင်၊ သုံးရာနှစ်ဆယ်နဲ့ ငါးသန်း၊ သုံးရာနှစ်ဆယ့်ငါးသန်းနဲ့ လက်မှတ်ထိုးပြီးတော့ အဲဒီမြေကို ကျွန်တော်တို့ရောင်းတာ။ အဲဒီမြေကိုရောင်းတာ တစ်ဝက်ပဲ ရောင်းတယ်။ အပြည့်မဟုတ်ဘူး။ မြေကို တစ်ဝက်ရောင်းတယ်။ တစ်ဝက်က ဘာလုပ်သလဲဆိုရင် ကျွန်တော်တို့ရဲ့ သံရုံး၊ သံရုံးကို ဆောက်ပေးရမယ်။

လက်ရှိသံရုံးအဟောင်းကြီး အဲဒီမှာရှိတာကို သံရုံးအဟောင်း၊ သံရုံးအသစ်ကို ကျွန်တော်တို့ရဲ့မြေထဲမှာ ဆောက်ပေးရမယ်။ နောက်ပြီးတော့မှ သံဝန်ထမ်းတွေအတွက် အိမ်တစ်အိမ်ဆောက်ပေးရမယ်။ ကျွန်တော်တို့မြေထဲမှာ၊ တစ်ခြမ်းကတော့ မြေလွတ်၊အဲဒါသူတို့ကိုရောင်းတာ၊သုံးရာနှစ်ဆယ့်နဲ့ငါးသန်းရတယ်။ပြီးခဲ့တဲ့အစိုးရလက်ထက်တုန်းကတစ်ရာနဲ့သုံးဆယ်နဲ့ ငါးသန်း။ ကဲ . . . ကျွန်တော်တို့လက်ထဲမှာသုံးရာနဲ့နှစ်ဆယ့်ငါးသန်း၊ အဲဒီငွေနဲ့ ခင်ဗျားတို့တွေ့ခဲ့တဲ့ဟာတွေ ဝယ်တာပဲ။ ကဲ . . . ရှင်းပြီ။

အဲဒီတော့ ကျွန်တော်တို့ ဘယ်ကရတယ်ဆိုတာ ဘယ်သူမှမသိဘူး။ ဒါကို ကျွန်တော်တို့ တရုတ်ကနေ အလကားပေးတယ်လို့ ဒီလိုတွက်နေတာကိုဗျ။ ဟ တရုတ်လည်း ဘယ်အလကားပေးမလဲဗျာ။ သင်္ဘောကြီးတွေ၊ လေယာဉ်ပျံတွေ ဟုတ်လား။ ကျွန်တော်တို့က တန်ရာတန်ကြေး ပေးဝယ်ရတာ။ ဒါကြောင့် ဘယ်သူမှလည်း ကျွန်တော်တို့က သွားပြီး ဒူးထောက်စရာမလိုဘူးလေ။ တရုတ်လည်း ဒူးထောက်စရာမလိုဘူးလေ။ တန်ရာတန်ကြေးပေးတာ။ ဘယ်နိုင်ငံမှလည်း ဒူးထောက်စရာမလိုဘူးလေ။ ကျွန်တော်တို့မှာ ဒါသမ္မာအာဇီဝ ကိုယ့်ကြိုးပမ်းမှုနဲ့ရတဲ့ငွေနဲ့ ခင်ဗျားတို့တွေ့ခဲ့တဲ့ လေယာဉ်ပျံတွေ၊ သင်္ဘောတွေ၊ အမြောက်တွေ၊ တင့်ကားတွေ ဝယ်တာ။

အဲဒါဝယ်တဲ့အပြင် ကျွန်တော်တို့က ခင်ဗျားတို့ဆေးတပ်အတွက် လိုအပ်တဲ့ပစ္စည်းတွေ၊ ခင်ဗျားတို့ဆေးရုံတွေ သွားကြည့်ရင် ခေတ်မီတဲ့ပစ္စည်းကိရိယာတွေ အဲဒီဆေးတပ်က ပစ္စည်းတွေ ဒေါ်လာသန်း (၃၀) ဖိုးလောက် ကျွန်တော်တို့ဝယ်ထားတာ၊ အခု ဆေးတပ်ကပါတယ် ထင်တယ်။ ဒေါ်လာသန်း (၃၀) ဖိုး နောက်ဝယ်ထားတာ၊ ဆေးတပ်အတွက်ကို ပစ္စည်းတွေက နည်းတာမဟုတ်ဘူး။ ဒါဟာ အခု နောက်ထပ်ဝယ်တာ မပါသေးဘူး။ စောစောပိုင်းတုန်းကဝယ်ထားတာ သန်း (၃၀) ဖိုးလောက်ဝယ်ပေးထားတာ၊ တစ်ခါမှ အိပ်မက်မမက်ဖူးဘူး။ ဆေးတပ်ကို ဒီလောက် ဝယ်ပေးမယ်ဆိုတာ တစ်သန်းဖိုးတောင် မရဘူး။ အရင်တုန်းကဆိုရင် အခုဒေါ်လာ သန်း (၃၀) ဖိုးလောက် ဝယ်ပေးထားတာ။ ဆေးတပ်အတွက် ပစ္စည်းတွေ၊ ခေတ်မီပစ္စည်းကိရိယာတွေ။

အဲဒီတော့ ကျွန်တော်တို့ အစိုးရဟာ အခက်အခဲလောက် ပြောတာပေါ့ဗျာ။ စီးပွားရေးအခက်အခဲ မရှိပါဘူး။ နိုင်ငံရေးအကြပ်အတည်းမရှိဘူး။ စစ်ရေးအကြပ်အတည်းမရှိဘူးဆိုတာ ဒါကြောင့် ကျွန်တော်တို့ပြောရဲတာပေါ့။ စီးပွားရေးက နောက်သုံးနှစ်ဆိုရင် ကျွန်တော်တို့က ဒါဟာဖြစ်ထွန်းလာပြီး အိမ်နီးနားချင်းနိုင်ငံတွေနဲ့ယှဉ်ပြီး သူတို့ထက် အောက်မကျဘူး။ ဒါကြောင့် ထိုင်းနိုင်ငံက ကျွန်တော်တို့ကို ပိုပြီးလေးစားလာတာ၊ သူက ကျွန်တော်တို့ကို ဒူးထောက်ရမယ်။ ဒူးမထောက်လို့ မရဘူး။ သူ့မှာ ဘာမှမရှိဘူး။ ထိုင်းနိုင်ငံမှာ သယံဇာတပစ္စည်းဆိုတာ လုံးဝမရှိဘူး။

ကျွန်တော်တို့မှာ သယံဇာတပစ္စည်းတွေ အခုအပြည့်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ စင်ကာပူနိုင်ငံက ကျွန်တော်တို့ဆီ အဖွဲ့တွေ အများကြီးလာတယ်။ လာပြီး ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တယ်။ ဟောင်ကောင်က အခုလာကြတယ်။ အခု အင်ဒိုနီးရှား စပြီးလာနေပြီ။ စဝင်နေပြီဆိုတဲ့အခါကျတော့ ကျွန်တော်တို့ကအခု နောင်ဆိုရင် အရှေ့တောင်အာရှမှာ ကျွန်တော်တို့နိုင်ငံဟာ အချက်အချာကျတဲ့ နိုင်ငံတစ်ခု ဖြစ်လာလိမ့်မယ်။ ဒီ(Region)ထဲမှာ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရဲ့ သဘာဝအနေအထား



www.burmeseclassic.com

www.burmeseclassic.com



အရ ကြည့်မယ်ဆိုရင် (Geopolitics) ပေါ့။ ဒီသဘောအရ ကြည့်မယ်ဆိုရင် အချက်အချာကျတဲ့နေရာတစ်ခု ဖြစ်တယ်။ အနောက်ဘက်မှာဆိုရင် အိန္ဒိယလူဦးရေ အင်မတန်မှများတဲ့ နိုင်ငံကြီးမဟုတ်လား။ လူဦးရေသန်းပေါင်းအခုဆိုရင် အိန္ဒိယ (၈၀၀) ကျော်ပြီ။ အရှေ့ဘက်မှာ တရုတ်နိုင်ငံကြီး သန်းပေါင်း (၁၀၀၀) ကျော်ပြီ။

အဲဒီအင်မတန်မှ လူဦးရေများတဲ့ နိုင်ငံကြီးနှစ်နိုင်ငံရဲ့ကြားမှာ ကျွန်တော်တို့ ရှိတယ်။ ရှိတော့ သူတို့ကိုစစ်ရေးအရ ကျွန်တော်တို့က မစိုးရိမ်ရဘူးလား။ စစ်ရေးအရဆိုရင်တော့ စိုးရိမ်ဖွယ်တော့ကောင်းတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့က မစိုးရိမ်ရအောင် ပေါင်းထားကာ။ ခင်ပျားတို့မြင်တဲ့အတိုင်းပဲ ဟုတ်လား။ မစိုးရိမ်ရအောင် တစ်ဖက်ကနေ လှည့်ပေါင်းထားရတာပေါ့။ နောက်တစ်ခါ အိမ်နီးချင်းနိုင်ငံသည် ကျွန်တော်တို့ကိုမယှဉ်နိုင်တဲ့ အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ် မယှဉ်နိုင်ဘူး။ အင်မတန်မှ ဆင်းရဲတဲ့နိုင်ငံ၊ ယိုးဒယားက ရှင်းရှင်းပြောရရင် အခုသာ တိုးတက်တယ်လို့ ဆိုတာကိုးဗျ။ ကျွန်တော်တို့က ငယ်နိုင်ပဲလေ။ သူ့မှာ သယံဇာတပစ္စည်း ဘာမှမရှိတော့ဘူး။ စီးပွားရေးအရရော၊ ကျွန်တော်တို့က နောင်တစ်ချိန်မှာ သူ့ထက်သာသွားမယ်။ သမိုင်းကြောင်းအရ ယိုးဒယားကို ကျွန်တော်တို့က နိုင်ပြီးသားပဲ။ ဘာမှစိုးရိမ်စရာမလိုဘူး။ လာအိုနိုင်ငံ၊ ကျွန်တော်တို့ကို ဆရာတင်ထားတာ၊ အခုတည်းက ကျွန်တော်တို့ကို အစ်ကိုကြီးဆိုပြီးတော့ခေနတာပဲ။ လာအိုကတော့ ကျွန်တော်တို့ရဲ့ဒါညီလေးလိုပဲ ရှိးသားတယ်။ သူ့ကိုတော့ ကျွန်တော်တို့က တတ်နိုင်သမျှ အထောက်အကူပေးရမယ်။

နောက်တစ်ခါ တောင်ဘက်က မလေးရှားနိုင်ငံကျတော့၊ ကျွန်တော်တို့နဲ့ တိုက်ရိုက်ဆက်စပ်မှုမရှိဘူး။ မှောင်ခိုသမားတွေသာ ဆက်စပ်တာကိုးဗျ။ ဒီဘက်က မြိတ်တို့ ထားဝယ်တို့ တနင်္သာရီတိုင်းက မှောင်ခိုတွေက ပီနန်တို့ စင်္ကာပူတို့ သွားတာပေါ့ဗျာ။ ဒါစီးပွားရေးအရ မှောင်ခိုသမားတွေ အချင်းချင်းသာဆက်ဆံမှု၊ ဆက်သွယ်မှုရှိတယ်။ အဲဒီတော့ မလေးရှားရဲ့ နိုင်ငံအနေနဲ့ဆိုလည်း သယံဇာတပစ္စည်းဟာ ကျွန်တော်တို့ မြန်မာနိုင်ငံလောက်မပေါဘူး။ လူဦးရေအရ ကြည့်မယ် ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံလောက် မများဘူး။

စင်ကာပူနိုင်ငံ ဖွံ့ဖြိုးတိုးတက်တယ်။ မှန်တယ်။ သူဟာ (City State) သေးသေးလေး။ သူ့မှာ သယံဇာတဘာမှမရှိဘူး။ တိုင်းပြည်တော့ ချမ်းသာတယ်။ ချမ်းသာမှာပေါ့ဗျာ။ မြို့လောက်ပဲ ရှိတာ။ သေးသေးလေးပဲ ဥစ္စာ။ အဲဒီတော့ တိုင်းပြည်အတွင်းမှာ လေယာဉ်ပျံကိုမှ တက်ပြီးတော့ မောင်းပြီးလေ့ကျင့်ဖို့နေရာ မရှိဘူး။ ဒါကို လေယာဉ်ပျံလေ့ကျင့်ဖို့အတွက် တစ်ခါတစ်ခါ ကျွန်တော်တို့နိုင်ငံလာပြီး ခွင့်တောင်းပြီး ကျွန်တော်တို့နိုင်ငံအတွင်းမှာလာပြီး လေ့ကျင့်ရတာတို့လုပ်တာ၊ တစ်ခါတစ်ရံ သြစတြေးလျကို သွားပြီးလေ့ကျင့်ရတာ။

ဆိုတဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ သယံဇာတ အပြည့်အဝအများကြီး ရှိတယ်။ မထုတ်နိုင်တာအများကြီး။ လူဦးရေအနေနဲ့ကတော့ (၄၂) သန်းကျော်၊ (၄၃) သန်းရှိပြီ၊ သက္ကရာဇ် (၂၀၀၀) မှာဆိုရင် ကျွန်တော်တို့က ထားပါတော့ သန်း (၅၀) ပေါ့လေ။ ကျွန်တော်တို့နိုင်ငံက နောက်ထပ်သန်း (၁၀၀) လောက်ထိအောင် ချောင်ချောင်ချိချိနေလို့ရတယ်။ ဒီသန်း (၁၀၀) လောက်ထိ ထားနိုင်အောင် ကျွန်တော်တို့က ဆန်ကိုစပါးကို နှစ်သီးစား၊ သုံးသီးစားတွေလုပ်နေတာ အဲဒါပဲ (Drive) လုပ်နေတယ်။ ကျွန်တော်တို့ ပြည်သူတွေမငတ်အောင်၊ လူဦးရေ ဘယ်လောက်ပဲတိုးတိုး၊ ကျွန်တော်တို့က သန်း (၁၀၀) လောက်ထိ အေးအေးဆေးဆေး ကျွန်တော်တို့လူတွေ စားနိုင်သောက်နိုင်အောင် စပါးစိုက်ပျိုးရေး၊ သီးနှံစိုက်ပျိုးရေးကို (Drive) လုပ်ပေးနေတာ။ အဲဒီလိုစိုက်ပျိုးနိုင်အောင်လို့ (Dam) တွေ တည်ဆောက်ပေးနေတာ၊ အဲဒီရည်ရွယ်ချက်တွေပဲ။ ကိုယ့်ပြည်သူတွေ လုံလုံလောက်လောက် စားသုံးနိုင်ရေးအတွက် ကျွန်တော်တို့လူမျိုးတွေကို အခုနေ (Control) လုပ်လို့ မရဘူး။ (Birth Control) လုပ်လို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိမ်နီးနားချင်းနိုင်ငံတွေက လူဦးရေအများကြီး၊ အဲဒါကို ကျွန်တော်တို့က လူဦးရေ သန်း (၄၀) ကျော်နဲ့သွားပြီး (Birth Control) လုပ်ရင် ကျွန်တော်တို့တိုင်းပြည် နောင်တစ်ချိန်မှာ ကျွန်တော်တို့ ခံရမှာပေါ့။ လူနဲ့ဝါးမျိုတာ ကျွန်တော်တို့ ခံရမယ်။ ဒါကြောင့် ကျွန်တော်တို့ (Birth Control)



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ကျွန်တော်တို့ ကျန်းမာရေးပေါ်လစီ (Population Policy)က (Birth Spacing)နဲ့ သွားမှာ၊ (Birth Spacing)ဆိုတာက မွေးချင်မွေးလို့ရတယ်။ သားဆက်ခြား၊ သားဆက်ခြားစနစ်နဲ့ သွားမယ်။ အဲဒီတော့ လူဦးရေကို လိုရင်လိုသလို လျှော့၊ တိုးရင်တိုးသလို၊ တိုးချင်လည်း တိုးလို့ရတယ်။ လျှော့ချင်လည်း လျှော့လို့ရတယ်။ (Birth Spacing) နဲ့ သွားမယ်။ ဒါဒီ (Population)ပေါ်လစီနဲ့ သွားမယ်။

ဒါ ကျွန်တော်တို့က ဘက်စုံစဉ်းစားရမယ်။ ဘက်စုံစဉ်းစားရမယ်။ အဲဒီတော့ ကျွန်တော်တို့တိုင်းပြည်သည် နောင်တစ်ချိန်မှာ စီးပွားရေးအရ အင်မတန်ဖွံ့ဖြိုးလာမယ့်တိုင်းပြည်ဖြစ်တယ်။ လူဦးရေအားဖြင့်လည်း ကျွန်တော်တို့တိုင်းပြည်ဟာ အရှေ့တောင်အာရှမှာ၊ ဗဟိုချက်မကျတဲ့ တိုင်းပြည်ဖြစ်တယ်။

တရုတ်ပြည်ကလည်း ကျွန်တော်တို့တိုင်းပြည်ကို လက်လွှတ်လို့မရဘူး။ သူ့ရဲ့ တရုတ်ပြည်ရဲ့ တချို့သောပြည်နယ်သည် ကုန်းပိတ်ပြည်နယ်တွေ ဖြစ်တယ်။ အဲဒီကုန်းပိတ်ပြည်နယ်တွေသည် ကျွန်တော်တို့နိုင်ငံနဲ့ဆက်စပ်နေတဲ့ ပြည်နယ်တွေမှာ ကျွန်တော်တို့နိုင်ငံကို အသုံးပြုရမယ်။ ကျွန်တော်တို့နိုင်ငံ အသုံးပြုပြီးတော့မှ ကျွန်တော်တို့နိုင်ငံက သုံးတဲ့ပစ္စည်း (Port) ကို သူတို့က ငှားရမယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း သူ့ကိုပေါင်းထားတယ်။ ကျွန်တော်တို့ကို မစော်ကားရအောင်၊ သူက သူ့ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်အောင်အတွက် ကျွန်တော်တို့ကို ပြန်ပြီးတော့ပေါင်းထားရမယ်။ အပြန်အလှန် အသုံးပြုမယ်။

ဒါကြောင့်တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံသည် အရှေ့တောင်အာရှမှာ ထူးထူးခြားခြား ဖြစ်ထွန်းလာမယ့်နိုင်ငံ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့က (Might)ကို (ThreeMight) ကို ပြည့်စုံအောင် ကျွန်တော်တို့ အခုကြိုးပမ်း ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အဲဒီတော့ (Military Might) ကတော့ အသင့်အတင့်ရှိပြီ။ ဒါပေမဲ့ . . . ဒါက မလုံလောက်သေးဘူး။ ဒီထက် တဖြည်းဖြည်း ကျွန်တော်တို့က ဆက်ပြီးတော့ မြင့်မားအောင်၊ တိုးတက်အောင် ဆက်လုပ်ရဦးမယ်။ ဟုတ်လား၊ (Economic Might) ဒါလည်းပဲ (Econimic Might)အခြေခံတွေရပြီးဆက်ပြီးတော့ကျွန်တော်တို့ကဒီထက်ပိုပြီးတိုးတက်ဖွံ့ဖြိုးအောင် ဆက်ပြီးတော့ ကြိုးပမ်းရဦးမယ်။ (Organizational Might) ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ ကျွန်တော် စောစောက ပြောတဲ့ အတိုင်း၊ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့ လုပ်နေတယ်။ ဟုတ်လား၊ ပြည်သူတွေရဲ့ အားကိုးအားထား ကျွန်တော်တို့ လုပ်နေတယ်။

တစ်ဖက်ကလည်း တပ်မတော်ရဲ့ အရန်အင်အားစုဖြစ်အောင်လို့ အခုဖွဲ့နေတာ၊ လိုက်ဖွဲ့နေတာ၊ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဆိုတာ၊ အဲဒါပဲ။ တပ်မတော်ရဲ့ အရန်အင်အားစု၊ တစ်ချိန်ချိန်မှာ အဲဒီအဖွဲ့အစည်းသည် အဲဒီအသင်းသည် ကျွန်တော်တို့ရဲ့တပ်မတော်ရဲ့ အနီးကပ်အရန်အင်အားစု ဖြစ်မယ်။ အမျိုးမျိုး အသုံးချလို့ရတယ်။ သူ့ကို ကျွန်တော်တို့က ဘယ်လိုတည်ထောင်ထားသလဲ။ မျိုးချစ်စိတ်ဓာတ်နဲ့ တည်ထောင်ထားတယ်။ မျိုးချစ်စိတ်ဓာတ်နဲ့ တည်ထောင်ပေးထားတယ်။ အားလုံးက တစ်နိုင်ငံလုံးက အုတ်အော်သောင်းနင်းနဲ့ ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲ။ အဲဒီတော့ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းလည်း အောင်အောင်မြင်မြင် ဖြစ်ထွန်းရေးအတွက် အားလုံးက ဝိုင်းလုပ်ရမယ်။ ကျွန်တော်တို့ရဲ့ အင်အားစု၊ အရန်အင်အားစု၊ အဲဒါကို ခင်ဗျားတို့က ဝိုင်းပြီးတော့ ပံ့ပိုးပေးရမယ်။

အဲဒီထဲမှာ ကျွန်တော်တို့ တပ်မတော်သားတွေ ဝင်မထားဘူး။ ပါမထားဘူး။ အရပ်ဝတ်တွေနဲ့ပဲ၊ အရပ်သားတွေနဲ့ပဲ ဦးဆောင်ပေးထားတယ်။ ခင်ဗျားတို့ သတိထားမိလိမ့်မယ်။ နာယကအဖွဲ့ထဲမှာတော့ ကျွန်တော်တို့က ပါထားပေမဲ့၊ တကယ့် (EC) ထဲမှာ သမဝါယမ ဝန်ကြီး၊ အရပ်သား ဟုတ်လား၊ နောက်ပြီးတော့မှ ကျွန်တော်တို့က ပို့ဆောင်ရေးဝန်ကြီး ဦးဝင်းစိန်။

(မှတ်ချက် - ဤနေရာတွင် ဆုံးသွားပါကြောင်း။)

အတွဲ(၄)အမှတ်(၄၄)မှ အတွဲ(၄)အမှတ်(၄၈)ထိ



www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူလူထုက CHANGE ကို မျှော်လင့်နေတယ်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား

"သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်အပေါ်သဘောထား"

"မလွတ်မြောက်သေးသည့် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်ဟောင်းများနှင့်ပတ်သက်၍"

"တိုင်းရင်းသားအရေးနှင့် ပတ်သက်၍ ဘာမှမပြောလို"

ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်နှင့် ရန်ကုန်၊ မရမ်းကုန်း၊ နဝဒေးနေအိမ်တွင် ၂၀၁၃ အောက်တိုဘာ ၂၆ ရက်ညပိုင်းက အလွတ်သဘော တွေ့ဆုံခဲ့ရာ လက်ရှိနိုင်ငံရေး အခြေအနေရှုပ်ထွေးနေမှုနှင့်ပတ်သက်၍ "ပြည်သူလူထုက CHANGE ကို မျှော်လင့်ကြတယ်"ဟု ဝေဖန်သုံးသပ် ပြောကြားခဲ့သည်။

သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်နှင့် ပတ်သက်၍ သဘောထားကို မေးမြန်းရာတွင် ဂါးဒီယန်းဦးစိန်ဝင်းနာရေးမှာ ကျွန်တော်တွေ့လို့ ထပြီးနှုတ်ဆက်တာပါ။ ကျွန်တော့်ထက်အသက် ၈ နှစ်ကြီးတယ်လို့ သိရတယ်။ အဲသည့်အတွက် မြန်မာလူမျိုးလေဗျာ။ လက်အုပ်ချီပြီး ဂါရဝပြုတာပါ။ ပြီးတော့ ဟံသာဝတီသတင်းစာ လုပ်လာတဲ့ ပုဂ္ဂိုလ်လေ။ ကျွန်တော် လေးစားပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အယူအဆကတော့ တူချင်မှတူမှာပေါ့ဗျာဟု ဆိုသည်။

ဦးခင်ညွန့်သည် သတင်းစာဆရာကြီးဂါဒီယန်းဦးစိန်ဝင်းနှင့် အလွန်ရင်းနှီးကြောင်း၊ ဂါဒီးယန်းဦးစိန်ဝင်းသည် သူ၏ မွေးဇာတိဖြစ်သော ကျောင်းကုန်းမြို့လေးကိုလည်း မကြာခဏဖိတ်ခေါ်လေ့ရှိကြောင်း၊ စိတ်ကောင်းရှိသူလည်းဖြစ်ကြောင်း မကွယ်လွန်မီက အလုပ်မအားလပ်၍ မတွေ့ဆုံလိုက်ရကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ကောလာဟလဖြစ်ပေါ်လျက်ရှိသော မလွတ်မြောက်သေးသည့် ထောက်လှမ်းရေးဟောင်းများနှင့်ပတ်သက်၍လည်း "သီတင်းကျွတ်ဆိုတော့ တပည့်တွေ သူတို့ မိသားစုတွေက လာကန်တော့ကြတာပေါ့ဗျာ၊ မျက်ရည်လေးစမ်းစမ်း...စမ်းစမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း စိတ်မကောင်းရုံလွဲပြီး ဘာမှမတတ်နိုင်ဘူး။ ဘုရားသာရှိခိုးကြ၊ ကံအကြောင်းတရားပဲလို့ သည်လိုပဲ ဖြေသိမ့်ရတာပေါ့ဗျာ၊ ကျွန်တော်လည်း ကိုယ့်တပည့်တွေအားလုံး လွတ်စေချင်တာပေါ့ဗျာ၊ ကျွန်တော့်ကို လွှတ်တုန်းက ဦးအောင်သောင်းနဲ့ ဦးသိန်းဇော်တို့လာတုန်းကလည်း ကျွန်တော်တပည့်တွေကို တာဝန်ယူပါတယ်လို့ ပြောလိုက်ပါတယ်" ဟူ၍ ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်သည် တိုင်းရင်းသားအရေးနှင့်ပတ်သက်၍မူ တစ်စုံတစ်ရာ ဘာမှမပြောလိုဟု ဆိုသည်။ "သည်အချိန်မှာ တိုင်းရင်းသားအရေးက အရေးကြီးတယ်။ အရေးကြီးတာက တိုင်းပြည်ငြိမ်းချမ်းဖို့၊ တိုင်းပြည်ဖွံ့ဖြိုးဖို့ပဲ" ဟုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှအားလုံး ညီညွတ်ကြဖို့လိုတယ်ဟုလည်း သုံးသပ် ပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မလွတ်မြောက်သေးသူများနှင့်ပတ်သက်၍ "လူသားချင်းစာနာစိတ်နဲ့ကြည့်ရမယ်။ အားလုံးက လူသားတွေပဲ" ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြား

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်မှ ရေဒီယိုမိန့်ခွန်းတွေ နိုင်ငံရေးအကျဉ်းသားများအား (၂၀၁၃) ဒီဇင်ဘာလ မကုန်မီ လွှတ်ပေးမည်ဟု မိန့်ကြားခဲ့ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်အား မေးမြန်းခဲ့ရာ -

ဦးမြတ်ခိုင်။ ။ အားလုံးက ဒီဇင်ဘာကို မျှော်လင့်နေတယ်ပေါ့နော်။ ဟိုတစ်နေ့ကလည်း သမ္မတကြီးကသူ့မိန့်ခွန်းမှာ ဒီနှစ်မကုန်ခင် အကုန်လွှတ်မယ်လို့ ပြောထားတာ။

ဦးခင်ညွန့်။ ။ကြည့်ရမှာပေါ့ဗျာ။

ဦးမြတ်ခိုင်။ ။နိုင်ငံရေးအကျဉ်းသား သတ်မှတ်တယ်၊ မသတ်မှတ်ဘူးနဲ့ အငြင်းပွားနေကြတယ်။

ဦးခင်ညွန့်။ ။အဲဒါလည်းကျွန်တော့်အယူအဆက ဘာလို့အစွဲအလမ်းတွေ ထားနေကြသလဲ။ လူသားချင်းစာနာစိတ်နဲ့ ကြည့်ရမယ်။ အားလုံးက လူသားတွေပဲလေ။ ဟုတ်ဘူးလား။ ဒီလိုအချိန်အခါမျိုးမှာ ဘာလို့ခွဲခြားနေသလဲ။

ဦးခင်ညွန့်။ ။ ဘာလို့ခွဲခြားနေသလဲ။ ကျွန်တော်တို့လည်း အကျဉ်းသားဘဝကနေ လွတ်မြောက်လာတာပဲလေဗျ။ ကျွန်တော်တို့လည်း အကျဉ်းသားပဲလေဗျ။ အခုနိုင်ငံရေးအကျဉ်းသားဆိုတာလည်း သူတို့လည်း အကျဉ်းသားပဲ။ ကျွန်တော်လည်း အကျဉ်းသား။ ဒီအိမ်မှာ နေရပေမဲ့ ပိတောင်ကျဉ်းကျပ်သေးတယ်။ ဘယ်သူနဲ့မှ အဆက်အသွယ် မလုပ်ရဘူး။ ကျွန်တော့်ဆီက စောစောက ဆယ်တန်းအောင်သွားတဲ့ကလေးဆိုရင် ကျောင်းသွားရင် လုံခြုံရေးအက်စ်ဘီက တောက်လျှောက်လိုက်တယ်။ ပြန်လာတဲ့အခါကျရင် ကျောင်းဆင်းခါနီး သွားကြိုတာ အဲဒီအက်စ်ဘီနဲ့ အတူတူ ပြန်လာတာ။ သူငယ်ချင်းနဲ့ စကားပြောလို့မရဘူး။ စာသင်ခန်းထဲမှာတော့ ပြောပေါ့ဗျာ။ အပြင်မှာ သူငယ်ချင်းတွေနဲ့ ပြောလို့မရဘူး။ ဘယ်မှမသွားရဘူး။ လေးတန်း ကနေစတယ်။ လေးတန်းကနေ ဆယ်တန်းအထိ။ အဲဒီကနေ အခုတော့ ကံကောင်းတာက ဆယ်တန်းအောင်သွားတာပေါ့ဗျာ။ ဒါပေမဲ့ ထရော်မာ ရသွားတယ်။ mature ဖြစ်အောင် ဝိုင်းပြီးကြိုးစားရတာပေါ့ဗျာ။ ဒါပေမဲ့ ဆက်ပြီတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ သူ့သူငယ်ချင်းကလွဲလို့ ကျန်တဲ့သူတွေအပေါ် ဆက်ဆံတော့ တစ်မျိုးဖြစ်နေတယ်။ မသိတဲ့လူကတော့ တစ်မျိုးဖြစ်နေတယ်။ လေးတန်းကနေ ဆယ်တန်းအထိမှာ တစ်နှစ် ကျောင်းမနေလိုက်ရဘူး။ တစ်နှစ်က နာသွားတယ်။ ဒီအိမ်ထဲမှာပဲ နေနေရတယ်။ နောက်နှစ်တော့လည်း အဲဒီလို ကျောင်းသွားပို့၊ ကျောင်းကပြန်လာ။ သူငယ်ချင်းအိမ်တွေလည်း သွားလို့မရဘူး။ သူငယ်ချင်းတွေနဲ့ ရင်းရင်းနှီးနှီး ပြောဆို ပေးလားဝါးလား လုပ်လို့မရဘူး။ ကျောင်းကလွှတ်တာနဲ့ ကားပေါ်ပြန်တက်၊ ဒီကိုပြန်။

ဦးမြတ်ခိုင်။ ။ကျောင်းပေးတက်တာ ကျေးဇူးတင်ရဦးမယ်။

ဦးခင်ညွန့်။ ။အေးပေါ့ဗျာ။ ကျောင်းပိတ်တဲ့အခါကျတော့ သူက အပြင်သွားလို့မရဘူး။ သူငယ်ချင်းအိမ်သွားလည်လို့လည်း မရဘူး။ ဒီမှာ အက်စ်ဘီကလည်း ခြံထဲနေနေတာ။ သူတို့ကလည်း မပို့ရဲဘူး။ မထွက်ရဲဘူး။ ကျောင်းကိစ္စမရှိဘဲနဲ့ ကားနဲ့အပြင်ကို မထွက်ရဲဘူး။ ဆေးရုံသွားစရာရှိလည်း ဒီအတိုင်း သွားလို့မရဘူး။ ခွင့်တောင်းရသေးတယ်။ ခွင့်ကောင်းတာလည်း ချက်ချင်းမပေးဘူးဗျ။ ကျွန်တော်တောင် သွားကိုက်လို့သွားနာနေတာ သွားလုပ်ဖို့အတွက် လုပ်ပါ၊ ချက်ချင်းတောင်းပေးပါ၊ မြန်မြန်တောင်းပေးပါဆိုတာတောင် အဲဒါသုံးရက်ကြာတယ်။ ဒါက သုံးရက်ဆိုတာ မြန်လွန်းလို့။ သုံးရက်ကြာလို့ သွားဆေးခန်းသွားတာတောင် သူတို့ အစီအစဉ်နဲ့ သွားတာပါ။ သွားဆေးခန်းထဲ ပါးစပ်ကြီးဟနေတာကို ဓာတ်ပုံလာရိုက်တယ်။ မလိုအပ်တာတွေပေါ့ဗျာ။ မဟုတ်ဘူးလား။ ကျွန်တော်လည်း ထောက်လှမ်းရေးပဲလေဗျာ။ မလိုအပ်တဲ့ဟာတွေ လုပ်တာ ပြောတာပါ။ လိုအပ်တဲ့ဟာကျတော့ မလုပ်ဘူးလေ။

ဒါကြောင့် သူတို့ပညာကတော့ မစုံသေးဘူးပေါ့ဗျာ။ ပညာမစုံသေးတော့ သူတို့ တတ်သမျှ၊ မှတ်သမျှနဲ့။ အဲဒါတွေက ခက်တာပေါ့ဗျ။ ဘာ training မှလည်း မရှိရှာကြဘူး။ training မရှိတော့ ခက်တာပေါ့။ ဒါက နိုင်ငံခြား training ရှိရတယ်ဗျ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ training ကတော့ ဘာရှိမှာလဲဗျာ။ ကျွန်တော်တို့ကတော့ နိုင်ငံခြား training တွေ ရခဲ့တာပေါ့ဗျာ။ ကျွန်တော့်တပည့်တွေကောပေါ့။ အထူးသဖြင့် အမေရိကန်စီအိုင်အေရဲ့ဟိုသင်းတွေ ရခဲ့တယ်။ ဒါကြောင့်မို့ သူတို့ အထာတွေ ကျွန်တော်သိတာပေါ့ဗျာဟူ၍ ပြောပြခဲ့သည်။

လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၅၆)

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ ဉသျှောင်ဖြစ်သည့်အတွက် တလေးတစားရှိသင့်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ ဝေဖန်ပြောကြား

ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်သည် ပုဂ္ဂလိကသတင်းစာ၊ ပုဂ္ဂလိက သတင်းဂျာနယ်အချို့၏ရေးသား ဖော်ပြချက်အချို့နှင့် ပတ်သက်၍ ထိုသို့ ဝေဖန် ပြောကြားလိုက်ခြင်းဖြစ်သည်။

အရေးအသားတွေ၊ သူတို့ပုံဖော်တာတွေက အတော်ဆိုးတယ်ဗျ။ နိုင်ငံတော်အစိုးရဆိုတာ သူ့ဟာသူ ဘယ်လိုအစိုးရပဲ ဖြစ်ဖြစ်ပေါ့ဗျာ။ နိုင်ငံတော်ရဲ့ဉသျှောင်ပဲဗျ။ တလေးတစားရှိရမယ်ဗျ။ မကြိုက်တဲ့အချက်ကို ဖော်ပြတာက ဖော်ပြတာပဲလေ။ ဒါပေမဲ့လေးစားမှုတော့ရှိရမယ်။ အခုကအကုန်လုံးလူစွမ်းကောင်းတွေလုပ်ပြီးအကုန်လုံးက ချနေကြတာဗျ။ မကောင်းဘူးဗျ။ တော်တော်ဆိုးတယ်ဗျ။

Ethics ကတော့ မရှိတော့ဘူးဗျ။ ကျွန်တော်ထင်တာတော့ Ethics ကို နားမလည်ဘူးထင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တချို့ကလေးတွေ လာပြီးအင်တာဗျူးလုပ်ချင်တယ်။ မင်းက ဘယ်လောက်ကြာပြီလဲ။ ဂျာနယ်လစ်လုပ်ခဲ့တာ။ ကျွန်တော်ကနှစ်နှစ်လောက်ရှိပါပြီတဲ့။ ဘာသင်တန်းတက်ခဲ့သလဲ။ ဘာသင်တန်းမှမတက်ရသေးဘူးတဲ့။ အဲဒါဆိုမင်းဂျာနယ်လစ် မဟုတ်သေးဘူးကွာလို့။ မင်းနဲ့တော့ အင်တာဗျူးမလုပ်ချင်ဘူးကွာလို့ ပြောလိုက်ရတယ်။

ဘယ်မီဒီယာက ဘယ်လို၊ ဘယ်ဂျာနယ်က ဘယ်လိုဆိုတာ အခြေအနေက ကျွန်တော်သိနေပြီးသားပဲ။ ပြဿနာ မရှိပါဘူး။ တချို့ကျတော့လည်း သိပ်ပြီးတော့ နားမလည်ဘူးပေါ့ဗျာ။ မေးတာကိုက မေးပုံမေးနည်း နားမလည်ဘူးလေ။ သူတို့ မေးတာကိုက တစ်မျိုးလေ။ ကလေးတွေပေါ့ဗျာ။ မေးခွန်းထုတ်ဆိုရင် မေးခွန်းထုတ်နိုင်းလိုက်တာပဲလေ။ သူ့ကိုအယ်ဒီတာက နိုင်းလိုက်တာကိုး။ သူကလည်း မေးခွန်းထုတ်တာပဲ ရှိတယ်လေဗျ။ မေးခွန်းထုတ်ပုံထုတ်နည်းက လူပေါ်ကိုကြည့်ပြီး ဘယ်လို ထုတ်ရမလဲဆိုတာ မခွဲခြားတတ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်လည်းငယ်၊ အတွေ့အကြုံလည်း မရှိရှာဘူးလေ။ ဒါတော့ ဒီလိုပဲ ဖြစ်မှာ ပေါ့ဗျာ။ ဒီလိုနဲ့ခင်ဗျားတို့က လေ့ကျင့်ရင်း၊ သင်ပေးရင်းနဲ့ တဖြည်းဖြည်း အဆင့်မြှင့်ရမှာပေါ့ဗျာ။

ဘာဖြစ်လို့လဲဆိုတော့ တော်တော်များများက သိပ်နားမလည်ရှာဘူးဗျ။ သူတို့မသိလို့ပါ။ ဒီအတတ်ပညာတွေလည်း မကျွမ်းကျင်ဘူးလေဗျာ။ မကျွမ်းကျင်တော့ မေးပုံမေးနည်းလေးတွေကလည်း မတတ်ဘူးပေါ့ဗျာ။ ရေးပုံရေးနည်းလေးတွေကလည်း မတတ်ဘူးပေါ့ဗျာ။ ရေးပုံရေးနည်းလေးတွေကလည်း မတတ်ဘူးပေါ့ဗျာ။ မဟုတ်ဘူးလား။ ပွဲသွားရင် ကြုံတဲ့အခါမှာ လာရင်တော့ မဖြေလို့ မကောင်းတော့ ဖြေရတာပေါ့။ အလိုတော်ပြည့်ကျောင်း ကျွန်တော်ရောက်သွားတယ်။ ကထိန်ပေါ့ဗျာ။ အဲဒီမှာလည်း ကောင်လေးတွေက မေးတာပေါ့ဗျာ။ မမေးတတ်ဘူးလေ။ ကျွန်တော်စိုးရိမ်တာက ကျွန်တော်ဖြေတာတစ်မျိုး၊ ရေးတာတစ်မျိုး ဖြစ်နေမှာစိုးလို့။

(ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်ပြောကြားချက်)

လျှပ်တစ်ပြက်

အတွဲ(၄)အမှတ်(၅၇)

www.burmeseclassic.com

www.burmeseclassic.com

## ပခုက္ကူဦးအုံးဖေစာပေဆုနှင့်ပတ်သက်၍
## နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့် ဝေဖန်သုံးသပ်ပြောကြား

ပခုက္ကူဦးအုံးဖေစာပေဆုနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်အား တွေ့ဆုံမေးမြန်းရာ -

ဦးခင်ညွန့်။ ။နိုင်ငံတော်က မလုပ်တော့ဘူးဆိုရင် private က လုပ်ရမှာပေါ့။

ဦးမြတ်ခိုင်။ ။သူက လှူခဲ့တာက နိုင်ငံတော်ကို လှူခဲ့တာလေ။

ဦးခင်ညွန့်။ ။ဟုတ်တယ်။ နိုင်ငံတော်ကိုလှူပြီးတော့မှ သူက ပညာရေး၊ ကျန်းမာရေးနဲ့ ကျန်တဲ့ဟာတွေပေါ့။ အထူးသဖြင့် မြန်မာစာဗျ။ မြန်မာစာကို အားပေးတယ်။

ဦးမြတ်ခိုင်။ ။ဟုတ်။ မြန်မာစာဂုဏ်ထူးတွေကို သူပေးတယ်။

ဦးခင်ညွန့်။ ။ အဲဒါကို အားပြုထားတာ။ မြန်မာစာမြှင့်တင်ရေးပေါ့။ လှူတာက နိုင်ငံတော်ကို လှူလိုက်တာကိုးဗျ။ သူကနေ နောက်ထပ် ထပ်ပြီးတော့ ထည့်ရင်ထည့်မယ်ဆိုပြီးပေါ့။ နောက်တော့ အတိုးတွေတက်လာတယ်။ အဲဒီတုန်းက အတိုးကတော့ အစိုးရက များတာကိုးဗျ။

ဦးမြတ်ခိုင်။ ။အခုက အတိုးက နည်းသွားပြီ။

ဦးခင်ညွန့်။ ။အခု နိုင်ငံတော်က မယူတော့ဘူးဆိုတော့ အဖွဲ့အစည်းတစ်ခု ယူလိုက်ပေါ့ဗျာ။ ခင်ဗျားတို့ စာရေးဆရာအဖွဲ့လို အဖွဲ့အစည်းတစ်ခုက ယူလိုက် ပေါ့။

ဦးမြတ်ခိုင်။ ။ဒါပေမဲ့ သူလှူတာက နိုင်ငံတော်ကိုလှူခဲ့တာ အဓိပ္ပာယ်က တစ်မျိုးပြောင်းသွားမယ်။

ဦးခင်ညွန့်။ ။ အေးပေါ့နော်။ အမှန်တော့ နိုင်ငံတော်ကို လှူတာဗျ။ ကျွန်တော်နဲ့ ထီလာစစ်သူပေါ့ဗျာ။ အဲဒီတုန်းက ထီလာစစ်သူလည်း ရှိတဲ့အချိန်။ ကဲ ထီလာစစ်သူကြီး . . . ဗိုလ်မှူးကြီးစိုးညွန့် ဒါတော့ ကျွန်တော်တို့ဆက်ပြီး အကောင်အထည် ဖော်ပေးရအောင်။ ကောင်းတဲ့ရည်ရွယ်ချက်နဲ့လုပ်တာ အင်မတန်ကောင်းပါတယ်။ တစ်နှစ်တစ်ကြိမ်။ ကျွန်တော်က ရန်ကုန်မှာလုပ်ရင်လည်း ရန်ကုန်မှာ တက်တယ်။ ပခုက္ကူမှာလည်း တက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ခိုင်။ ။ပထမဆုံးနှစ်က ဗိုလ်ချုပ်ကြီး ပစ္စက္ကူကို လာတယ်လေ။

ဦးခင်ညွှန့်။ ။ ကောင်းသော ရည်ရွယ်ချက်တွေဗျ။ ကောင်းတာကို ဘာလို့ဆက်မလုပ်သလဲ မသိဘူး။ လူပုဂ္ဂိုလ်အစွဲနဲ့တော့ မလုပ်နဲ့လေဗျ။ ကျွန်တော် လုပ်တယ်ဆိုတာ ကျွန်တော့်ကိုယ်ကျိုးအတွက် လုပ်တာမှ မဟုတ်တာ။ တိုင်းပြည်အတွက်လေ။

ဦးမြတ်ခိုင်။ ။ အခုဟာက အဲဒီလိုမျိုးတွေဖြစ်နေတယ်။ ရှေ့လူလုပ်ခဲ့တာ နောက်လူမလုပ်ဘူးဆိုတဲ့မှုတွေ ဖြစ်နေကြတယ်။

ဦးခင်ညွှန့်။ ။ အဲဒါက ဘယ်တိုင်းပြည်မှာမှ မရှိဘူးဗျ။ ဒါပေမဲ့ ကောင်းလား၊ မကောင်းဘူးလားဆိုတာကို ကြည့်ပေါ့လေ။ မကောင်းဘူးဆိုရင် မကောင်းတာတော့ မယူနဲ့ပေါ့လေ။ ကောင်းတဲ့ဟာဆိုရင် လုပ်သင့်တာပေါ့ဗျာ။

ဦးမြတ်ခိုင်။ ။တော်တော်များများက ကောင်းသော change ခြင်း မဟုတ်ဘဲ change ကုန်ကြတယ်။

ဦးခင်ညွှန့်။ ။ဒါတော့ အယူအဆအမျိုးမျိုးပေါ့ဗျာ။

ဦးမြတ်ခိုင်။ ။ ဦးလေးအုံးသာသိရင် သူတော့ စိတ်ကောင်းမှာ မဟုတ်ဘူးလို့။ သူကတော့ ယုံယုံကြည်ကြည်နဲ့ နိုင်ငံတော်ကို လှူခဲ့တာလို့။

ဦးခင်ညွှန့်။ ။ဟုတ်တယ်။ သူက လူရိုးကြီးဗျ။ ကျွန်တော်ကနေ "ဦးလေး...ဘုရားကိုလည်း လှူဦးလေ။ ဘာသာရေးနဲ့ ပတ်သက်ပြီး လှူဦးလေ" လို့ ပြောရတယ်။ ကျန်တဲ့ဟာ လှူမယ်တဲ့။ ဘုရားကို ကျွန်တော် မလှူဘူးတဲ့။ အဲဒီလိုဗျ။

ဦးမြတ်ခိုင်။ ။ လူ့ကန့်လန့်၊ သဘောတော့ ကောင်းပါတယ်။

ဦးခင်ညွှန့်။ ။ စိတ်ထားဖြောင့်တယ်လေ။ ငယ်တုန်းကတော့ ဆိုးခဲ့တာပေါ့ဗျာ။ ထုတ်ပြီးတော့ကို ပြောတာပဲ။ ငယ်ငယ်တုန်းက သူ ဘယ်လိုဆိုးခဲ့တယ် ဆိုတာတွေ။ ထောင်လည်း ဘယ်လိုကျခဲ့တယ်ဆိုတာတွေ။ ထောင်ထဲမှာ ဘယ်လိုနေခဲ့တယ်ဆိုတာတွေ အကုန်လုံး လျှောက်ပြောတာပဲ။ လူကောင်းကြီးဗျ။ လူဖြောင့်ကြီး။

ဦးမြတ်ခိုင်။ ။ အဲဒီဆုကို နိုင်ငံတော်က တာဝန်မယူတော့ဘူးဆိုတော့ ဗိုလ်ချုပ်ကြီးကို သွားသတိရတယ်။ ဗိုလ်ချုပ်ကြီး သိရင်လည်း စိတ်ကောင်းမှာ မဟုတ်ဘူးလို့။

ဦးခင်ညွှန့်။ ။ကျွန်တော်တော့ စိတ်ထဲ ဘယ်လိုမှမရှိတော့ပါဘူးဗျ။

လျှပ်တစ်ပြက်
အတွဲ(၄)အမှတ်(၅၇)

www.burmeseclassic.com

www.burmeseclassic.com

## အားလုံးတွင်တာဝန်ရှိသည်ဟု ဝန်ကြီးချုပ်ဟောင်းဦးခင်ညွန့်မှ ထုတ်ဖော်ပြောကြား

စစ်အစိုးရနှင့်ပတ်သက်၍ ဝေဖန်ပြောဆိုနေမှုများအပေါ် ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်မှ အစိုးရအဖွဲ့ဝင်အားလုံးတွင် တာဝန်ရှိကြောင်း၊ မိမိတွင်လည်း တာဝန်ရှိကြောင်း၊ ဝန်ကြီးများအားလုံးတွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိကြကြောင်း အပြန်အလှန်လက်ညှိုးထိုးနေ၍ မရကြောင်းဖြင့် ထုတ်ဖော်ပြောကြားခဲ့ သည်။

"ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်၊ အဲဒီလိုပဲ အားလုံးမှာလည်း တာဝန်ရှိပါတယ်၊ ကျွန်တော့်ရှေ့က ပုဂ္ဂိုလ်ကြီးများလည်း တာဝန်ရှိပါတယ်" ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဦးနေဝင်းမြေးများမှ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွှန့်အား လာရောက်ဂါရဝပြုခဲ့သည်ဟုဆို

၂၀၁၃ နိုဝင်ဘာ၊ ၁၈ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ၈ မိုင် နဝဒေး အနုပညာဥယျာဉ်ရှိ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း ဦးခင်ညွှန့်အား အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသည့် ဦးနေဝင်း၏မြေးများမှ လာရောက် ဂါရဝပြုခဲ့ကြောင်းသိရသည်။ သူတို့နှင့်အတူ မိဘနှစ်ပါးလည်း လိုက်ပါလာခဲ့ကြောင်း သိရှိရသည်။

ကလေးတွေ သတင်းစာရှင်းလင်းပွဲတုန်းက ဗိုလ်ချုပ်ကြီးက သတင်းစာရှင်းလင်းပွဲ မလုပ်ဘူးလေ။ (၂၀၀၂) ခုနှစ်၊ မတ်လ သတင်းစာရှင်းလင်းပွဲ လုပ်တုန်းကလေ။ ဦးနေဝင်းကလေးတွေ ကိစ္စတုန်းက။ ဗိုလ်ချုပ်ကြီး မဟုတ်ဘဲ။ ဘာကြောင့် ဗိုလ်ချုပ်ကျော်ဝင်းလုပ်တာလဲ။ အပြင်မှာ အဲဒါကိုမေးတာ။ ဘာကြောင့် ဗိုလ်ချုပ်ကြီးက မရှင်းတာလဲဆိုပြီးတော့ . . .။

ကျွန်တော် မရှင်းချင်ဘူးပေါ့ဗျာ။

အဲဒါကို အပြင်မှာ မေးကြတယ်။ ကလေးတွေကိုလည်း ဗိုလ်ချုပ်သန်းထွန်းက သားတို့ကို တွေ့တယ်ဆိုတာ အသိပေးတာ၊ သတိပေးတာလားလို့။ နှစ်ခုလုံးပါပဲတဲ့။ အသိလည်းပေးတယ်။ သတိလည်းပေးတယ်တဲ့။

ကလေးတွေကတော့ နားလည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကလေးတွေက ကျွန်တော်ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့တာကိုး။ ကလေးတွေ ငယ်ငယ်လေးကတည်းက ကျွန်တော် ထိန်းလာခဲ့တယ်။ တစ်မိသားစုလိုပဲ။ သူတို့ စိတ်ထဲကလည်း ကျွန်တော့်ကို တစ်မိသားစုလိုပဲ သဘောထားတယ်။

သူတို့က တော်တော်ကျေးဇူးတင်တဲ့။ ဗိုလ်ချုပ်ကြီးစောင့်ရှောက်တာ။

ကျွန်တော့်ကိုလည်း လာကန်တော့ကြတယ်။

သူတို့မနေ့က ရွှေတိဂုံဘုရားဖူးကြတယ်။ ရွှေတိဂုံဘုရားဖူးရင်း ရွှေတိဂုံဘုရားကအပြန်မှာ အိမ်ကိုဝင်ကြတယ်။ ဒီမှာ အကြာကြီးပဲ။ တော်တော်ကြာပါတယ်။ သူတို့ အိမ်ကိုလာပြီး စကားတွေပြောကြပေါ့ဗျာ။ ပြန်ပြီး မိသားစုဆုံသလိုပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီးပါပဲ။ သုံးနာရီလောက် သူတို့ကြာတယ်။ ပျော်စရာကြီးပေါ့ဗျာ။ ဒီလိုပါပဲဗျာ။ အကျဉ်းကျနေတဲ့သူ မိသားစု ပြန်ဆုံတော့ ပျော်တာပေါ့ဗျာ။ ကိုယ်လည်း ကျခဲ့တာပဲလေဗျ။ ကျွန်တော်က အိမ်မှာသာနေရတယ်ဆိုပေမဲ့ အကျဉ်းချုပ်ထက်ဆိုးတယ်ဗျ။ ဘယ်သူနဲ့မှ အဆက်အသွယ်မရှိဘူး။ တယ်လီဖုန်းလည်းမရှိဘူး။ ဆွေမျိုးတောင်မှ လာလို့မရဘူး။ အဆက်အသွယ် လုံးဝမရှိဘူး။ သို့သော်ငြားလည်း ကျွန်တော် ခံနိုင်ပါတယ်။ ကျွန်တော့်စိတ်ထဲ ဘယ်လိုမှမရှိဘူး။ ထုံးစံအတိုင်း လုပ်-တာပေါ့ဗျာ။ ဒါကတော့ ထုံးစံအတိုင်းပေါ့။

သူတို့ပြောတဲ့အထဲမှာတော့ အရင်တုန်းက ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ဗိုလ်ချုပ်ကြီးတို့ကို ထမင်းအမြဲဖိတ်ကျွေးတယ်တဲ့။ အဘိုးက ဒီမှာထိုင်တယ်တဲ့။ အဲဒီမှာ ဗိုလ်ချုပ်မှူးကြီးကို မဖိတ်မိဖူးပေါ့လေ။ ဗိုလ်ချုပ်မှူးကြီးက အလုပ်များတဲ့အတွက် မဖိတ်မိတဲ့ အပေါ်မှာ တစ်မျိုးမြင်သလားမသိဘူးတဲ့။ သူတို့ကတော့ တာဝန်များတဲ့အတွက် မဖိတ်ဖြစ်တာ ပါပါတယ်တဲ့။ ဗိုလ်ချုပ်ကြီး မောင်အေးနဲ့ ဗိုလ်ချုပ်ကြီးက အမြဲလာပါတယ်တဲ့။ ဒီနေရာလေးမှာ ထိုင်ပါတယ်လို့ ပြောပြတယ်။ အဲဒီပေါ်မှာ ကျွန်တော်တို့ကို တစ်မျိုးမြင်သလား မသိဘူးတဲ့။

အဲဒါတော့ ကလေးတွေလည်း သူတို့လည်း ငယ်သေးတာကိုး။ ကျွန်တော်တို့ကတော့ တပ်မတော်ဆိုတာတော့ ကြီးကဲတာ ဖခင်ပဲလေဗျာ။ တပ်မတော်က ဖခင်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က တပ်မတော်က လေ့ကျင့်ပေးတာ။ ကျွန်တော်တို့ကို လေ့ကျင့်ပေးလိုက်တဲ့အတတ်ပညာတွေက တိုင်းပြည်အတွက် တကယ်တန်ဖိုးကြီးမားတယ်။ ယူတတ်ရင်၊ လုပ်တတ်ရင်တိုင်းပြည်အတွက်အင်မတန်တန်ဖိုးကြီးမားတယ်။ ကျွန်တော်တို့ကိုအစကတည်းကလေ့ကျင့်ပေးခဲ့တာ။ တိုင်းပြည်အတွက် တပ်မတော်က နောက်ဆုံးထားတာပဲ။ တိုင်းပြည်အတွက်၊ ပြည်သူ့အတွက်၊ တပ်မတော်အတွက် သစ္စာရှိရမယ်။ ကတိခံဝန်ချက်ပြုရတယ်။ ဘယ်တော့မှ သစ္စာမဖောက်ရဘူး။ မိမိအသက်ကိုတိုင်းပြည်အတွက်ပြည်သူ့အတွက်၊ တပ်မတော်အတွက် မိမိအသက်ကို စွန့်ရဲရမယ်။ စွန့်လွှတ်ရဲရမယ်။ စွန့်လွှတ်ရမယ်။ အဲဒီလို လေ့ကျင့်ပေးထားတာ။ ဒါကတော့ ကျွန်တော်တို့ ခေါင်းထဲမှာစွဲနေတာပဲဗျ။ စွဲနေတဲ့အခါကျတော့ နောက်ပိုင်းတော့လည်း အယူအဆတွေက ဒီလိုဖြစ်ကြတာပေါ့။ ဒါကြောင့်မို့ ကျွန်တော့်ကို တပ်မတော်သားတစ်ယောက်အနေနဲ့ဆိုရင်တော့ တပ်မတော်ကိုထိခိုက်ပြီးပြောရင် စိတ်ထဲကတော့ တစ်မျိုးကြီးပေါ့ဗျာ။ တပ်မတော်ကို အတင်းစွပ်စွဲတာမျိုးလုပ်ရင်တော့လည်း စိတ်ထဲက တစ်မျိုးပေါ့ဗျာ။ တပ်မတော်မရှိရင် ဘယ်ရမလဲဗျာ။ တပ်မတော်မရှိလို့ ဘယ်ရမလဲ။ ကျွန်တော်တို့လေ့ကျင့်ပေးထားတာ ဒီပုဂ္ဂိုလ်တွေ။ ဒါကြောင့် ကျွန်တော့်ဖခင်လိုပုဂ္ဂိုလ်တွေဆိုတာ ဦးနေဝင်းဆိုတာ ကျွန်တော့်ဖခင်လိုပုဂ္ဂိုလ်ပဲ။ ကျွန်တော့်ကို အများကြီးလေ့ကျင့်ပေးတယ်။ နိုင်ငံတကာဆက်ဆံရေးဆိုတာ သူ့ဆီက အများကြီးသိရတာပဲလေ။ နောက်ပြီးတော့ တပ်မတော်ပိုင်းဆိုင်ရာ ဗိုလ်ချုပ်ကြီးသူရကျော်ထင်က ကျွန်တော့်ကို အများကြီးလေ့ကျင့်ပေးတာပဲ။ အခြေခံအားလုံး ဘဝကိုလေ့ကျင့်ပေးတာတော့ ဗိုလ်ချုပ်တင့်ဆွေပဲ။ ဒါကြောင့် ဒီသုံးယောက်ကတော့ ကျွန်တော့်ရဲ့ဖခင်ပဲ။ ဒါ ဘယ်လိုမှ ကျွန်တော် ဖျက်လို့မရဘူး။ ခေါင်းထဲမှာစွဲနေတာပဲ။ ဗိုလ်ချုပ်ကြီးနေဝင်းလည်း တိုင်းပြည်အတွက်လုပ်ခဲ့တာ အများကြီးပဲလေဗျ။ ဒါပေမဲ့ပေါ့ဗျာ . . . ချို့ယွင်းချက်အားနည်းချက်ကတော့ ရှိချင်ရှိမှာပေါ့။ လူဆိုတာကတော့ ရှိတတ်တာပေါ့ဗျာ။ ကျွန်တော်က သူတို့ကိုလည်း ဆုံးမစကားလေးပြောလိုက်ပါတယ်။ အဘိုးရဲ့ဂုဏ်ကို သားတို့ ပြန်ပေါ်အောင်၊ တိမ်မြုပ်မသွားအောင် သားတို့လုပ်ရမယ်လို့။ သူ့ရဲ့ဂုဏ်ကို ပြန်ဆယ်ရမယ်။ ဟုတ်တယ်။ ကျွန်တော်တို့နားလည်ပါတယ်။

အခုတောင် ကျွန်တော်ပြောသေးတယ်။ နေပြည်တော်စစ်သမိုင်းပြတိုက်မှာ အဘိုးပုံချိတ်ထားတယ်လို့ သိရဘယ်လို့။ ဘာပဲပြောပြော ဒါက ကောင်းတဲ့ လက္ခဏာပဲလို့။

အခုတော့ ကောင်းပါတယ်။ တပ်မတော်ပိုင်းဆိုင်ရာတော့ အဘိုးရဲ့ဓာတ်ပုံ တပ်မတော်ပြတိုက်မှာ ပြဖို့တောင်းတော့ သူတို့လည်း ရှိတာကောင်းတာ ပေးလိုက်တယ်တဲ့။ ဒါတော့ ကောင်းပါတယ်။ တပ်မတော်ရဲ့ဒုတိယဖခင်ဆိုတာ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောသွားတာပဲလေ။ ဗိုလ်ချုပ်အောင်ဆန်းကနေ တပ်မတော်ကို ထူထောင်ပေးသွားတယ်။ သို့သော်ငြားလည်း ဗိုလ်ချုပ်အောင်ဆန်းတောင်မှ ခဏပဲနေလိုက်ရတယ်။ နိုင်ငံရေးကိုကူးလိုက်တာကိုး။ တပ်မတော်ကိုဗိုလ်ချုပ်ကြီးနေဝင်းကိုပဲ လွှဲပေးခဲ့တယ်ဆိုတော့ သူက တပ်မတော်ကို ဆက်ပြီးထူထောင်ခဲ့ရတာကိုး’ဗျ။ ထူထောင်ခဲ့တဲ့နေရာမှာ ပြည်တွင်းသောင်းကျန်းမှုသမိုင်းမှာ အများကြီးလုပ်ခဲ့ရတာပေါ့ဗျာ။ ရန်ကုန်အစိုးရလောက်ပဲ ကျန်တော့တာကိုး’ဗျ။ ရန်ကုန်အစိုးရကနေ ပြန်ပြီးတော့မှ တိုင်းပြည်ကို ပြန်ပြီးဆယ်တင်ခဲ့ရတာကိုး’ဗျ။

အင်းစိန်တောင်သိမ်းလိုက်တာကိုး။

အင်းစိန်သိမ်းပြီးပြီ။ မင်းဓမ္မကုန်းရောက်နေပြီ။ မင်းဓမ္မကုန်း ဒီဘက်ဆိုရင် ဘာမှမရှိတော့ဘူး။ ကုန်ပြီလေဗျ။ မင်းဓမ္မကုန်း ရောက်ပြီဆိုတာနဲ့ တရုတ်သင်္ချိုင်းမှာ တိုက်ပွဲတွေဖြစ်နေတာကိုး။ တရုတ်သင်္ချိုင်းဆိုတော့ အုတ်ဂူကြီးတွေ ရှိတယ်လေဗျာ။ အဲဒီအုတ်ဂူကြီးတွေကို အကာအကွယ်ယူပြီး အဲဒီမှာတိုက်ပွဲတွေဖြစ်နေတာကိုး။ အဲဒီက လွန်မြောက်သွားပြီဆိုရင် ပြီးပြီ။

BURMESE CLASSIC .com

ပွဲသိမ်းသွားပြီ။

ပွဲသိမ်းပြီ။ နောက်ဆုံးမှာ ပွဲသိမ်းခါနီးမှာ သူရဦးထွန်းတင်တို့ ဘာတို့ တော်တော် ရှုပ်ရှုပ်ရှုံ့ရှုံ့လုပ်လိုက်ရတာကိုး။

နို့မို့ဆိုရင် မလွယ်ဘူး။

သမိုင်းလေးတွေက အဲဒီလိုရှိကြတယ်ဗျ။ ဒါလေးတွေတော့ မှတ်မိကောင်းပေါ့။ ကျန်တာတွေ အားနည်းချက်ရှိတာတော့ အားနည်းချက်ရှိတာပေါ့ဗျာ။ ဘယ်သူမှ အပြည့်အဝ perfect မရှိဘူးပေါ့ဗျာ။ အစိုးရအဖွဲ့ဆိုလည်း perfect မရှိဘူးပေါ့။ ဘယ်အစိုးရ တက်တက်ပါ။ perfect မဖြစ်နိုင်ပါဘူး။ အားသာချက်ရှိသလို အားနည်းချက်လည်း ရှိကြမှာပဲ။ နောင်အစဉ်အဆက် တက်လာတဲ့အစိုးရလည်း ဒီလိုပဲဖြစ်မှာပဲ။ အဲဒါကိုသွားပြီး ကျွန်တော်တို့က အပြစ်ယူလို့မရဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရအဖွဲ့ဆိုတာက တစ်ဦးတည်းမှ မဟုတ်ဘဲကိုး’ဗျ။ အစိုးရအဖွဲ့အစည်းလေဗျ။ သမ္မတဆိုတော့ သမ္မတက ခေါင်းဆောင်ဆိုတော့ သူ့အစိုးရအဖွဲ့ ရှိတာကိုး။ ဒီမိုကရေစီစနစ်ဆိုတဲ့ လွှတ်တော်က ပေါ်လာတာကိုး’ဗျ။ လွှတ်တော်ကိုလည်း လွန်ဆန်လို့လည်း မရဘူးဗျ။ သူက အဖွဲ့အစည်းနဲ့လုပ်တဲ့နေရာမှာ တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်လို့မရတော့ဘူးပေါ့ဗျာ။ တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်ရင်တော့လည်း ဘယ်ဖြစ်မှာလဲဗျ။ ယခင်တုန်းကလည်း အစိုးရတွေ။ စစ်အစိုးရလက်ထက်တုန်းကလည်း တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်လို့ မရပါဘူး။ အကုန်လုံးတိုင်ပင်ရတာပါပဲ။ တိုင်ပင်ရတာပဲဆိုတဲ့အခါကျတော့ အပြစ်ယူတော့မယ်ဟေ့ဆိုရင် တစ်ယောက်တည်း ယူလို့မရဘူး။ အားလုံးတာဝန်ရှိတယ်။ မဟုတ်ဘူးလား။ ကျွန်တော်လည်း တာဝန်ရှိတာပဲ။ ကျွန်တော်က ငါတာဝန်မရှိဘူးလို့ ပြောလို့မရဘူးဗျ။ တာဝန်ရှိတာပဲ။ နံပါတ်ဝမ်းတစ်ယောက်တည်းကို တာဝန်ရှိတယ်လို့ ပြောလို့မရဘူး။ ဝမ်းရော၊ တူးရော၊ သရီးရော ရှေ့မှာရှိတယ်။ ကျန်တဲ့ ဒီအဝန်းအဝိုင်းမှာရှိတဲ့သူတွေလည်း အားလုံးတာဝန်ရှိတာပဲ။ ဖြစ်စဉ်ဖြစ်ရပ်အပေါ်မှာ မူတည်ပြီးတော့ တချို့ကျတော့ ဝန်ကြီးတွေမှာ တာဝန်ရှိတယ်လေ။ တချို့ဖြစ်စဉ်ဖြစ်ရပ်တွေမှာ။ ဖြစ်စဉ် ဖြစ်ရပ်အပေါ်မှာ မူတည်ပြီး အဝန်းအဝိုင်း အကျဉ်း၊ အလတ်၊ အကျယ်။ အကျယ်ဆုံးကတော့ ဝန်ကြီးအားလုံးမှာ တာဝန်ရှိတယ်။ စစ်အစိုးရအဖွဲ့တစ်ခုခုဖြစ်ရင် . . . မဟုတ်ဘူးလား။ ရှောင်ထွက်လို့မရဘူးလေဗျာ။ ခံစားတုန်းက အားလုံးခံစားပြီးတော့ မဟုတ်ဘူးလား။ ဒါပေမဲ့ ရှောင်ထွက်လို့မရဘူး။ အားလုံးတာဝန်ရှိတယ်ဗျ။ ကျွန်တော်တော့ အဲဒီလိုပဲ ခံယူတယ်လေ။ တစ်ယောက်တည်းမှာ တာဝန်ရှိတယ်လို့ သွားပြီး လက်ညှိုးထိုးစွပ်စွဲလို့ မရဘူး။ အဲဒါလည်း ကျွန်တော်လက်မခံဘူး။ ကျွန်တော်လည်း တာဝန်ရှိတာပဲဗျ။ အားလုံး ဒီသဘောတရားကို နားလည်ရမယ်ဗျ။ သိဖို့လိုတယ်ပေါ့ဗျာ။ အဲဒီတော့ နိုင်ငံရေးသမားတွေလည်း သိရမယ်။ ဂျာနယ်လစ်တွေလည်းသိရမယ်။ ဆန့်ကျင်တဲ့ပုဂ္ဂိုလ်တွေလည်းသိရမယ်။ သဘောထားကဒီသဘောထားအားလုံး။ ကျောင်းသားလူငယ်



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း သိရမယ်။ တစ်ယောက်တည်းကို သွားပြီးစွပ်စွဲလို့လည်း မရဘူး။ ကျွန်တော်တို့ အဲဒီအထိ မပါပါဘူးလို့ ပြောလို့မရဘူးဗျ။ တာဝန်ခံထားတာကိုးဗျ။ အစုအဖွဲ့နဲ့ တာဝန်ခံထားတာ။ လုပ်တဲ့အခါကျတော့ အစုအဖွဲ့နဲ့ လုပ်ရတာကိုးဗျ။ တစ်ယောက်ကောင်း၊နှစ်ယောက်ကောင်းလုပ်လို့မရဘဲကိုး။တိုင်းပြည်ရဲ့အရေးအရာကသိပ်ကျယ်ပြန့်တာပဲဗျ။ဒါကိုတစ်ယောက်တည်းနဲ့ လုပ်လို့မရဘူး။ နှစ်ယောက်သုံးယောက်နဲ့လည်း လုပ်လို့မရဘူး။ အားလုံးရဲ့သဘောထားကို ယူပြီးတော့မှ လုပ်ရမယ်။ ဒါကြောင့် အားလုံးတာဝန်ရှိတယ်ဗျ။ အဲဒီလိုပဲ ကျွန်တော်က ခံယူတယ်လေ။ တချို့ကတော့ နားမလည်ဘူးပေါ့ဗျာ။ သူလုပ်တာပဲ...သူလုပ်တာပဲ လို့ပြောတယ်။ ဘယ်ဟုတ်မလဲ။

နောက် သူတို့ကို ခံစားချက်မရှိရအောင် ခံစားမှုတွေပေါ့ဗျာ။ feeling ပေါ့ဗျာ...ဘာပြဿနာပဲဖြစ်ဖြစ် သိပ် feeling မဖြစ်နဲ့လို့ မှာလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာရှိတာက ရန်ကုန်အဝန်းအဝိုင်းမှာ နိုင်ငံရေးသမား ရှိတယ်၊ နောက်ဆန္ဒကျင်လိုတဲ့ အုပ်စုတွေရှိတယ်၊ သံတမန်တွေရှိတယ်၊ စီးပွားရေးသမားတွေရှိတယ်၊ ဂျာနယ်လစ်တွေ ရှိတယ်။ ဒီအဝန်းအဝိုင်းဟာ ရန်ကုန်မှာ population ဘယ်လောက်ရှိသလဲ။ ရန်ကုန်ရဲ့ population သည် အခုက (၆) သန်းပေါ့ဗျာ။ အားလုံးပေါင်း(၈)သန်းပေါ့။မြန်မာနိုင်ငံရဲ့လူဦးရေသန်း(၆၀)ကျော်။သန်း(၆၀)ထဲမှာ(၈)သန်းသောလူဦးရေကနေ ပြောတာဆိုတာတွေက မကောင်းတာပဲဖြစ်ဖြစ်၊ ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာတွေပဲ ယူလိုက်။ (၈) သန်းကနေ သန်း(၆၀) ရဲ့အချိုး ဘယ်လောက်လဲလို့။ (၁၀) ရာခိုင်နှုန်းမရှိဘူးဗျ။ (၁၀) ရာခိုင်နှုန်းမရှိတဲ့အုပ်စုက ပြောတာကို ခံစားချက်မရှိနဲ့လို့။ ကျွန်တော်က ကလေးတွေကို ဒီလိုပဲပြောလိုက်တယ်။ ကျွန်တော်လည်း ခံစားချက်မရှိပါဘူး။ အချိုးအစားက ဒီလိုပဲရှိတယ်လေဗျ။ ဒီက ပြောတဲ့အတိုင်း နယ်ကလူထုကရော ဒီလိုပဲခံစားမှုနဲ့ ဝေဖန်မှာလား။ မရှိဘူး။

ကျွန်တော် နယ်တွေရောက်နေတာပဲ။ ကျွန်တော် အခု မြောင်းမြရောက်တယ်ဆိုတာ အခေါက်ပေါင်း (၇) ခေါက်ရှိပြီ။ ဘေးရွာတွေ အကုန်လာကြတာပဲ။ ဆရာတော်ကြီး ဖူးတယ်။ ကျွန်တော်ရှိတယ်ဆိုတော့ ကျွန်တော့်ဆီ လာကြတယ်။ အရင်က တီဗီမှာ တွေ့ရတယ်။ နောက်ပိုင်း တီဗီမတွေ့ရတော့ဘူး။ အခုမှ တွေ့ရတယ်ဆိုပြီး လာကြတာပဲ။ ကျွန်တော့်ကို လာတွေ့ကြတာဗျ။ နှုတ်ဆက်ကြတာပေါ့ဗျာ။ အဲဒီတော့ ကျေးရွာလူထုတွေက ဒီလိုပဲဗျ။ ရိုးသားပါတယ်။ အဲဒီလိုအနေအထားမျိုးတွေ ရှိကြတယ်။

BURMESE CLASSIC .com

ကိုဖွဲ့တို့၊ အဖေတို့လွှတ်တုန်းကတော့ ကြားထဲမှာ လုံခြုံရေးအများကြီးမှ မရှိတာပဲလို့။ ကြားထဲမှာစကားပြောတဲ့အခါမှာ စောင့်နေတာ အများအမြင် မကောင်းဘူးလို့ သူတို့ကိုတောင် ပြောပြသေးတယ်။ မဟုတ်ဘူးတဲ့။ လိုရင်နိုင်းလို့ရအောင်လို့ သူက ပြောပြသေးတယ်။ ဒါပေမဲ့ အများအမြင်ကျတော့ မကောင်းဘူးပေါ့။ ကလေးတွေကတော့ တော်တော်လေး ပြည့်ဝပါတယ်။ ပြောတဲ့ဆိုတဲ့နေရာမှာ။ သားတို့ကို အရင်ကကြောက်ရတယ်လို့။ ဆရာရယ် ကျွန်တော်တို့ကို လျှောက်ပြောတာပါတဲ့။

မနေ့ကတောင် ကျွန်တော့်ကို ပြောသွားသေးတယ်။ တချို့ကတဲ့ သူတို့အဖွဲ့အစည်းလေးပေါ့ဗျာ...။

စကော်ပီယန်။

အင်း။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က အရေးယူတယ်ပေါ့လေ။ တစ်နေရာမှာဖြစ်လို့ စကော်ပီယန်အဖွဲ့က သားတို့ ဦးဆောင်တယ်ဆိုပြီးတော့။ အဲဒီအချိန်မှာ သားတို့က မရှိဘူးတဲ့။ သားတို့က မန္တလေးရောက်နေပြီတဲ့။ မန္တလေးမှာရှိတာတဲ့။ ဒီမှာပြဿနာတစ်ခုခုပေါ်တော့ သားတို့ဦးဆောင်ပြီးဖြစ်တယ်ဆိုပြီး ဆိုတယ်တဲ့။

ဘာပဲပြောပြော သူတို့ကိုလွှတ်လိုက်တာက image ကောင်းသွားတယ်လေ။

ဒါတောင်မှ နည်းနည်းပိုစောဖို့ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားတို့ကပိုဆိုးနေလို့လားဆိုတော့ ဒါတော့ မပြောတတ်ဘူးလေတဲ့။ case ချင်းအတူတူ သားတို့က ဘာလို့ကျန်နေခဲ့တာလဲလို့။ ဒီကြားထဲ အောင်ပွင့်ခေါင်တောင် ကျန်နေခဲ့သေးတယ်လို့။ အောင်ပွင့်ခေါင်က မင်းက အစိုးရသက်သေလည်းဖြစ်သေးတယ်၊ ထောင်လည်းကျသေးတယ်။ ဘယ်လိုဖြစ်တာလဲဆိုတော့ ကျွန်တော့်ကို လာထွက်ခိုင်းတယ်တဲ့။ လုမ်းကဒါတွေထွက်ဆိုလို့ ကျွန်တော်က အဲဒီအချက်တွေတော့ မထွက်ဘူး။ တကယ့်ဖြစ်စဉ်အမှန်ထွက်တဲ့အတွက် ကျွန်တော့်ကိုဆော်ထည့်လိုက်တာတဲ့။ သုံးခုပေါင်းပြီး ကျွန်တော် (၂၁) နှစ်ကျတာတဲ့။ ကျွန်တော်က အဲဒါတွေမလုပ်ပါဘူးတဲ့။

ဒီလိုပဲပေါ့။ ဘဝပေါ့ဗျာ။ ဒါကို ကျွန်တော်တို့က တရားသဘောနဲ့ကြည့်ပြီး ရှုမြင်တတ်ရင်တော့ ခံစားမှုက သိပ်မရှိတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရားသဘောနဲ့ကြည့်မယ်ဆိုရင် ဘာမှမမြဲဘူးဆိုတာ ဒါကြီးက အမှန်တရားပဲလေဗျ။ ပစ္စည်းပစ္စယလည်း မမြဲဘူး။ လူလည်း မမြဲဘူး။ အခုပဲ ကြည့်ပါလား။ လမ်းမတော် ခင်မောင်ထွန်းကြီးဆိုတာ ကျွန်တော် မသိလိုက်ဘူးဗျ။